www.burmeseclassic.com

# ပျူး

## ချစ်သူကို ခေါက်သိမ်းပြီး
## အိပ်ရာခင်းပေါ်တင်ခဲ့ရတဲ့ညနေ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ဗျူး

# ချစ်သူကိုခေါက်သိမ်းပြီး အိပ်ရာခင်းပေါ်တင်ခဲ့ရတဲ့ညနေ

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြ–၀၄၅၁၀၆) (မျိုးစာပေ)

အမှတ် – ၅၂၀(က)၊ အင်းဝ (၄) လမ်း၊

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျော်ရင် (မြ–၀၅၄၁၃) (ရွှေဗြဲသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ ဓော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

သိန်းရွှေကြည်

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ

တန်ဖိုး – ၁၀၀ ကျပ်၊ အုပ်ရေ – ၅၀၀

**ဖြန့်ချိရေး**

မျိုးစာပေ

၀၁–၅၅၀၀၆၉၆၊ ၀၉–၅၃၀၈၁၅၄၁၊ ၀၉–၅၀၃၀၁၀၆၊ ၀၉–၅၁၈၅၀၈၄

၈၉၅ • ၈၃

မျိုး

ချစ်သူကိုခေါက်သိမ်းပြီးအိပ်ရာခင်းပေါ်တင်ခဲ့ရတဲ့ညနေ / မျိုး ။ – ရန်ကုန်။ မျိုးစာပေ ၊ ၂၀၁၃ ။

၂၆၄ – စာ ၊ ၁၂ X ၁၈ စင်တီ။

(၁) ချစ်သူကိုခေါက်သိမ်းပြီးအိပ်ရာခင်းပေါ်တင်ခဲ့တဲ့ညနေ

## အခန်း (၁)

"ညီလေးပြောတဲ့ ဒေါ်မြကြည် ဆိုတဲ့နာမည် မကြားဖူးဘူးကွ"

လမ်းထိပ်မှာရှိနေသော ကွမ်းယာဆိုင်က လူတစ်ယောက်ကို ဝင်မေးကြည့်တော့ သူ စိတ်ညစ်သွားမိသည်။ နေယံ ပြောလိုက်သော စကားကိုလည်း ချက်ချင်းပြန်ကြားမိ၏။

"ငါပြောတဲ့ လိပ်စာအတိုင်း လာခဲ့ပါကွာ၊ လမ်းထိပ်ရောက်တာနဲ့ တွေ့တဲ့သူမေးလိုက် ငါ့ယောက္ခမဆို မသိတဲ့သူ မရှိဘူး"

တကယ်ဆို ဒီနေရာက သူ ရောက်ဖူးသောနေရာမဟုတ်ပါ။ ဒါကြောင့်လည်း ကားတောင်ယူမလာဘဲ တက္ကစီငှားလာခဲ့တာ ဖြစ်သည်။

သူတို့သူငယ်ချင်းတွေထဲမှာ နေယံက ဦးဦးဖျားဖျား အိမ်ထောင်ကျသွားခဲ့သူဖြစ်သည်။ နောက်ဆုံးနှစ် စာသင်နှစ်တောင် မပြီးလိုက်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်သည်ဘဝ ရောက်သွားခဲ့၏။

နေယံ ဖနီးသည်က တစ်ဦးတည်းသောသမီးဖြစ်ကာ အဖေ မရှိတော့ဘဲ မိခင်နှင့်အဒေါ်အပျိုကြီးပဲရှိတာမို့ အိမ်ထောင်ကျပြီးတော့ နေယံခမြာ သျှောင်နောက်ဆံထုံးမပါရှာဘဲ ဆံထုံးနောက် သျှောင်ပါသွားရသည့်အဖြစ်။

ယောက္ခမအိမ် လိုက်နေကာ ယောက္ခမရဲ့စီးပွားရေးလုပ်ငန်းတွေကို ပခုံးပြောင်း တာဝန်ယူရမည့် နေယံနှင့်သူတို့တွေ အဆက်အသွယ်ပြတ်လုမတတ် ဖြစ်သွားခဲ့သည်။

"လာဖြစ်အောင် လာခဲ့ကွာ၊ မင်းနဲ့ဆန္ဒကိုပဲ မျှော်ရမှာ၊ ကျန်တဲ့ကောင်တွေက လာနိုင်မှာမဟုတ်ဘူး"

ယောက္ခမအိမ်မှာ ဝါဆိုသင်္ကန်းကပ်လှူလုပ်တော့ နေယံ သူတို့ တသီးတသန့် လာဖိတ်ရှာသည်။ ဒါကြောင့်လည်း အတူသွားဖို့ ဆန္ဒကို တိုင်ပင်ပြီးမှ ဆန္ဒဘက်က အရေးပေါ် အကြောင်းကိစ္စပေါ်လာတာမို့ မလိုက်ဖြစ်တော့ပါ။

အခုတော့ သူ မကျွမ်းကျင်သောနေရာမှာ သူ ယောင်ချာချာ ဖြစ်နေခဲ့ရတော့သည်။ မေးကြည့်သူက နေယံ ယောက္ခမကို မသိဟုဆိုတော့

"ဒါဆို နေယံအောင်ကို သိမလားခင်ဗျာ၊ ဒေါ်မြကြည်ရဲ့သမက်လေ"

"ဟင့်အင်း အဲဒီနာမည် မကြားဖူးဘူး"





အဖြေက စိတ်ဓာတ်ကျစရာကောင်းနေပြီ။ နေယံဆီက ဖုန်းနံပါတ် တောင်းမထားမိတာကိုလည်း နောင်တရမိသည်။

သူ စိတ်ပျက်နေတာကို တွေ့မြင်နေသည့် ကွမ်းယာဆိုင်မှ ပုဂ္ဂိုလ်က မေးလာပြန်၏။

"နေပါဦး ညီလေး မင်း သွားမယ့်အိမ်လိပ်စာ မသိဘူးလား"

"သိတယ် အစ်ကို၊ အိမ်အမှတ် ၁၃၀ (က)၊ ပိတောက်လမ်း"

"ပိတောက်လမ်း ဘယ်နှစ်လမ်းလဲကွ၊ ပိတောက်လမ်းက လမ်းချိုးလမ်းခွဲတွေ ရှိတယ်လေ"

ထိုပုဂ္ဂိုလ်ပြောမှ သူ သတိရတော့သည်။ တက္ကစီဒရိုင်ဘာကိုလည်း ပိတောက်လမ်းထိပ်ဟုပဲ ပြောကာ ချခိုင်းခဲ့တာ ဖြစ်၏။

ဘောင်းဘီအိတ်ထဲက မှတ်ထားသော လိပ်စာလေးကို ပြန်ထုတ်ကာ ကြည့်ရသေးသည်။

"အင်း ပိတောက် (၅)လမ်း တဲ့"

"ဟာ ဒါကြောင့် အစ်ကိုမသိတာကွ၊ ဒါက (၁) လမ်းထိပ်ပဲ ရှိသေးတယ်၊ (၅)လမ်းဆို ရှေ့ဆက်လျှောက်ရဦးမယ်"

"ဟုတ်ကဲ့ တော်တော်ဝေးသေးလား အစ်ကို"

"မဝေးတော့ပါဘူး ဟောဟိုမှာ လှမ်းမြင်နေရတဲ့ ကြော်ငြာဘုတ်တွေ့လား၊ အဲဒါ (၅) လမ်းထိပ်ပဲ"

"ဟာ ကျေးဇူးပဲဗျာ"

မဝေးလှသောနေရာမို့ သူ လမ်းလျှောက်ထွက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



(ရ)လမ်းထဲ ချိုးဝင်လျှင် ခြေလှမ်းဆယ့်ငါးလှမ်းခန့်သာ လျှောက်ရုံနှင့် နေယံတို့အိမ်ရောက်ပြီဟု ပြောခဲ့သည်။

ဒီတစ်ခါတော့ လွဲချော်စရာအကြောင်းမရှိတော့ပါ။

"ပိုင်ပိုင် ဟေ့ ပိုင်ပိုင် နေဦးလေ"

အနောက်ဘက်က ကြားလိုက်ရသော ခေါ်သံစူးစူးလေးကြောင့် ခြေလှမ်းတို့ တုံ့ခနဲ ရပ်ကာ လှည့်ကြည့်မိသည်။

နောက်ဘက် သူနှင့်ခြေလှမ်း ဆယ်လှမ်းကျော်မျှလောက် အကွာမှာ မိန်းကလေးတစ်ယောက် မပြေးရုံတမယ် ခြေလှမ်းတွေနှင့် လိုက်လာသည်။ မဟော်ဂနီရောင် ဆံပင်တွေနှင့် ဖဲဒါရောင်ဝတ်စုံလေးက ကျော့ရှင်းလှပသော ခန္ဓာကိုယ်လေးပေါ်မှာ ချပ်ချပ်ရပ်ရပ် ရှိနေသည်။

ဝင်းမွတ်ကြည်လင်သော မျက်နှာလေးက သူ တစ်ခါမှ မမြင်ဖူးတာလည်း သေချာသည်။

"ပိုင် ပိုင်ပိုင် ဟဲ့ နေဦးလေ"

မောဟိုက်သံလေးစွက်နေသော အသံချိုချိုလေးကို ထပ်ကြားရပြန်၏။ မင်းမှူးပိုင်စိုး ဆိုသော သူ့နာမည်ကို သူငယ်ချင်းတွေက မင်းမှူးဟု ခေါ်ကြသည်။

အိမ်က အစ်မတွေနှင့် မာမီတို့ကတော့ ပိုင်ပိုင်ဟု ခေါ်သည်။ ယခု သူမမြင်ဖူးသော မိန်းကလေးက တရင်းတနှီး ခေါ်နေတာ ထူးတော့ ထူးဆန်းနေသည်။

"ဟဲ့ ပိုင်လေး ပိုင်ပိုင်"





ကြည့်စမ်း မာမီကလည်း တစ်ခါတစ်ရံ ပိုင်လေးဟု ခေါ်တတ်သလို သူမလေးကလည်း ခေါ်နေသည်။

ကိုယ့်ရှေ့ကို ပြန်လှည့်ကြည့်တော့လည်း ဘယ်သူမှရှိမနေပါ။ ဒီလမ်းမပေါ်မှာ သူနှင့်ထိုမိန်းကလေးနှစ်ယောက်ပဲ ရှိသည်။ သူ မိန်းကလေးဘက် ပြန်လှည့်အကြည့်မှာတော့

"ဟာ"

မျက်နှာတစ်ခုလုံး ထူပူကာ မအီမလည် ခံစားချက်က ရင်ထဲကို ကန့်လန့်တိုက်ဝင်လာသလိုပါပဲ။

"ပိုင်ပိုင် ငါ စိတ်တိုလာပြီနော် ရပ် အခုရပ်စမ်း ပိုင်ပိုင်"

မောဟိုက်သံစွက်နေသော ဒေါသသံလေးနှင့် ရှေ့မှ အမြီးလေးလှုပ်ကာ ပြေးနေသော မွေးပွခွေးစုတ်ဖွားလေးကို သူမ ထပ်ပြီးအော်နေ၏။ သူမလေး ခေါ်သံကြားရတိုင်း သူ့နားထဲမှာ ခံယူရခက်ခက်ဖြစ်သွားခဲ့သည်။

တော်တော်ဆိုးလိုက်သည့်အဖြစ်။ ဒီခွေးပုလေးရဲ့နာမည်နှင့် သူ့နာမည် တိုက်တိုက်ဆိုင်ဆိုင် လာတူနေရသည်။

"ပိုင်ပိုင် ပိုင်လေး လာ လာစမ်း"

သခင်မလေး အသံတွေ တိမ်ဝင်အောင် အော်နေပေမယ့် ခွေးလေးက ဂရုစိုက်ပုံတောင် မရပါ။ အမြီးလေး ရမ်းခါလိုက် ဟိုနမ်းသည်နမ်း အနံ့ခံလိုက်နှင့် သူ့ရှေ့ရောက်လာသည်။

သခင်မလေး ခေါ်တာကို ဂရုမစိုက်သည့် ခွေးလေးက သူ ခြေရင်းမှာ ရပ်ကာ အမြီးလေးနှံ့ကာ လာခင်တွယ်ပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုင်လေး ပိုင်လေး"

ဒီခွေးစုတ်လေးကို မမိမချင်း သူ့နာမည်ကို သင်းကလေးခေါ်လို့ ဆုံးမည်မဟုတ်တော့ဟု နားလည်လိုက်တာမို့

"အို့ အို့ လာ လာ"

သူ ချော့မြူကာ ဖမ်းဆီးပေးထားလိုက်ရ၏။ သည်တော့မှ ကောင်မလေး အနားရောက်လာကာ သူ့ကိုကျေးဇူးတင်သော မျက်ဝန်းတွေနှင့်ကြည့်ရင်း

"ကျေး ကျေးဇူးနော်. လာ ပိုင်လေး လာ လာ"

သူ့လက်ထဲက ခွေးလေးကို ကောင်မလေးပွေ့ခေါ်ယူသွားသည်။ နီးနီးကပ်ကပ် မြင်တွေ့လိုက်မှ သူမ၏အပြစ်ကင်းစင်သော မျက်နှာလေးကို ပီပီပြင်ပြင် တွေ့ရတော့သည်။

မျက်ခုံးလေးတွေ သွယ်တန်းလျက် မျက်တောင်ကော့ကြီးတွေ ဝန်းခသော မျက်နက်ဝန်းလေးက ကြည်လင်နေသည်။

နှာတံစင်းစင်းလေးကော နှုတ်ခမ်းဖူးဖူးလေးကပါ အပြစ်ဆိုရက်စရာမရှိတာ အမှန်။

အစက်အပြောက်ဆိုလို့ မြူတစ်မှုံမထင်သော မျက်နှာလေး၏ နားသယ်စပ်မှာတော့ ချွေးသီးလေးတွေ ဥလို့နေရဲ့။

"တော်တော်ဆိုးတဲ့ ပိုင်ပိုင်၊ လူကို မောအောင်လုပ်တယ်"

ခွေးလေးကို ပွတ်သပ်ရင်း ဆိုသည့် ကရုဏာဒေါသသံလေးက ချိုမြိန်နေသည်။ ဖြူဖွေးသွယ်လျသော လက်ချောင်းလေးတွေနှင့် အမွှေး





ပွပွလေးကို ပွတ်သပ်နေတာကြည့်ရင်း ထိုတဒင်္ဂမှာ ခွေးပုလေးကို သူ မနာလိုဝန်တို ဖြစ်မိသေးသည်။

"ဟို ဒီက ကို ကျေးဇူးတင်ပါတယ်နော်"

"ရပါတယ်ဗျာ ပြန်လွတ်မသွားအောင် အသေအချာတော့ ခေါ်သွားနော်၊ အမောတကော နာမည်ခေါ်လိုက်နေတော့ ကြားက ကျွန်တော်ပါ ကြားရတာ ကြက်သီးထတယ်"

"ရှင်"

သူ့စကားကို နားမလည်နိုင်စွာ သူမလေး နှုတ်ခမ်းဖူးဖူးလေးတွေ ဝိုင်းစက်သွားခဲ့သည်။

တိုက်ဆိုင်မှုကို ရှင်းပြမိလျှင်လည်း ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလိုပဲရှိမှာမို့ သူ ချာခနဲ လှည့်ထွက်ခဲ့သည်။

ရင်ထဲမှာတော့ ပိုင်ပိုင် ဆိုသော ခွေးလေး၏ပိုင်ရှင်မလေးကတော့ အရိပ်ထင်ပါလာတာ မငြင်းနိုင်။

"ဟား ဟား ဟား မင်းကတော့ ဖြစ်ရမယ် မင်းမှ"

သူ ကြုံဆုံခဲ့တာကို ပြန်ပြောပြတော့ နေယံ သဘောကျစွာ ရယ်လို့နေသည်။ သူ့မှာတော့ မချိပြုံးလေးနှင့်သာ။

"တကယ့် အလွဲတွေချည်းပဲကွာ၊ တက္ကစီသမားနဲ့ လာကတည်းက ဆင်းရမယ့်လမ်းထိပ် မှားတယ်၊ ပြီးတော့ ခွေးနဲ့နာမည်တူခံရတာနဲ့ မင်းဆီ လာရတာ ကံမကောင်းဘူး"

"ကံကောင်းအောင် ခွေးပိုင်ရှင်မလေးနဲ့ မင်းဇာတ်လမ်း ဆင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရမှာကွ"

"တော်စမ်းပါကွာ၊ သူ့ခွေးနဲ့နာမည်တူနေလို့ပါပြောပြီး မိတ်ဆက်ရမှာလား"

"ဘာဖြစ်လဲကွာ၊ ခွေးလေး ပိုင်ပိုင်ကို ချစ်သလို ကျွန်တော် ပိုင်ပိုင်ကိုလည်း ချစ်ပါလို့ ပြောလိုက်ရင် ပွဲပြတ်ပြီ ဟား ဟား"

"ဟော့ကောင် နေယံ စွတ်ရယ်မနေနဲ့၊ ဟိုမှာ ညှော်သည်တွေ ထပ်လာနေပြီ သွားညှော်ခံလိုက်ဦး"

"အေး အေး မင်း မပြန်နဲ့ဦးနော်၊ အပြန် ငါကိုယ်တိုင်လိုက်ပို့ပေးမယ်"

မတွေ့တာကြာပြီမို့ နေယံက သူ့ကိုချက်ချင်းမပြန်ဖို့ ပြောကာ တားနေသည်။ နေယံကားနှင့် ပြန်ပို့ပေးမည်ဆိုတာကြောင့်လည်း သူ ဆက်နေနေရသည်။

ညှော်ခံကျွေးမွေးသော ကြက်ဆီထမင်း စားသောက်ပြီး အချိုပိုင်းမှာ ထိုင်ကာ နေယံကို စောင့်နေလိုက်၏။ ဆယ့်တစ်နာရီကျော်နေပြီမို့ ညှော်သည်တွေလည်း ကုန်သလောက်ရှိနေပြီ။

နေယံ ညှော်ခံထားသော အချိုရည်ကို သောက်ရင်း ညှော်ခန်းတံခါးဆီ သူ ဘာရယ်မဟုတ် ကြည့်နေခိုက်မှာ မြင်လိုက်ရသော မျက်နှာလေးကြောင့် မျက်ဝန်းတွေတောင် ပြူးချင်သွားမိသည်။

ခွေးပိုင်ရှင်ကောင်မလေးပါပဲ။ သူ တွေ့ခဲ့သော ဗေဒါရောင်ဝတ်စုံလေးနှင့်မဟုတ်တော့ဘဲ အနက်အောက်ခံပေါ်မှာ ငွေသော်ကြယ်ပွင့်လေး





တွေနှင့် ပြိုးပြက်ဝင်းလက်အောင် ဖောက်ထားသော ဝတ်စုံလေးနှင့်ဖြစ်နေသည်။

ထိုဝတ်စုံလေးကြောင့် လှပကျော့ရှင်းသော သူမ ခန္ဓာကိုယ်အလှက ထင်ရှားပေါ်လွင်ကာ ဖြူနုသော အသားရောင်လေးက ထင်းနေသည်။

မဟော်ဂနီရောင် ဆံပင်လေးတွေက ပခုံးသာသာလေးအထိ သည်အတိုင်း ဖြန့်ကျဲချကာ လှပသော မျက်နှာလေးကို နုညက်နေအောင် ပြင်ဆင်ထားသည်။

ပန်းဆီရောင်စိုလဲ့နေသော နှုတ်ခမ်းလေးသည်လည်း ပိုလို့ စွဲမက်စရာကောင်းနေသည်။

နာရီပိုင်းလေးအတွင်းမှာ သူမရဲ့အလှတွေကို ပေါ်လွင်အောင် ပြင်ဆင်လာခဲ့တာတော့ အံ့ဩစရာကောင်းသည်။ လှသော မျက်နှာလေးကို ပိုလို့စွဲမက်အောင် ပြင်ဆင်တတ်ကြတာ မိန်းကလေးတွေရဲ့ အတတ်ပညာတစ်ခုလား သူ မသိပါ။

"ဟယ် သက်ထား နောက်ကျလိုက်တာ မလာဘူးတောင် ထင်နေတာ လာ လာ"

နေယံ မိန်းမ ဆုမြတ်က လက်ကလေးဆွဲ ကြိုဆိုရင်းဆိုတော့ လှပသော အပြုံးလေးတွေ ပွင့်ဖူးသွားရင်း

"လာရတာ ဝေးတော့ နောက်ကျတယ်လေ ဆုရဲ့ အဟင်း ဟင်း ကျန်တော့ ကျန်ပါသေးတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အများကြီး ကျန်ပါသေးတယ် သမီးရဲ့၊ သမီးမေမေကော မပါဘူးလားကွဲ့"

"မေမေက အန်တီကြည် သိတဲ့အတိုင်းပဲလေ ညတုန်းက အကောင်းအတိုင်းပဲ မနက်ကျမှ သွေးတွေတိုးလို့တဲ့၊ စိန်တိုက်တောင် မသွားနိုင်ဘူး အန်တီကြည်ရဲ့"

"ဟုတ်လား အင်း အင်း သမီးလာတာ ကျေးဇူးတင်ပါတယ် ကွယ်၊ သားနေယံ သမီးကို ပြင်ဆင်ပေးလိုက်ကွယ်"

"တစ်လမ်းတည်း မိတ်ဆွေတွေပဲ၊ ဘာမှအားနာမနေနဲ့ သက်ထား၊ လာဗျာ ကျွန်တော့်သူငယ်ချင်း ပိုင်းမှာပဲ ထိုင်လိုက်ပါ"

နေယံ ပြောရင်း သူ ထိုင်နေသော စားပွဲဆီခေါ်လာတာမို့ သူ ခေါင်းကိုငုံ့ထားလိုက်ရသည်။ ဒီတစ်ကြိမ် ထပ်မျက်နှာချင်းဆိုင်ရတာ မျက်နှာတော့ ပူချင်သည်။

သင်းကလေးရဲ့ ခွေးစုတ်မလေး ပိုင်ပိုင် မပါလာဘူးထင်ပါရဲ့။

"ထိုင် သက်ထား အဝသာစားနော်၊ မှာထားတာတွေက အပို အလျှံပါ အားမနာနဲ့"

"ဒါဆို အပြန်ကျရင် ပါဆယ်ထုပ်သွားရင်ကောင်းမယ် ထင်တယ် အဟင်း ဟင်း ဟင်း"

ရယ်ရယ်မောမောလေးဆိုကာ မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်တော့ သူ ဘယ်လိုမှ ရှောင်တိမ်းလို့ မရလိုက်နိုင်တော့ပါ။

"ဟယ် ရှင်"





သူမ မျက်ဝန်းလေးတွေ အံ့ဩရိပ်တို့ ဖြာသွားခဲ့ကာ သူ့ကို ကြည့်နေတော့ နေယံ ဝင်မေးတော့၏။

"ဟင် မင်းမူနဲ့သိနေလို့လား"

"သိတာပေါ့ ကိုနေယံရဲ့ အခုပဲ ဆုံခဲ့ကြတာ၊ ပိုင်ပိုင် ထွက်ပြေးလို့လေ အဲဒါ သူ ဖမ်းပေးထားလို့ပေါ့"

"ဗျာ ပိုင်ပိုင် ဟုတ်လား"

နေယံ မျက်လုံးပြူးကာ ရေရွတ်သည်။ သူ ပြောပြထားလို့ နေယံကတော့ သိနေလောက်ပြီ။ မသိသေးရှာသော သက်ထားဆိုသည့် သူမကတော့ ပြုံးပြုံးလေး ပြောပြနေပါသည်။

"ပိုင်ပိုင် ဆိုတာ မနေ့ကမှ မိတ်ဆွေတစ်ယောက် လက်ဆောင် ပေးထားတဲ့ ခွေးကလေးလေ၊ ဒီမလာခင် ခြံထဲက ထွက်ပြေးလို့ သက်ထား လိုက်ဖမ်းရတာ မောရောပဲ၊ တော်သေးတယ် ကိုနေယံမိတ်ဆွေက ကူဖမ်းပေးလို့ အဟင်း ဟင်း"

သူ မျက်နှာမထားတတ်အောင် နီရဲနေပေမယ့် နေယံကတော့ သဘောကျစွာ တဟားဟား ရယ်နေတော့၏။

"ဟင် ဘာရယ်တာလဲ ကိုနေယံရဲ့"

သက်ထား နားမလည်နိုင်သလို မျက်ဝန်းလေးတွေ ဝိုင်းစက် မေးတာကို နေယံ မဖြေနိုင်သေးဘဲ အားပါးတရ ရယ်မဆုံးသေးပါ။ ကျောင်းမှာကတည်းက နေယံအောင်က အရယ်သန်သည့်ကောင်။

"ကိုကလည်း ဘာလို့ ရယ်နေတာလဲ သက်ထားပြောတဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



သဲမှာ ဘာရယ်စရာမှ မပါဘဲနဲ့''

နံဘေးမှာရှိနေသော နေယံ မိန်းမ ဆုမြတ်က ဝင်ပြောတော့မှ နေယံ အရယ်မျက်နှာပိုးသတ်ရင်း

''မ မဟုတ်ဘူး သက်ထား စကားကို ရယ်တာ မဟုတ်ပါဘူး။ ဒီကောင် မင်းမူအဖြစ်ကို ရယ်ချင်လို့၊ စောစောကပဲ ဒီကောင် ရှင်းပြနေတာ ဆုရဲ့''

''ဟော့ကောင်''

အားလုံးရှေ့မှောက်မှာ သူ ခံရခက်ခက် ဖြစ်ခဲ့သောကိစ္စကြီးကို နေယံ အထုပ်ဖြေပြတော့မှာမို့ တားမိသည်။ ဒါပေမဲ့ သူ တားလို့ရမှာ မဟုတ်တာလည်း သိနေသည်။

''တခြား မဟုတ်ဘူး သက်ထားရဲ့၊ မင်းမူ နာမည်အပြည့်အစုံက မင်းမူပိုင်လေ၊ ဒီကောင့်အမေနဲ့ အစ်မတွေက ပိုင်ပိုင်လို့ ခေါ်ကြတာ''

''ရှင်''

သက်ထားနှင့်ဆုမြတ် အံ့ဩသွားသော မျက်နှာလေးတွေနှင့် သူ့ကိုကြည့်နေချိန်မှာ သူ့မျက်နှာက ရဲရဲနီနေမှာ သေချာ၏။

''လမ်းမှာ သက်ထားခေါ်သံကြားတော့ မင်းမူ လှည့်ကြည့်တာပေ့ါ၊ သူနဲ့မသိတဲ့သူဖြစ်နေလို့ အံ့ဩနေတုန်း ခွေးပုလေးက ဒီကောင့်ရှေ့ရောက်လာတော့တာ ဟား ဟား''

နေယံ ပြောရင်း ရယ်ပြန်သည်။ ဆုမြတ်က ရယ်ရခက်ခက်နှင့်





ပြုံးနေသည်။ သက်ထားကတော့ သူ့ကို အားနာမျက်ဝန်းတွေနှင့် ကြည့်ရင်း

''တကယ် အားနာလိုက်တာရှင်၊ ဟိုလေ မရည်ရွယ်ပါဘူး နာမည်သွားတူနေတာ ဟို အဲ သက်ထား တောင်းပန်ပါတယ်''

''ရ ရပါတယ်ဗျာ''

သက်ထား တောင်းပန်နေတော့ သူ မျက်နှာပူပူနှင့်ပဲ ခေါင်းလေးညိတ်လိုက်ရသည်။ နေယံက အရယ်မျက်နှာနှင့်

''ကဲ ထူးထူးခြားခြား တိုက်ဆိုင်သွားတဲ့ကိစ္စအပေါ် ကျွန်တော့်သူငယ်ချင်းမင်းမူကလည်း နားလည်ပါတယ်ဗျာ၊ ဒီတော့ မိတ်ဆွေတွေလိုပဲ သဘောထားလိုက်ကြစို့၊ မင်းမူ သက်ထားနာမည်က ချစ်သက်ထားတဲ့၊ ရယ်ခင်းမှာတော့လည်း ခေါ်ပြောနှုတ်ဆက်ပေ့ါကွာ၊ သက်ထားကလည်း မင်းမူပိုင်ကို တွေ့ရင်ဝေးဝေးရှောင် အဲလေ ညနေပါ ပြောပါ နှုတ်ဆက်ပါ ဗျာ အဟွန်း''

နေယံရဲ့ ရယ်မောမိတ်ဆက်ပေးမှုကြောင့်ပဲ သက်ထားနှင့်သူ ခင်မင်မှု အစတည်ခဲ့ကြသည်။

ချစ်သက်ထားဟူသော အမည်နှင့်လိုက်ဖက်အောင် ချစ်ခင်စရာကောင်းသော သက်ထားကတော့ သူ့ရင်ထဲကို ဝင်ရောက်လာတာ [illegible] အမှန်ပဲဖြစ်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အခန်းထဲမှာ ဘောက်စ်ကို အကျယ်ကြီးဖွင့်ကာ သူ သီချင်းနားထောင်နေတုန်းမှာပဲ အခန်းတံခါးကို တဒုန်းဒုန်းထုရိုက် ခေါ်နေသော မမနိုင်အသံကို ကြားလိုက်ရသည်။

"ဟဲ့ ပိုင်ပိုင် ပိုင်ပိုင် တံခါးဖွင့်စမ်း"

သူ ခုတင်ပေါ်မှာ လှဲကာ စိတ်လွတ်ကိုယ်လွတ် ခံစားမှုလေးတွေ ပျက်စီးသွားတာမို့ လူးလဲခုန်ထကာ တံခါးကို ပြေးဖွင့်ပေးလိုက်ရ၏။

ထင်သည့်အတိုင်းပါပဲ မမနိုင် အလိုမကျသလို မျက်မှောင်လေး ကုပ်ကြည့်နေတာနှင့် ရင်ဆိုင်ရ၏။

"ဘာလို့ အော်မကြား ခေါ်မကြားအောင် သီချင်းသံအကျယ်ကြီး ဖွင့်နေရတာလဲ ပိုင်ပိုင်"





"ဟာ မမနိုင်ကလည်း ကျွန်တော့်ဘာသာ အခန်းထဲမှာ တံခါးပိတ် ဖွင့်တာကို"

"ဟဲ့ ဒီလောက် ဖွင့်စရာလား၊ နားတွေထူပူပြီး ခေါ်နေတာ မကြားဘူးမဟုတ်လား"

မမနိုင်နှင့်တွေ့လျှင် နားတွေပူအောင် အဆူခံရတာမို့ သူ စိတ်ညစ်သည်။ သူ့အထက်က အစ်မသုံးယောက်ထဲမှာ မမနိုင်ကို သူ အကြောက်ရဆုံး ဖြစ်သည်။

မမကြီးနှင့်မမလတ်ကိုတော့ သူ ဘာမှဂရုစိုက်စရာ မလိုပါ။ တစ်ယောက်တည်းသော မောင်လေးမို့ မျက်နှာမညိုအောင် ဂရုစိုက်ပေးကြသည်။ မာမီသည်လည်း ဒီလိုပါပဲ။

တစ်အိမ်လုံးမှာ သူ ကြောက်ရတာ မမနိုင်နှင့် ဒယ်ဒီပဲဖြစ်သည်။ မိသားစုမှာ တစ်ယောက်တည်းပါသော သားတစ်ယောက်မို့ ဒယ်ဒီနှင့် မမနိုင်တို့ ချစ်မှာ သူယုံပါသည်။

ဒါပေမဲ့ ကျန်သူတွေလို အလိုမလိုက်ကြတော့တာ နောက်ဆုံးနှစ် စာမေးပွဲကျရှုံးကတည်းက ဖြစ်သည်။

"ပိုင်ပိုင် နင့်ဟန်းဖုန်း ပိတ်ထားသလား"

မမနိုင် မေးတော့ သူ ခေါင်းလေးညိတ်ပြရင်း

"ဟုတ်တယ် ပိတ်ထားတယ် မမနိုင် ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ အိမ်ကဖုန်းနဲ့ လှမ်းဆက်နေလို့ပေါ့"

"ဟင် ဘယ်သူဆက်တာလဲ မမနိုင်"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတစ်ယောက်ပဲ ဝေး တဲ့"

သူ့နှုတ်က ကျွတ်ခနဲ မကျေမနပ်သံနှင့်အတူ မျက်နှာကပါ ရှုံ့မဲ့သွားတော့ မမခိုင်က ပခုံးတွန့်ကြည့်ရင်း

"ပိုင်ပိုင်နော် အဲဒီ ရှုပ်ရှုပ်ယှက်ယှက် ဖယားတွေကို ဘာလို့ ပြတ်အောင် မရှင်းသေးတာလဲ"

"ဟာ မမခိုင်ကလည်း ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူး။ သူ့ဘာသာ ဆက်နေတာကို"

"အပိုတွေမပြောနဲ့၊ ကိုယ် မရှုပ်ထားတဲ လာရှုပ်တွေးစရာ အကြောင်းမရှိဘူး။ ကဲ မြန်မြန်သွား ဖုန်းကိစ္စရှင်းဦး"

"ဟုတ်"

"ဟဲ့ အခန်းထဲက စက်ကို ပိတ်မသွားဘူးလား"

မမခိုင် အသံကိုကြားပေမယ့် သူ့ခြေလှမ်းတွေက လေဟာနယ်ထဲ တွေအတိုင်း ဆင်းပြီးနေပြီမို့ ပြန်မလှည့်ချင်တော့ပါ။ မမခိုင် ကိုယ်တိုင် စက်ပိတ်ပေးခဲ့မှာ သိနေသည်။

ဧည့်ခန်းထဲရောက်တော့ မာမီထိုင်နေသည်။ သူ မာမီ့ကို ပြုံးပြ ရင်း ဖုန်းခွက်ဘေးနားမှာ ချထားသော ဖုံးကို ကောက်ကိုင်လိုက်၏။

"ဟဲလို"

"အမလေး ကိုပိုင်ရယ် စောင့်နေရတာ ကြာလှပြီ၊ ဘယ်သွား နေတာလဲ၊ ဖုန်းကိုကော ဘာလို့ပိတ်ထားတာလဲ၊ ဝေးဆီကိုလည်း ဘာလို့ ဖုန်းမဆက်တာလဲ"





စက်သေနတ်ပစ်သလို ဆက်တိုက်ထွက်ကျလာသော ဝေးဝေး မောင် အသံစာစာတွေက သူ့နားစည်ထဲ ဟာမိုနီမဖြစ်တဲ စီးဆင်းလာ၏။

"ဝေး မင်းစကားတွေကို ငါ ဘယ်ကစဖြေရမှာလဲ"

"ဆောရီး ပြောချင် မေးချင်တာတွေ များသွားလို့"

"ကဲ ထားတော့ အခုဘာကိစ္စလဲ"

"ဟင် ကိစ္စရှိမှ ဆက်ရမှာလား"

"ဒီမှာ ဝေး ကိုယ် ညစ်နေတယ်နော်၊ ဖိုင်နယ် ကျထားလို့ အိမ်က ဆူနေတာ"

"ကိုပိုင် စိတ်ညစ်နေသလို ဝေးလည်း လွမ်းနေတာပဲ၊ မတွေ့ရ တာ တစ်ပတ်တောင် ရှိပြီလေ"

"ကိုယ်လည်း ဘယ်မှမထွက်ဘူး။ အိမ်မှာပဲ အောင်းနေတာ"

"ညစ်ပြီး အောင်းမနေနဲ့ ပိုင်ရာ၊ တွေ့ရအောင် မနက်ဖြန် လာခဲ့ကွာ"

ဝေးဝေးမောင် တောင်းဆိုနေတုန်းမှာပဲ မမခိုင် ဧည့်ခန်းထဲ ဆင်းလာတာ မြင်လိုက်ရသည်။

မေမေက ပြဿနာမရှိပေမယ့် မမခိုင်က တကယ့် ကျိုင်ဖြစ် သည်။ သူ စာမေးပွဲကျသည့်ကိစ္စမှာ ရည်းစားတွေ အများကြီးထားလို့ ဆိုသည့် အချက်ကလည်း ပါသည်။

ဒါကြောင့် စည်းကမ်းတွေနှင့် တင်းကြပ်နေချိန်မှာ ဝေးဝေး မောင် ဖုန်းက မမခိုင်ရှိတုန်း ဝင်လာတာ မကောင်း။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ပိုင် ဘယ်အချိန်လာမှာလဲ"

"မဖြစ်ဘူး ကိုယ် ဘယ်မှ ထွက်လို့မရဘူး"

မာဃီ နံဘေးမှာ ဝင်ထိုင်ပြီး ဂျာနယ်တစ်စောင် ကောက်ယူကာ ဖတ်ဟန်ဆောင်ပြီး မမခိုင် နားထောင်နေတာ သူ သိသည်။

"ကိုပိုင် မညာနဲ့၊ ဘာလို့ ထွက်လို့ မရရမှာလဲ၊ ကိုပိုင့်ကို အားလုံးက ချစ်ပြီးသားပါ၊ ပိုင် မလာချင်လို့ ရှောင်နေတာလား"

"အဲဒီလို ထင်ချင်လည်း ထင်တော့၊ ကိုယ် အပြင်လုံးဝ မထွက်ချင်တာ ကဲ ဒါပဲ"

ယတိပြတ်ပြောပြီး ဖုန်းကို ချပစ်လိုက်သည်။ တံစ်ဖက်က ဝေးဝေးမောင် မျက်နှာလေး မာတင်းသွားမှာ သူ တွေးမိပြီးဖြစ်သည်။ ဒါပေမဲ့ သူ ဂရုမစိုက်ပါ။ ဝေးဝေးမောင်နှင့်ပတ်သက်ပြီး ရင်ထဲမှာ ဘာမှ မရှိတော့တာ ကြာပြီ။

"ပိုင်ပိုင် နေဦး ခဏထိုင်"

သူ ထွက်သွားမည်ပြင်တော့ မမခိုင် လှမ်းပြောတာမို့ ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်လိုက်ရပါသည်။

"ပြောစရာကတော့ အသစ်မရှိဘူး။ ပြောပြီးသား စကားတွေပဲ ထပ်ပြောရမှာ၊ မင်း အရင်ပုံစံတွေတော့ ပြင်မှဖြစ်မယ်နော် ပိုင်လေး"

"ကျွန်တော် ဘာလုပ်နေလို့လဲ မမခိုင်ရယ်"

"အဲဒါတော့ မင်းပဲ အသိဆုံးဖြစ်မှာလေ၊ ပြီးခဲ့တဲ့နှစ်က ဖိုင်နယ်ကျတာ မင်း စာကို အလေးမထားဘဲ အပျော်တွေ လွန်နေလို့ပေါ့





အပေါင်းအသင်းတွေနဲ့ အချိန်ကုန်၊ ကောင်မလေးတွေနဲ့ ရှုပ်နေတာတွေကြောင့်ပေါ့"

ထုံးစံအတိုင်း မမခိုင်ရဲ့ တတ်ပြားပေါင်းကြီးက နားတွေပူအောင် ကြားရတော့မှာ သေချာ၏။

"စီးပွားရေးတက္ကသိုလ် နောက်ဆုံးနှစ်ကျတာ မဖြစ်သင့်ဘူး ပိုင်ပိုင်၊ တွေးကြည့်ရင် ရှက်ဖို့တောင် ကောင်းတယ်၊ ကိုယ့်အစ်မတွေအားလုံး နှစ်ချင်းပေါက်ဘွဲ့ရခဲ့တာချည်းပဲ၊ မင်းအလှည့်ကျမှ စာမေးပွဲကျတာ မဖြစ်သင့်ဘူး"

မမခိုင်ရဲ့ ဆုံးမစကားတွေကို သူ အလွတ်ရပြီးဖြစ်နေ၏။ တကယ်ဆို မမခိုင် ပြောတာလည်း မမှားပါ။ မမကြီး သွယ်မူနွယ်ဆိုလျှင် သူ့ထက် ရှစ်နှစ်ကျော်ကြီးကာ ဆရာဝန်ဖြစ်သူ။

မမလတ် ခင်မူသွယ်ကတော့ ကွန်ပျူတာနှင့်ကျောင်းပြီးထားခဲ့သည်။ မမခိုင်သည်လည်း ထက်မြက်သူပါပဲ။

ဆယ်တန်းမှာ လေးဘာသာ ဂုဏ်ထူးအောင်မြင်ကာ နှစ်သက်ရာ စိတ်ကြိုက်ရွေးချယ်ခွင့် ရှိပေမယ့် စီးပွားရေးတက္ကသိုလ်ပဲ တက်ခဲ့၏။ မမခိုင် ရည်ရွယ်ချက်က ဒယ်ဒီ့ကုမ္ပဏီအလုပ်တွေကို ကူညီဖို့ဖြစ်၏။

"သမီး စီးပွားရေးဘွဲ့ယူပြီး ဒယ်ဒီ့အလုပ်ကို ကူညီချင်တယ်၊ ဒယ်ဒီတစ်ယောက်တည်း ပင်ပန်းနေတာ မကြည့်ရက်ဘူး"

အထက်က အစ်မနှစ်ယောက်က ကိုယ့်ဝါသနာပညာနှင့် သင့်တော်ရာမှာ လုပ်ကိုင်နေကြတာမို့ မမခိုင်က ဒယ်ဒီ့အတွက် ကူညီခြင်း



www.burmeseclassic.com

www.burmeseclassic.com



မည့်ပညာရပ်ကို ရွေးခဲ့သည်။

သူကလည်း ဆယ်တန်းအောင်တော့ စီးပွားရေးတက္ကသိုလ်ပဲ တက်ခဲ့၏။ တစ်နှစ်တစ်တန်း အောင်မြင်ခဲ့ပေမယ့် နောက်ဆုံးနှစ်မှာ သူ စာမေးပွဲ ကျခဲ့၏။ မမနိုင် ပြောသလို ပေတေခဲ့တာမှန်သလို ထိုစဉ်က သူ ပညာရေးမှာ ပေါ့လျော့ခဲ့တာကြောင့် ကျခဲ့တာ ဖြစ်သည်။

ဒါကို မမနိုင်နှင့်ဒယ်ဒီက လက်မခံနိုင်အောင်ဖြစ်နေကြ၏။

"ပိုင်ပိုင်"

မမနိုင် အော်သံကြောင့် အတွေးတွေ ပြတ်တောက်ကာ သူ မော့ကြည့်လိုက်မိ၏။

"ပြောနေတဲ့ စကားတွေ မင်း နားထောင်ရဲ့လား။ အာရုံက ဘာမှဂရုမစိုက်သလိုနဲ့"

"ဟာ မမနိုင် စကားတွေအားလုံး သိပါတယ်၊ အလွတ်တောင် ရနေပြီ"

"ပိုင်ပိုင်နော် ပြောင်ချော်ချော်မလုပ်နဲ့"

"ဟာ မလုပ်ပါဘူး မမနိုင်ရာ၊ မမနိုင် စေတနာနဲ့ ဆုံးမတာကို ကျွန်တော် နားလည်ပါတယ်၊ ဒီနှစ်အောင်အောင်လည်း ကြိုးစားပါ့မယ်"

"ဟုတ်သားပဲ သမီးငယ်ရယ် သားက ကတိပေးထားပြီးပြီပဲ"

"အင်း မာမီတို့ကြောင့် အဲဒါတွေ ခက်နေတာ၊ ပိုင်လေးကို အရမ်းအလိုလိုက်လွန်းတာ မကောင်းဘူးနော်"

"အလိုမလိုက်ပါဘူးကွယ်၊ ဒါကြောင့်လည်း ဒီနှစ်အောင်အောင်





ကြိုးစားဖို့ ပြောနေတာပေါ့"

"သမီးနဲ့ဒယ်ဒီပြောရင် မာမီကော မမတို့ပါ မကြိုက်သလိုနဲ့ သမီးသိတယ်"

သူပြုံးသနားက မာမီ့တက်ရောက်သွားခဲ့ကာ မမနိုင် အလိုမကျ တာတွေကို ရင်ဖွင့်နေသည်။ မာမီကတော့ ပြုံးပြုံးလေး ငြိမ်သက်နား ထောင်နေခဲ့သည်။

တကယ်ဆို စာမေးပွဲကျသည့်ကိစ္စဖြင့် ဒယ်ဒီနှင့်မမနိုင်က သူ့ကို ပေးနေကျ မုန့်ဖိုးတွေကို တစ်ဝက်လျှော့ချပစ်သည်။ မာမီနှင့် အစ်မ နှစ်ယောက်ကိုလည်း လျှော့ခိုင်းသည်။

ဒါပေမဲ့ မာမီနှင့်မမတို့က မုန့်ဖိုးလျှော့ပေးတာမျိုး မရှိပါ။ သူ မျက်နှာတစ်ချက် ညှိုးပြလိုက်တာနှင့် အဆင်ပြေသွားသည်ပဲ ဖြစ်သည်။

"ပိုင်လေး ပေးထားတဲ့ကတိအတိုင်း စာကို ဂရုစိုက်နော်၊ အထူးသဖြင့် ကောင်မလေးတွေနဲ့ လုံးဝ မပတ်သက်နဲ့တော့"

"စိတ်ချပါ မမနိုင်"

"အလွယ်လေး ကတိမပေးနဲ့၊ မင်း ဘာတွေလုပ်သလဲဆိုတာ မမနိုင် သိတယ်"

ကျောင်းမှာ ရည်းစားတွေထားခဲ့တာ အားလုံးကို မမနိုင် သိပါ သည်။

"မမလည်း သိတာပဲဗျာ၊ ကျွန်တော် ဘယ်သူ့ကို စွဲစွဲလန်းလန်း ဖြစ်ခဲ့လို့လဲ၊ အပျော်ပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"အပျော်ထားတာ ကောင်းသလား၊ လည်လွန်းတဲ့တီး ဘာသင့်သလဲ ပိုင်လေး သိပါတယ်"

"ဒါတော့ ဘယ်တော့မှ မဖြစ်စေရဘူး၊ ဘာလို့လဲဆိုတော့ ကျွန်တော်က ကိုယ်ကျင့်တရားနဲ့သိက္ခာကို အလေးထားပါတယ်"

"အေး အဲဒါကို မမနိုင် ချီးကျူးတယ်၊ ဒါပေမဲ့ အပျော်သဘောတွဲနေတာတွေ ရပ်ပစ်လိုက်တော့ ပိုင်လေး၊ ကိုယ့်ကြောင့် မိန်းကလေးတွေ ထိခိုက်တာ မကောင်းဘူး၊ မမနိုင်ဆိုလိုတာက ပိုင်လေးက အပျော်တွဲတာမှန်ပေမယ့် သူတို့က တကယ်ခံစားတာဆိုရင် မဖြစ်သင့်ဘူးလေ"

မမနိုင် ဆိုလိုတာကို သူ သဘောပေါက်ပါသည်။ အခု ဝေးဝေးမောင်ကိစ္စကိုပဲကြည့်။

ဘာရယ်မဟုတ် သူငယ်ချင်းတစ်ယောက် ကောင်းမှုနှင့် ဆုံတွေ့ခဲ့ကာ ချစ်ကြိုက်ခဲ့တာဖြစ်သည်။

ဝေးဝေးမောင်လို မိန်းကလေးမျိုးကို မာမီတို့ မမတို့ ဘယ်လိုမှ သဘောမတူမှာ သူ သိပြီးဖြစ်၏။ ပညာရေးမှာလည်း ဆယ်တန်းတောင်မအောင်၊ မိဘတွေက ပြည့်စုံသည်ဆိုသော အရှိန်နှင့် အသုံးအဖြုန်းကကြီးသည်။

သူနှင့်တွဲသည့် တစ်လကျော်အတွင်းမှာ သိခဲ့တာတွေက အများကြီးဖြစ်သည်။

သူ့အရင်ကလည်း ရည်းစားတွေ ဆယ်ယောက်မက ထားဖူးသည်။ လှပသော ရုပ်ရည်နှင့် ပျော်ပျော်နေတတ်သည့် စိတ်ဓာတ်ကြောင့် သူ အပျော်တွဲခဲ့တာ ဖြစ်၏။

ကြာလာတော့လည်း ဝေးဝေးမောင်ကို သူ စိတ်ကုန်ငြီးငွေ့လာမိသည်။ သူ့ဘက်က တစ်ခန်းရပ်ချင်ပေမယ့် ဝေးဝေးမောင်က ခွာလို့မရပါ။

"မင်းလို ယောကျ်ားတစ်ယောက်ကို သူက အပိုင်တွယ်ထားချင်မှာ မဆန်းပါဘူး။ ငါတို့သတိပေးသားပဲ"

"ဒါဆိုရင်တော့ သူ မိုက်မဲမျှော်လင့်မှုပဲ ဖြစ်မှာပေါ့ကွာ၊ ငါ့ဘက်က အပျော်ပဲလေ၊ သူ ဘယ်လို အခွင့်အရေးတွေပေးပေး ငါ မယူခဲ့ဘူး။ ဒါ သူ သိတယ်"

ဝေးဝေးမောင် ဘာကိုရည်ရွယ်သည်ဆိုတာ သူ သိသည်။ သူကလည်း ဒီအရိပ်ကို ကြိုမြင်လို့ ရှောင်ဖို့ဆုံးဖြတ်ပြီးပြီ။

အခုချိန်မှာတော့ သူ့ကိုချစ်သော မိသားစုတွေရဲ့ အဖြစ်ချင်ဆုံးဆန္ဒကိုပဲ သူ အရေးထားကြိုးစားပြရတော့မည်။

သူ့အသက်ပဲ နှစ်ဆယ့်တစ်နှစ်ကျော်ပြီဆိုတော့ ရင့်ကျက်သင့်ပြီ ထင်ပါသည်။

■ ■ ■





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဆန္ဒတို့အိမ်က သူ့အတွက်တော့ စားအိမ်သောက်အိမ်လို ဖြစ်နေပြီးသား ဖြစ်သည်။

ဆယ်တန်းကျောင်းသားဘဝကတည်းက တွဲလာသော သူနှင့် ဆန္ဒ စီးပွားရေးတက္ကသိုလ်တက်တော့လည်း မေဂျာအတူ ဖြစ်ခဲ့သည်။ နေယံကတော့ တက္ကသိုလ်ရောက်မှ ခင်မင်သည့်သူဖြစ်၏။

ပိုင်နယ်ကိုတော့ ဆန္ဒက အောင်သွားခဲ့ပြီ။ နေယံကလည်း ယောက္ခမ၏စီးပွားရေးထဲ ရောက်နေပြီမို့ ကျောင်းဆက်မတက်ဖြစ်ဖို့များသည်။ သူငယ်ချင်းရင်းချာတွေနှင့်အတူ တက်ခွင့်မရတာတော့ သူ စိတ်မကောင်းဖြစ်ရ၏။

"ဒီလိုမှန်းသိရင် ငါလည်း ပိုင်နယ်တန်းပြန်တက်ရအောင်





ဖြေလိုက်ပါတယ်ကွာ၊ ဒါမှ မင်းနဲ့အတူ ပြန်တက်လို့ရမှာ၊ မင်းကတော့ တက္ကသိုလ်ကျောင်းအရသာ ထပ်ခံစားရဦးမှာပေါ့"

"ဘာလဲ ပိုင်လေး မင်းက ရည်းစားထားစံချိန်တင်ချင်လို့ တမင် ပိုင်နယ်တန်း တစ်နှစ်အောက်လိုက်တာလားကွာ"

ဆန္ဒနှင့်သူ စကားပြောနေတာကို ကြားနေသော ဆန္ဒ၏ကိုကို ဒေါက်တာဝီရနိုင်က လှမ်းနောက်သည်။

"မဟုတ်ရပါဘူး ကိုကြီးရာ၊ ကျွန်တော် ဘယ်ကောင်မလေးမှ မထားတော့ပါဘူး၊ ဒီနှစ်ကျလို့ အိမ်က မမနိုင် နေ့တိုင်းပွမ်နေတာ နားတွေပူလွန်းလို့"

"သိတယ် မင်းမမကြီးနဲ့တွေ့တော့ ပြောပြတယ်ကွ"

"မမကြီးကော မမလတ်ကော မာမီပါ အေးဆေးပါ၊ မမနိုင်နဲ့ ဒယ်ဒီကိုတော့ လန့်တယ် ကိုကြီးရ"

"ဒါပေမဲ့ မင်းကို အားလုံးက ချစ်ကြပါတယ်ကွာ၊ ဒီနှစ် ကြိုးစားပြလိုက်ပေါ့"

"ဟုတ်ကဲ့ ကိုကြီး အေးဆေးပါ"

"အေး အေး ကြိုးစား ပိုင်လေး"

ကိုဝီရနိုင် ပြောပြီး အိမ်ခန်းထဲဝင်သွားခဲ့ရုံပဲ ရှိသေး၏။ ခြံထဲကို မောင်းဝင်လာတာ လင်ခရူဆာ အဖြူရောင်ကားတစ်စီး။ သူကော ဆန္ဒပါ ကြည့်နေတုန်းမှာ ဆင်ဝင်အောက်ကို ကားလေးထိုးရပ်သွားသည်။

ကားတံခါး ဖွင့်ဆင်းလာသူကိုမြင်လိုက်ရချိန်မှာ သူ ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



အပျောင်းသား ဖြစ်သွားသည်။

ချစ်သက်ထားကတော့ သူ့ကိုမမြင်နိုင်ဘဲ ကားနောက်ခန်းတံခါးကိုဖွင့်ကာ ဘာကိုယူနေသည် မသိပါ။

"ဟာ"

ချစ်သက်ထား လက်ထဲမှာ ပါလာသော ခွေးစုတ်ဖွားလေးကို မြင်လိုက်ရချိန်မှာ သူ ဆတ်ခနဲ ထရပ်မိပြီးဖြစ်နေ၏။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ခင်ဗျာ"

ဆန္ဒ လှမ်းမေးတော့ သက်ထား ခေါင်းလေးမော့ကြည့်ရင်း သူ့ကိုမြင်တွေ့သွားခဲ့၏။

"ဟင် မင်းမူပိုင် ဒါ ယူတို့အိမ်လားဟင်"

"မဟုတ်ပါဘူး ကျွန်တော့်သူငယ်ချင်းအိမ်ပါ"

"ဟုတ်လား ဒါဆို ကူညီပါဦး၊ ဒီမှာ ပိုင်လေး အဲ သူ သူ နေမကောင်းလို့"

ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားသော ခွေးစုတ်ဖွားလေးကို တစ်ချက်ငုံ့ကြည့်ပြီး သက်ထား ပြောသည်။ ဆန္ဒကတော့ သက်ထားကိုတစ်လှည့် သူ့ကိုတစ်လှည့် ကြည့်ကာ အံ့သြနေဟန်တူ၏။

"ကိုနေယံအောင်က လမ်းညွှန်လိုက်လို့ သက်ထားလာခဲ့တာပါ။ ဒီမှာ ဒေါက်တာဝီရနိုင် ရှိတယ် မဟုတ်လားဟင်"

"ရှိပါတယ် သက်ထား၊ ဆန္ဒရဲ့အစ်ကိုလေ၊ ဆန္ဒ ကိုကြီးကို ခေါ်လိုက်ပါဦး"





ဆန္ဒ ခေါင်းညိတ်ကာ အခန်းထဲဝင်သွားသည်။ သက်ထားကတော့ ရင်ခွင်ထဲက ခွေးလေးကို ပွတ်သပ်ချော့မြူရင်း စိုးရိမ်ရိပ်လေးတွေ ဖြာနေတာ အထင်အရှား။

"မနေ့ကတည်းက ပိုင် အဲ သူ အစာသိပ်မစားဘူး၊ အရင်လို လည်း လန်းလန်းဆန်းဆန်း မရှိဘူး။ သက်ထား စိုးရိမ်လို့ လာခဲ့တာ"

ချစ်သက်ထား တိရစ္ဆာန်လေးတွေကို ချစ်တတ်တာတော့ သူ သဘောပေါက်ပါသည်။ အခုလည်း ပိုင်ပိုင် ဆိုသော ခွေးလေးအတွက် အလောတကြီး ထွက်လာခဲ့ပုံရသည်။

နုညက်နေသော မျက်နှာလေးက ဘာမှခြယ်သပြင်ဆင်ထားခြင်းမရှိ။ ဒါပေမဲ့လည်း ဝင်းမွတ်မွတ်လေး လှပနေပါသည်။ ဝတ်ဆင်ထားတာက အဝါရောင်တီရှပ် ခါးတိုလေးကို အနက်ရောင်ကွာတား ဒူးဖုံးဘောင်းဘီအပွလေးနှင့် တွဲဝတ်ဆင်ထားသည်။

သက်ထား၏လှပရှင်းသန့်သော မျက်နှာလေးနှင့် ပြေပြစ်အချိုးအစားကျနသော ခန္ဓာကိုယ်လေးက ဘာပဲဝတ်ဝတ် ကြည့်ကောင်းနေတာ အမှန်။

ကိုကြီး ဝီရနိုင် ရောက်လာတော့ သက်ထား ပျာယာခတ်ကာ ခွေးလေးအကြောင်း အသံစာစာလေးနှင့် ရှင်းပြနေတော့သည်။ ဆန္ဒက သူ့ကိုလက်တို့ကာ တိုးတိုးလေး မေးလာ၏။

"ဟေ့ကောင် မင်းမူ မင်းခြေလှမ်းတွေ သွက်နေပြီလား၊ အဲဒါ ဘယ်သူလဲ ဘယ်တုန်းက ငြိသွားတာလဲ"



www.burmeseclassic.com

"နေဦး မင်းသိချင်တာတွေ ပြီးမှ ပြောပြမယ်"

သက်ထားရဲ့အလှအပတွေကို ခံစားနေတုန်း နှောင့်ယှက်လာသည့်ဆန္ဒကို နှစ်သိမ့်ရင်း သူ ကိုကြီးဝီရနှင့်အတူ ဝိုင်းကူညီပေးလိုက်သည်။

တိမွေးကုဆရာဝန်တစ်ယောက်ဖြစ်သော ကိုကြီး ဝီရနိုင်က သက်ထားရဲ့ခွေးလေးကို စမ်းသပ်ကုသပေးရင်း စိတ်မပူဖို့ ပြောဆိုနေခဲ့၏။

"သိပ်စိုးရိမ်စရာ မရှိပါဘူး။ သက်သာသွားအောင် ဆေးထိုးပေးလိုက်မယ်၊ မင်း ခွေးလေးကို လိုအပ်တဲ့ ကာကွယ်ဆေးတွေ ထိုးပေးထားတယ် မဟုတ်လား"

"ဟုတ်ကဲ့ ထိုးထားပါတယ် ဒေါက်တာ"

"ဒါဆို ကောင်းပါတယ်၊ ကာကွယ်ဆေးထိုးထားတာ အကောင်းဆုံးပေါ့"

"ဟို မနက်ဖြန်ကော သက်ထား လာပြရဦးမလား ဆရာ"

"မလိုပါဘူး သက်သာသွားမှာပါ။ ဆေးတော့ ပုံမှန်တိုက်ပေးပါ"

ကိုကြီး ဝီရ စကားကြောင့် သူ အားမလိုအားမရ ဖြစ်သွားလေသည်။ တကယ်ဆိုလျှင် တစ်ပတ်လောက် ဆက်တိုက်လာခိုင်းလိုက်လျှင် သိပ်ကောင်းမည်။

ထိုတစ်ပတ်အတွင်းမှာ သက်ထားနှင့် ခင်မင်ရင်းနှီးခွင့်ရအောင် ဆန္ဒတို့အိမ် အမြဲရောက်နေမှာ သေချာသည်။

အခုတော့ အခွင့်အရေးက ဆုံးရှုံးခဲ့ရပြီ။





ချစ်သက်ထား နှုတ်ဆက်ပြန်သွားတော့ ဆန္ဒက သူ့ကိုမေးပါတော့သည်။ သူနှင့်သက်ထား ဆုံခဲ့တာကို ပြန်ပြောပြတော့ ဆန္ဒ သဘောကျစွာ ရယ်သည်။ သူနှင့်သက်ထား ဆုံတွေ့ခဲ့သည့်အဖြစ်က ရယ်စရာတစ်ခု ဖြစ်နေသည်ကိုး။

"ရည်းစားမထားတော့ဘူးဆိုတဲ့ မင်းဆုံးဖြတ်ချက်ကို မင်းပြန်ဖျက်ပစ်လိုက်ပြီပေါ့"

ဆန္ဒ မေးလာတော့ သူ ခပ်ပြုံးပြုံးလုပ်ကာ နှုတ်ဆိတ်နေလိုက်မိသည်။ တကယ်ဆိုလျှင် ဝေးဝေးမောင်နှင့် သူ ဇာတ်လမ်းပြီးပြတ်တာပင် တစ်ပတ်မပြည့်သေးပါ။ မမနိုင်ကိုလည်း ကတိတွေ ပေးထားခဲ့သည်။

ဒါပေမဲ့ ကံကြမ္မာက ချစ်သက်ထားနှင့် ဆုံတွေ့ခွင့်ပေးခဲ့ချိန်မှာ. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"မင်း ရည်ရွယ်ချက်က ဘာလဲ မင်းမှူ"

နေယံ မေးလာလိမ့်မည်ဆိုတာကို သူ ကြိုတင်တွက်ဆထားပြီး ဖြစ်သည်။ ဆန္ဒရဲ့အိမ်ကို ရောက်လာသော ချစ်သက်ထားကို ဒုတိယ အကြိမ် ဆုံတွေ့ပြီးသည့်နောက်ပိုင်းမှာ နောက်တစ်ကြိမ် ထပ်ဆုံတွေ့ချင် စိတ်က တားမရပါ။

"ငါ မေးတာ ဖြေလေ မင်းမှူရဲ့"

"ဖြေစရာလိုလို့လား နေယံရာ၊ ချစ်သက်ထားနဲ့စကားပြောချင်လို့ မင်းဆီရောက်လာပြီး ဖုန်းနံပါတ်တောင်းနေမိတာပေါ့ကွ"

နေယံ သူ့ကိုစိုက်ကြည့်ကာ နှုတ်ဆိတ်လို့နေသည်။ သူ မေးသော အဖြေကိုပေးဖို့အတွက် အူလည်လည် လုပ်နေတာကို သူ စိတ်မရှည်နိုင်ပါ။





"ဟေ့ကောင် ဒါလေးပြောပြဖို့အတွက် မင်းက သူငယ်ချင်း အချင်းချင်းကို ဘာတွေ အိုက်တင်ခံနေတာလဲ"

"မဟုတ်ပါဘူးကွာ၊ သက်ထား ဖုန်းနံပါတ်ကို ငါက ဘယ်လို လုပ်သိမှာလဲ၊ အဲ ငါ့မိန်းမပဲ သိမှာပေါ့"

"ဒါဆိုလည်း မင်းမိန်းမဆီက တောင်းပြီး ငါ့ကိုပေးကွာ"

နေယံ ပုံစံက တွန့်ဆုတ်ဆုတ်အသွင်ဖြစ်နေတာမို့ သူ အလို မကျစွာ မျက်မှောင်ကုပ်သွားမိသည်။ တကယ်ဆို နေယံအတွက် ဘာမှ ခက်ခဲသည့်ကိစ္စမဟုတ်ပါ။

"ဘာဖြစ်တာလဲ နေယံ၊ မင်းက အဲဒီလောက်အထိတောင် မိန်းမကြောက်နေသလား"

"မဟုတ်ဘူး မင်းကိုကြောက်တာ"

"ဘယ်လိုကွ"

"ဟုတ်တယ် မင်းသူ၊ မင်း ကြည့်တော့လုပ်နော်၊ တစ်ခုခု ဖြစ်ရင် မကောင်းဘူး၊ ငါတို့က တစ်လမ်းတည်းနေတဲ့သူတွေနော်"

"ဟာ နေယံ ငါ့ကိုယ်ကျင့်တရားကို မင်းသိရက်နဲ့"

"ငါ သိပါတယ် မင်းမှူရာ၊ ငါဆိုလိုတာက မင်း ချစ်သက်ထားကို ချစ်သူဖြစ်ပြီးမှ ဝေဝေမောင်လို အစိမ်းဖြတ်ဖြတ်လိုက်ရင် ကြားထဲက ငါ့ကို မျက်နှာပူစရာဖြစ်မှာစိုးလို့ပါ"

နေယံ စိုးရိမ်တာကို သူ နားလည်လိုက်ပါသည်။ ဒါပေမဲ့ ဝေဝေမောင်နှင့်ချစ်သက်ထားက ဘာမှသက်ဆိုင်တာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



"တခြားစီပဲကွာ ငါမှ ဝေးဝေးမောင်ကို ချစ်ခဲ့တာမှ မဟုတ်တာ၊ ပြီးတော့ သူ့အကြောင်း မင်းတို့အသိဆုံးပဲလေ"

"ဟုတ်ပါပြီ ဒါဆို ချစ်သက်ထားကို မင်း တကယ်ချစ်တာလား"

"အခုချိန်မှာ ငါ စိတ်ဝင်စားနေတာတော့ အမှန်ပဲ၊ ဒါကြောင့် မင်းဆီရောက်လာတာပေါ့၊ ငါ သူနဲ့ခင်မင်ရင်းနှီးချင်တယ်၊ စကားတွေပြောချင်တယ်၊ စိတ်ချ မင်းတို့လင်မယား မျက်နှာမပျက်စေရဘူး"

သူ ကတိပေးလိုက်တော့ နေယံ ယုံကြည်သွားခဲ့သည်။ ချစ်သက်ထားနှင့်ပတ်သက်သော အကြောင်းတွေကို သူ သိခွင့်ရလိုက်၏။

"သက်ထားက တစ်ဦးတည်းသောသမီး သူ့အဖေက နိုင်ငံခြားသင်္ဘောကပ္ပတိန်တစ်ယောက်၊ အခု မြန်မာပြည်မှာ မရှိဘူး၊ သက်ထားအမေက စိန်တိုက်ပိုင်ရှင် ဒေါ်ထားနွယ်တဲ့၊ နွယ်စိန်တိုက်ဆိုတာ နာမည်ကြီးပဲ၊ သက်ထားက သချာနဲ့ကျောင်းပြီးသွားပြီ"

နေယံထံမှ သိခွင့်ရသော ချစ်သက်ထားအကြောင်းတွေကတော့ များလောက်သည်။ ဒါပေမဲ့ သူ အရေးကြီးဆုံး သိလိုသည့်အချက်တစ်ချက်တော့ ကျန်နေသေး၏။

"အရေးကြီးဆုံးအချက်က သူ့မှာ ချစ်သူရည်းစားရှိ မရှိ အချက်ပဲ"

"ငါသိသလောက်တော့ မတွေ့ဘူး၊ အဲ ကျောင်းမှာတုန်းက ရှိချင်ရှိမှာပေါ့ကွာ"

"အို့ကေ ဒီလောက်သိရရင် ကျေနပ်တယ်၊ ဒီညတော့ မင်း





မိန်းမဆီက ဖုန်းတောင်းပြီး ငါ့ကိုပေးနော် ငါ ဖုန်းစောင့်မယ်"

"ဟော့ကောင် ဒီလို မရဘူးလေ၊ ငါလည်း ခဏနေရင် ပြန်တော့မှာ မင်းဝမ်းတော့ဘယ်လ်တော့ လိုက်ကျွေး"

"မင်းသောက်လို့ ဖြစ်မလား၊ တော်ကြာ ယောက္ခမနဲ့ ကျိုင်တက်နေဦးမယ်"

"ငါ မသောက်ပါဘူး၊ စားပဲစားမှာ၊ **တစ်ခါတလေ ဟိုတယ်**စာလေး စားချင်တယ်လေကွာ"

"အမှန်ဆို မင်းက ကျွေးရမှာကွ၊ ကုမ္ပဏီပိုင်ရှင်ကြီးဖြစ်နေတဲ့ကောင်က ငါ့လိုအလုပ်အကိုင်မရှိတဲ့သူကျွေးတာ မစားသင့်ဘူး"

"မရဘူး ဒီတစ်ခါတော့ မင်းကျွေးတာ စားရမယ်"

နေယံ စိတ်တိုင်းကျ ဟိုတယ်မှာ သူ ညနေစာလိုက်ကျွေးမွေးလိုက်ရပါသည်။ နေယံ မိန်းမကြိုက်သည်ဆိုသော ဂဏန်းပေါင်းတစ်ပွဲလည်း ပါဆယ်ဝယ်ပေးလိုက်သည်။

"ဟော့ကောင် မင်း ဒီည ဖုန်းဆက်ဖို့ မမေ့နဲ့ဦးနော်"

"ငါက နည်းနည်းမေ့တတ်တယ်ကွ အဟဲ"

"မေ့ရဲရင် မေ့ကြည့်လိုက်လေ ညတွင်းချင်း မင်းအိမ်လိုက်လာပြီး ငါကျွေးမွေးထားတာတွေ ပြန်အန်ထုတ်ခိုင်းမှာ"

"ခွေးကောင် တော်တော် စေတနာ သဒ္ဓါတရားရှိပုံပဲ၊ ကဲလစ်ပြီကွာ စိတ်ချ ခုနစ်နာရီလောက် ဆက်လိုက်မယ်"

နှစ်ယောက်သား နှုတ်ဆက်လမ်းခွဲခဲ့ကြသည်။ အိမ်ပြန်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လျှင် မမခိုင် ပေးလာမည့် မေးခွန်းတွေအတွက်လည်း စိတ်ထဲက ကြိုတင်ရှာဖွေထားရသေးသည်။

ဒီရက်ပိုင်းမှာ မမခိုင်က သူ သွားလာသမျှ အရိပ်လိုစောင့်ကြည့်နေတတ်သည်။

ကျူရှင်ကိစ္စကိုပဲ အကြောင်းပြရတော့မည်။

■ ■ ■



## အခန်း (၄)

"ဟဲလို"

ချိုချိုလွင်လွင်ကလေး ကြားရသော သက်ထား အသံလေးကို မမှတ်မိစရာမရှိပါ။

"သက်ထားလား"

"ဟုတ်ပါတယ် အခုပြောနေတာ ဘယ်သူလဲ"

"ဘယ်သူဖြစ်မယ်လို့ သက်ထား ထင်သလဲ"

တစ်ဖက်က အသံလေးတိတ်သွားသည်။ သက်ထား အံ့သြသွားမှာ သေချာသည်။

"ကျွန်မ အဲဒီလောက် အကြားအမြင်မရဘူး၊ ရှင် ဘယ်သူလဲ၊ ရှင့်ဖုန်းနံပါတ်ကို ကျွန်မ မသိတာတော့ သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည်ကိုတော့ သက်ထား ရင်းရင်းနှီးနှီး သိနေမှာပါ"

"ဒီမှာ စောစောစီးစီး ဘာတွေလာခေါင်းစားနေတာလဲ၊ အိပ်ရာက နိုးရုံပဲ ရှိသေးတယ် ဘာမှ မစားရသေးလို့စိတ်တိုနေတာနော်"

တော်တော် အိပ်ပုတ်သည့် မိန်းကလေးပါလားဟု စိတ်က မှတ်ချက်ပြုမိသေးသည်။ တကယ်ဆို အခုပဲ ရှစ်နာရီထိုးလုနေပြီ။ ဒီအချိန်မှ အိပ်ရာကထသတဲ့လား။

"ဆောရီးဗျာ စိတ်မတိုပါနဲ့၊ ကျွန်တော် မင်းမှူပိုင်ပါ"

"မင်းမှူပိုင် ဟုတ်လား၊ သက်ထားဖုန်းနံပါတ်ကို ဘယ်က ရတာလဲဟင်"

"ဒီလိုပဲ သိချင်လို့ စုံစမ်းရတာပေါ့၊ ညကတည်းက ဆက်ချင်တာ မသင့်တော်ဘူးထင်လို့"

"ဟုတ်ပါပြီ ဘာကိစ္စရှိလို့လဲ မင်းမှူပိုင်"

"ဩော် ပိုင်ပိုင်လေး နေကောင်းသွားပြီလား မေးချင်လို့ပါ"

"အင်း ကောင်းသွားပြီ၊ ဒေါက်တာ့ဆီက ပြန်လာတဲ့နေ့လယ်ပဲ ပြန်နေကောင်းသွားတာ၊ အဲဒါအတွက် ဒေါက်တာ့ကို အရမ်းကျေးဇူးတင်ကြောင်း ပြောချင်နေတာ"

"ကိုကြီး ဝီရကို ကျွန်တော် ပြောလိုက်ပါ့မယ်"

"မင်းမှူပိုင်ကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒေါက်တာက မင်းမှူသူငယ်ချင်းဆိုပြီး ဆေးဖိုးမယူလိုက်တာကို အားနာနေတာ"





"အဲဒါ ပြဿနာမရှိပါဘူး၊ ဒါနဲ့ အခု သက်ထား စိတ်အရမ်းတိုနေလားဟင်"

"ဟယ် မတိုပါဘူး ဘာလို့လဲ"

"မသိဘူးလေ အခုမှ အိပ်ရာက နိုးတယ်၊ ဘာမှမစားရသေးဘူးဆိုလို့ပါ"

"အဟင်း မဆိုးပါဘူး၊ နိုးနေတာကြာပြီ၊ မနက်စာက နေ့တိုင်းစားနေရတဲ့ ဒင်ဆမ်းတွေချည်း ဖြစ်နေလို့ မာမီ့ကို စိတ်ကောက်နေတာပါ"

"ဒါဆို သက်ထားက ဘာစားချင်လို့လဲ"

"ဩော် အသားပေါင်း၊ ကော်ဖီ၊ ကိတ် ဒါတွေပဲ စားနေရတော့ ငြီးငွေ့တာပေါ့၊ တစ်ခါတလေ နန်းကြီးသုပ်တို့ မုန့်ဟင်းခါးတို့ စားချင်တာပေါ့"

"အိုကေ သက်ထား စားချင်တာ ကျွန်တော် ကျွေးပါရစေ၊ မနက်စာကောင်းကောင်းရတဲ့ဆိုင်လေးကို ကျွန်တော် သိတယ်"

"တိုက်ဆိုင်လိုက်တာ သက်ထားလည်း အခုပဲ အပြင်ထွက်ပြီး တစ်ခုခုစားမယ် တွေးနေတာ၊ အိုကေ ဘယ်ဆိုင်လဲ ပြောလေ လာခဲ့မယ်"

သူကော သက်ထားပါ ထွက်လာဖို့ အဆင်ပြေမည့်ဆိုင်ကလေး တစ်ဆိုင်ကို သူ ရွေးချယ်ပေးလိုက်တော့ သက်ထား လက်ခံသည်။

"ခဏလေးစောင့်ပေးနော်၊ တို့ နာရီဝက်လောက်ကြာမှ ရောက်မှာ"

တကယ်ဆို သူချိန်းသည့်ဆိုင်လေးက ဆယ်မိနစ်လောက်ကြား



www.burmeseclassic.com

www.burmeseclassic.com



မောင်းလျှင် သက်ထား ရောက်လာနိုင်သည်။ ဒါပေမဲ့ ကိုယ်က တွေ့ချင်သူဆိုတော့လည်း စောင့်ရမှာပဲဖြစ်သည်။

"အိုကေ ရတယ် ကျွန်တော် ကြိုရောက်လည်း စောင့်ပေးမှာပေါ့"

■ ■ ■

သူ ဆိုင်လေးရှေ့ကိုရောက်ချိန်မှာ သက်ထား စောင့်ခိုင်းသည့် နာရီဝက်ပြည့်ဖို့ ဆယ်မိနစ်တောင် လိုသေးသည်။

ဆိုင်ထဲကို မဝင်သေးဘဲ ကားပေါ်ကပဲ သူ ထိုင်စောင့်နေလိုက်သည်။

ကားပေါ်မှာ ငုတ်တုတ် ဆယ်မိနစ်လောက် စောင့်ရသည့်အလုပ်က အတော့်ကို စိတ်မရှည်စရာကောင်းပါသည်။ ဒါပေမဲ့ အခုတော့ သူ စောင့်နေရတာ အမှန်။

ကိုယ့်အဖြစ်ကိုကိုယ် ပြုံးမိသေး၏။ တစ်ယောက်ယောက်ကို စောင့်မျှော်ရသည့်အလုပ်ကို သူ အမုန်းဆုံးဖြစ်သည်။ သူ တွဲခဲ့၊ ထားခဲ့သော ရည်းစားကောင်မလေးတွေကိုလည်း သူ ဘယ်တော့မှ မစောင့်ပေးတတ်ပါ။

ချိန်းဆိုထားသည့်အချိန်ရောက်မလာလျှင် တစ်မိနစ်တောင် မစောင့်ဘဲ သူ ထပြန်တတ်သည်။

ကတိမတည်သော ထိုမိန်းကလေးကို နောက်တစ်နေ့မှာ ဖုန်းဆက်ပြီး သူ ချက်ချင်းပြတ်ဆဲပစ်လိုက်တာပဲ ဖြစ်၏။





ဒီလို မင်းမူပိုင် ဆိုသော သူ အခုတော့ ချစ်သက်ထားကို စိတ်ရှည်စွာ စောင့်နေရပြီ။

ချစ်သူရည်းစားလည်းမဟုတ်သေး၊ ဒါ ပထမဆုံး နှစ်ယောက်တွေ့ကြသည့်အဖြစ်။ ချစ်သက်ထားနှင့်ပတ်သက်လျှင် ပွဲစကတည်းက သူ နိမ့်နေခြင်းလား။

သူ မှာသောက်ထားသော ကော်ဖီတစ်ခွက်ကုန်သည်အထိ သက်ထား ရောက်မလာသေးပါ။ နာရီဝက်ဆိုသော အချိန်ကာလပြည့်သွားချိန်မှာ သူ့စိတ်တွေ ကသိကအောက် ဖြစ်လာတာတော့ အမှန်။

သက်ထား တမင်ပညာပြနေတာလားဟုတောင် စိတ်က ထင်လာမိသည်။ နာရီဝက်ဆိုတာထက် ငါးမိနစ်သာသာလောက် ကျော်လွန်သွားချိန်မှာ လင်ခရူဆာအဖြူရောင်ကားလေးတစ်စီး ငြိမ့်ခနဲ ထိုးရပ်လာ၏။

ကားတံခါးဖွင့်ဆင်းလာသော ပန်းဆီရောင်ဝတ်စုံနှင့် နတ်သမီးလေးကိုမြင်လိုက်ရချိန်မှာ သူ ငေးငေးလေး ဖြစ်သွားခဲ့ရသည်။

ဝင်းမွတ်ကြည်လင်သော သက်ထား၏အသားအရေနှင့် ပန်းဆီရောင် အကြွပ်အကျီလေးက လိုက်ဖက်လွန်းပါသည်။ နုညက်အိစက်နေသော မျက်နှာလေးက ငေးကြည့်အောင်လှသည်။

နဂိုလှပပြီးသော မျက်နှာလေးကို အချိန်ပေးကာ ပြင်ဆင်လာသည်ဆိုတာ သူ မြင်ရုံနှင့် အကဲခတ်မိသည်။ ချစ်သက်ထားသည် လှပသလောက် ထိုအလှတရားကို မြင်သူငေးလောက်အောင် ပြင်ဆင်တတ်သူ



www.burmeseclassic.com

ထင်ပါရဲ့။

ဆိုင်လေးထဲကို သူမ ရွရွလေး လှမ်းဝင်လာချိန်မှာ ဆိုင်ထဲမှာ ရှိနေသူအားလုံး မျက်ဝန်းတွေက သူမဆီမှာပဲ ရှိနေခဲ့ကြသည်။

သူ့ကိုမြင်တော့ ပန်းဆီရောင်နှုတ်ခမ်းလေးတွေ လွန့်ခနဲ ပြုံးသွား၏။ ညီညာသွယ်တန်းသော သွားတန်းလေးတွေက ထင်းခနဲ။

"သက်ထား နည်းနည်း နောက်ကျသွားတာ ခွင့်လွှတ်နော်"

အသံချိုချိုလေးနှင့် တောင်းပန်စကားဆိုလာသည်ကို သူ ပြုံးပြုံးလေး ခေါင်းညိတ်ပြရင်း

"ပြဿနာ မရှိပါဘူး၊ ခြောက်မိနစ်လောက်ပဲ နောက်ကျတာပါ။ ထိုင်လေ သက်ထား ဘာစားမှာလဲ၊ ဒီဆိုင်က နန်းကြီးသုပ်ကော မုန့်ဟင်းခါးပါ ကောင်းတယ်"

"နန်းကြီးသုပ်ပဲစားမယ်"

အနားမှာ ရပ်နေသော စိတ်တာလေးကို နန်းကြီးသုပ်နှင့် ချောကလက်မစ်ရှိတ်ကို သက်ထားကိုယ်တိုင် မှာသည်။

"မင်းမူ ဖုန်းဆက်တော့ အံ့သြသွားတာ လုံးဝ မထင်ဘူးလေ"

"ပိုင်ပိုင်လေး နေကောင်းသွားပြီလား သိချင်လို့ပါ"

သူ ဆိုသည့်အကြောင်းပြချက်အတွက် သက်ထား နှုတ်ခမ်းလေး လှုပ်ခတ်ရုံမျှ ပြုံးသည်။ ခွေးလေးတစ်ကောင်ကို အကြောင်းပြကာ သက်ထားနှင့်ရင်းနှီးဖို့ ကြိုးစားနေသော သူ့လုပ်ရပ်က ရှေ့ရိုးဆန်နေမှာတော့ အမှန်ပဲဖြစ်သည်။





"မင်းမူကော ဘာမှမမှာဘူးလား၊ မှာလေ ဒီပိုင်းကို သက်ထား ရှင်းပါ့မယ်"

"ဟာ မဟုတ်တာ ကျွန်တော် ရှင်းမှာပေါ့"

"မရဘူးလေ ပိုင်လေးနဲ့ပတ်သက်ပြီး ကျေးဇူးတွေရှိတဲ့အတွက် ဒီတစ်ခါတော့ သက်ထားကို ရှင်းခွင့်ပေးရမယ်"

"နောက်တစ်ခါဆို ကျွန်တော် ရှင်းခွင့်ပေးတဲ့သဘောပေါ့"

စွဲမက်စရာ အပြုံးလေး သက်ထား နှုတ်ခမ်းလေးမှာ ပွင့်ဖူးပြန်၏။ အပြုံးရောင်စဉ်လေးတွေ ဖြာနေသော မျက်ဝန်းလေးတွေနှင့် သူ့ကို စူးစိုက်ကြည့်ရင်း

"နောက်တစ်ကြိမ် ဆုံခွင့်ကြုံလာရင်တော့ ခွင့်ပြုရမှာပေါ့"

"ကြုံလာမှ ဖြစ်မှာပါ၊ ကျွန်တော်က အကြွေးတင်သွားပြီလို့ မှတ်လိုက်မှာ"

သက်ထား အသံလေးထွက်အောင် ရယ်ပြန်သည်။ မဟော်ဂနီရောင် ဆံပင်တွေကို သေသေသပ်သပ် ဖြီးသင်စုနှောင်ထားတာမို့ ချစ်သက်ထား မျက်နှာလေးက ပေါ်လွင်လှပလွန်းပါသည်။

မှာထားသော နန်းကြီးသုပ်ကိုလည်း သူမ တစ်ဝက်လောက်ပဲ စားနိုင်သည်။ ပြီးတော့ ချောကလက်မစ်ရှိတ်ကို ပိုက်တံလေးနှင့် တစ်ငုံစုပ်ယူသောက်နေ၏။

သက်ထား၏လှုပ်ရှားမှုလေးတိုင်းက သူ့အတွက်တော့ နှစ်သက်စရာတွေချည်း ဖြစ်လို့နေသည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"သက်ထားဆီ ကျွန်တော် ဖုန်းဆက်လို့ရမလားဟင်"

"ကိစ္စရှိလို့လား ပိုင်လေးအကြောင်း သတင်းမေးမလို့လား"

"အဲဒါလည်း ပါတယ်၊ ပြီးတော့ သက်ထားကို ကျွန်တော် ရင်းရင်းနှီးနှီး ခင်မင်ချင်လို့လေ"

"အဟင်း ဟင်း ရပါတယ် ဆက်ပါ မင်းမှူ၊ ဖုန်းနံပါတ် သိနေပြီပဲလေ"

သူ ကျေနပ်စွာပဲ ပြုံးလိုက်မိပါသည်။ ဒီတစ်ကြိမ် ဆုံတွေ့မှုက တော့ သူနှင့်သက်ထားကြားမှာ ရင်းနှီးခိုင်မြဲမှု ကြီးမားသွားခဲ့မှာ သေချာ သည်။

သက်ထားနှင့် ဖုန်းဆက်လမ်းခွဲပြန်ခဲ့တော့ ဒက်ချ်ဘုတ်ပေါ် တင်ထားသော သူ့ဟန်းဖုန်းလေးက မြည်လာသည်။

ကောက်ကိုင်လိုက်တော့ မမနိုင်ဆီက ဖုန်းဖြစ်နေသည်။

"ပိုင်လေး မင်းအခု ဘယ်မှာလဲ မမနိုင် အိမ်ကို ဖုန်းဆက်တော့ မရှိဘူးဆိုလို့"

"ကျွန်တော် ကျူရှင်ကိစ္စ စုံစမ်းပြီး ပြန်လာတာ မမနိုင်၊ အခု ကားပေါ်မှာပါ"

နဂိုကတည်းက မမနိုင် မေးလာခဲ့လျှင် အကြောင်းပြဖို့ တွေး ပြီးသားမို့ အလွယ်တကူ ဖြေလိုက်နိုင်သည်။ တစ်ဖက်က မမနိုင်လည်း ယုံကြည်သွားပုံရ၏။

"ပိုင်လေး တက်မှာ ဘယ်ကျူရှင်လဲ အဆင်ပြေရဲ့လား"





"အင်း လောလောဆယ် နှစ်ခုတွေ့ထားတယ် မမနိုင်၊ တစ်ခုခု မှာတော့ တက်ဖြစ်မှာပါ"

"အင်း ဒါဆိုလည်း အိမ်မှာတွေ့မှ မမနိုင်ကို ပြောပြတော့၊ အခု ကားပေါ်မှာဆိုတော့ ဖုန်းပိတ်လိုက်တော့၊ အိမ်ကို တန်းပြန်နော်"

"ဟုတ်ကဲ့ မမနိုင်"

မမနိုင် ဖုန်းချသွားတော့ သူ ပခုံးလေးတွန့်ကာ ပြုံးမိ၏။ ကျူရှင်ကိစ္စအကြောင်းပြကာ ချစ်သက်ထားနှင့် လာတွေ့နေတာသာ မမနိုင်သိလျှင် တကယ်မလွယ်ပါ။

မမနိုင်ကို သူ ကတိတွေ ပိုင်ပိုင်ကြီးပေးထားခဲ့ပြီးပြီ။ တကယ် လည်း ဝေဝေမောင်ကိစ္စ ပြီးပြတ်လျှင် ရည်းစားထားဖို့ သူ့မှာ စိတ်ကုန် နေပြီ။

ဒီလိုအခြေအနေမှာ ချစ်သက်ထားနှင့် ဆုံစည်းမိခြင်းက သူ့ စိတ်ကို ပြောင်းလဲသွားစေသည်။

ချစ်သက်ထားဆိုတာ ချောမောလှပသော မိန်းကလေး တစ် ယောက်ဟု ဘယ်လိုမှ မငြင်းနိုင်ပါ။

ချစ်သက်ထားရဲ့အလှကြောင့်ပဲ သူ့ဆုံးဖြတ်ချက်တွေ ပြောင်း သွားခဲ့တာပဲလား မသေချာပါ။

ချစ်သက်ထားကို သူ ချစ်မိနေပြီလားဆိုသည့် မေးခွန်းကိုလည်း မဖြေတတ်သေးပါ။ အခုချိန်မှာ သက်ထားနှင့်ဆုံတွေ့ရတာကို သူ ကျေနပ် သည်။ သက်ထားရဲ့စကားသံချိုချိုလေးတွေကို ကြားနေရတာ ကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

ထိုထက်မပိုမိုသေးတာလည်း အမှန်။ သက်ထားနှင့်သူ့ကြားမှာ သံယောဇဉ်တွေ ပိုမိုနှောင်တွယ်သွားခဲ့မိလျှင်တော့ သူ့နှလုံးသားက အချစ်ကို တကယ်ခံစားတတ်သွားမည်လား မသိပါ။

■ ■ ■



## အခန်း (၆)

သက်ထားနှင့်ကော်ဖီဆိုင်လေးမှာ ဆုံတွေ့ပြီးသည့်နောက်ပိုင်းမှာ နေ့စဉ် ဖုန်းဆက်ဖြစ်ခဲ့သည်။

သက်ထား၏အချစ်တော် ခွေးပုလေး ပိုင်ပိုင် ကျန်းမာသွားပြီမို့ သူ ခွေးကလေးအကြောင်း မေးစရာ စကားမရှိတော့ပါ။ ဒါပေမဲ့ သက်ထားကို အကြောင်းအရာတွေ တစ်ခုမဟုတ်တစ်ခု ပြောဖို့ သူ့မှာ မရှားပါးခဲ့ပါ။

အခုလည်း အခန်းထဲမှာ သက်ထားဆီ သူ ဖုန်းဆက်နေတာ ဖြစ်၏။

"သက်ထား မအိပ်သေးပါဘူးနော်"

"အခုပဲ ထမင်းစားပြီးရုံပဲ ရှိသေးတာ၊ ခဏနေရင် အခွေ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ဦးမှာ၊ ဘရတ်ပစ်ကားသစ်ထွက်လို့ ဝယ်ထားတာလေ''

''သက်ထားက မင်းသား ဘရတ်ပစ်ကို ကြိုက်သလား''

''အင်း ဘရတ်ပစ် လီယိုနာဒိုနဲ့ ဂျွန်နီဒက်ပ်ကို ကြိုက်တယ်၊ သူတို့ကားသစ်တွေထွက်တိုင်း ကြည့်ဖြစ်တယ်လေ''

''သက်ထားက တစ်မျိုးပါလား၊ အခုချိန်မှာ မိန်းကလေး အတော်များများက ကိုရီးယားမင်းသား မင်းသမီးတွေ ကြိုက်နေတာ''

''အကြိုက်ချင်း ဘယ်တူမှာလဲ မင်းမူရဲ့၊ စီးရီးတွဲဇာတ်ကား ရှည်ကြီးတွေကိုကြည့်ဖို့ သက်ထားက ပျင်းတယ်၊ ဘာလဲ မင်းမူက ကိုရီးယား မင်းသမီးတွေ ကြိုက်တယ်ထင်တယ်''

''ဟင့်အင်း ကျွန်တော် တကယ်ကြိုက်တာ ကာတွန်းကားထဲက တိရစ္ဆာန်လေးတွေလေ၊ ကြောင်နဲ့ကြွက်ဇာတ်ကားဆို အရမ်းကြိုက်တာ''

သူ့စကားကြောင့် သက်ထား ရယ်သံချိုချိုလေးကို ကြားရ၏။

''ဘာရယ်တာလဲ၊ ကျွန်တော် ကြိုက်တာ ကလေးကြိုက်ဖြစ်နေလို့လား''

''မဟုတ်ပါဘူး သက်ထားလည်း ကြိုက်တာပဲ၊ တိရစ္ဆာန်လေးတွေကို သက်ထား ချစ်တတ်တာပဲ''

''ကျွန်တော် သိတာပေါ့၊ ပိုင်ပိုင်ကို သက်ထား အရမ်းချစ်တာ''

''ခွေးကလေးကို ပြောတာနော်''

''အဟင်း ကျွန်တော်ကလည်း အဲဒါပဲ ပြောတာပါ''

နှစ်ယောက်သား ရယ်ဖြစ်ကြပြန်သည်။ သူ့စကားကြောင့် သက်





ထား မျက်နှာလေး ဘယ်လိုဖြစ်သွားမည်လဲဆိုတာ သူ မြင်တွေ့ချင်သည်။

''ကဲ မင်းမူ ပြောစရာစကား မရှိရင် တို့ ဘရတ်ပစ်ဇာတ်ကား ကြည့်ချင်ပြီ''

''ခဏလေး ကျွန်တော် သက်ထားနဲ့တွေ့ချင်လို့၊ သက်ထား အားတဲ့တစ်ရက် တစ်ခုခု ကျွေးပါရစေ''

''အင်း အစားအသောက်ဆိုရင် စိတ်ဝင်စားတယ်''

''ဒါဆို ဘယ်နေ့အားမလဲဟင်၊ မနက်ဖြန်တော့ ကျွန်တော် မအားဘူး။ ကျူရှင်ကိစ္စရှိလို့''

''ကျူရှင် မင်းမူက ဘာကျူရှင်တက်နေတာလဲ''

''အီကို ဖိုင်နယ်ဖြေဖို့အတွက်ပါ''

''ဟြော် မင်းမူက ကျောင်းမပြီးသေးဘူးလား၊ တို့ကပြီးပြီ ထင်တာ''

''အမှန်ဆို ပြီးခဲ့တဲ့နှစ်ကတည်းက ကျောင်းပြီးရမှာ၊ ဖိုင်နယ် တစ်နှစ်ကျသွားလို့ အိမ်က အစ်မတွေက ပွမ်နေတာ၊ ဒီနှစ်အောင်မှဖြစ် မှာဆိုတော့ ကျူရှင်တက်ခိုင်းနေလို့''

''မင်းမူ တက်မယ့်ကျူရှင် တွေ့ပြီးပြီလား၊ ဟိုလေ တို့နဲ့ခင်မင် တဲ့ ကျူတာက ဆရာမတွေရှိတယ်၊ လက်ရှိလည်း ကျူရှင်တွေဖွင့်ထား တယ်''

''ဟုတ်လား ကျွန်တော် စိတ်ဝင်စားတာပေါ့၊ သက်ထား ကူညီ ပေးမယ်ဆိုရင် ကျေးဇူးပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို သက်ထား လိုက်ပို့ပေးမယ်လေ၊ အဝေးကြီးမဟုတ်ပါဘူး၊ သက်ထားတို့လမ်းနဲ့ နှစ်လမ်းပဲကျော်တယ်၊ အဲဒီဆရာမအိမ်မှာ ဖွင့်ပေးထားတာ"

သူ ထခုန်မိမတတ် ဝမ်းသာသွားမိသည်။ သက်ထားတို့အိမ်နှင့် မဝေးသည့်ကျူရှင်ဆိုကတည်းက ဝမ်းသာနေတာ ဖြစ်သည်။ ဘာပဲဖြစ်ဖြစ် သက်ထားနှင့်ဆုံတွေ့ဖို့အတွက် သီးသန့်အချိန်ပေးစရာ မလိုတော့ပါ။

ဘုရားဖူးရင်း လိပ်ဥတူးနိုင်သော အခွင့်အရေးကို သူ ရွေးချယ်ဖို့ အသင့်ဖြစ်နေသည်။

"ကျွန်တော် စိတ်ဝင်စားတယ်၊ အဲဒီကျူရှင်တက်ချင်တယ်၊ သက်ထား ကူညီပေးပါနော်"

"မနက်ဖြန် လာခဲ့လေ၊ ဒီလိုလုပ် သက်ထားတို့လမ်းထိပ်ရောက်ရင် ဖုန်းဆက်လိုက်၊ သက်ထား ထွက်ခဲ့မယ်၊ ဆရာမဆီ သက်ထား လိုက်ပို့ပေးမယ်၊ မင်းမှူ စုံစမ်းကြည့်ပေါ့၊ နှစ်သက်ရင်တက်လေ"

"တက်ဖြစ်ဖို့ သေချာသလောက် ရှိပါတယ်၊ ကျွန်တော်က အဲဒီလို သီးသန့်ကျူရှင်ပဲ တက်ချင်တာ"

"အိုကေ ဒါဆို မနက်ဖြန် ကိုးနာရီလောက် ထွက်ခဲ့လိုက်ပါပဲနော်"

"ကျေးဇူး ကျွန်တော့်ကြောင့် သက်ထား အချိန်တွေပုပ်ကုန်ပြီထင်ပါရဲ့၊ သိပ်ညဉ့်နက်ခံပြီးတော့ ဗီဒီယို မကြည့်နဲ့နော်"

"ဟုတ်ပါပြီ ဒါပဲနော် မင်းမှူ"





တစ်ဖက်က သက်ထား ဖုန်းချသွားချိန်မှာပဲ တံခါးခေါက်သံကြားရတာမို့ သူ သွားဖွင့်ပေးလိုက်တော့ မမနိုင် ဖြစ်သည်။

သူ့လက်မှာ ကိုင်ထားဆဲ ဟန်းဖုန်းကိုကြည့်ကာ မမနိုင် မျက်မှောင်လေးကုပ်ကြည့်သည်။

"စာကျက်နေတယ် ထင်တာ၊ ဖုန်းတစ်လုံးနဲ့ အလုပ်ရှုပ်နေတာပေါ့လေ"

"ဟာ မမနိုင်ကလည်း အပြစ်ချည်းပဲ တင်နေတာပဲဗျာ"

"မဟုတ်လို့လား ပိုင်လေး၊ ပြောစမ်း ဘယ်က ကောင်မလေးတွေနဲ့ ရှုပ်နေပြန်ပြီလဲ"

"မဟုတ်ပါဘူးဗျာ၊ မနက်ဖြန်ကျ ကျူရှင်သွားအပ်မလို့ အဲဒီကျူရှင်က ဆရာမတွေနဲ့သိတဲ့သူငယ်ချင်းက သူလိုက်ပို့ပေးမယ်လို့ ဖုန်းဆက်နေတာ"

"နေဦး ကျူရှင်က ဘယ်ကလဲ ပိုင်လေး"

"တက္ကသိုလ်က ကျူတာဆရာမတွေ ဖွင့်ထားတဲ့ အထူးသီးသန့်ကျူရှင်ပါ၊ အိမ်နဲ့လည်း အဝေးကြီးမဟုတ်ဘူး၊ နေယ်တို့လမ်းနဲ့ နှစ်လမ်းကျော်မှာ"

"ပိုင်လေး ကျောင်းချိန်နဲ့ အဆင်ပြေပါ့မလား"

"ပြေပါတယ် ကျောင်းအပြန် ကျူရှင်ဝင်တက်ရုံပဲ၊ ကားနဲ့ဆိုတော့ ဘာမှအဆင်မပြေစရာ မရှိပါဘူး"

"အေးလေ ကျူတာတွေသင်တာဆိုတော့ ပိုကောင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်လေး လိုအပ်တာပြော မမခိုင် တာဝန်ယူတယ်"

မမခိုင် ကိုယ်တိုင်ယုံကြည်စွာ ခွင့်ပြုချက် ရခဲ့ပြီဆိုတော့ သူ ကျေနပ်ဝမ်းသာသွားသည်။

ချစ်သက်ထားအကြောင်းသာ သိလျှင် မမခိုင် ယုံကြည်စွာ ခွင့်ပြုမှာမဟုတ်ပါ။ အခုတော့ သူ့အတွက် အဆင်ပြေချောမွေ့နေသည်။

ဘာပဲဖြစ်ဖြစ် သူ့လိုအင်ဆန္ဒလည်း ပြည့်ဝသည်ဆိုတော့ မမခိုင် ကျေနပ်အောင်လည်း ဖိုင်နယ်တန်းကို အောင်အောင်ဖြေဖို့ သူ သန္နိဋ္ဌာန်ချထားပြီးဖြစ်သည်။

သူ့အတွက်ပျင်းရိစရာ ကျူရှင်အချိန်တွေက ချစ်သက်ထား ကြောင့်တော့ ပျော်စရာကောင်းနေမည်ထင်၏။

■ ■ ■



## အခန်း (၇)

"မင်းမူ ဘာလို့ သင်တန်းတစ်ခါတည်း အပ်လိုက်တာလဲ အိမ်ကို တိုင်ပင်တော့ဘူးလား"

ချစ်သက်ထား လိုက်ပို့ပေးသည့် ဆရာမကျူရှင်မှာ စာရင်းသွင်း ပြီးပြန်ခဲ့တော့ သက်ထား သူ့ကိုမေးလာသည်။

"တိုင်ပင်စရာ မလိုပါဘူး၊ ဒီကျူရှင်က ကျူတာတွေ သင်တာ ခဲ့လေ၊ ကောင်းမှာပေါ့"

"မဟုတ်ဘူးလေ မင်းမူ မိဘတွေနဲ့ တိုင်ပင်ပြီးမှ အပ်မယ်လို့ သက်ထားက ထင်ထားတာ၊ ဖွင့်ရက်က တစ်ပတ်လောက် လိုသေးတာပဲ၊ မင်းမူ စဉ်းစားခွင့်ရတယ်၊ တက်မယ်ဆိုရင် ဖုန်းလှမ်းဆက်လိုက်တာနဲ့ အဆင်ပြေတယ်"

သူ ချက်ချင်းကြီး စာရင်းပေးခဲ့တာမို့ ချစ်သက်ထား မေးနေ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေတာဖြစ်သည်။ သူကတော့ ခေါင်းကိုပြုံးပြုံးလေး ခါရမ်းရင်း

"ဒီကျူရှင်က ကျွန်တော်နဲ့ အဆင်ပြေပါတယ်၊ ဒီကိုမလာခင်ကတည်းကလည်း မမနိုင်နဲ့ ညှိပြီးပြီလေ၊ ကျန်တဲ့ မာမီတို့ မမကြီးတို့က ကျွန်တော့်သဘောအတိုင်းပဲ၊ အိမ်မှာ မမနိုင်တစ်ယောက်ပဲ အရေးကြီးတာ"

"မင်းမှုမှာ အစ်မတွေ ဘယ်နှစ်ယောက်တောင်ရှိတာလဲ"

"အစ်မ သုံးယောက်ရှိတယ်"

"ဟယ် သုံးယောက်တောင်လား"

"ဟုတ်တယ် ကျွန်တော်က အငယ်ဆုံးလေ"

"ဒါဆို မင်းမှုကို ဝိုင်းချစ်ကြမှာပေါ့၊ မိသားစုမောင်နှမတွေ အများကြီးဆိုတော့ ပျော်စရာကြီးပဲနေမှာ"

တစ်ဦးတည်းသော သမီးဖြစ်နေသည့် ချစ်သက်ထားက သူ့ဘဝကို အားကျသလိုလေး ဆိုနေတာမို့

"အင်း ပျော်စရာကောင်းပါတယ်၊ ဒါပေမဲ့ စိတ်ညစ်စရာလည်းကောင်းတယ်၊ အထူးသဖြင့် မမနိုင်လေ ကျွန်တော့်အထက်က အစ်မတွေထဲမှာ အငယ်ဆုံးပေါ့၊ ဗိုင်နယ်တန်းကျတော့ ဆူပူတာ နားတွေပူရောပဲ"

သူ့စကားကြောင့် သက်ထား ပြုံးသည်။ သက်ထား အပြုံးကလည်တိုင်လေးမှာ ဆင်ထားသော ပလက်တီနမ်ဆွဲကြိုးလေးမှ စိန်ပွင့်လော့ကတ်သီးလေးထက် တောက်ဝနစ်သက်ဖွယ်ကောင်းပါသည်။



"သက်ထား အချိန်ရတယ် မဟုတ်လား"

"ဘာဖြစ်လို့လဲ မင်းမှု"

"တစ်ခုခု ကျွေးချင်လို့ပါ၊ မနက်စာ စားချိန်နီးနေပြီဆိုတော့ ဘူဖေးကောင်းကောင်း စားနိုင်တဲ့ဆိုင်လေးမှာ လိုက်ကျွေးမယ်"

"ဘာလဲ ကျူရှင်လိုက်ပို့ပေးလို့ ကျွေးမွေးတာလား"

"အဲဒါအတွက် ကျေးဇူးတင်တာလည်းပါတယ်၊ ပြီးတော့ ကျွန်တော့်မိသားစုအကြောင်းတွေလည်း သက်ထားကို ပြောပြချင်လို့ပါ"

သက်ထား ခေါင်းလေးညိတ်သည်။ သူ့ဖိတ်ခေါ်မှုကို အလွယ်တကူ လက်ခံသည့်သဘော။

ရပ်ထားသော လင်ခရူဆာကားကြီးဆီ သက်ထား လျှောက်သွားချိန်မှာ သူလည်း MARK II ကားလေးဆီ ထွက်ခဲ့လိုက်သည်။ သက်ထားသာ ကားယူလာမည်ဆိုလျှင် သူ ကားယူလာဖြစ်မှာ မဟုတ်ပါ။

အခုတော့ ဆိုင်ကိုသွားကြသည့်လမ်းမှာ နှစ်ယောက်သား စကားပြောခွင့်လေးတွေ ဆုံးရှုံးကုန်တာ နှမြောစရာကောင်း၏။

ဘူဖေးဆိုင်လေးကိုရောက်တော့ အတူစားသောက်ရင်း ပြောစရာစကားတွေ မဆုံးနိုင်ခဲ့ကြပါ။

သူ ပြောပြသော မိသားစုအကြောင်းတွေကိုလည်း သက်ထား ခေါင်းလေးတညိတ်ညိတ် နားထောင်ပေးသည်။ ပြီးတော့ သူ သိထားပြီးဖြစ်သော သူမရဲ့အကြောင်းတွေလည်း ပြောပြ၏။

"တို့ရဲ့ Family life ကတော့ မင်းမှုတို့လို ပျော်စရာမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ဒယ်ဒီက သူ့အလုပ်နဲ့ အဝေးကြီးမှာ၊ အိမ်မှာ မာမီနဲ့တို့ပဲ ရှိတယ်၊ မာမီကလည်း သူ့စိန်တိုက်ကို ဦးစီးနေရတာနဲ့ အိမ်မှာရှိချိန် မရှိသလောက်ပဲ၊ ဒီတော့ တို့အတွက် ပျင်းစရာအချိန်ပိုတွေက အများကြီးပဲ၊ ကျောင်းတက်နေတုန်းက မသိသာပေမယ့် ကျောင်းပြီးသွားတော့ တကယ် ပျင်းစရာကောင်းတာ''

''သက်ထား မာမီ့အလုပ်ကို လိုက်ကူပေါ့''

သူပြောတော့ သက်ထား နှာခေါင်းလေးရှုံ့ ခေါင်းခါပြသည်။

''ဟင့်အင်း မာမီရဲ့စိန်တွေ၊ ရတနာတွေကို သက်ထား ဘာမှ နားမလည်ဘူး၊ ပြောရရင် ဝါသနာလည်း မပါဘူး၊ အဲဒါတွေကို ဝတ်ရဆင်ရတာလည်းသိတယ်၊ ကျန်တာ ဘာမှမသိဘူး အဟင်း''

ချစ်သက်ထား ပြောတာကို သူ လက်ခံပါသည်။ သက်ထားနှင့် လူချင်းဆုံဖြစ်တာ သုံးကြိမ်ပဲရှိသေးသည်။ ထိုသုံးကြိမ်စလုံးမှာ သက်ထား ဝတ်ဆင်မလာသော လက်ဝတ်ရတနာတွေကလည်း သုံးမျိုးဖြစ်နေ၏။

မိခင်က စိန်တိုက်နှင့်ရတနာဆိုင် ပိုင်ရှင်ဆိုတော့ ချစ်သက်ထား စိတ်ကြိုက် သုံးစွဲနိုင်မှာ မဆန်းပါ။ အခုလည်း နားကပ်၊ လည်ဆွဲနှင့် ဟန်းချိန်းလေးကအစ ပလက်တီနမ်ကွပ် စိန်ရတနာတွေနှင့် စိန်မင်းသမီးလေးလို လှပနေ၏။

စားသောက်ပြီးတော့ ဟိုတယ်၏စားသောက်ခန်းမထဲမှာ နှစ်ယောက်သား ထွက်ခဲ့ကြသည်။

ရပ်ထားသော ကားစတင်းဆီ အတူလျှောက်ခဲ့ရင်း သူ့စကား





တွေ မပြတ်နိုင်သေးပါ။ သက်ထားတို့အိမ်နှင့် အလှမ်းမဝေးသော ကျူရှင်တက်ရင်း သက်ထားနှင့် ပိုဆုံတွေ့ခွင့်ရချင်တာ သူ့ဆန္ဒ။

ထိုအတွက် သက်ထားနှင့်မကြာခဏ ဆုံနိုင်ဖို့ သူ တောင်းဆိုဖို့ စကားလုံးတွေ ရွေးချယ်နေတုန်းမှာပဲ။

''အို''

ဟိုတယ်ရုံးခန်းတစ်ခုထဲက ခပ်သုတ်သုတ်ထွက်လာသော မိန်းကလေးတစ်ယောက်နှင့် ချစ်သက်ထား တည့်တည့်မတ်မတ်ကြီး ဝင်တိုက်မိတာ ဖြစ်သည်။

''ဆောရီး''

ဝင်တိုက်မိသော မိန်းကလေးနှုတ်က တောင်းပန်စကား တစ်ခွန်းချက်ချင်းထွက်ကျလာပေမယ့် သက်ထား မျက်မှောင်လေးကုပ်ကာ မကျေမနပ်ကြည့်ရင်း

''လူတစ်ယောက်လုံးတောင် မမြင်ဘူးလား၊ ဒီမှာ ပေကုန်ပြီ''

သက်ထား ဆိုရင်း လက်ထဲက လက်ကိုင်ပဝါနှင့် လက်မောင်းဝင်းဝင်းလေးကို ပွတ်သုတ်နေ၏။

''တို့လည်း အခန်းတံခါးဖွင့်ထွက်လာတာလေ၊ မင်းတို့က အခန်းရှေ့က ဖြတ်ချိန်နဲ့ တိုက်ဆိုင်သွားတော့ ဝင်တိုက်မိတာပေါ့''

တစ်ဖက်က ပြန်ဖြေရင်းချက်က မှန်ကန်သည်။ ဒါပေမဲ့ သက်ထားက မျက်နှာလေးရှုံ့မဲ့ရင်း

''ရှင့်လက်က ချွေးတွေ ဒီမှာ ပေကုန်တာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ တစ်ဖက်က အမျိုးသမီး မျက်ခုံးတန်းတန်းလေး တွန့်ကုပ်သွားကာ မျက်နက်ဝန်းလေးတွေက သက်ထားခန္ဓာကိုယ်တစ်ခု လုံးကို စက္ကန့်ပိုင်းလေးမှာ ခြုံငုံကြည့်လိုက်ရင်း

"တို့လက်က ချွေးပေသွားတာ မင်းအတွက် ဘယ်လောက် ထိခိုက်နစ်နာသွားလို့လဲ"

ဒေါသသံဆိုတာထက် ကြည်လင်ကာ ဩဇာသံဆန်သော အသံ နှင့်မိန်းကလေးကို သူ အကဲခတ်ကြည့်မိသည်။ ဘာမှမပြင်ဆင်ထားသော မျက်နှာလေးက ချောချောမောမောလေးပါပဲ။

ဒါပေမဲ့ အဆီရောင်တဝင်းဝင်းနှင့် နှုတ်ခမ်းပါးပါးလေးတွေ ဝန်း ကျင်တစ်ဝိုက်မှာ ချွေးစလေးတွေ စို့နေတာ အမြင်မတင့်သလို ဖြစ်နေ၏။

"ရှင်က ဝင်တိုက်သေးတယ်၊ ရန်တွေ့နေသေးတယ်ပေါ့၊ ရှင့် ချွေးတွေပေကုန်တာကို ကျွန်မ ရွံတာပေါ့"

"လုံ့မှန်ရင် သွေးနဲ့ချွေးနဲ့ တည်ဆောက်ထားတဲ့ သတ္တဝါတွေပဲ ဒါကို မင်းရွံတယ်ဆိုရင် တို့ဘာမှ မတတ်နိုင်ဘူး"

ချက်ချင်း ပက်ခနဲ ပြန်တုံ့ပြန်ကာ လက်ကနာရီလေးကို ဖျတ် ခနဲ ငုံ့ကြည့်ပြီး ချာခနဲ လှည့်ထွက်သွားသော ခြေလှမ်းတွေကလည်း မြန်ဆန်လွန်းသည်။

"တောက် ဘယ်လိုမိန်းမလဲ"

သက်ထား၏ မကျေမနပ် ရေရွတ်သံကို သူမကတော့ ဥပေက္ခာ ပြုသွားခဲ့သည်။





အပြာရောင် လက်တိုတီရှပ်ပွပွကို ကာကီရောင်ဘောင်းဘီရှည် နှင့် တွဲဖက်ဝတ်ဆင်ထားသော သူမ စတိုင်က ပေါ့ပေါ့ပါးပါးပဲဖြစ်သည်။ ကျောလယ်ခန့်ထိ ရှည်သော ဆံနွယ်တွေကို ဂုတ်ပိုးအစပ်မှာ အလွယ် တကူ သိမ်းစုချည်နှောင်ထား၏။

သူနှင့်သက်ထားထက် အသက်ကြီးပုံရသလို အချိုးကျနသော ခန္ဓာအချိုးအစားနှင့် လိုက်ဖက်သည့် အရပ်အမောင်းကလည်း သက်ထား ထက် နည်းနည်းပိုမြင့်ပုံရသည်။

"တော်တော် အဆင့်အတန်းမရှိတဲ့ မိန်းမ၊ မိန်းကလေးဖြစ်ပြီး ဖြစ်တတ်ဆန်းနိုင်လိုက်တာ"

မကြားနိုင်တာမှန်းသိပေမယ့် သက်ထား မကျေမနပ်နှင့် ပျစ် ပျစ်နစ်နစ် ဝေဖန်နေချိန်မှာ သူမက တက္ကစီတစ်စီးပေါ် တက်ကာ ထွက်သွားခဲ့ပြီ။

လက်မောင်းမှာ ပေသွားသော ချွေးတွေကို သုတ်ပြီးသည့် လက်ကိုင်ပဝါလေးကို သက်ထား အမှိုက်ပုံးလေးထဲ စွန့်ပစ်နေ၏။

"ကဲ တို့ကိုခွင့်ပြုဦး မင်းမှူး၊ အိမ်ပြန်ပြီး ရေချိုးလိုက်ချင်ပြီ၊ ဟိုမိန်းမလက်က ချွေးတွေပေကုန်တာ စိတ်ထဲမှာ မသန့်ဘူး"

သူ့ကိုခွင့်တောင်းကာ ရပ်ထားသောကားဆီ ထွက်သွားသော သက်ထားကို ဘာမှပြောခွင့်မရလိုက်ပါ။

သက်ထားကိုပြောဖို့ ရည်ရွယ်ထားသော စကားတွေက ဟိုမိန်းမ ကြောင့် ပျက်စီးကုန်တာ အမှန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကျူးရှင်က ကျောင်းဖွင့်ရက်နှစ်ရက်ဖြစ်သည့် ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် ကျောင်းပိတ်ရက် စနေတစ်ရက်သင်မှာဖြစ်သည်။

ထိုရက်တွေမှာ သက်ထားနှင့်တွေ့ချင်တာမို့ သူ ဖုန်းဆက်ကြည့်တော့ သူ့ဆန္ဒတွေ မပြည့်ဝခဲ့ပါ။

"သက်ထား အဲဒီရက်တွေ မအားလပ်တော့ဘူး မင်းမူရဲ့ မာမိရဲ့ဆိုင်မှာ ဝင်ထိုင်ပေးဖို့ ကတိပေးလိုက်ရပြီ"

"ဟင် သက်ထား စိန်တိုက်မှာထိုင်ရတာ ဝါသနာမပါဘူးဆို"

"ဝါသနာ မပါပေမယ့် အိမ်မှာနေနေရတာလည်း ပျင်းလာလို့လေ၊ စိန်တိုက်မှာလည်း ဘာမှလုပ်ရမှာ မဟုတ်ပါဘူး၊ မာမီ အဖော်ဖြစ်အောင် လိုက်ထိုင်ပေးတဲ့ သဘောပါ"





မနေ့ကပဲ စိန်တိုက်မှာထိုင်ဖို့ ဝါသနာမပါဘူးဟု ပြောခဲ့သော ချစ်သက်ထား စိတ်က ချက်ချင်းပဲ ပြောင်းလဲသွားရပြန်ပြီလား။

"ဟို သက်ထား ဘယ်ရက်တွေ အားမလဲဟင်"

"အင်း စနေ၊ တနင်္ဂနွေ နှစ်ရက်တော့ နားခွင့် မာမီ့ဆီက တောင်းထားတယ် မင်းမူ"

"ဒါဆို စနေနေ့ ကိုယ် ကျူးရှင်ပြန်ရင် သက်ထားနဲ့ဆုံတွေ့ခွင့် ရမလားဟင်"

"အင်း တို့ရှိရင် ဆုံကြတာပေါ့၊ စနေ တနင်္ဂနွေနှစ်ရက်ပဲ အားတော့ တို့အပြင်ထွက်စရာကိစ္စ ပေါ်ချင်ပေါ်လာနိုင်တယ်"

"အင်းလေ သက်ထားရှိမယ့်ရက်ပဲ တွေ့တာပေါ့၊ တစ်ပတ်တစ်ရက်လောက် ကိုယ်တွေ့ချင်လို့ပါ"

"ဟုတ်ပြီ အဲဒီရက်က မင်းမူ ကြိုဖုန်းဆက်လိုက်ပေါ့"

ပြောပြီး ဖုန်းချသွားတော့ သူ ပင့်သက်ရှိုက်မိသည်။ သက်ထားနှင့်ဆုံချင်တာကြောင့် တက်ဖို့ ရွေးချယ်လိုက်သည့် ကျူးရှင်ကိုတောင် တက်ချင်စိတ်တို့ ပျောက်ချင်ချင်ဖြစ်မိသည်။

ကျူးရှင်ရက်တွေမှာ သက်ထားနှင့်ဆုံချင်သော အခွင့်အရေးတို့ တစ်ခုမှ မရှိတော့ပါ။

"ပိုင်လေး"

ခေါ်သံကြောင့် လှည့်ကြည့်တော့ မမနိုင်ဖြစ်နေခဲ့သည်။ တနင်္ဂနွေ ပိတ်ရက်မို့ မမနိုင် အိမ်မှာရှိနေခြင်း ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ထိုင်နေသော ခုံတန်းလေးတစ်ဖက်မှာ မမနိုင် ဝင်ထိုင်တော့ သူဖုန်းလေးကို ဘောင်းဘီအိတ်ထဲ မမြင်အောင် ထည့်သိမ်းဆည်းလိုက်ရ၏။

"နောက်တစ်ပတ်ဆို ပိုင်လေး ကျောင်းတက်ရတော့မယ် တော့ မော်ဒယ်မြင့်ကားတစ်စီးနဲ့ ပိုင်လေး အခုစီးနေတဲ့ ကားကို မ လဲပေးမယ်"

သူ ပညာရေးကို ဂရုတစိုက် ပြန်ကြိုးစားမည် ကတိပေးထားသည့်မို့ မမနိုင် အရင်ကလို မဟုတ်တဲ့ သူ့အပေါ် ဂရုတစိုက် အရေးပေးလာသည်။

"ပြီးတော့ ပိုင်လေးအတွက် မုန့်ဖိုးကိုလည်း အပြည့်အဝ ပြန်ပေးမယ် ဟုတ်လား"

"ဟုတ်ကဲ့ မမနိုင်"

"ပိုင်လေး ဒီတစ်နှစ် ကြိုးစားနော်၊ စာကိုပဲ အာရုံစိုက်ဖို့ မမနိုင် အမြဲသတိပေးနေတာ ပိုင်လေးအတွက်ပါကွယ်၊ ဖြစ်နိုင်ရင် ပိုင်လေးကို ကျောင်းကိစ္စ ကျူရှင်ကိစ္စတွေ မမနိုင်ကိုယ်တိုင် ကူညီပေးချင်တာ"

မမနိုင်မှာ အလုပ်တစ်ဖက်နှင့်မို့ ဆန္ဒတွေ မပြည့်ဝတာသဲ ခပ်ကောင်းကောင်းဖြစ်သည်။ နို့မို့ မမနိုင်၏ စည်းကမ်းတွေထဲမှာ သူ တင်းကြပ်စွာ နေထိုင်ရမှာ သေချာသည်။

"ကျွန်တော့်အတွက် မပူပါနဲ့ မမနိုင်၊ ကျွန်တော် အောင်မှာပါ မမနိုင်ကို ကတိပေးတယ်"





"အေး အေး မမနိုင် ယုံပါတယ်၊ တော်ကြာ စိတ်လည်ပြီး အရင်ပုံစံ ပြန်ဝင်သွားမှာစိုးလို့ ပြောနေတာ"

မမနိုင် ဘာကိုဆိုလိုသည်ဆိုတာ သူ နားလည်ပါသည်။ မမနိုင်က သူကောင်မလေးတွေနှင့် ရှုပ်ထွေးနေတာကို လုံးဝသဘောမကျပါ။

ထိုအာရုံတွေကြောင့် စာမေးပွဲကျသည်ဟု ယုံကြည်ထားသူဖြစ်သည်။ ချစ်သက်ထားကိစ္စကိုသာ သိလျှင် မမနိုင် လုံးဝ လက်ခံမှာမဟုတ်တာ သေချာနေသည်။

မမနိုင်ကို သူ လိမ်ညာထားတာကြောင့် အစီအစဉ်တွေ လွဲချော်ကုန်ရတာလားဟုတောင် တွေးမိသေး၏။

သေချာသည်ကတော့ ချစ်သက်ထားနှင့် ဆုံစည်းခွင့်ဆိုတာ သူ့အတွက် စနေတစ်ရက်ပဲ ရှိနေတာ သေချာ၏။

အခုမှ ကျူရှင်ပြောင်းမည်ဆိုလျှင် မမနိုင်နှင့် ထိပ်တိုက်ရင်ဆိုင်ရှင်းရတော့မှာမို့လည်း . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

သူ ကျောင်းတက်လျှင် လိုအပ်တာ ဝယ်ဖို့သုံးဖို့ဆိုကာ မာမီနှင့် အစ်မတွေ ဝိုင်းဝန်းပေးကြသည့် မုန့်ဖိုးအလျှံအပယ်ရှိနေတာကြောင့် ဒီနေ့ ရှော့ပင်းနှိုက်ထွက်ခဲ့တာ ဖြစ်သည်။

ဂျန်းရှင်းဝင်ကာ လိုချင်တာလေးတွေ မွှေနှောက်ဝယ်ယူပြီး တော့ ဆာလောင်လာသောဝမ်းကို ဖြည့်ဖို့ ဒီဆိုင်လေးထဲ ဝင်စားဖြစ်သည်။

လွတ်နေသော စားပွဲဝိုင်းလေးမှာ ဝင်ထိုင်ကာ စားချင်တာတွေကို မီနူးကဒ်လေးကြည့်ကာ စိတ်ကြိုက်မှာယူလိုက်ပြီးမှ မျက်ဝန်းတွေက ဆိုင်ထဲကို ဝေ့ဝဲကြည့်မိသည်။

သူနှင့်အနီးဆုံးရှိနေသော စားပွဲတစ်ခုက ဘေးတိုက်မြင်နေရ





သော မျက်နှာလေးကို မြင်လိုက်ရချိန်မှာ အံ့ဩစိတ်နှင့် မျက်ခုံးတွေ ပင့်တက်သွားမိတဲ့အထိ။

နက်မှောင်နေသော ဆံနွယ်တွေကို ငွေရောင်ဆံညှပ်လေးနှင့် နားရွက်လေးနောက်မှာ သေသေသပ်သပ် စည်းနှောင်ထားသည်။

ရှင်းသန့်နေသော နားရွက်ဝိုင်းဝိုင်းလေးမှာ ကျောက်ပွင့်ဖြူနားကပ်သေးသေးလေးကလွဲ၍ ထူးခြားသော ဆင်ယင်ထားမှုတို့ မရှိပါ။

နဖူးပြေပြေလေးပေါ်မှာ ဆံနွယ်မျှင်လေးတွေ ဝဲကျနေပုံက တစ်မျိုးလေး ကြည့်ကောင်းသည်။ နှာတံလေးက ပြေပြေလေးစင်းကျကာ ချွန်မြနေတာမျိုး မဟုတ်ပါဘဲ အချိုးကျနသည်။

နှုတ်ခမ်းသား ပြည့်ပြည့်လေးမှာတော့ ပန်းဆီရောင်နုနု ဆေးသားလေးတင်ထားတာတော့ ထူးခြားသည်။

ဒီမိန်းကလေးကို သူ မမှတ်မိစရာ မရှိပါ။ ဟိုတယ်အထွက်မှာ ချစ်သက်ထားနှင့် ဝင်တိုက်ခဲ့မိသော မိန်းကလေး။ ဒီတစ်ခါတော့ ဝင်းမွတ်ကြည်လင်နေသော မျက်နှာလေးမှာ ချွေးစက်တို့ သီးခိုနေတာမျိုးမရှိ။

ပြီးတော့ သူမနှင့်အတူထိုင်နေသော နှစ်ယောက်ကလည်း ထူးခြားသည်။ မြန်မာလူမျိုးမဟုတ်သော နိုင်ငံခြားသား စုံတွဲဖြစ်သည်။ အသက်အရွယ်တွေကတော့ လေးဆယ်ကျော်လောက် ရှိကြမည်ထင်၏။

ထိုနှစ်ယောက်နှင့်သူမတို့ ပြောဆိုနေသည့် စကားတွေက အင်္ဂလိပ် စကားမဟုတ်တာ သေချာ၏။ ပြင်သစ်လား၊ ဂျာမန်တွေလား သူ အသေအချာ မခွဲခြားတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



သက်ထားကို တုံ့ပြန်စဉ်က မာဆတ်ဆတ်နိုင်လှသော သူ
လေသံလေးက ချိုသာကြည်လင်ကာ နားထောင်လို့ကောင်းသည်။

သုံးယောက်သား ဘာတွေသဘောကျသွားသည်မသိ ရယ်သံ
လေးတွေကိုလည်း ကြားလိုက်ရ၏။

မေးဖျားလေးတွေ လှုပ်ခတ်ကာ ဘာမှဆင်ယင်မထားသော
လည်တိုင်ဝင်းဝင်းလေးကို သူ ငေးမောနေမိခိုက်

"အဟင်း ဘယ်သူများလဲလို့ မင်းမူပိုင်ကိုး"

အသံကို အရင်ကြားလိုက်ကတည်းက သူ စိတ်ရှုပ်ထွေးသွား
သည်။ မော့အကြည့်မှာ ဝေးဝေးမောင်က သူ့စားပွဲဝိုင်းမှာ ဝင်ထိုင်ပြီ
ဖြစ်နေ၏။

"တို့ ထိုင်လို့ ခွင့်ရှိပါသေးတယ်နော်"

မေးပုံက ရိသဲ့သဲ့လေသံ။ ရွှေအိုရောင်ဆံပင်တွေကို ဘယ်တုန်
က ကောက်လိုက်သည်မသိပါ။ ကာလာရောင်စုံ မျက်နှာက ဆံပင်ရော
နှင့်တော့ ဟပ်နေ၏။

"မင်းဆန္ဒအတိုင်းပဲ ဝေးဝေးမောင်"

သူ့ရဲ့တုံ့ပြန်စကားမှာ သူမကို အလိုမရှိသည့် အရိပ်တွေ ပါ
တာ ထင်ရှားပေါ်လွင်ပေမယ့် ဝေးဝေးမောင်က ဒဲ့တိုးမောင်းထုတ်လည်
သွားမှာမဟုတ်တာ သေချာသည်။

"အခေါ်အဝေါ်တွေက စိမ်းလှချည်လား ပိုင်"

"မင်းနဲ့ငါ ဘာမှမသက်ဆိုင်တော့ဘူး ဝေးဝေးမောင်"





သူ့အသံက ကျယ်လောင်သွားတာမို့ ရှေ့စားပွဲဝိုင်းက သူမ
လှည့်ကြည့်သည်။ ရိပ်ခနဲ မြင်လိုက်သော မျက်ဝန်းတွေက သူ့ကိုမှတ်မိ
သွားပုံရှိ၏။

ချစ်သက်ထားနှင့်သူမ ပြဿနာဖြစ်ခဲ့ကြတာလည်း ရက်ပိုင်းပဲ
ရှိသေးတာမို့ မှတ်မိနေတာ ထင်သည်။

ဒါပေမဲ့ အကြည့်တွေက ချက်ချင်းပြန်ရုပ်သိမ်းသွား၏။

"ပိုင် ဘာလို့ တို့ကို တစ်ဖက်သတ် ခွာချင်တာလဲ၊ အဲဒါကို
တို့သိချင်နေတာ"

"ငါ ဘာရှင်းပြစရာလိုလဲ ဝေးဝေးမောင်"

"ရှင်းပြဖို့ လိုတယ် ပိုင်၊ ပိုင်ဘက်က ဒီလိုလုပ်တာကို တို့
ခံရခက်နေတာ အမှန်ပဲ"

ခက်တော့ ခက်နေပါပြီ။ ဝေးဝေးမောင်နှင့် ထိပ်တိုက်လာဆုံ
နေတာကိုက သူ ကံဆိုးခြင်းဖြစ်သည်။ တခြားနေရာမှာဆို ပြဿနာမရှိ၊
အခုတော့ ဆိုင်ထဲမှာမို့ မကောင်းပါ။

"ကောင်းပြီ ငါ ရှင်းပြမယ်၊ အခု ငါ ကျောင်းစာကို ပြန် ဂရု
စိုက်နေရတယ်၊ ဒါကြောင့် အပျော်အပါးကိစ္စတွေကို ယတိပြတ် ဖြတ်
လိုက်တာပဲ"

"အပျော်အပါး ဟုတ်လား ပိုင်၊ ဒါဆို ပိုင်က တို့ကိုအပျော်တွဲ
ခဲ့တာပေါ့လေ"

"ဝေးဝေးမောင် မင်းနဲ့ငါ ဘယ်လိုပတ်သက်ခဲ့သလဲ မင်းသိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါ ငါ့အတွက်မဆန်းသလို မင်းအတွက်လည်း ဆန်းတဲ့ကိစ္စမှ မဟုတ်တာ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ငါ့အပြင် မင်းမှာ တခြားတွဲနေတဲ့ယောကျ်ားလေးတွေ ရှိနေတာ ငါ သိတာပဲ''

ဝေးဝေးမောင် နှုတ်ခမ်းလေး မဲ့ကာ ပြုံးသည်။ သူ အလွန်ရွံမုန်းသော လှောင်ပြုံးဖြစ်၏။

''မဆန်းပေမယ့် ဆန်းနေတာ ရှိတယ် ပိုင်၊ တို့သမိုင်းမှာ တို့ဘက်က အရင်ဖြတ်ခဲ့တဲ့သူပဲ ရှိတယ်''

''အဲဒါ မင်းသမိုင်းပဲလေ၊ ငါ စိတ်မဝင်စားဘူး''

''ပိုင် ပိုင် ဘယ်လိုအချိုးနဲ့ ဘယ်လိုခြေလှမ်းတွေ လှမ်းနေတယ်ဆိုတာ တို့ သိတယ်၊ ကျောင်းစာကို ပြန်ဂရုစိုက်နေတယ်ဆိုတဲ့အကြောင်းပြချက်က လိမ်ညာနေတာပဲ၊ ပိုင့်အနားမှာ ချစ်သက်ထားဆိုတဲ့မိန်းမတစ်ယောက်ရှိနေလို့ တို့ကိုခွာသွားတာလား''

''ဟာ''

ဝေးဝေးမောင် အသံတွေက တော်တော်ကျယ်သည်။ ဆိုင်ထဲမှာရှိသော စားပွဲဝိုင်းကလူတွေ ကွက်ကြည့် ကွက်ကြည့်ဖြစ်သွားတာ သူ သတိထားမိ၏။

သက်ထားနှင့် ပြဿနာဖြစ်ခဲ့သော မိန်းကလေး သူတို့ဝိုင်းကို လှည့်မကြည့်တော့ပေမယ့် အသံတွေကို ကြားနေမှာ သေချာ၏။ သူ ရှက်စိတ်နဲ့ ထူပူလာရတာ အမှန်။

''ဝေးဝေးမောင် မင်းထင်ရာ စွပ်စွဲမနေနဲ့''





''တို့ စွပ်စွဲနေတာ မဟုတ်ဘူး၊ နားတွေ မျက်စိတွေ တို့မှာ ရှိတယ်''

ဝေးဝေးမောင် ပြဿနာရှာနေပြီ။ ပတ်ဝန်းကျင်ကိုလည်း ဂရုစိုက်မှာမဟုတ်တာ သေချာသည်။ သူ့ကို အခဲမကြေစိတ်နှင့် အရှက်ခွဲဖို့ ရည်ရွယ်ချက်တွေ မျက်ဝန်းထဲမှာ အထင်အရှား။

စားပွဲပေါ်မှာ ရှိနေသော ပူပူနွေးနွေး အစားအစာတွေကို စားချင်စိတ်တို့ ပျောက်ဆုံးကုန်သည်။ ဆာလောင်နေသော စိတ်တွေပင် ဘယ်ဆီကို ရောက်ကုန်ပြီမသိ။

''ပိုင် တို့ကို ဖြတ်လိုက်တာ ဘာကြောင့်လဲ၊ ပိုင့်အစ်မတွေက တို့ကို သဘောမကျလို့လား''

''ခဏလေး ဝေးဝေးမောင် ဒီကိစ္စကို ကိုယ်တို့ အေးအေးဆေးဆေး ညှိနှိုင်းဖြေရှင်းရအောင်''

ဝေးဝေးမောင်ကို လက်ကာတားပြီး ကောင်တာမှာ သူ ကျသင့်ငွေကို ကသောကမျော ထရှင်းလိုက်သည်။

ဒီပြဿနာကို သူ အလိမ္မာသုံး ဖြေရှင်းမှ ဖြစ်တော့မည်။ တကယ်ဆို ဝေးဝေးမောင်နှင့်ပတ်သက်မိတာကိုက မဟာအမှားကြီးပါပဲ။

''လာ ကိုယ်တို့ တစ်နေရာမှာ စကားပြောကြရအောင်''

လေသံချိုချိုလေးနှင့် ဝေးဝေးမောင် လက်ကိုဆွဲကာ သူ ဆိုင်ထဲက ခေါ်ခဲ့၏။ သတိရမိသော မျက်နှာလေးကို လှမ်းကြည့်မိတော့ သူ့ကို လှမ်းကြည့်နေသော မျက်ဝန်းတွေထဲမှာ အထင်သေးရွံရှာမှုအရိပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



မြင်တွေ့ရသည်။

ဆိုးလိုက်သည့် အဖြစ်ပါပဲ။

ဒီမိန်းမရှေ့မှောက်မှာမှ ဝေးဝေးမောင်နှင့် ပြဿနာတက်ရသည့် အဖြစ်။

"တို့မှာ ကားပါမလာဘူး ပိုင်"

"ရတယ် ကိုယ့်မှာပါတယ်"

ပါကင်မှာ ရပ်ထားသော သူ့ရဲ့ခဲပုပ်ရောင် လင့်ခ်ရှုဆာကားဆီ လှမ်းခဲ့တော့ ဝေးဝေးမောင် မျက်ခုံးလေးတွေ ပင့်တက်သွားခဲ့ကာ

"ဒါ ပိုင်ရဲ့ ကားအသစ်လား"

သူ ခေါင်းပဲတစ်ချက် ညိတ်ပြကာ ကားတံခါးဖွင့်တက်လိုက်၏။ ဝေးဝေးမောင်က တံခါးဆွဲဖွင့်ကာ သူ့နံဘေးမှာ ဝင်ထိုင်သည်။

မမနိုင် ဝယ်ပေးသော ကားပေါ်မှာ ဝေးဝေးမောင် အတူပါလာတာကိုသာ မမနိုင် မြင်လျှင်တော့ တကယ် မလွယ်ပါ။

အခုချိန်မှာတော့ သူ ရှင်းလင်းရမည့်ပြဿနာကြီးအတွက် ဝေးဝေးမောင်ကို လူရှင်းလင်းသော နေရာတစ်ခုကို ခေါ်လာခဲ့သည်။

"ပိုင် ဘယ်ကိုမောင်းနေ အိုး အမေ့"

အမေးစကားမဆုံးခင် သူ ကားကို ဘရိတ်နင်း ထိုးရပ်လိုက်တော့ ဝေးဝေးမောင် ခန္ဓာကိုယ်လေး ယိုင်ထိုးသွားခဲ့၏။

"ကဲ ဆင်းတော့ ဝေးဝေးမောင်၊ မင်းနဲ့ငါ စာရင်းရှင်းမယ်"

ပြောပြီး သူကပဲ အရင်ဆုံး တံခါးဖွင့်ဆင်းကာ ကားတံခါးကို





ဂျိုင်းခနဲ ဆောင့်ပိတ်လိုက်သည်။

ရောက်နေသည့်နေရာက ပလက်ဖောင်းတစ်လျှောက် ဘာဆိုင်ခန်းမှမရှိသည့်နေရာမို့ ဝေးဝေးမောင် မျက်တောင်လေးပုတ်ခတ်ကာ ကားတံခါးဖွင့်ဆင်းသည်။

မျှိသိပ်ထားသော ဒေါသတွေကို သူ ဆက်ပြီး ထိန်းချုပ်ထားလို့ မရတော့တာ အမှန်။

"ဒီမှာ ဝေးဝေးမောင် မင်းဘယ်လိုမိန်းမလဲ၊ မင်း ဘာရည်ရွယ်ချက်နဲ့ ငါ့ကို ပြန်ပတ်သက်ချင်နေတာလဲ"

"ပိုင် တို့ရှင်းပြ"

"ဘာမှရှင်းပြမနေနဲ့ ဝေးဝေးမောင်၊ ငါသိတယ် ဘာလဲ မင်းလို မိန်းမကို ငါက မိုက်မိုက်မဲမဲ လက်ထပ်မယ်လို့ မင်းထင်နေသလား။ တစ်ခါတည်းပြောလိုက်မယ်၊ ငါ့ခေါင်းထဲမှာ မင်းမရှိတော့ဘူး၊ မင်းလို သိက္ခာမရှိ အရှက်မဲ့တဲ့မိန်းမကိုလည်း ငါ့မိဘအသိုင်းအဝိုင်းက ဘယ်လိုမှ သက်ခံမှာမဟုတ်ဘူး"

"ရှင် ကျွန်မကို မစော်ကားနဲ့"

မိတ်ကပ်ရောင်တွေနှင့် ရဲနေသော မျက်နှာက အမှည့်လွန် ခရမ်းချဉ်သီးလို ရဲရဲနီကာ ဝေးဝေးမောင် အော်ဟစ်သည်။

လူသူကင်းမဲ့သော ပလက်ဖောင်းဘေးမှာ ဝေးဝေးမောင် အသံကွဲအောင် အော်ဟစ်ပါစေ သူ ဂရုမစိုက်ချင်တော့ပါ။

"မင်း ဘယ်လိုမိန်းကလေးတစ်ယောက်ဆိုတာ ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



သိတာပဲ၊ မင်း ငါ့ကို တွယ်ကပ်ဖို့ မကြိုးစားနဲ့ ဝေးဝေးမောင်၊ ဘယ်တော့မှ မင်းဆန္ဒတွေ ဖြစ်လာမှာမဟုတ်ဘူး''

''မင်းမှုပိုင် ရှင် ရှင်''

ရင့်သီးကြမ်းတမ်းသော သူ့စကားတွေကို မခံနိုင်စွာ ဝေးဝေးမောင် လက်တစ်ဖက် မြှောက်တက်သွားခဲ့သည်။ ဒီလိုတုံ့ပြန်မှုကို မျှော်လင့်ထားပြီးသောသူ လေထဲမှာပဲ လက်ကို ဖမ်းဆီးချုပ်ကိုင်ထားနိုင်ခဲ့၏။

''ငါ့အသားကို နာကျင်အောင်လုပ်ဖို့ မကြိုးစားနဲ့ ဝေးဝေးမောင်၊ မင်းကို ဒီထက်နာကျင်အောင် တုံ့ပြန်ဖို့ ငါ ဝန်မလေးဘူး''

သူ ဆုပ်ကိုင်ထားသော ဝေးဝေးမောင် လက်ဖဝါးကို ဆောင့်တွန်းပစ်လိုက်တော့ ယိမ်းယိုင်သွားသော ခန္ဓာကိုယ်ကို ထိန်းရင်း ဝေးဝေးမောင် မျက်နှာလေး ရှုံ့မဲ့နေသည်။

နာကျည်းခံပြင်း မျက်ဝန်းတွေနှင့် ဝေးဝေးမောင် သူ့ကို အံကြိတ်ကြည့်နေတာကို ကျောခိုင်းလိုက်ပေမယ့် ကြိမ်းဝါးသံက နားထဲ ပြေးဝင်လာသေးသည်။

''ရှင့်ကို တစ်သက်မကြေဘူး မှတ်''

■ ■ ■



## အခန်း (၁၀)

''မင်း ဘာမှမျက်စိမှိတ် ငြင်းဆန်ဖို့ မကြိုးစားနဲ့ ပိုင်ပိုင်၊ ဒီတစ်ခါ မမခိုင်မျက်လုံးနဲ့မြင်တာ''

မမခိုင် လေသံက ပြတ်သားမာထန်နေသည်။ ငြိမ်သက်စွာ ထိုင်နေသော မာမီနှင့်မမကြီး မမလတ်တို့လည်း ဘာတစ်ခွန်းမှ သူ့ဘက်က ဝင်မပြောရဲတာ မမခိုင်နံဘေးမှာ မာတင်းသောမျက်နှာနှင့် ထိုင်နေသော ဒယ်ဒီကြောင့်ဖြစ်သည်။

''ပိုင်လေး မင်းယောကျ်ားမဟုတ်ဘူးလား၊ အိမ်က မိဘတွေ အစ်မတွေကိုတော့ ကတိတွေပေးလိုက်တာ အထပ်ထပ် ပြီးတော့ မင်း အချိုးက ဒီအတိုင်းပဲ''

နေ့လယ်က ဝေးဝေးမောင်နှင့်သူ့ကို ကားပေါ်မှာ အတူမြင်တွေ့လိုက်သည့် ပြဿနာကို သူ ဖြေရှင်းဖို့ မလွယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဆိုးဆုံးက မမနိုင် မြင်တွေ့သွားခြင်းပင် ဖြစ်သည်။ အမှန်တရားကို သူ ဖြေရှင်းပြတော့လည်း ထူးခြားလာမည်မဟုတ်ပါ။ ဝေးဝေးမောင်ကတော့ အခုချိန်မှာ သူ့အတွက် တကယ့်ကြိုဟ်ဆိုးတစ်ကောင်ပါပဲ။

"နောက်ဆုံးနှစ်ကျတာကို နောင်တမရတဲ့အပြင် အားလုံးက စေတနာ မေတ္တာနဲ့ ပံ့ပိုးဆုံးမတာတွေကို မင်း ဂရုမစိုက်တာ ဒယ်ဒီ တော်တော် ဒေါသဖြစ်တယ်"

"ဖေကြီးရယ် ဒေါသကိုလျှော့ပါ"

"ဘာမှ ဝင်မပြောနဲ့ မူမူ"

လေပြည်လေးနှင့် ဝင်ပြောသော မာမီ့ကို ဒယ်ဒီ မာပြတ်ပြတ်တားသည်။

"တကယ်ဆို မင်းတို့အလိုလိုက် ယုံကြည်နေကြလို့ ဒီကောင် ထင်ရာစိုင်းနေတာ၊ ဘယ့်နှယ်ကွာ နောက်ဆုံးနှစ်ရောက်မှ စာမေးပွဲကျရတယ်လို့၊ တစ်နှစ်ဆိုတဲ့အချိန်က ဘယ်လောက် နှမြောဖို့ကောင်းလဲ၊ ဒါကို နောင်တမရသေးဘဲ အချိုးမပြေနေနေတာတော့ လက်မခံဘူး"

တကယ်ဆို ဒယ်ဒီသည် သူ့ကို မမနိုင်လိုတွေ့တိုင်း ဆုပူသတိပေးတတ်သူ မဟုတ်ပါ။ သူ စာမေးပွဲကျစဉ်က တစ်ကြိမ်ပဲ ဆူကာ မမနိုင်လိုပဲ ပေးနေသည့်မုန့်ဖိုးကို လျှော့ခဲ့သည်။

ဒီကြားထဲမှာ မမနိုင်ကပဲ သူ့အတွက် ဂရုစိုက် အလေးထားကာ ဆုံးမပြောဆိုခဲ့တာပဲ ဖြစ်၏။

"လိမ္မာမလားလို့ အစ်မက ဂရုစိုက်တယ်၊ ကျောင်းတက်ရင်





ပျော်အောင် စီးနေတဲ့ကားကအစ အသစ်တစ်စီး ဝယ်ပေးတယ်၊ မင်းကတော့ ထင်ရာလုပ်တုန်းပဲ၊ ပြီးတော့ တွဲနေတဲ့ မိန်းကလေးကလည်း ငါကွာ သူတစ်ပါးသားသမီးကို မပြောချင်ဘူး၊ ကိုယ့်မှာလည်း သမီးတွေမွေးထားတာ၊ မင်းမူပိုင် မင်းဘာလုပ်မှာလဲ ငါ့ကိုအပြတ်ပြော"

ပြောရင်း ဒေါသတွေ ဆူဝေလာသော ဒယ်ဒီ့မျက်နှာ နီမြန်းကာ သူ့ကိုလည်း မင်းတွေ ငါတွေ ဖြစ်ကုန်သည်။ မာမီနှင့်အစ်မနှစ်ယောက် မျက်နှာလေးတွေလည်း သူ့အတွက် စိုးရွက်လောက်ပဲ ရှိကုန်၏။

"သား စကားကို ခဏနားထောင်ပေးပါ ဒယ်ဒီ၊ သားကို မိန်းကလေးတစ်ယောက်နဲ့ မမနိုင် တွေ့တယ်ဆိုတာ မငြင်းပါဘူး၊ ဒါပေမဲ့ အဲဒီမိန်းကလေးနဲ့သား ဘာမှမပတ်သက်တော့ဘူး၊ ဒါကို သူက မကျေနပ်လို့ ပြဿနာရှာတယ်၊ ရှာတဲ့နေရာက လူတွေစည်ကားတဲ့ ဆိုင်တစ်ဆိုင်ထဲမှာ ဖြစ်နေတယ်၊ သူ ဘာကိုမှ ဂရုမစိုက်ဘဲ ပြောတာဆိုတာတွေ လုပ်နေလို့ သားဆိုင်ထဲက ခေါ်ထုတ်ပြီး တခြားနေရာမှာ အပြတ်ရှင်းခဲ့တာပါ"

"အေး အဲဒါ မင်းရှုပ်ထားတဲ့ ပြဿနာတွေပဲ"

"ထားလိုက်တော့ ဒယ်ဒီ၊ အခု ပိုင်လေးကိစ္စကို သမီးအားလုံး ဘာဝန်ယူစိမ့်မယ်"

ငြိမ်သက်နေသော မမနိုင်က ဝင်ပြောတော့ ဒယ်ဒီ နှုတ်ဆိတ်သွားခဲ့သည်။ သားသမီးတွေထဲမှာ မမနိုင်စကားကို ဒယ်ဒီ နားအဝင်ဆုံး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ရှိမှာလည်း မမနိုင်က ဒယ်ဒီနှင့်အတူ ကုမ္ပဏီလုပ်ငန်းကိစ္စတွေကို တာဝန်ယူဦးဆောင်ပေးနေသူ ဖြစ်တာကြောင့်လည်း ပါမည်။

"ပိုင်လေး ဒီကိစ္စမှာ မင်းမှန်တယ် မှားတယ် မမနိုင် ဘာမှ ထပ်မပြောတော့ဘူး။ အရေးကြီးတာက နောက်နှစ်ရက်မှာ ပြန်တက်ရမယ့်ကျောင်းကိစ္စပဲ၊ ပိုင်လေး တကယ် ပညာရေးကို အလေးထားရတော့မယ်၊ ဒါကို လက်ခံသလား"

"လက်ခံပါတယ် မမနိုင်၊ ကျွန်တော် အကြိမ်ကြိမ် ကတိပေးထားပြီးသားပါ၊ ကျွန်တော် အောင်မြင်စေရမယ်"

"ဟုတ်ပြီ ဒါဆို ပိုင်လေး ကတိအတိုင်း စာကိုပဲ အာရုံစိုက်၊ ပိုင်လေး ကျောင်းသားဖြစ်သွားပြီပဲ၊ ကျွန်တာတွေ ဥပေက္ခာလုံးဝပြုထားလိုက်၊ ပိုင်လေး ကျောင်းသွားကျောင်းပြန် ကြိုပို့ကိစ္စကို မမနိုင် ကိုယ်တိုင် တာဝန်ယူတယ်"

မမနိုင် ဒီလို စီမံလာမည်ဆိုတာ သူ သိထားပြီးဖြစ်သည်။ ကုမ္ပဏီအလုပ်ကိစ္စတွေ ရှုပ်ထွေးများပြားနေလျက် သူ့အတွက် အချိန်ပေး စီစဉ်လာတာ ဖြစ်သည်။

"လောလောဆယ် မင်းဘာသာမင်း သွားလာခွင့်ကို မမနိုင် ခွင့်မပြုနိုင်ဘူး။ မမနိုင်ကိုယ်တိုင် ကြိုပို့မယ်၊ အလုပ်ကိစ္စ အရေးကြီးတဲ့နေ့တွေကျရင် မမနိုင်ရဲ့ဒရိုင်ဘာကို ပို့ခိုင်းမယ်၊ မမနိုင် ယုံကြည်ရတဲ့လူတစ်ယောက်နဲ့ပဲ အားလုံး စီစဉ်ပေးမယ်၊ ပြီးတော့ အရေးကြီးဆုံးအချက် ရှိသေးတယ်"





စကားကိုဆက်ပြောဘဲ မမနိုင် ရပ်ထားတော့ သူ တိတ်ဆိတ်စွာပဲ နားစွင့်နေမိသည်။ အခုချိန်မှာ မမနိုင် စီမံသမျှ ခေါင်းညိတ်နာခံရမှာ နားလည်ပြီးဖြစ်၏။

"အဲဒါက မင်းကျူရှင်ကိစ္စပဲ၊ အပြင်ကျူရှင် မတက်နဲ့တော့"

"ဟင်"

"ဟုတ်တယ် မင်းကိုသင်ပေးနိုင်တဲ့ ဂိုက်တစ်ယောက် အိမ်မှာပဲ မမနိုင် ခေါ်ပေးမယ်"

"ကျွန်တော် ကျူရှင်က အပ်ပြီးနေပြီ"

"ဘာပြဿနာရှိလို့လဲ၊ သွင်းထားတဲ့လခ အဆုံးခံလိုက်ရင် ဖြစ်တာပဲ၊ အရေးမကြီးဘူး"

မမနိုင်ဘက်က အလွယ်တကူ ပြောပေမယ့် ချစ်သက်ထားမျက်နှာကို ပြေးမြင်လိုက်သည်။

ချစ်သက်ထားကိုယ်တိုင် လိုက်ပို့ပြောဆို အပ်နှံပေးသော ကျူရှင်ကို ဖျက်ရမှာ သင့်တော်ပါမည်လား။

"မင်းကိုသင်ပေးမယ့် ဆရာမက မမနိုင်ရဲ့ငယ်သူငယ်ချင်းပဲ၊ သူကိုယ်တိုင် အိမ်လာသင်ပေးဖို့ မမနိုင် ပြောထားတယ်၊ ပြောရရင် သူ့မှာလည်း အားလပ်ရက်သိပ်ရှိတာမဟုတ်ဘူး၊ ဒါပေမဲ့ မမနိုင် မျက်နှာကြောင့် တစ်ပတ်ကို နှစ်ရက်လာသင်ပေးမှာ၊ စာမေးပွဲနီးရင်တော့ သင်ချိန်တိုးပေးမှာပေါ့ ကဲ ပိုင်လေး လက်ခံသလား"

ဘယ်လိုမှ လက်မခံလို့ မရသည့်အခြေအနေမှာ သူ တွေဝေနေ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ခေါင်းညိတ်လိုက်ရပါသည်။

"ဟုတ်ပြီ ဒါဆိုရင် အားလုံး မမနိုင် စီစဉ်လိုက်မယ်"

"ဟုတ်ကဲ့ပါ"

ဝေးဝေးမောင် မွေးခဲ့သောမီးက ထိုမျှအထိ လောင်မြိုက်သွားခဲ့တာ ဖြစ်သည်။

သက်ထားနှင့်ဆုံတွေ့ခွင့် မရှိတော့သော ကျူရှင်ကို သူ မတက်ရလို့လည်း ပြဿနာမရှိပါ။ ဒါပေမဲ့ ဒီကိစ္စ သက်ထားကို ရှင်းပြဖို့တော့ မျက်နှာပူသည်။

ကိုယ်တိုင် ကျေကျေနပ်နပ် ခေါင်းညိတ်ကာ ကျူရှင်လခတွေတောင် ကြိုတင်သွင်းပေးပြီးမှ တစ်ရက်လေးတောင် မတက်တော့ဘဲ နှုတ်ထွက်ရမှာ။

ငွေကြေးက ပြဿနာမဟုတ်သည့်တိုင် သက်ထားစိတ်ထဲက တစ်မျိုးထင်သွားမှာ စိုးမိသည်။

တကယ်မလွယ်တဲ့ ဝေးဝေးမောင်ပါလား။

■ ■ ■



## အခန်း (၁၁)

"အဲဒါကြောင့် မင်းမူကို တို့ပြောတာပေါ့၊ အိမ်ကို တိုင်ပင်ပါဦးလို့"

သူ ဖုန်းဆက်ကာ ပျက်သွားသော ကျူရှင်သင်တန်းကိစ္စပြောတော့ သက်ထား ပြောခဲ့သော စကားကို ပြန်ပြော၏။

"ကိုယ်တကယ် အားနာတယ် သက်ထား၊ အိမ်က ခွင့်ပြုပြီးသားပါ၊ အခုမှ မမနိုင်က အစီအစဉ်ပြောင်းသွားတာ"

"ဘာလဲ မင်းမူရဲ့အစ်မ အငယ်ဆုံး ဆိုတာလား"

"ဟုတ်တယ် သက်ထား၊ မမနိုင်က ကိုယ့် စာမေးပွဲကျကတည်းက မကျေနပ်ဘူးလေ၊ အခုလည်း သူ့မျက်စိအောက်မှာ သူ့အစီအမံအတိုင်း နာခံနိုင်းနေတာ"



www.burmeseclassic.com

"အဟင်း ကောင်းတာပေါ့၊ မင်းမူကို ဒီလိုနိုင်တဲ့လူရှိမှဖြစ်မှာ ပေါ့၊ မင်းမူက ဆိုးလို့ထင်တယ်"

"ဟာ မဟုတ်တာ"

"သေချာရဲ့လား ကိုနေယံအောင်ဆီက သတင်းတွေကြားတယ်"

ချစ်သက်ထား စကားကြောင့် သူ မျက်လုံးပြူးသွားရသည်။ နေယံ ဘာတွေပြောလို့ ဘာတွေကြုံလိုက်သည်မသိ။

"ဘာဖြစ်သွားတာလဲ မင်းမူ၊ အံ့ဩသွားတာလား၊ လန့်သွား တာလား၊ အဟင်း ဟင်း"

"ဟာ ဘာကိုလန့်ရမှာလဲ နေယံ ဘာတွေကြုံလိုက်တာလဲ စဉ်းစားနေတာ၊ သူ ဘာတွေ သက်ထားကို ပြောသလဲ"

"မင်းမူပိုင် ဆိုတဲ့သူက ကျောင်းမှာတုန်းက မိန်းကလေးတွေ စတားတဲ့၊ ရည်းစားတွေ အများကြီးထားတဲ့အကြောင်းတွေပေါ့"

"ဟာ ဒီကောင် မဟုတ်မဟတ်တွေ လျှောက်ပြောနေပြန်ပြီ ထင်တယ်"

"ကိုနေယံအောင် မပြောခင်ကတည်းက မင်းမူအကြောင်းတွေ တို့သိနေတာပါ၊ တို့ညီမဝမ်းကွဲတစ်ယောက်က မင်းမူတို့ကျောင်းကပဲလေ"

သက်ထား သူ့ကို အစ်အောက်နေတာလား၊ တကယ်လား သူ တွေးရခက်ခက် ဖြစ်သွားမိတာ အမှန်ဖြစ်သည်။

"သက်ထားရဲ့ညီမက ကျွန်တော်တို့ကျောင်းက ဘယ်သူလဲ ကျွန်တော် သိမလား မသိဘူး"





"မင်းမူ မသိပါဘူး၊ ဒါပေမဲ့ သူက မင်းမူကိုတော့ သိနေတာ သေချာတယ်၊ သူက မင်းမူတို့ထက် ငယ်တယ်လေ၊ အခုမှ ဒုတိယနှစ် တက်မှာ"

"နာမည်က ဘယ်သူလဲဟင် သက်ထား"

"ဘာလို့မေးတာလဲဟင် မင်းမူ"

သက်ထားမေးခွန်း ပြန်ထုတ်နေတော့ သူ မလုံမလဲဖြစ်ရပြန် သည်။ ကသောကမျောပဲ ဖြေရှင်းချက်ပေးရပြန်၏။

"ဪ သက်ထားရဲ့ညီမလေးဆိုတော့ သိထားချင်လို့ပါ၊ တစ် ကျောင်းတည်းဆိုတော့ တွေ့နိုင်တယ်လေ"

"နာမည်ပြောလို့ မဖြစ်ဘူး မပြောဘူး"

"ဗျာ ဘာဖြစ်လို့လဲ"

"တို့ညီမလေးက အရမ်းချောတယ်၊ ဒီတော့ မင်းမူပိုင်နဲ့ တွေ့ ပေးလို့ မဖြစ်ဘူးလေ"

"ဟာဗျာ ဒီသဘော မဟုတ်ပါဘူး"

"အဟင်း ဟင်း နောက်တာပါ မင်းမူရယ်၊ ဒါပေမဲ့ နာမည်ကို တော့ မသိချင်နဲ့ မင်းမူပိုင်အကြောင်းတွေသိရအောင် သူ့ကို သက်ထား က စုံထောက်လုပ်ခိုင်းထားတာ အဟင်း ဟင်း"

ပြောင်သလို နောက်သလို ရယ်မောရင်း သက်ထား ပြောနေ တော့ သူ ဘာမှမပြောနိုင်အောင် ဖြစ်ရသည်။

သက်ထားရဲ့ညီမလေးသာ ကျောင်းမှာရှိနေတာ သေချာခဲ့ရှင်



www.burmeseclassic.com

www.burmeseclassic.com



တော့ သူ့အကြောင်းတွေ သက်ထား သိနေလောက်ပြီ ထင်ပါသည်။

တကယ်ဆို ကျောင်းမှာတုန်းက သူ ချစ်သူရည်းစားတွေ

အများကြီးထားခဲ့တာ အမှန်ပဲဖြစ်သည်။ ဒီအကြောင်းတွေ သက်ထား

သိနေလောက်ပြီ၊ သူ့အဖြစ်က သက်ထားနှင့်ဆုံတွေ့ ခင်မင်ရုံပဲ ရှိသေ

သည်။ ဖုံးထားသမျှ ပေါ်နေပြီထင်ရဲ့။

"ကဲ ဒါပဲမဟုတ်လား မင်းမူ တို့ ဖုန်းချလိုက်တော့မယ်"

"နေပါဦးသက်ထား ဟိုလေ ကျူရှင်ကိစ္စအတွက် တောင်းပ

ပါတယ်၊ ကိုယ့်ကြောင့် သက်ထားနဲ့ဆရာမကြားမှာ မျက်နှာပျက်စ

ဖြစ်သွားခဲ့ရင်"

"နို့ အဲဒါ ပြဿနာ မရှိပါဘူး၊ သက်ထား ကြည့်ကောင်းအော

ပြောလိုက်ပါ့မယ် တက်တောင် မတက်ရသေးတာပဲ၊ ဘာမှ မျက်နှာ

စရာကိစ္စမရှိဘူး"

"ဟို ကိုယ်က သက်ထား ကိုယ့်ကိုစိတ်ဆိုးသွားမှာစိုးလို့"

"ဘာဆိုင်လို့လဲ အဲဒီကိစ္စကြောင့် မဆိုးပါဘူး၊ မင်းမူအစ်မ

မင်းမူအတွက် စီစဉ်ပေးတာပဲ၊ ပိုကောင်းပါတယ်"

သူ စိုးရိမ်နေသောကိစ္စအတွက် သက်ထားဘက်က နားလည်

ပေးလာတာတော့ ဝမ်းသာမိသည်။

"ဒါနဲ့ သက်ထားကို ကိုယ်တွေ့နိုင်ခွင့်တော့ ရှိပါသေးတယ်နေ

ကျောင်းပိတ်ရက်တွေနဲ့ သက်ထား နားရက်တွေ တူတယ်လေ"

"အင်းလေ တစ်ပတ်မှာ စနေ တစ်ရက်တော့ တို့အားပါတယ





အဲဒီကျရင် တွေ့ကြတာပေါ့"

"ကျေးဇူးပဲ ကိုယ် သက်ထားနဲ့လည်း တွေ့ချင်သေးတယ်၊ ဒီ

ရက်တွေမှာလည်း ဖုန်းဆက်ပါရစေ"

"စိတ်ချ တို့ ဖုန်းပိတ်ထားမယ် အဟင်း ဟင်း"

ချိုချိုလွင်လွင် ရယ်သံလေးနှင့် သက်ထား ဖုန်းပိတ်သွားခဲ့တော့

သူ ပြုံးမိသေး၏။

ဘာပဲဖြစ်ဖြစ် သူ့အကြောင်းတွေ သိနေသည်ဆိုသော သက်

ထားဘက်က သူ ရည်းစားတွေများခဲ့ခြင်းအပေါ် နားလည်ခွင့်လွှတ်ပေး

နိုင်ပုံရှိသည်။

သက်ထားနှင့်ဆုံလျှင်လည်း သူ ဝန်ခံရှင်းပြထားချင်ပါသည်။

သူ့အနားမှာ ရှိခဲ့တွဲခဲ့ဖူးသော မိန်းကလေးတွေထက် သက်ထားအပေါ်

သူ ပိုမိုခင်မင်နေမိသည့်အကြောင်း။

သက်ထား ယုံကြည်နိုင်ပါ့မည်လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မမခိုင်ဘက်ကတော့ ကျောင်းစတက်သည့်နေ့ကစည်းက ပြော ထားသည့်အတိုင်း စီမံပါတော့သည်။

ကျောင်းအထိ မမခိုင် ကိုယ်တိုင် လိုက်ပို့ပေးသည်။ သူ့ကို ကျောင်းပို့ပြီးမှ အလုပ်ကို မမခိုင် ဆက်သွားမှာဖြစ်သည်။

"ညနေလည်း မမခိုင်ပဲ လာကြိုမယ် ပိုင်လေး"

"အင်း ကျွန်တော့်ကြောင့် မမခိုင် ဟိုဒီပြေးနေရတာ ပင်ပန်း မှာပေါ့"

မမခိုင်အတွက် စာနာကာ သူ ပြောသည်ကို မမခိုင်က မယုံ သင်္ကာ အကဲခတ်မျက်ဝန်းတွေနှင့် ကြည့်လာရင်း

"ဘယ်လောက်ပင်ပန်းပင်ပန်း မမခိုင် ခံနိုင်တယ်၊ အရေးကြီး





တာ ပိုင်လေး ဒီနှစ်စာကို အာရုံစိုက်ဖို့ပဲ၊ ပိုင်လေး ကျောင်းပိတ်တဲ့ နေ့၊ တနင်္ဂနွေ တစ်ရက်ရက်ကျရင် ပိုင်လေးကို စာသင်ပေးမယ့် မခိုင်သူငယ်ချင်း လာလိမ့်မယ်၊ အဲဒီရက် ပိုင်လေး အိမ်မှာရှိနေမှ ဖြစ်မယ်နော်"

မမခိုင် စကားကြောင့် သူ စိတ်ညစ်သွားမိသည်။ ကျောင်းပိတ် ရက် စနေမှာ သက်ထားနှင့်တွေ့ဖို့ စီစဉ်စိတ်ကူးထားတာလေး ပျက်ရ တော့မလို။

"ဟို တနင်္ဂနွေနေ့ တွေ့လို့ရမလား မမခိုင်"

သူ မေးခွန်းထုတ်တော့ မမခိုင် ကားမောင်းနေရင်းက မျက်ခုံး တစ်ချက်လှည့်ကြည့်သည်။ ပြီးမှ ကားကို ပြန်အာရုံစိုက်မောင်းရင်း

"စနေ တနင်္ဂနွေ ဘယ်ရက်အားမလဲဆိုတာ မမခိုင်သူငယ်ချင်း ဘက်က မသေချာသေးဘူး၊ သူက တခြားအလုပ်တွေလည်းရှိတယ်၊ မခိုင် တောင်းပန်လို့ ပိုင်လေးကို အချိန်လုသင်ပေးရမှာ"

"ဒါဆို စာသင်နေကျဂိုက် မဟုတ်ဘူးပေါ့၊ ဖြစ်ပါ့မလား မမခိုင် အိမ်မှာ အချိန်ပေးလာသင်နိုင်တဲ့ ဂိုက်တွေအများကြီးပါ"

မမခိုင် အကြည့်တွေ နောက်ကြည့်မှန်ထဲက သူ့ဆီ စူးခနဲ ရောက်လာသည်။

"သင်နေကျ ဆရာမ မဟုတ်ပေမယ့် သူ့ရဲ့အရည်အချင်းက ညီ့ဝထက်မြက်ပြီးသား၊ မမခိုင်သူငယ်ချင်း ကြယ်စင်က ကျောင်းမှာ ကတည်းက စာတော်တယ်၊ ဆယ်တန်းကို ငါးဘာသာဂုဏ်ထူးနဲ့အောင်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဆေးကျောင်းမတက်ဘဲ အိုးမေဂျာယူခဲ့တာ၊ ဒီပလိုမာတန်းအထိ အောင်ခဲ့ပြီးသား၊ ဘယ်ဆရာမခေါ်ခေါ်ရပေမယ့် သူနဲ့မှ မင်းဖြစ်မှာ ပိုင်လေး၊ မမခိုင်က မင်းကို စည်းကမ်းကောပညာပိုင်းပါ ထက်မြက်စေချင်လို့ သူနဲ့သင်ခိုင်းတာ''

မမခိုင်က ပြတ်ပြတ်သားသား စကားရှည်ကြီးနှင့် သူ ဘာမှ ခွန်းတုံ့ပြန်လို့ မရအောင် ယတိပြတ်ဆိုသည်။

သူ ဘာမှ ငြင်းဆိုခွင့်မရှိဘဲ ပင့်သက်ကိုပဲ ရှိုက်မိ၏။

''ကျောင်းပိတ်ရက် နှစ်ရက်မှာ ပိုင်လေး ဘယ်မှမသွားဘဲ ကြယ်စင်ကို စောင့်နေရမယ်၊ မမခိုင်လည်း အတူရှိမယ်''

သူ ခေါင်းညိတ်လိုက်ရပါသည်။ သက်ထားကို တွေ့ခွင့်ရနိုင်မည့် အခွင့်အရေးလေးကတော့ မရေမရာ ဖြစ်ကုန်တာ အမှန်။

မမခိုင်ရဲ့သူငယ်ချင်းဆရာမ စနေနေ့မနက်ပိုင်း လာပါစေဟုပဲ ဆုတောင်းရတော့မည်ထင်ရဲ့။

■ ■ ■



## အခန်း (၁၃)

ကျောင်းဖွင့်ရက်တစ်ပတ်လုံးတွင် မမခိုင် ကိုယ်တိုင် သူ့ကို ကြိုပို့မပျက်ခဲ့ပါ။

သူ့ကို စာသင်ပေးမည့်ဆရာမ လာမည်ဆိုသော စနေနေ့တွင် သည်း မမခိုင် အလုပ်ဖျက်ကာ သူနှင့်အိမ်မှာစောင့်သည်။

မနက်ကော်ဖီပိုင်းက ထကတည်းက သူလည်း တမျှော်မျှော် နှင့် စောင့်မိသည်။ ဆရာမနှင့်တွေ့ဆုံပြီးလျှင်တော့ သက်ထားဆီကို သူ သွားလို့ရနိုင်သေးသည်။

ထိုမျှော်လင့်ချက်နှင့် ခြံထဲကို ဝင်လာမည့်ကားကို သူ ခြံထဲအထိ ငင်းမျှော်မိ၏။ မမခိုင်ကတော့ ကုမ္ပဏီကို မသွားဖြစ်ပေမယ့် သူ့အနား



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ စာရင်းဇယားတွေလုပ်ရင်း စောင့်နေသည်။

သူ ခြံထဲမှာ စောင့်နေတုန်း ဖုန်းသံလေး မြည်လာတာမို့ ဖွင့်ကြည့်လိုက်တော့ သက်ထားဆီက ဖြစ်နေ၏။

"ဟဲလို သက်ထား"

"မင်းမူ ဒီနေ့ကျောင်းပိတ်ရက်ဆိုတော့ အားမလား သိချင်လို့ ဖုန်းဆက်ကြည့်တာ"

"ဟို ကိုယ် ဒီမနက်ပိုင်း အားမယ်မထင်ဘူး၊ ကိုယ့်ကို ဂိုက်လုပ်ပေးမယ့် မမခိုင်သူငယ်ချင်း ဆရာမကို စောင့်နေရတယ်"

"ဩော် ဟုတ်လား တို့က ကိုးနာရီကျရင် မိတ်ဆွေတစ်ယောက် မွေးနေ့သွားမလို့၊ မင်းမူအားရင် ခေါ်သွားမယ်တွေးတာ၊ ရပါတယ် မင်းမူ မအားတော့လည်း တစ်ယောက်တည်း သွားရမှာပေါ့"

သူ တကယ်ပဲ ချက်ချင်းထသွားချင်စိတ်ကို မျိုသိပ်ထားလိုက်ရ၏။ အခုပဲ ရှစ်နာရီခွဲနေပြီ၊ မမခိုင် သူငယ်ချင်းကလည်း အရိပ်အယောင်တောင် မမြင်ရသေးတော့ သက်ထားနှင့်လိုက်ဖို့ မလွယ်တော့ပါ။

"ကိုယ် တကယ် အားနာလိုက်တာ သက်ထားရယ်၊ ဒီမှာ မမခိုင် ကိုယ်တိုင် အလုပ်မသွားဘဲ ထိုင်စောင့်ပေးနေတော့ ကိုယ် ထွက်လာလို့ မရဘူး"

"ရတယ် ပြဿနာမရှိပါဘူး မင်းမူရဲ့၊ ပညာရေးကိစ္စပဲ ဂရုစိုက်ရမှာပေါ့၊ နောက်နေ့မှ ဆုံကြတာပေါ့"

"ဟို သက်ထား တနင်္ဂနွေအားလားဟင်"





"မနက်ဖြန်လား မအားဘူး မင်းမူရဲ့၊ ဖြူပြာတို့နဲ့ ရှော့ပင်းထွက်မယ်၊ မြူတီဆလွန်းလည်း ဝင်ဖြစ်ကြမှာဆိုတော့ ညနေစောင်းမယ်ထင်တယ်"

"အင်း ဒါဆိုလည်း နောက်တစ်ပတ်မှ ဆုံကြမယ်နော် သက်ထား"

"အိုကေ အိုကေ ဘိုင့်"

နှုတ်ဆက်သံချိုချိုလေးနှင့် သက်ထား ဖုန်းလေးပိတ်သွားတော့ သူ မချင့်မရဲ ကျန်ရစ်ခဲ့ပါသည်။ တကယ့်ကို လှပသော အခွင့်အရေးတစ်ခုကတော့ ဆုံးရှုံးသွားခဲ့ပြီ။

အလိုမကျစိတ်တွေနှင့် ရောက်မလာသေးသော မမ သူငယ်ချင်းအတွက် စိတ်တိုတိုနှင့် အိမ်ထဲပြန်ဝင်ခဲ့တော့ မမခိုင်ကို ညှော်ခန်းထဲမှာ ဂျာနယ်ဖတ်နေတာ တွေ့၏။

"မမခိုင်"

"ဘာလဲ ပိုင်လေး"

ဂျာနယ်ဖတ်လျက်က မမခိုင် သူ့ကိုမော့ကြည့်တော့

"ဟို မမခိုင်သူငယ်ချင်း မလာသေးဘူးလား"

"ပြောလို့ မရသေးဘူးလေ အခုမှ ကိုးနာရီတောင် မထိုးသေးဘူး သူ ညကတော့ လာနိုင်အောင် ကြိုးစားမယ်လို့ ဖုန်းထဲမှာပြောတယ်"

သူ ထစ်ကွန့်နေလို့လည်း ဘာမှထူးလာမှာမဟုတ်တာမို့ ခေါင်းလေးညိတ်ပြပြီး အပေါ်ထပ်တက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုချက်ချင်း ရောက်လာလို့လည်း သက်ထားဆီ လိုက်သွားဖို့ အချိန်က မိတော့မှာမဟုတ်ဘဲလေ။ နာရီလက်တံတွေက ကိုးနာရီထိုးဖို့ ငါးမိနစ်သာသာပဲ လိုတော့၏။

သူ့အခန်းထဲရောက်တော့လည်း ဘာလုပ်ရမှန်းမသိဘဲ ခုတင်ပေါ် လှဲချလိုက်မိသည်။

ဖုန်းထဲက သက်ထား ချိန်းဆိုသံ ချိုချိုလေးတွေ ပြန်ကြားမိသည်။ သက်ထားနှင့်အတူ အပြင်ထွက်ခွင့်ရမည့် အခွင့်အရေးကို သူ လက်လွှတ်လိုက်ရတာ ခံရခက်မဆုံး ဖြစ်နေမိဆဲ။

မမခိုင်သာ အိမ်မှာမရှိလျှင် သူ ဘာပဲဖြစ်ဖြစ် ဆုံးဖြတ်ကာ သက်ထားဆီကို ထွက်သွားမိမှာ သေချာသည်။ အခုတော့ မမခိုင် ကိုယ်တိုင်တောင် အလုပ်မသွားဘဲ စောင့်နေတာက ခက်သည်။

သူနှင့်သက်ထားကြားမှာ စလာကတည်းက အခက်အခဲတွေ လွဲချော်မှုတွေ ကြုံဆုံနေတာ ဘာကြောင့်မှန်းမသိပါ။

ဒီလို အခြေအနေတွေကြောင့်လည်း သက်ထားကို သူ ပိုလို့ မြင်တွေ့ချင်နေတာလား မသိပါ။

အခန်းထဲမှာ ဟိုတွေး ဒီတွေး လှဲနေတာ ဘယ်လောက်ကြာသွားသည်မသိ။ စားပွဲလေးပေါ်က နာရီကိုလှမ်းကြည့်တော့ ဆယ်နာရီထိုးဖို့ ဆယ်မိနစ်သာသာလောက်ပဲ လိုတော့သည်။

ဒီအချိန်ထိတောင် မမခိုင် သူငယ်ချင်းက ရောက်မလာသေးဘူးတဲ့လား။ ရောက်နေပြီဆိုလျှင်လည်း သူ့ကို မမခိုင် လာခေါ်မှာသေချာ





သည်။

အခန်းထဲမှာ ဆက်မနေချင်တော့တာမို့ သူ အောက်ထပ်ကို ဆင်းခဲ့တော့ ဧည့်ခန်းထဲမှာ ဖုန်းပြောနေသော မမခိုင် အသံကိုကြားသည်။

"ရတယ် ရတယ် ကြယ်စင်၊ ပြဿနာမရှိပါဘူးဟာ"

"..."

"အိုကေ အိုကေ ငါ နင့်အလုပ်ကို နားလည်တယ်၊ အမလေး ကြယ်စင်ရယ် ဒါ အားနာစရာမှ မဟုတ်တာ"

"..."

"ရတယ် အဆင်ပြေတယ်၊ မနက်ဖြန် ဆန်းဒေးက ငါ့နားရက်ပဲ၊ အိမ်မှာ တစ်နေကုန်ရှိတယ်"

"..."

"လာခဲ့ လာခဲ့ ဒီနေ့ နင်မလာဖြစ်တာ ဘာမှအားနာစရာမလိုဘူး၊ ဟုတ်ပါပြီဟယ် ငါ နားလည်တယ်၊ အိုကေ ဒါပဲသူငယ်ချင်း . အိုကေ"

မမခိုင် ဖုန်းပိတ်ပြီးနောက်ကိုပြန်လှည့်လာချိန်မှာ ရပ်နေသော သူ့ကိုမြင်သွားတာမို့

"ဒီနေ့ ကြယ်စင် မလာဖြစ်တော့ဘူး ပိုင်လေး၊ အဲဒါ ဖုန်းဆက်ပြောတာ"

"ဗျာ မလာဖြစ်တော့ဘူး ဟုတ်လား"

"ဟုတ်တယ် ပိုင်လေး၊ သူ့ရဲ့အလုပ်ကိစ္စတစ်ခု အရေးပေါ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာလို့လေ၊ မနက်ဖြန် ကိုးနာရီအရောက်လာမယ်တဲ့''

ဟူးခနဲ ပင့်သက်တစ်ခုကို သူ မှုတ်ထုတ်ရင်း စိတ်ပျက်စွာခေါင်းကို ခါရမ်းနေတော့ မမနိုင် မျက်ခုံးတွေ တွန့်ကြည့်ရင်း

''ဒါက ဘာဖြစ်တာလဲ ပိုင်လေး''

''မမနိုင် သူငယ်ချင်းလုပ်တာ တကယ့် တလွဲတွေပဲ၊ ကျွန်တော်က ဒီနေ့လာမယ်ထင်ပြီး ဘယ်မှမသွားဘဲ စောင့်နေတာ၊ အလကားဖြစ်ပြီပေါ့''

''ဟင် နေပါဦး မင်းက ဘယ်သွားစရာရှိလို့လဲ''

''ဟို စောစောက ခြံထဲမှာ ထိုင်နေတုန်း သူငယ်ချင်းတစ်ယောက် ဖုန်းလှမ်းဆက်တယ်၊ ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက် မွေးနေ့ သွားဖို့လှမ်းခေါ်တာ၊ ဒီမှာ စောင့်နေရတော့ မလာနိုင်ဘူး ပြောလိုက်ရတယ်''

''မှန်တာပေါ့ အဲဒီအချိန်က ကြယ်စင်ကို ပိုင်လေး မဖြစ်မနေ စောင့်ရမယ့်အချိန်လေ၊ သူငယ်ချင်းမွေးနေ့ထက် ကိုယ့်ကိုစာသင်ပေးမယ့် ဆရာမနဲ့တွေ့ဖို့က အရေးကြီးတာပဲ''

သူ ပခုံးတွန့်ကာ မျက်နှာတစ်ချက် မဲ့မိတော့ မမနိုင်ကလည်း အလိုမကျသလို စိုက်ကြည့်နေရင်း

''ပိုင်လေး အခုချိန်မှာ တခြားအရေးမကြီးတဲ့ကိစ္စတွေကို မင်းရဲ့အာရုံထဲက ထုတ်ထားစမ်းပါ၊ ပြောစမ်းပါဦး အခုမှ ကပ်ပြီး မွေးနေ့ဖိတ်တာ ဘယ်သူလဲ၊ ယောကျ်ားလေး သူငယ်ချင်းလား၊ မိန်းကလေး





သူငယ်ချင်းလား''

မမနိုင် ဒဲ့တိုးကြီးမေးလာတော့ သူ လိပ်ပြာမလုံသလို ဖြစ်သွားရသည်။

''ဟာ ယောကျ်ားလေးပါ လင်းထက်လေ၊ ဒီကောင်က နောက်လထဲကျရင် နေပြည်တော် သွားရတော့မှာမို့ပါ''

''သူတို့က ဘွဲ့ရပြီးလို့ လုပ်ငန်းခွင်ဝင်နေပြီ၊ ပိုင်လေးက ကျောင်းကိစ္စနဲ့လေ၊ ဒီမွေးနေ့မှာ မတွေ့လည်း နောက်နေ့တွေ တွေ့လို့ရတယ် မဟုတ်လား''

မမနိုင်နှင့်ပြိုင်ပြီး သူ မငြင်းခုန်နိုင်တာလည်း သေချာသည်။ အထူးသဖြင့် သူ့ဘက်က မရိုးသားမှုတွေ ပေါ်သွားလျှင် အခက်မို့ လက်ခံခေါင်းညိတ် အရှုံးပေးလိုက်ရပါ၏။

''ဟုတ်ပါတယ် ကျွန်တော် သဘောပေါက်ပါတယ်၊ ဒါနဲ့ မမနိုင် သူငယ်ချင်းက မနက်ဖြန် လာမှာသေချာပါတယ်နော်''

''သေချာတယ် အခုပဲ သူ ဖုန်းဆက်တယ်၊ မနက်ကိုးနာရီ ကြယ်စင် ရောက်လာမှာ''

''သူ့နာမည်က ကြယ်စင်လား မမနိုင်''

''နာမည် အပြည့်အစုံက 'ကြယ်စင်ဝန်းခ'၊ မမနိုင်နဲ့အသက်တူတူဆိုတော့ ပိုင်လေးနဲ့က သုံးနှစ်သာသာလောက်ပဲ ကွာမယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုစာသင်မယ့် ဆရာမကို လေးလေးစားစား ဆက်ဆံနော်၊ မမနိုင်ကလည်း မင်းအကြောင်းတွေပြောပြ အပ်နှံထားပြီးသား''



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ် ပုတ်သင်ညိုလေးလုပ်လိုက်ရပါသည်။ မမခိုင်ရဲ့ သူငယ်ချင်းမို့စိတ်တူကိုယ်တူတွေ ဖြစ်နိုင်သည်။

နာမည်ကလည်း တင်စီးလိုက်တာ 'ကြယ်စင်ဝန်းခ' တဲ့။

မမခိုင်လိုပဲ သူ့ကိုပါဝါတွေပြနေလျှင်တော့ အခက်။ လက်တလောမှာတော့ ကြယ်စင်ဝန်းခ ဆိုသော သူမကြောင့် သူ့အခွင့်အရေးတွေ ပျက်စီးကုန်တာ ရင်မှာခံရခက်ခက် ဖြစ်နေ၏။

မခုံခင်ကတည်းက သူနှင့်သဟဇာတ မဖြစ်တာ အသေအချာ

■ ■ ■



## အခန်း (၁၄)

ညတုန်းက သူကြည့်ချင်သော ဘောလုံးပွဲကို ညဉ့်နက်သန်းခေါင် ထကြည့်လိုက်တာမို့ မနက်မိုးလင်းတော့ အိပ်ရာကမနိုး ဖြစ်သွား၏။

မာမီကိုယ်တိုင် လာနှိုးမှပဲ သူ နိုးတော့သည်။ အိပ်ရေးမဝသော မျက်လုံးတွေက လန်းဆန်းကြည်လင်မှုမရှိ ဖြစ်နေသည်။

"ရှစ်နာရီ ခွဲတော့မယ် သားလေးရဲ့"

"အာ မာမီကလည်း ညကညဉ့်နက် ဘောလုံးပွဲကြည့်ထားလို့ အိပ်ရေးတောင် မဝသေးဘူး"

"မာမီသိလို့ သားလေးကို မနှိုးဘဲထားတာပေါ့၊ အခု သားလေးက နှိုးခိုင်းလိုက်တာ၊ ခဏနေရင် သားရဲ့ဆရာမ လာတော့မှာတဲ့"

မာမီဆိုတော့မှ ကိုးနာရီလာမည်ဆိုသော မမခိုင်စကားကို သတိရသွားမိ၏။ သို့ပေမယ့် မနေ့က မချင့်မရဲဖြစ်ခဲ့ရသော မကျေမနပ်မှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ မျက်နှာကိုမဲ့ပစ်ရင်း

"မနေ့ကတည်းက လာမယ်ဆိုလို့ သားမှာစောင့်လိုက်ရတာ ပြီးတော့ မမနိုင် သူငယ်ချင်းက ဖုန်းလေးဆက်ပြီး မလာနိုင်ပါဘူးရှင်တဲ့ ကြည့်ရတာ တော်တော်အချိန်လေးစားမယ့်ပုဂ္ဂိုလ်ထင်ရဲ့"

မမနိုင်ရှေ့မှာ မဝေဖန်ရဲသော စကားကို မာမီရှေ့မှာမှ ဝေဖန်တော့ မာမီက သူ့ပခုံးကို ပြုံးပြုံးလေး ဆုပ်ကိုင်ရင်း

"ကိုယ့်ဆရာမကို ဒီလိုမပြောရဘူးလေ သားရဲ့၊ သမီးသူငယ်ချင်းလေးက သူ့အလုပ်နဲ့သူ သိပ်အားရှာတာ မဟုတ်ဘူး၊ သမီးလေးအကူအညီတောင်းလို့ ကူညီတဲ့သဘောနဲ့ သင်ပေးမှာတဲ့"

"ဟုတ်လား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထက် အလုပ်ရှုပ်နေတဲ့ဆရာမကို မမနိုင်က တာဝန်ပေးလိုက်တာ ထင်တယ်"

"ဟယ် ဒီကောင်လေး တော်တော့ကွယ်၊ သွား ရေမိုးချိုး မနက်စာ လာစားလိုက်၊ မာမီ ကော်ဖီပါ ဖျော်ပေးထားမယ်၊ သွားလေ ပိုင်လေးက လိမ္မာပါတယ်"

မမနိုင်နှင့် စကားများမှာစိုးရိမ်ကာ မာမီက သူ့ကိုချော့မော့မော့လေး ပြောနေသည်။ မာမီသည် သူ့ကို ဒီအရွယ်ထိ ကလေးငယ်တစ်ဦးလို ချော့မော့ဆက်ဆံ ပြောဆိုတတ်သည်။

မမကြီးနှင့် မမလတ်ကလည်း မောင်ငယ်လေးမို့ သူ့ကို မျက်နှာအညိုးမခံခဲ့ပါ။

မမနိုင်တစ်ယောက်သာ သူ လန့်ရတာ ဖြစ်သည်။ အခုလည်း





မကျေနပ်စိတ်တွေကို မျိုသိပ်ကာ ရေချိုးခန်းဘက် ထွက်ခဲ့လိုက်၏။ ကသောကမျောလေးတော့ ချိုးမှဖြစ်မည်။

သူ နောက်ကျနေလျှင် မမနိုင်ရဲ့အဆူအပူကို ခံရဦးမည်။ မမနိုင်က ပူပူနွေးနွေး ဆရာမရှေ့မှောက်မှာလည်း သူ့ကို ပ,စားပေးမှာမဟုတ်တာ သူ သိပါသည်။

ရေအမြန်ချိုး အဝတ်အစားလဲပြီးသည်နှင့် အပေါ်ထပ်က ဆင်းခဲ့၏။ ဧည့်ခန်းထဲမှာ မမနိုင် ထိုင်နေသည်။ သူ့ကိုမြင်တော့

"ပိုင်လေး ဆရာမ လာတော့မယ်နော်"

"ဟုတ်ကဲ့ မမနိုင်၊ ကျွန်တော် ကော်ဖီသောက်ပြီး လာခဲ့ပါ့မယ်"

"မြန်မြန်လုပ် အိပ်ပျက်ခံပြီး သောက်ပွဲထကြည့်သေးတယ် မဟုတ်လား"

ဧည့်ခန်းထဲ ထွက်လာသော ဒယ်ဒီက အပြစ်တင်သလို လှမ်းပြောတာကို ခွန်းတုံ့မပြန်ဘဲ သူ ကော်ဖီခန်းဘက် ထွက်ခဲ့လိုက်သည်။ ဒီနေ့ ဒယ်ဒီလည်း နားရက်မို့ အိမ်မှာရှိနေသည်။

ကိုးနာရီရောက်မည်ဆိုသော မမနိုင်ရဲ့သူငယ်ချင်းကို ဒယ်ဒီလည်း စောင့်မျှော်နေမည်ထင်သည်။

မနေ့ကလို ပျက်ခဲ့လျှင်တော့ ဒယ်ဒီ မျှော်မောကြီးဖြစ်မှာ တွေးပြီး သူ ပြုံးမိသေး၏။

"လာ သားလေး၊ ဒီမှာ အားလုံးအသင့်ပဲ"

မာမီ အသင့်ပြင်ဆင်ပေးသော စားပွဲဝိုင်းမှာ ဝင်ထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သူ မမြင်မတွေ့သည့် မမကြီးတို့ကို မေးကြည့်မိတော့

"သားမမကြီးရဲ့မိတ်ဆွေ ဆရာဝန်မလေး တစ်ယောက် မင်္ဂလာဆွမ်းကျွေးပွဲရှိလို့ သွားကြတယ်၊ မမလတ်လည်း အဖော်လိုက်သွားတယ် သားရဲ့"

တနင်္ဂနွေနေ့လေးသည် သူတို့မိသားစု စုံညီစွာ တွေ့ဆုံနိုင်သည့်နေ့ကလေးဖြစ်ပေမယ့် တစ်ခါတစ်ရံတော့ အခုလို လူမှုရေးကိစ္စလေးတွေကြောင့် မစုံညီတတ်ပြန်ပါ။ သို့ပေမယ့်

ညနေ ထမင်းဝိုင်းသည် မိသားစုအတွက် စုံညီစွာ မဖြစ်မနေဆုံနိုင်သော အချိန်လေးပဲ ဖြစ်၏။

"တော်ပြီလား သားရဲ့"

"တော်ပြီ မာမီ၊ အိပ်ပျက်ထားလို့ ထင်တယ် သိပ်စားလို့မကောင်းဘူး"

"နေ့လယ်ကျမှ စားပေါ့ကွယ်၊ သားကြိုက်တဲ့ ငါးဖယ်ငါးဆုပ်နဲ့ ကင်ပွန်းချဉ်ဟင်းလေး စီစဉ်ထားတယ်"

"ဟုတ်ကဲ့ မာမီ၊ ကျွန်တော် ဧည့်ခန်းထဲ သွားလိုက်ဦးမယ်"

မာမီ့ကိုပြောကာ ထွက်ခဲ့သော သူ ဧည့်ခန်းမရောက်ခင်မှာပဲ စကားသံတွေ ကြားလိုက်တာမို့ ခြေလှမ်းတုံ့နှေးသွားရ၏။

"မနေ့က ရောက်မလာဖြစ်တာကို ငါ အရမ်းအားနာနေတာ နိုင်ရဲ့"

"ဟာ ဘာအားနာစရာမှ မရှိပါဘူး ကြယ်စင်ရယ်၊ တကယ်





ငါကသာ အားနာရမှာ၊ နင့်မှာ အချိန်ပိုတွေ မရှိသလောက်ထဲက ငါ့မောင်လေးအတွက် အကူအညီတောင်းရတာလေ"

"ဒါတော့ဟာ နင်နဲ့ငါ့ကြားမှာ ပြောစရာ မလိုပါဘူးဟယ်"

မမနိုင်ရဲ့ သူငယ်ချင်းရောက်နေပြီထင်သည်။ ကိုးနာရီထိုးဖို့ ငါးမိနစ်တောင် လိုသေးသည်။ ကားစက်သံလည်း မကြားမိတာမို့ ရောက်နေသည်ဟုတောင် သူ မထင်ခဲ့မိပါ။

ဒီလိုဆိုတော့လည်း အချိန်တိကျ ကတိတည်သားပဲ။

"ဟော ပိုင်လေး လာ လာ ထိုင်"

သူ့ကို လှမ်းမြင်သွားသော မမနိုင်ခေါ်တော့ သူ ခေါင်းညိတ်ပြရင်း၊ ထိုင်ခုံဆီ လှမ်းခဲ့သည်။ မျက်ဝန်းတွေက အခုမှ မျက်နှာချင်းဆိုင်မြင်ရသော မမသူငယ်ချင်းကို ကြည့်မိ၏။

သူ့မျက်လုံးတွေ ပြူးသွားကာ ထိုင်ခုံမှာ ထိုင်ဖို့တောင် မေ့သွားသည့်အဖြစ်။

ဆုံပြန်ပြီ ဒီအမျိုးသမီးနဲ့မှ။ သက်ထားနှင့်ကတောက်ကဆဖြစ်ခဲ့သော သူမနှင့်သူ ကုသိုလ်ကံက ရေစက်ဆုံနိုင်လွန်းသည်လား။

"သား ထိုင်လေကွာ မိုးတိုးမတ်တပ်နဲ့"

ဒယ်ဒီ စိတ်မရှည်နိုင်စွာ သတိပေးမှ သူ အသိဝင်ကာ ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်လိုက်ရသည်။

သူ့မှာသာ ဒယ်ဒီ သတိပေးရလောက်အောင် သတိလက်လွတ်ဖြစ်သွားခဲ့တာဖြစ်သည်။ 'ကြယ်စင်ဝန်းခ' ဆိုသော သူမကတော့ သူ့

ဗျူး၀၁၆၀

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို တစ်ချက်ပဲကြည့်ကာ ဟန်မပျက်နေနေပုံက မမနိုင်တို့ ရိုပ်မိပုံပင်မရှိလိုက်ပါ။

သေချာသည်က သူ့ကို မမှတ်မိစရာ အကြောင်းမရှိပါ။

"ကြယ်စင် ဒါ ငါ့မောင်လေးလေ၊ မင်းမှုပိုင်တဲ့ နင် စာသင်ပေးရမှာ သူ့ကိုပဲ"

ဒုတိယအကြိမ် အကြည့်တို့ သူ့ဆီ စက္ကန့်ပိုင်းလေး ရောက်လာကာ နှုတ်ခမ်းပိပိရိရိလေးတွေနှင့်ပြုံးကာ အသိအမှတ်ပြု ခေါင်းညိတ်သည်။

"ပိုင်လေး ဒါ ပိုင်လေးကို စာသင်ပေးမယ့် မမနိုင် သူငယ်ချင်း ကြယ်စင်ဝန်းခ တဲ့"

"ဟုတ်ကဲ့ ခင်ဗျာ တွေ့ရတာ ဝမ်းသာပါတယ်"

သူ တမင်ပဲ ရိုကျိုးပြကာ ခေါင်းလေးညွတ် နှုတ်ဆက်လိုက်ပါသည်။ မမနိုင်ရှေ့မှောက်မှာမို့ ငြိမ်သက်နေရပေမယ့် လူကို မသိကျိုးကျွံပြုနေသော အမူအရာကြောင့် နည်းနည်းတော့ ခံပြင်းမိသည်။

မိန်းကလေးတန်မယ့် အလှအပကို အလေးအနက်မထားတတ်တာ ကြယ်စင်ဝန်းခရဲ့ အကျင့်စရိုက်လား။ တမင် စတိုင်ထွင်တာလားတော့ မသိပါ။

အခုလည်း သူ မြင်တွေ့နေသော မျက်နှာလေးမှာ ဘာမိတ်ကပ်မှ ခြယ်သမထားပါ။ နဂိုစိုလဲ့သော နှုတ်ခမ်းလေးသည်လည်း နဂိုအတိုင်းဖြစ်သည်။





ဆံနွယ်တွေကို အပြောင်လှန်သိမ်းကာ စုစည်းထားတာကလည်း ...သူ နှစ်ခါတွေ့စဉ်ကအတိုင်း မပြောင်းမလဲပါပဲ။

ဘာပဲဖြစ်ဖြစ် မပြင်မဆင်ဘဲ နဂိုနုညက်ဝင်းမွတ်သော မျက်နှာ...းသည် အခုလို နီးနီးကပ်ကပ် မြင်ရမှ ပိုလို့ ချောမောတာကို သူ ...ငြင်းနိုင်စွာ အသိအမှတ်ပြုရမှာ အမှန်။

"ပိုင်လေး ကြယ်စင်ကို ကိုယ့်ရဲ့ဆရာမတစ်ယောက်အဖြစ် ...်း လေးလေးစားစား ဆက်ဆံပါ၊ နားမလည်တာရှိရင် ပွင့်ပွင့်လင်းလင်း ...ပါ၊ မမနိုင်ကတော့ ကြယ်စင်ကို အပြည့်အဝ ယုံကြည်ပေးထားပြီး ...းနော်"

မမနိုင် စကားတွေက ထုံးစံအတိုင်း တိကျပြတ်သားသည်။ ...ဒီကလည်း ခေါင်းတညိတ်ညိတ်နှင့် မမနိုင်စကားကို ထောက်ခံနေရင်း

"သမီးလေးကို အန်ကယ်လည်း အာဏာကုန်လွှဲတယ်၊ သားကို ...တိုင်းကျ ဆုံးမနိုင်ပါတယ်"

ဒယ်ဒီ စကားကတော့ လိုတာထက် ပိုလွန်းနေသည်ထင်၏။ ...ယ်စင်ဝန်းခ အကြည့်တွေ သူ့ဆီရောက်မလာဘဲ ဒယ်ဒီကိုပဲ ပြုံးပြုံး...း ခေါင်းညိတ်ပြရင်း

"စိတ်ချပါ အန်ကယ်၊ နိုင်နဲ့ခွေးခွေးတိုင်ပင်ထားတဲ့အတိုင်း ...ယ်စင် တာဝန်ယူပေးမှာပါ၊ နိုင် နင့်ကို ကြိုတောင်းပန်ထားတဲ့အတိုင်း ...က်က အားလပ်တဲ့နှစ်ရက် စာသင်ပေးမယ်၊ ဒါဆို နင် လက်ခံမ...



www.burmeseclassic.com

www.burmeseclassic.com



"ရတာယ် ကြယ်စင် တစ်ပတ်မှာ နင်အားတဲ့နှစ်ရက် ကြိုက် အချိန်လာပါ အဆင်ပြေတယ်"

မမနိုင် စကားကြောင့် သူ မျက်မှောင်ကုပ်သွားမိသည်။ စာသ ချိန်က တိကျသော သတ်မှတ်ချိန်မရှိတာ မဖြစ်သင့်ဟု ထင်၏။

"ဟို ကျွန်တော် တစ်ခုပြောပါရစေ မမနိုင်"

မမနိုင်နှင့်ဒယ်ဒီတို့အကြည့်တွေ သူ့ဆီရောက်လာသည်။ ဘ ပြဿနာရှာဦးမှာလဲဆိုသော အကြည့်တွေဖြစ်၏။

"ဘာပြောချင်တာလဲ ပိုင်လေး"

"ဒီလိုပါ စာသင်ချိန်လေး တိတိကျကျ သတ်မှတ်ပေးဖို့ ဒါမှ ကျွန်တော့်ဘက်က"

"မင်းဘက်က ဘာလိုအပ်လို့လဲ၊ ကျောင်းသားတစ်ယောက် စာအတွက် အချိန်ပြည့်အသင့်ရှိနေရမယ်လေ ပိုင်လေးရဲ့"

"ဟုတ်ပါတယ် မမနိုင် ကျွန်တော့်ရဲ့ကျောင်းချိန်နဲ့ အဆင်မ မှာစိုးလို့ ပြောတာပါ"

ဒီတစ်ခါတော့ ကြယ်စင်ဝန်းခ အကြည့်တွေ သူ့ဆီ လွင့် ကျလာသည်။

"မင်း ကျောင်းချိန်ကို တို့သိထားတယ် မင်းမူပိုင်၊ ကျောင်း နဲ့အဆင်ပြေမယ့် စာသင်ချိန်ကို တို့ရွေးပေးမှာပါ၊ အထူးသဖြင့် စ တနင်္ဂနွေရက်ကိုပဲ အဓိကထား သတ်မှတ်သင်မှာပါ၊ ဒါပေမဲ့ တို့ မအ တဲ့အခါ စာသင်ချိန်လွတ်တဲ့ ညနေပိုင်း ဒါမှမဟုတ် မနက်ပိုင်း သင်





မှာပေါ့"

ကြယ်စင်ဝန်းခ ဖြေရှင်းချက်က အပိုအလိုမရှိ တိကျနေတော့ သူ ဘာမှမပြောနိုင်ပါ။ ရင်ထဲမှာတော့ အောင့်သက်သက် ခံစားရတာ မမနိုင် သုံးနှုန်းသလို သူ့ကို မင်းဟု ခေါ်လိုက်တာပဲ ဖြစ်၏။

"သမီးကြယ်စင် ပြောတာ အနက်ကယ်တော့ သဘောကျတယ်၊ သားဘက်က ဆရာမ သင်ကြားချိန်မှာ အသင့်ရှိနေရမှာပေါ့"

"ကဲ အားလုံး အဆင်ပြေပါတယ် ကြယ်စင်၊ ကျေးဇူးလည်း အရမ်းတင်ပါတယ်၊ ဒါနဲ့ နင် အိမ်ကိုလာရတာ အဆင်ပြေရဲ့လား"

"ပြေတယ် နိုင်၊ တိုက်ခန်းနဲ့ကားဂိတ်က သိပ်မဝေးပါဘူး"

"ဒါပေမဲ့ လိုင်းကားတွေက ကြပ်မှာပေါ့၊ နင် အဆင်ပြေအောင် ငါ ကားကြိုပို့ စီစဉ်ပေးလို့ရတယ်၊ အိမ်မှာမသုံးတဲ့ကားပို ရှိတယ် နင် အားနာစရာမလိုဘူးနော်"

မသုံးသောကားပိုဆို၍ သူ့ကို စီးခွင့်ပြုန်ရုပ်သိမ်းထားသော သူ့ရဲ့ ခဲပုပ်ရောင် လင်ခရူဆာကားပဲ ရှိသည်။ မမနိုင်က ဒီကားသစ် ကြီးကို ကြယ်စင်ဝန်းခအတွက် သုံးချင်နေသည်လား။

"ငါ့အတွက် အဲဒီလောက် မလိုဘူး နိုင်၊ လိုင်းကားဆိုတာ ငါနဲ့အဆင်ပြေပြီးသားပါဟာ၊ ငါ တောင်းပန်တယ် နင် မစီစဉ်ပေးပါနဲ့"

ကြယ်စင်ဝန်းခ အဖြေကြားမှပဲ သူ ကြိတ်သက်ပြင်းချနိုင်တော့ ၏။ မမနိုင် ဝယ်ပေးထားပြီး သူ စီးခွင့်ရတာ နှစ်ကြိမ်လောက်ပဲ ရှိသေး သည့် ကားကြီးကိုတော့ နမျောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် တစ်ခုပြောချင်တယ် သမီး၊ သားရဲ့စာသင်ပြခ အတွက် သမီး တစ်ပြားမှ မယူဘူးဆို"

"ဟုတ်ကဲ့ ခိုင်နဲ့ပတ်သက်တဲ့ကိစ္စကို ကြယ်စင် ဘယ်လိုအခ ကြေးငွေမှ မယူသင့်ပါဘူး၊ ဘာလို့လဲဆိုတော့ ခိုင်ရဲ့ကျေးဇူးတွေ ကြယ်စင် အပေါ်မှာ အများကြီးရှိလို့ပါ"

"မဟုတ်သေးဘူးလေ အန်ကယ်က သမီးပညာရေးအတွက် တန်ဖိုးသတ်မှတ်တာ မဟုတ်ဘဲ ဂုဏ်ပြုချင်တာပါ"

ဒယ်ဒီ့စကားကြောင့် ကြယ်စင်ဝန်းခ အကြည့်တွေ မမခိုင်ဆီ ရောက်သွား၏။ ဘာစကားမှ မဆိုကြဘဲ မမခိုင်နှင့်သူမကြားမှာ နားလည် နိုင်သော အသံမဲ့စကားတွေ ဆက်သွယ်နေသည်လားမသိ။

ဒယ်ဒီ့စကားကို ဖြေရှင်းတုံ့ပြန်လာတာ မမခိုင်ဖြစ်၏။

"ဒီလိုလုပ်ပါ ဒယ်ဒီ၊ ငွေကြေးသတ်မှတ်ချက်ကြီးက သမီးနဲ့ ကြယ်စင်ကြားမှာ မရှိဘူး၊ ဒီတော့ လခသတ်မှတ်ချက်ကြီး မထားပါနဲ့ ဟိုလေ ဒယ်ဒီ ဂုဏ်ပြုချင်ရင် ဒယ်ဒီ့သား ပိုင်လေး စာမေးပွဲအောင်မှ ကြယ်စင်ကို ဂုဏ်ပြုပေါ့၊ ကြယ်စင် ဒယ်ဒီဆန္ဒကိုတော့ မငြင်း ခွင့်ပြုပေးကွာ"

ကြယ်စင်ဝန်းခ တွေတွေလေး ဖြစ်သွားသေး၏။ ပြီးမှ ခေါင်း လေးညိတ်၏။

"အဲဒါ ကောင်းပါတယ် အန်ကယ်၊ ငါ ကျေနပ်ပါတယ် ခိုင်"

ဘာအထာလဲဟု သူ့စိတ်က မေးခွန်းထုတ်မိသည်။ ဒယ်ဒီက စေတနာနှင့်ပေးနေသော ငွေကြေးကို လက်မခံဘဲ ငြင်းဆိုရလောက်





…အောင် သူမရဲ့မာနတွေက တံခွန်ထူပြနေတာလား။

သူ အကဲခတ်ကြည့်ရသလောက် ဒီကိုလာတာတောင် တက္ကစီ …ငှမဟုတ်ဘဲ လိုင်းကားစီးလာခဲ့ရပုံရှိသည်။

တစ်ပတ် နှစ်ရက်နှင့် သူ့ရဲ့စာသင်နှစ်တစ်နှစ်လုံး ကြယ်စင် …န်းခက ပညာဒါန ပြုတာတဲ့လား။

ထိုမနက်က မမခိုင် ကျွေးမွေးသော မနက်စာ စားဖို့ကို သူမ …ငြင်းဆန်သွားပုံကလည်း လှပပါသည်။

"ငါ တကယ်အချိန်မရတော့လို့ပါ ခိုင်ရယ်၊ ဆယ်နာရီတိတိ …ာ ချိန်းထားတဲ့ အလုပ်ကိစ္စလေး ရှိလို့ပါ၊ နောင်ကြုံဦးမှာပဲဟာ"

မမခိုင်ကလည်း နားလည်စွာ ခေါင်းညိတ်ပေးခဲ့၏။

ခပ်သုတ်သုတ် ခြေလှမ်းတွေနှင့် ဧည့်ခန်းထဲက ထွက်သွား …သာ ကြယ်စင်ဝန်းခကို သူ ငေးကြည့်မိ၏။

ချောကလက်ရောင် အင်္ကျီပွပွလေးကို မီးခိုးရောင်ဘောင်းဘီ …ည်နှင့် တွဲဝတ်ဆင်ထားတာမို့ အရောင်မှိန်မှိန် အဝတ်အစားတွေပဲ …ဖြစ်၏။

ဒါပေမဲ့ သူမရဲ့ပြင်ဆင်စရာမလိုသော အလှကတော့ ထင်းထင်း …ကြီးပေါ်လွင်နေတာ အမှန်။

ထိုအလှနှင့်အတူ အပြုံးတောက်ပနေသော ကြယ်စင်ဝန်းခ၏ …နေ့တရားတွေကို သူ နားလည်ဖို့ ခက်ခဲနေသေးတာ အမှန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

စနေ၊ တနင်္ဂနွေ နှစ်ရက်စလုံး တွေ့ခွင့်မရသော သက်ထားကို

တနင်္လာနေ့မှာ သူ ဖုန်းဆက်ကြည့်တော့

"တို့ ဒီနေ့ မာမိနဲ့ လိုက်မသွားဘူး မင်းမှူရဲ့၊ မနေ့က ရှော့ပင်း

ထွက်ရင်း ပင်ပန်းသွားလို့ အိမ်မှာပဲ နေရစ်ခဲ့လိုက်တာ"

"ဒါဆို သက်ထား ဒီနေ့ ဘယ်မှမသွားဘူးပေါ့"

"ဟင့်အင်း မသွားဘူး၊ အိမ်မှာပဲရှိတယ်၊ ဘာဖြစ်လို့လဲ မင်း

ဒီနေ့ မင်းမှူ ကျောင်းတက်ရတာ မဟုတ်ဘူးလား"

"အင်း ကိုယ်အခု ကျောင်းက လှမ်းဆက်နေတာ ဟိုဒေ

ညနေ ကျောင်းဆင်းရင် သက်ထားနဲ့တွေ့ချင်လို့"

ဒီနေ့ မမခိုင် သူ့ကိုကျောင်းလိုက်ပို့ပေးတာ ဖြစ်ပေမယ့် ည



ဘုမ္မဗေဒီမှာ မီတင်အစည်းအဝေး ထိုင်ရမှာမို့ လာမကြိုနိုင်ပါ။ အိမ်က

ဒရိုင်ဘာ ဦးစိန်သန်းကို အကြိုခိုင်းမှာ ဖြစ်သည်။

"မင်းမှူ လာခဲ့လေ၊ တို့လမ်းထိပ်က ကြေးအိုးဆိုင်လေးမှာ

ဆုံကြတာပေါ့၊ မင်းမှူကိုလည်း တို့ ပြောချင်တာလေး ရှိလို့"

"ဟုတ်လား ကိုယ်လည်း သက်ထားကို စကားတွေ ပြောချင်

တာ ရှိတယ်"

"ဟုတ်ပြီလေ ဒါဆို မင်းမှူ ဘယ်အချိန်လောက် ရောက်မှာလဲ"

"ကိုယ် နေ့လယ်ပိုင်း အတန်းတွေ မတက်တော့ဘူး၊ ဒီတော့

တစ်နာရီလောက် ရောက်မယ်လေ၊ ကိုယ် ဆိုင်ရောက်ရင် လှမ်းဖုန်းဆက်

လိုက်မယ် ဖြစ်လား"

"ဖြစ်တာပေါ့ တို့ စောင့်နေပါ့မယ် ဒါပဲနော်"

သက်ထားကို တွေ့ချင်တာမို့ သူ့ဘက်က ရဲရဲတွာ ဆုံးဖြတ်ခဲ့ခြင်း

ဖြစ်သည်။ ကျောင်းတက်ရက်က တစ်ပတ်လောက်ပဲရှိသေးသည်။ အခုလို

အတန်းလစ်တာကိုသာ မမခိုင်သိရင် တကယ့်ပြဿနာဖြစ်သည်။

ဒါပေမဲ့လည်း သက်ထားကို တွေ့ချင်နေသည်။ သူ့ကို စာသင်

ပေးမည့် ဆရာမက ကြယ်စင်ဝန်းခ ဆိုတာ ပြောပြချင်၏။ ကြယ်စင်

ဝန်းခဆိုသည့်မိန်းကလေးက ဘယ်သူလဲဟု သက်ထားသိလျှင် အံ့ဩ

သွားမှာ မြင်ယောင်မိသေးသည်။

သက်ထား ဘာပြောမည်လဲ သိချင်ပါသည်။

မနက်ပိုင်း ကျောင်းချိန်တွေပြီးသည်နှင့် တက္ကစီနှင့် သက်ထား

www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်ဘက် ထွက်ခဲ့လိုက်၏။

သက်ထားတို့လမ်းထိပ်မှာရှိသော 'ရွှေအရသာ' ကြေးအိုးဆီချက်

ဆိုင်လေးရောက်တော့ သူ လှမ်းဖုန်းဆက်လိုက်၏။

"ရောက်နေပြီလား မင်းမူ၊ အိုကေ တို့ အခုပဲ ထွက်ခဲ့မယ်"

သူ အအေးဘူး တစ်ဘူးမှာသောက်ကာ စောင့်နေလိုက်သည်။ အပြင်ထွက်လျှင် သက်ထား ပြင်ဆင်ခြယ်သတတ်တာ သိနေသော သူ အချိန်တွေကို သည်းခံစောင့်ရဦးမည် ထင်ပါသည်။

သို့ပေမယ့် ဒီတစ်ခါတော့ ငါးမိနစ်တောင် မစောင့်လိုက်ရ သက်ထား၏လင်ခရူဆာ ကားဖြူကြီးက ဆိုင်လေးရှေ့ ထိုးရပ်လာသည်။

လိမ္မော်ရောင် လက်ပြတ်ကိုယ်ကြပ် အင်္ကျီလေးနှင့် ဂျင်းစကပ် ဒူးဖုံးရောင်လေးကို တွဲဖက်ဝတ်ဆင်ထားသော ချစ်သက်ထားသည် မျက် ဝန်းထဲမှာ ကြည့်ကောင်းနေတာ အမှန်ပဲဖြစ်သည်။

နေ့လယ်ခင်းမို့ လူရှင်းနေသော ဆိုင်လေးထဲမှာ တစ်ယောက် တည်းထိုင်နေသည့် သူ့ကို သက်ထား မြင်တွေ့ကာ ပြုံးပြုံးလေး လျှောက် လာသည်။

လွန်ခဲ့သော တစ်ပတ်ကျော်က သူ မြင်တွေ့ထားသော ချ သက်ထား၏ မဟော်ဂနီရောင်ဆံပင်တွေက ရွှေအိုရောင်လှိုင်းဖောက်ဆို ထားကာ စတိုင်အသစ်ပြောင်းနေတာ သတိထားမိ၏။

ဆန်းဒေးက ရှော့ပင်ထွက်ရင်း ဖြူတီဆလွန်းဝင်မည်ဆိုသော သက်ထားစကားကို သူ ပြန်ကြားယောင်မိ၏။





နုညက်နေသော မျက်နှာလေးကို ထင်ထင်ရှားရှားကြီး မပြင် ဆင်ထားပေမယ့် တို့ပတ်ပါးပါးလေး ရိုက်ထားကာ ခရမ်းရောင်နုနု ဆေး သားကို နှုတ်ခမ်းဖူးဖူးလေးမှာ ဆိုးခြယ်ထားသည်။

ဘယ်လိုပဲဖြစ်ဖြစ် ချစ်သက်ထား ဆိုသော မိန်းကလေးသည် လှသော မျက်နှာလေးကို ပိုပေါ်လွင်အောင် ပြင်ဆင်တတ်သူပဲ ဖြစ်၏။

"မင်းမူ စောင့်နေရတာ ကြာပြီလား"

"ငါးမိနစ်လောက်ပဲ ရှိသေးတယ်၊ သက်ထား ဘာစားမလဲ၊ ဘာသောက်မလဲဟင်"

သက်ထားက ကြေးအိုးဆီချက်တစ်ပွဲနှင့် စတော်ဘယ်ရီတစ်ဘူး မှာသောက်သည်။ ဖန်စီစိန်ပွင့်ဆွဲသီးလေးနှင့် ပလက်တီနမ်ကြိုးဖြူလေး ဆင်ထားသော သက်ထား မျက်နှာလေးကို သူ ငေးငေးလေး စိုက်ကြည့် မိသည်။

သက်ထားအလှတွေက စွဲမက်စရာကောင်းအောင် သူ့ကို ဖမ်း စားနိုင်တာ အမှန်။

"မင်းမူ ပြောစရာရှိလို့ဆို"

"သက်ထားလည်း ပြောစရာရှိတယ်ဆို၊ သက်ထားပြောတာ ကိုယ်အရင်နားထောင်ပေးမယ်"

သက်ထား ပြုံးပြုံးလေး ခေါင်းညိတ်သွားခဲ့တာ သူ့ရဲ့ဦးစားပေး ဂရုစိုက်မှုကြောင့်ဖြစ်မည်။

"ဆန်းဒေးက အဖြစ်အပျက်လေးပါ၊ အဟင်း အရမ်းရယ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ် သိလား၊ တို့နဲ့ ဟိုတစ်ခါ ဝင်တိုက်မိတဲ့ မိန်းမလေ မင်းမှု မှတ်မိလား''

အံ့သြမှုကြောင့် သူ မျက်ခုံးတွေ ပင့်တက်သွားမိ၏။ သက်ထား ပြောနေတာ ကြယ်စင်ဝန်းခ ဆိုတာ သူ သိလိုက်သည်။ သက်ထားနှင့် ကြယ်စင်ဝန်းခတို့ ထပ်ဆုံကြပြန်သည်လား။

''မှတ်မိတယ် ဘာဖြစ်လို့လဲ သက်ထား''

''ဆန်းဒေးက တို့တွေ ဂျန်းရှင်းမှာ ဈေးဝယ်ပြီး ဗိုက်ဆာလို့ ဆိုင်ထဲဝင်တော့ အဲဒီမိန်းမနဲ့ထိပ်တိုက်သွားတွေ့တာ သိလား၊ သူက တစ်ယောက်တည်း မဟုတ်ဘူး မင်းမှုရဲ့ ဘေးမှာ နိုင်ငံခြားသားတစ်ယောက်နဲ့ အကြည့်စိုက်နေကြတာ''

သက်ထား တွေ့ခဲ့ပုံကလည်း သူ တွေ့ခဲ့ပုံနှင့် တူနေတာမို့ စိတ်ထဲက အတွေးတွေ ဆင့်ပွားသွားမိသည်။ မမခိုင်က ကြယ်စင်ဝန်းခသည် အချိန်ပိုမရှိအောင် အလုပ်တွေများသည်ဟု ပြောဖူး၏။

သူမ အလုပ်က ဘာလဲ သူမသိပေမယ့် နိုင်ငံခြားသားတွေနှင့် ပတ်သက်နေသော အလုပ်လား တွေးချင်စရာ။

''လူကသာ မျက်နှာပြောင်နဲ့ မာတင်းနေတာ ကြံစည်လိုက်ရင်တော့ နိုင်ငံခြားသားနော်၊ တို့လည်း ကြည့်ရတာ အမြင်ကပ်လို့ မတော်တဆလိုလိုနဲ့ တမင်နောက်က ဝင်တိုက်ပစ်ခဲ့တာ၊ ဒီမိန်းမ စားလက်စ ခက်ရင်းနဲ့ဇွန်းတွေ လွှတ်ကျကုန်ရော အဟင်း ဟင်း''

သက်ထား သဘောကျစွာ ရယ်မောနေတာကို သူ မျက်လုံး





တွေ ပြူးကြည့်ရင်း

''သက် သက်ထား အဲဒီလို သွားလုပ်တယ်၊ သက်ထားတို့ ပြဿနာဖြစ်ကြရောလား''

''ဒီမိန်းမလား ဖြစ်ရဲမှာ သက်ထားကို မှတ်မိမှာ သေချာတယ်၊ အံ့သြပြီး မော့ကြည့်တယ်လေ၊ ကောင်းကောင်းလက်စားချေခဲ့တာပေါ့၊ သူ့တုန်းက သက်ထားကို ပြောခဲ့သလို ဆောရီးလို့ တစ်ချက်ပဲပြောပြီး လှည့်ထွက်ခဲ့လိုက်တာပေါ့''

လှပသော မျက်နှာလေးကို မာမာတင်းတင်းလေး ပြုံးထားကာ ပြောနေသော ချစ်သက်ထားကို သူ မယုံနိုင်စွာ ငေးကြည့်နေမိသည်။ ကြယ်စင်ဝန်းခလို မိန်းမတစ်ယောက်ကို လက်စားချေဝံ့ပြန်ရဲသည်တဲ့လား။

''အဟင်း တော်တော်ရယ်စရာကောင်းတဲ့ မိန်းမ၊ လူကော အလုပ်ပါ အဆင့်အတန်းမရှိပါဘူး''

သက်ထား ပျစ်ပျစ်နစ်နစ် ဝေဖန်နေသော စကားကို နားထောင်ရင်း သူ ကြယ်စင်ဝန်းခ မျက်နှာကို ပြေးမြင်ယောင်မိသည်။ မမခိုင်ရဲ့ အချစ်ဆုံးသူငယ်ချင်း၊ မမခိုင်ကိုယ်တိုင်က တော်သည်၊ ထက်မြက်သည်ဟု ချီးကျူးနေသော ကြယ်စင်ဝန်းခသည် သက်ထား ထင်မြင်သလို ဖြစ်နိုင်ဟု ထင်၏။

''ကဲ အရေးမပါတဲ့ ဒီမိန်းမအကြောင်း ထားလိုက်ပါတော့၊ မင်းမှု တို့ကို ပြောစရာရှိတယ်ဆိုတာ ဘာလဲဟင်''

သက်ထား မေးလာတော့ သူဖြေဖို့ တွန့်ဆုတ်သွားတာ အမှန်၊



www.burmeseclassic.com

www.burmeseclassic.com



သက်ထားကို ကြယ်စင်ဝန်းခအကြောင်း ပြောဖို့ ဖြစ်ပါ့မည်လား။

သက်ထား ရှုံ့ရှုံ့မှုန်းတီးနေသော မိန်းမတစ်ယောက်က သူ့ကို စာသင်ပြမည့် ဂိုက်တစ်ယောက်ဆိုတာ သက်ထားကိုပြောပြလို့ ဖြစ်ပါ့မည်လား။ သက်ထားထံမှ တုံ့ပြန်လာမည့်စကားတွေကို သူ ကြိုသိနေ၏။

"မင်းမှူ ဘာပြောမလို့လဲ"

"ဩော် ဘာမှတော့ မဟုတ်ပါဘူး၊ ကိုယ့်ကို စာသင်ပြမယ့် မမခိုင်ရဲ့ သူငယ်ချင်းနဲ့ မနေ့က ဆုံပြီးပြီ"

"ဟုတ်လား အဆင်ပြေတယ်မို့လား မင်းမှူ၊ မင်းမှူ မမ ရွေးချယ်စီစဉ်တဲ့ဂိုက်ဆိုတော့ တော်မှာပါ"

"အဲဒါထက် ကိုယ်စိတ်ညစ်နေတာ ဒီဆရာမက စာသင်ချိန် အတိအကျမပေးနိုင်တာပဲ၊ သူက မမခိုင်ကို ကူညီတဲ့သဘောနဲ့ သင်ပေးတာမို့ တစ်ပတ်မှာ သူ အဆင်ပြေတဲ့ နှစ်ရက် အဆင်ပြေတဲ့အချိန် လာသင်မှာတဲ့"

"ဟင် ဘယ်လိုကြီးလဲ မင်းမှူရဲ့"

"ဟုတ်တယ် သူ ဘာအလုပ်လုပ်သလဲ ကိုယ်မသိဘူး။ မမခိုင် ပြောပုံအရတော့ အလုပ်တွေပိနေတဲ့သူတစ်ယောက်ပဲ၊ မမခိုင်ကော ဒယ်ကပါ တော်တော် သဘောကျနေတော့ ကိုယ် တော်တော် စိတ်ညစ်တယ်"

ဆံပင်တွေထဲ လက်ချောင်းတွေကို ထိုးနှိုက်ရင်း သူပြောတော့ သက်ထား ပြုံးပြုံးလေး ကြည့်ကာ

"ဘာပဲဖြစ်ဖြစ် မင်းမှူရဲ့မမခိုင် စီစဉ်တဲ့ဂိုက်ဆိုတော့ မင်း





အတွက် အကောင်းဆုံးဖြစ်မှာပါ၊ ဒါနဲ့ ဆရာမနာမည်က ဘယ်သူလဲဟင်"

"ကြယ်စင်ဝန်းခ တဲ့"

"အလဲ့ နာမည်က အမိုက်စားပဲ ကဗျာဆန်လိုက်တာ"

သက်ထားနှုတ်က ချီးမွမ်းစကားကြောင့် သူ ပခုံးတွန့်မိသည်။ ကိုမြင်သွားသော သက်ထား မျက်မှောင်လေးကုပ်ကြည့်လာ၏။

"ဘာလို့လဲ မင်းမှူ၊ နာမည်နဲ့လူနဲ့ မလိုက်ဖက်ဘူးလား"

"အဲဒါကို ကိုယ် မသိဘူး၊ စိတ်မဝင်စားဘူး၊ ကိုယ်ညစ်နေတာ သက်ထားနဲ့တွေ့နိုင်မယ့်ရက်တွေ ကိုယ့်အတွက် ခက်ခဲကုန်လို့လေ၊ ဒီဆရာမ စာသင်ချိန်နဲ့ရက်က ကိုယ်ကြိုမသိနိုင်တော့ သူ ဖုန်းဆက်တာကို မိက ထိုင်စောင့်ရမယ့်ကိန်းဆိုက်နေပြီလေ"

"အဟင်း ဟင်း ကောင်းတာပေါ့၊ ဒါမှ မင်းမှူ ခြေချုပ်မိသွားမှာ"

ရယ်ရယ်မောမောလေး ပြောရင်း သူ့ကိုကြည့်နေသော ချစ်သက်ထား မျက်နှာလေးကို သူ ငေးစိုက်ကြည့်နေမိပြန်၏။

အမြဲတမ်း ဘယ်အချိန်ကြည့်ကြည့် နုညက်အောင် လှပသော သက်ထားကို သူ စိုးရိမ်ပါသည်။ မိခင်ဖြစ်သူရဲ့ စိန်တိုက်မှာ ထိုင်ရင်း သက်ထား တခြားသော ယောကျ်ားတစ်ယောက်နှင့် ဆုံတွေ့သွားလျှင်တော့ သူ နောက်ကောက်ကျတော့မှာ သေချာ၏။

"သက်ထား"

"ပြောလေ"

"ကိုယ် သက်ထားကိုချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ"

အံ့သြသွားသလို ပါးစပ်လေး အဝိုင်းသားနှင့် သက်ထား သူ့ကို ကြည့်သည်။ မထင်မှတ်သော သူ့စကားကြောင့် ရှက်သွေးတို့ ဖြာသွား သလား။ အကဲခတ်ကြည့်ရအောင် ပန်းနုရောင်သမ်းနေသော နဂိုပါးပြ လေးတွေကြောင့် ခက်ခဲနေခဲ့၏။

စက္ကန့်ပိုင်းမျှ ဝိုင်းဟသွားသော နှုတ်ခမ်းလေးတွေဆီက ရယ်သံ လွင်လွင်လေးတွေ ချက်ချင်း ထွက်ကျလာသည်။

"အဟင်း ဟင်း ဒါ နောက်ဆုံးပေါ် မော်ဒန်ရည်းစားစကား ထင်တယ်နော် အဟင်း ဟင်း"

"ဟာဗျာ မလှောင်ပါနဲ့ သက်ထားရယ်"

"အဟင်း ဟင်း လှောင်တာ မဟုတ်ပါဘူး၊ သဘောကျလို့ ဒီလိုရည်းစားစကားမျိုး ဒါ ပထမဆုံးကြားဖူးတာ တကယ် အဟင်း ဟင်း"

သက်ထား တကယ့်ကို အူလှိုက်သည်းလှိုက် ရယ်နေတော့ သူ အီလည်လည်ဖြစ်သွားရသည်။ ချစ်သက်ထားအတွက် သူနှင့်ပတ် သက်သော ရင်ခုန်လှုပ်ခတ်မှုမျိုး မရှိဘူးတဲ့လား။

နေယံကတော့ ပြောဖူးသည်။ သက်ထားမှာ လက်ရှိတွဲနေသော ချစ်သူမရှိဟု ဆိုသည်။ ကျောင်းမှာတုန်းက သက်ထား ချစ်သူတွေရှိနိုင် သည်။ သက်ထားလို မိန်းကလေးတစ်ယောက်ကို ဘယ်ယောကျ်ားလေး မဆို စိတ်ဝင်စားမှာ သေချာပါသည်။





"ဆောရီးနော် မင်းမူ တို့လှောင်တာ မဟုတ်ဘူး၊ တကယ် သဘောကျလို့ပါ"

သူ မျက်စိပျက်မျက်နှာပျက်သွားတာကို မြင်သွား၍ ထင်သည်။ သက်ထား အရယ်လေးတွေရပ်ကာ တောင်းပန်စကားဆိုသည်။

"မင်းမူနဲ့တို့ ဆုံကြတာ သုံးကြိမ်ထက် မပိုသေးဘူး၊ မင်းမူဆီ က ဒီစကား ကြားရမယ် ထင်မထားဘူးလေ"

"ကိုယ် သက်ထားကို တကယ်ချစ်တာပါ"

"တို့ ယုံကြည်နိုင်အောင် အချိန်ယူစဉ်းစားမယ်လေ"

"သက်ထား မယုံကြည်တဲ့သဘောလား"

"အမှန်ပြောရရင် အချစ်ဆိုတာကို တို့ မယုံကြည်သေးဘူး၊ ...င်ထဲက လေးလေးနက်နက် မခံစားဘူးတာလည်း အမှန်ပဲ၊ ကျောင်းမှာ ...ုန်းက ဒီစကားတွေ ယောကျ်ားလေးတွေ နှုတ်က အကြိမ်ကြိမ်ကြားဖူး ...ါတယ်၊ ရည်းစားမကျ သူငယ်ချင်းမကျ တွဲခဲ့ဖူးတာလည်း အမှန်ပဲ၊ ...ါပေမဲ့ တို့ ရင်မခုန်တတ်ခဲ့ဘူး၊ ဒါကြောင့် ဘယ်သူ့ကိုမှလည်း ချစ်ပါ ...ယ်လို့ မပြောခဲ့ဖူးဘူး"

ချစ်သက်ထား တကယ့်ကို တည်ငြိမ်လေးနက်သော မျက်နှာ ...လေးနှင့် ရှင်းပြနေတော့ သူ ငြိမ်သက်စွာ နားထောင်နေမိ၏။

"တို့ အလေးအနက် ပြောရဲတယ် မင်းမူ၊ အခုချိန်ထိ တို့နှလုံး ...ားက ယောကျ်ားတစ်ယောက်ကို မချစ်ခဲ့သေးဘူး၊ မင်းမူကိုတော့ ...တို့ တကယ် ခင်မင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆွေတစ်ယောက်ထက် မပိုနိုင်ဘူးလား သက်ထားရယ်"

"တို့ကိုယ်တိုင် ကြိုမသိနိုင်တဲ့ အနာဂတ်ကို မပြောတတ်ဘူး လေ၊ အချစ်ဆိုတာ လေးနက်ဆန်းကြယ်တယ်လို့ တို့ ယုံတယ်၊ ဒ် ကြောင့် မင်းမှုကို တို့ ချစ်နိုင် မချစ်နိုင်ဆိုတာ တစ်ချိန်ချိန်မှာ အဖြေ ပေါ်မှာပါ၊ ဒီလိုပြောလို့ ကြိုးရှည်ရှည်လှန်ထားတယ် မထင်ပါနဲ့ မင်းမှု တို့ မင်းမှုကို ဘာမှနှောင်ဖွဲ့မထားပါဘူး၊ အချိန်ကာလတစ်ခုတော့ နှစ် ယောက်စလုံးအတွက် လိုအပ်တယ်၊ မင်းမှုလည်း ကောင်မလေးတွေ ထားခဲ့ဖူးတာပဲလေ"

"မဟုတ်ဘူး သက်ထား အခု မတူပါဘူး"

"ရင်ထဲက ခံစားချက်ကို စကားနဲ့အလွယ်တကူ ဘာသာမပြန် ပါနဲ့ မင်းမှု၊ အချိန်ကာလတစ်ခုတော့ လိုအပ်တယ်၊ မင်းမှုတို့ကို တကယ် ချစ်သလား တို့ဘက်ကလည်း အဖြေမှန်ရှာကြည့်မယ်၊ အဲဒီအခါကျ နှစ်ယောက်စလုံး ခံစားချက်တွေ ညှိကြည့်ကြမယ်လေ"

သူ ပင့်သက်ရှိုက်မိ၏။ သက်ထား စကားတွေက သူ့ထက် တောင် လေးနက်နေတာတော့ အမှန်ဖြစ်သည်။ ဒါပေမဲ့ သေချာသော အချိန်ကာလတစ်ခုတော့ သူ သိချင်၏။

"ကောင်းပါပြီ သက်ထား၊ အခု ကိုယ်နဲ့သက်ထား အရင်းနှီး ဆုံး မိတ်ဆွေတွေအဖြစ် ရှိကြမယ်၊ ဒါပေမဲ့ သက်ထား ရင်ထဲက ခံစား ချက်ကို သိဖို့ အချိန်ကာလတစ်ခု သတ်မှတ်ပေးပါ"

"တို့ လက်ခံပါတယ် မင်းမှု၊ မင်းမှု အခုချိန်မှာ ပညာရေး





ရစိုက်လိုက်ဦး အဲဒီကာလ လွန်မြောက်သွားရင် တို့ ထပ်ဆွေးနွေးဝန်ခံ ကြရအောင်"

သူ ခေါင်းညိတ်လက်ခံမိပါသည်။ ချစ်သက်ထား ရင်ထဲက လေးနက်သော အချစ်တစ်ခုကို သူ ပိုင်ဆိုင်ချင်သည်။

အပြစ်ဆိုရက်စရာမရှိအောင် ချောမောသော ချစ်သက်ထား သည် အရာရာပြည့်စုံသူ၊ အလှအပကို ဂရုစိုက် ပြင်ဆင်တတ်သူဆိုသော သူ သိထားသည့်အချက်တွေထက် ပိုမိုသော အရည်အချင်းတွေ ရှိနေ သေး၏။

သေချာသည်က အချစ်ကို လေးနက်စွာ ခံစားတတ်အောင် ငင့်ကျက်နေသူတစ်ယောက်ဆိုတာ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ပိုင်လေး ညနေက ဦးစိန်သန်း လာကြိုတာ မစောင့်ဘဲ တက္ကစီနဲ့ ပြန်လာတယ်ဆို"

မမနိုင် မေးလာမည်ဟု မျှော်လင့်ပြီးသား ဖြစ်သည်။ ထို့အတွက်လည်း သူ့ဘက်က ဖြေရှင်းပြဖို့ စကားတွေ အသင့်ပြင်ဆင်ထား၏။

"ဟုတ်တယ် မမနိုင် ကင်တင်းနိမှာ သူငယ်ချင်းတွေနဲ့ ဝက်သားတုတ်ထိုးတွေ စားလိုက်တာ၊ ဗိုက်တွေအောင့်လာလို့ နေ့လယ်ပိုင်း စာသင်ချိန်တွေ ဆက်မတက်နိုင်တော့ဘူး၊ ဆရာမဆီ ခွင့်တောင်းပြီး ပြန်ခဲ့တာ၊ ဦးစိန်သန်းကိုလည်း ဖုန်းဆက်မခေါ်ချင်တော့လို့လေ"

သူ့အကြောင်းပြချက်က ခိုင်လုံနေတော့ မမနိုင် ဘာမှမပြောတော့ဘဲ ခေါင်းညိတ်သည်။





"အခုရော သက်သာနေပြီလား၊ ဆေးသောက်ထားသလား"

"ကျောင်းကပြန်ကတည်းက ဆေးခန်းဝင်လိုက်ရတယ်၊ ဆရာဝန်ပေးတဲ့ဆေးတစ်ခွက် သောက်လိုက်တော့ အတော်သက်သာပါတယ်၊ အခု သက်သာနေပြီ မမနိုင်"

"အေး အေး အစားအသောက်ကိုတော့ ဂရုစိုက်ပေါ့၊ အချဉ် အညီတွေ ဘာတွေ မတည့်ရင် မစားနဲ့လေ"

"ဟုတ်ကဲ့ပါ မမနိုင် ဆာဆာနဲ့ စားလိုက်လို့ လွန်သွားတာပါ"

"အဲဒါကြောင့် သားလေးကို မာမီပြောတာ၊ ဗိုက်ဆာရင် ထမင်းချိုင့်ထည့်ပေးမယ်လို့၊ မတည့်တာတွေ စားတော့ ဒုက္ခရောက်တာပေါ့"

ကျောင်းက ပြန်လာကတည်းက မာမီ စိုးရိမ်စွာ သူ့ကို နားပူတတ် ပြောခဲ့သည်။ မမကြီးကလည်း ဆေးရုံက ပြန်ရောက်တော့ ဆေးတွေတိုက်ခဲ့သေး၏။ အခုလည်း မာမီ ဝင်ပြောနေတာမို့

"ထမင်းချိုင့်ကြီး မကိုင်ချင် မယူချင်လို့ပါ မာမီရယ်၊ စိတ်ချ နောက်ဆို မတည့်တာ မစားတော့ဘူး"

မာမီ ကျေနပ်အောင် သူ ကတိလေး ပေးလိုက်မိသည်။ မမနိုင်က သူ့ကို လှမ်းကြည့်ရင်း

"ပိုင်လေး မုဒ္ဒဟူးနေ့ ညနေပိုင်း ကြယ်စင် လာလိမ့်မယ်နော်၊ ဒီလေး ကျောင်းဆင်းချိန် လာသင်ပေးမှာ၊ အဲဒီညနေပိုင်း သူ အားတယ်လို့ မမနိုင်ဆီ ဖုန်းလှမ်းဆက်တယ်"

"ဟုတ်လား ဒီတစ်ခါ သေချာပါတယ်နော် မမနိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ မသေချာဘဲ ကြယ်စင်က ဖုန်းဆက်မလား"

"မပြောတတ်ဘူးလေ၊ ဟိုတစ်ရက် စနေကလို ပျက်မှာစိုးလို့"

"ပိုင်လေး ကြယ်စင်က အလုပ်တွေတစ်ဖက်နဲ့ မင်းကို စာလာသင်ပေးရတာ၊ ပြီးတော့ ဘာငွေကြေးကြောင့်မှမပါဘဲ မမခိုင် အကူအညီတောင်းလို့ဆိုတာ မမေ့နဲ့၊ ပိုင်လေးကို တစ်ပတ်နှစ်ချိန် သူ အချိန်ပေးထားတယ်၊ တစ်ပတ်လုံး ကျောင်းမှာသင်ထားတဲ့သင်ခန်းစာတွေကို ပိုင်လေး ရှင်းအောင် ကြယ်စင် ရှင်းပြမှာ၊ ပိုင်လေး မသိတာ နားမလည်တာ မေးလို့ရတယ်"

မမခိုင်က ကြယ်စင်ဝန်းခကို သူမလေးမစား ပြောဆိုတာကို လက်ခံနိုင်ပုံမရဘဲ ထပ်ရှင်းနေ၏။ မာမီက ဘာမှမပြောဖို့ မျက်ရိပ်ပြကာ ညှိခန်းထဲက ထွက်သွားတာ သူတွေ့သည်။

ဒါပေမဲ့ သူ သိချင်တာကိုတော့ မမခိုင်ကို မေးမိပြန်၏။

"မမခိုင် မမခိုင် သူငယ်ချင်းက ဘာအလုပ်လုပ်တာလဲ၊ စပ်စုတာ မဟုတ်ဘူးနော်၊ ပိုင် သိထားချင်လို့ပါ"

သူ တည်တည်တံ့တံ့ အမူအရာလေးနှင့်မေးတော့ မမခိုင် သူနံဘေးက ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်သည်။

"ကြယ်စင်က စာတော်တယ်၊ ထက်မြက်တယ်၊ ပြီးတော့ ရည်မှန်းချက် ကြီးမားတယ်"

မမခိုင်ကတော့ အမြဲတမ်း သူငယ်ချင်းဘက်က ချီးမွမ်းခန်းဖွင့်တတ်တာ သူ သတိထားမိ၏။ အခုလည်း ကြယ်စင်ဝန်းခရဲ့ အရည်





အချင်းတွေကို အရင်ဆုံး ပြောပြနေသေး၏။

"ကြယ်စင်က ဘာသာစကားလေးငါးမျိုးလောက် ကျွမ်းကျင်ပိုင်နိုင်တယ် ပိုင်လေးရဲ့၊ လက်ရှိတော့ ပို့က်စတားဟိုတယ်ရဲ့ ဧည့်လမ်းညွှန်လုပ်နေတယ်၊ အချိန်ပိုင်း တာဝန်ယူပေးရတာလေ၊ ကျန်တဲ့ အားလပ်ချိန်တွေမှာ သူ တက်ချင်တဲ့သင်တန်းတွေ တက်နေတယ်"

ကြယ်ဖြူ ဟိုတယ်ဆိုတာ နာမည်ကြီး ဟိုတယ်ကြီးဟု သူ သိထားသည်။ ကြယ်စင်ဝန်းခက ဧည့်လမ်းညွှန်တဲ့လား။ ဒါကြောင့် သူမကို နိုင်ငံခြားသားတွေနှင့် သူ တွေ့ခဲ့တာကိုး။

"ကြယ်စင်က နိုင်ငံခြားအထူးဧည့်သည်တွေကို ဝန်ဆောင်မှုတွေပေးနေတဲ့ ပို့က်စတားမှာတော့ အရေးပါတဲ့သူတစ်ယောက်ပဲလေ၊ သူ တတ်ကျွမ်းထားတဲ့ ဘာသာစကားတွေနဲ့ လေ့လာထားတဲ့အတွေ့အကြုံတွေကြောင့် ဟိုတယ်ပိုင်ရှင်က အားကိုးရတဲ့သူ၊ ပြောရရင် ပိုင်လေးကို သူပေးထားတဲ့အချိန်တွေက သိပ်တန်ဖိုးရှိတယ်၊ ဒီအချိန်တွေနဲ့ သူဝင်ငွေတွေ အများကြီး ရနိုင်တယ်၊ ဒါပေမဲ့ မမခိုင်ရဲ့မျက်နှာကြောင့် ပိုင်လေးကို သူ စာလာသင်ပေးတာ"

သူ့အတွက် ဒီလောက်အထိ ပေးဆပ်နေရလျှင် ဒယ်ဒီ သတ်မှတ်ပေးသော ငွေကြေးကို ဘာကြောင့် လက်မခံတာလဲဟု သူ မေးလိုက်ချင်သည်။ ဒါပေမဲ့ မမေးဖြစ်ခဲ့ပါ။

"ကြယ်စင်က မိဘဆွေမျိုးသားချင်းတွေ မရှိကြတော့ဘူး ပိုင်လေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ကောင်ကြွက်ပေါ့"

"ဟုတ်တယ် တစ်ယောက်တည်းနဲ့ ရုန်းကန်ကြိုးစားခဲ့တဲ့သူပဲ၊ အရေးကြီးတာက သူ့ရဲ့စေတနာကို ပိုင်လေးဘက်က ကြိုးစားမှုနဲ့ အကောင်းဆုံး တုံ့ပြန်ပေးဆပ်ဖို့ လိုတယ်"

မမခိုင် ကျေနပ်အောင် ခေါင်းညိတ်ပြလိုက်ရပေမယ့် ကြယ်စင်ဝန်းခ၏မာနရိပ်တို့ ထင်သော မျက်နှာကို မြင်ယောင်ကာ သူ အလိုမကျချင်ပါ။

ဘာကိုမှ ဂရုမစိုက်သော အသွင်၊ သူမကို ထိလျှင် ချက်ချင်း ပက်ခနဲ တုံ့ပြန်ဖို့ ဝန်မလေးတတ်သော စရိုက်နှင့် တစ်ချက်လေးတောင် မယိုင်တတ်သော မာနကတော့ နည်းနည်း ပိုလွန်းသည့်ထင်၏။

ပြီးတော့ ကြယ်စင်ဝန်းခသည် သူနှင့်ဆုံဖူးတာကိုလည်း မမခိုင်ကို ပြောပြထားပုံမရှိပါ။ ဘာကြောင့် မပြောတာလဲဆိုတာကိုလည်း သူ စဉ်းစားမရပါ။

သူ့ကို မမှတ်မိတာတော့ မဟုတ်တာ သေချာ၏။ နှစ်ကြိမ်တောင် ဆုံဖူးသည်။ ဒါပေမဲ့ ထိုနှစ်ကြိမ်စလုံးက သူ့အတွက်တော့ မလှပတာ အမှန်။

သက်ထားနဲ့တုန်းကလည်း ပြဿနာ၊ ဝေဝေမောင်နဲ့တုန်းကတော့ ပိုလို့တောင် အကျည်းတန်ပါသည်။

ဒီလိုအခြေအနေတွေနှင့် ကြုံတွေ့ခဲ့သော သူ့အပေါ် ကြယ်စင်ဝန်းခရဲ့အမြင်တွေကတော့ အကောင်းမြင်ထားပုံ မရှိမှာ သေချာ၏။

ပျူး၊ စာ၁၉၀ပ



မမခိုင် ရွေးချယ်ပေးထားသော ကြယ်စင်ဝန်းခနှင့်သူ ရေရှည်မှာ အဆင်ပြေပါ့မည်လား။

လွယ်တော့မလွယ်ဘူး ထင်ရဲ့။

■ ■ ■

ပျူး၊ စာ၁၉၀ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ပိုင်လေး ညနေသုံးနာရီတိတိမှာ ကြယ်စင် စာသင်ဖို့ ရောက်လာလိမ့်မယ်၊ အိမ်ရောက်ရင် အဆင်သင့်ပြင်ပြီး စောင့်နေနော်"

သူ ကျောင်းကအပြန် ဦးစိန်သန်း မောင်းသော ကားပေါ်မှာ ရှိတုန်း မမခိုင် ဖုန်းဆက်ပြောစဉ်က နှစ်နာရီခွဲသာ ရှိသေးသည်။

အိမ်ပြန်ရောက်တော့ သုံးနာရီထိုးဖို့ နှစ်ဆယ့်ငါးမိနစ်လောက် အချိန်ရပါသည်။

"သား ပိုင်လေး သုံးနာရီ ဆရာမလာမှာနော်၊ လုပ်စရာရှိတာ လုပ်ထား၊ ထမင်းစားမလားဟင်"

မာမီကပါ အိမ်ရောက်သည်နှင့် သတိပေးလာတာ မမခိုင် ဖုန်းဆက်ပြီးပြောထား၍ပဲ ဖြစ်မည်။ တကယ့်ကို အချိန်အတိအကျနှင့်





သူ့ကို စက်ရုပ်တစ်ရုပ်လို လှုပ်ရှားစေခိုင်းနေခြင်းလား။

စိတ်ထဲက ကြိတ်ပြုံးရင်း မာမီကို ခေါင်းညိတ်ပြလိုက်၏။

"ငါးမိနစ်လောက် နားပြီး ရေချိုးဦးမယ် မာမီ၊ ထမင်းတော့ မလုပ်ပါနဲ့၊ ကော်ဖီနဲ့ပေါင်မုန့် ကြက်ဥကြော်လေးပဲ စီစဉ်ခိုင်းလိုက်၊ စာသင်ရင် ဗိုက်လေးပြီး အိပ်ချင်နေမှာစိုးလို့"

"အေး အေး မာမီ စီစဉ်ခိုင်းလိုက်မယ်၊ မြန်မြန်ဆန်ဆန်လေး လုပ်နော် သား၊ ဆရာမက စာသင်ဖို့ စောင့်နေရရင် မကောင်းဘူး"

မမခိုင်ကို ကြောက်တာပဲလား၊ ကြယ်စင်ဝန်းခကို အားနာတာ ကြောင့်ပဲလားတော့ မသိပါ။ မာမီကိုယ်တိုင် ထပ်သတိပေးနေ၏။

သူ ခေါင်းညိတ်ပြပြီး အဝတ်အစားတွေ လဲဖို့ အခန်းထဲဝင်ခဲ့လိုက်သည်။ အဝတ်အစားတွေလဲပြီးတော့ အခန်းထဲက ဒရင်ဘက်ပေါ်က ဝင်ထိုင်လိုက်သည်။

ကိုယ့်အစီအစဉ်နှင့်ကိုယ် တမင် ဆယ်မိနစ်လောက် အချိန်ဖြုန်းပြီးမှ ရေချိုးခန်းထဲ ဝင်ခဲ့လိုက်၏။

ရေမိုးချိုး အဝတ်အစားလဲပြီး စားသောက်ခန်းဘက် ထွက်ခဲ့တော့ သုံးနာရီထိုးဖို့ ငါးမိနစ်သာသာလောက်ပဲ လိုတော့၏။

"သား စားလေ သုံးနာရီထိုးတော့မယ်"

"မာမ့်သမီး သူငယ်ချင်းကတောင် မရောက်သေးဘူး၊ လောနေပါနဲ့ မာမီရာ၊ ကော်ဖီလေး သောက်ပါရစေဦး"

သုံးနာရီ စာသင်မည့် ကြယ်စင်ဝန်းခက အခုထိမရောက်သေး



www.burmeseclassic.com

www.burmeseclassic.com



တာမို့ သူ မာမီကို အတွန့်တက်မိ၏။

သူ ကော်ဖီသောက်နေတုန်းမှာ ဧည့်ခန်းဆီက အသံတွေ ကြား ရသည်။ ကြယ်စင်ဝန်းခ ရောက်လာကာ မာမီနှင့်စကားပြော နှုတ်ဆက် နေသံတွေ ဖြစ်သည်။

နာရီကို ငုံ့ကြည့်တော့ သုံးနာရီထိုးဖို့ နှစ်မိနစ်သာသာပဲလိုတော့ သည်။

ဒီတစ်ခါတော့ တကယ့်ကို အတိအကျပါလားဟု တွေးရင် နောက်ဆုံးလက်ကျန် ကော်ဖီကို မော့သောက်နေတုန်း မာမီ ရောက်လာ

“သား ပိုင်လေး ဆရာမရောက်နေပြီ”

“တစ်ခုခုနဲ့ ဧည့်ခံထားလိုက်ဦး မာမီ၊ ဒီမှာ သား ရေအိမ်တက် ချင်လို့”

“ဟယ် ပိုင်လေးကတော့ လုပ်ပြီ”

“အာ မာမီကလည်း လွယ်ထားလို့ မရတဲ့အန္တရာယ်လေ”

“ကဲ ကဲ မြန်မြန်သွား ပိုင်လေး၊ မာမီ ဧည့်ခံထားလိုက်မယ်”

ကြယ်စင်ဝန်းခကို ဧည့်ခံဖို့ မာမီ ကော်ဖီတွေ ဖျော်နေချိန် သူ ရေအိမ်ရှိရာဘက်ကို ထွက်ခဲ့လိုက်သည်။

ရေအိမ်ထဲမှာ ထိုင်ကာ ဂျာနယ်တစ်စောင်ကိုဖတ်ပြီး အ ဖြုန်းလိုက်သည်။ ပြီးမှ အခန်းထဲက စာအုပ်တွေကို သူယူသည်။ ဧည့် ကို ထွက်ခဲ့ချိန်မှာ သုံးနာရီနှင့်ဆယ်မိနစ်နီးပါး ရှိနေပြီ။

မာမီနှင့်အတူ ထိုင်နေသော ကြယ်စင်ဝန်းခရှေ့က ကော်ဖီ





က တစ်ငုံမျှသာ သောက်ထားသေး၏။ မုန့်ပန်းကန်ထဲက မုန့်တွေကလည်း အရာယွင်းပုံမရှိ။

မာမီ ဧည့်ခံတာကို အားနာပါးနာ မကောင်းတတ်လို့ တစ်ငုံ သောက်ထားပုံရ၏။

“ဟော သား ပိုင်လေး ဒီမှာ ဆရာမက စောင့်နေတာ အား နာစရာကွယ်”

သူ ပခုံးတစ်ချက်တွန့်ရင်း ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်ဖို့ ဟန်ပြင် လိုက်စဥ်မှာပဲ ကြယ်စင်ဝန်းခ အသံက ထွက်ပေါ်လာ၏။

“စာသင်မယ့် အခန်းကို သွားရအောင် အန်တီ ခွင့်ပြုပါဦး”

မမနိုင် စီစဥ်ပေးထားသော ဧည့်ခန်းနှင့်ကပ်လျက် ဒယ်ဒီရဲ့ စာကြည့်ခန်းထဲ ကြယ်စင်ဝန်းခ လှမ်းသွားတော့ သူ မတ်တပ်ရပ်နေမိဆဲ။

“ပိုင်လေး သွားလေ”

မာမီက သူ့ပခုံးလှမ်းပုတ်ကာ သတိပေးမှ သူ လိုက်ခဲ့ရ၏။ သူ့ကို ထိုင်ခွင့်တောင် မပေးဘဲ လုပ်ပုံက ဆရာမကြီးပုံစံ။

လေဝင်လေထွက်ကောင်းသော မှန်တံခါးတွေနှင့် ဒယ်ဒီရဲ့ စာ ကြည့်ခန်းလေးထဲမှာ စားပွဲတစ်လုံးနှင့် ထိုင်ခုံနှစ်ခုံအသင့်။ နံရံမှာလည်း ဘုတ်တစ်ခုရှိသည်။

အားလုံးကို မမနိုင် စီစဥ်ပေးထားတာ ဖြစ်၏။

စားပွဲက ထိုင်ခုံမှာ သူ ဝင်ထိုင်လိုက်ပေမယ့် ကြယ်စင်ဝန်းခ မထိုင်သေးဘဲ သူ့ကို စိုက်ကြည့်နေ၏။ အကြည့်တွေက စူးရဲသလို



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုကို အလိုမကျဟန်လည်း အထင်းသား။

"မင်းကို စာသင်ချိန်မှာ တိတိကျကျ လိုက်နာရမယ့် စည်းကမ်းတွေ ပြောထားမယ် မင်းမူပိုင်"

အမိန့်သံဆန်သော လေသံကို မကျေနပ်သလို သူ မျက်မှောင်ကုပ်ကြည့်တော့ ကြယ်စင်ဝန်းခ အကြည့်တွေကလည်း ရုပ်သိမ်းမသွားခဲ့တဲ

"တို့စာသင်ချိန်က နှစ်နာရီသတ်မှတ်ထားတယ်၊ ဒီနေ့ဆို သုံးနာရီကနေ ငါးနာရီအထိပေါ့၊ စနေ တနင်္ဂနွေလို နေ့မျိုးဆိုရင် စာသင်ချိန် တစ်နာရီလောက် တိုးပေးနိုင်အောင် စီစဉ်ထားတယ်၊ အဲ အရေးကြီးတာက စာသင်ချိန်ကို မင်းဘက်က အတိအကျ လိုက်နာရမယ်"

သူ ဒီနေ့ ဆယ်မိနစ်ကျော် နောက်ကျခြင်းအတွက် ကြယ်စင်ဝန်းခ မကျေနပ်နိုင်တာ ထင်ရှားနေ၏။ မာတင်းတင်း မျက်နှာလေးပေါ်မှာတော့ ဒေါသရောင်စဉ်တွေကို ထိန်းသိမ်းထားနိုင်တာ အံ့ဩစရာပါပဲ

"ဒီနေ့ ဆယ်မိနစ်ကျော် မင်းနောက်ကျတယ် မင်းမူပိုင်"

"အဲဒါ ကျွန်တော်"

"တို့စကားမဆုံးသေးဘူး မင်းမူပိုင်၊ တို့ပြောချင်တာက မင်းကိုတို့ဘက်က ကြိုတင်ပြီး ပြောတယ်၊ မင်းဘက်က အသင့်ပြင်ဆင်စောင့်နေဖို့ လိုအပ်တယ်၊ တို့ကလည်း အတိအကျ ရောက်အောင်လာပေးမယ်၊ ဒါကို ဘယ်လိုအကြောင်းပြချက်နဲ့မှ မင်း ငြင်းဆိုခွင့်မရှိဘူး"

မာနနှင့် အထက်စီးဆန်လွန်းသော လေသံက သူ လက်ခံနိုင်စွမ်းမရှိအောင် မာကြောသည်။ မျက်နှာချောချောလေးနှင့် မလိုက်ဖက်





အောင်ပါပဲ။

"ဒါကို မင်း သဘောတူမှ တို့စာဆက်သင်လို့ ဖြစ်မယ် မင်းမူပိုင်၊ မင်းဆုံးဖြတ်ပါ"

သူ့မှာ ငြင်းခွင့်မရှိမှန်း သိလျက်နှင့် မေးနေတာတော့ ခံရခက်ဖြစ်ရ၏။ မမနိုင်နှင့် သူ ပြဿနာဖြစ်အောင်လုပ်နေတာပဲ ဖြစ်မည်။ အခုချိန်မှာ သူ့ဘက်က လျှော့ပေးရမှာ နားလည်နေ၏။

"ကောင်းပြီ ကျွန်တော် ဒီနေ့ နောက်ကျတာ တောင်းပန်ပါတယ်"

"တောင်းပန်စကားကို တို့ကြားချင်တာ မဟုတ်ဘူး မင်းမူပိုင် နောက်နောင် ဒါမျိုးမဖြစ်ဖို့ ကတိကိုလိုချင်တာ"

တမင် သူ့ကို ဦးချိုးနေတာလား မသိပါ။ ရင်မှာခံရခက်စွာ ကြိတ်ရင်း သူ ခေါင်းညိတ်လိုက်၏။

"ကျွန်တော် ကတိပေးပါတယ်"

"ကောင်းပြီ မင်းဘက်က ကတိပေးသလို တို့ဘက်က တိကျရမယ်၊ ကဲ ဒီတစ်ပတ် သင်ထားတဲ့ သင်ခန်းစာတွေ တို့ကိုပြပါ၊ ပြီးရင် မင်းကို တို့ရှင်းလင်းပြမယ်"

လက်ထဲမှာ ကိုင်ထားမိသဲ့ စာအုပ်တွေကို ကြယ်စင်ဝန်းခထံ ကမ်းပေးလိုက်မိသည်။

ရင်ထဲမှာတော့ တနုံ့နုံ့ခံစားနေရသော အလိုမကျမှုတွေကို မျိုသိပ်ထားရသည့်အဖြစ်မှာ . . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ဒီလို အခြေအနေမျိုး ကြုံဆုံလာရလိမ့်မည်ဟု ဝန်းခ ကြိုတ
မျှော်လင့်ထားခဲ့ပြီးဖြစ်သည်။

ဒါပေမဲ့ အခုလောက်ထိ မြန်ဆန်စွာ ရင်ဆိုင်ကြုံရလိမ့်မည်
တော့ ထင်မှတ်မထားခဲ့ပါ။ အခုတော့ သင်းကလေးက ပထမဆုံးနေ့
ပဲ ဝန်းခကို သွေးတိုးစမ်းလာတာ ကြုံလိုက်ရ၏။

နိုင့်ကို ကြိုတင်ဖုန်းဆက်ထားသည့်အတိုင်း စာသင်ချိန်အတွ
သုံးနာရီလောက် ဝန်းခဘက်က တိကျစွာ ရောက်အောင်သွားခဲ့သည
ဒါကို မင်းမှူပိုင်က အလေးမထားဟန် လုပ်ပြလိုက်တာ ဖြစ်၏။

"သား ကျောင်းကပြန်ရောက်လို့ ရေမိုးချိုးပြီးနေပြီ သမီး
ဗိုက်ဆာလို့တဲ့လေ ထမင်းတောင်မစားဘဲ ကော်ဖီနဲ့ပေါင်မုန့်ပဲ စားမ





ဆိုလို့ ပြင်ပေးထားတယ်၊ ထမင်းစားရင် ဗိုက်လေးပြီး စာသင်ချိန်
အိပ်ချင်မှာစိုးလို့တဲ့ အဟင်း"

နိုင် မာမီ ဒေါ်မှူမှူအောင်က ဝန်းခ ရောက်လာတော့ ဆီးကြို
ရင်း ပြောလာစဉ်ကတော့ မဆိုးပါလား ထင်မိသေးသည်။ ဒါပေမဲ့ သား
ဖြစ်သူကို ခေါ်ဖို့ထွက်သွားသည့် ဒေါ်မှူမှူအောင် ကော်ဖီဘန်းလေးကိုင်ကာ
ပြန်ရောက်လာ၏။

"ကော်ဖီသောက် မုန့်စားဦးနော် သမီး၊ ဟို ပိုင်လေး ရေအိမ်
ဝင်နေလို့"

မင်းမှူပိုင်တော့ လုပ်နေပြီဟု ဝန်းခ ချက်ချင်းသိပါသည်။ ငြင်း
ဆယ်မကောင်းတာမို့ ကော်ဖီကို တစ်ငုံသောက်ကာ စောင့်လိုက်ရသည့်
ဆယ်မိနစ်မှာတော့ ဝန်းခ စိတ်တွေ တိုချင်နေပြီ။

"ငါ့မောင်လေးက နည်းနည်း ကိုင်တွယ်ရခက်တယ် ကြယ်စင်
ရေ၊ ဒါပေမဲ့ နင် နိုင်နင်းမယ်လို့ ငါယုံတယ်၊ အရေးကြီးတာ သူ ဖိုင်
နယ်အောင်ပြီး ပေါ့ပေါ့နေတတ်တဲ့ညာဉ်လေး ပျောက်သွားစေချင်လို့ဟာ"

နိုင်က သူ၏တစ်ဦးတည်းသော မောင်ငယ်လေး မင်းမှူပိုင်
အကြောင်းတွေ ပြောခဲ့သည်။ နောက်ဆုံးနှစ်မှာ လူငယ်ပီပီ အာရုံလွင့်
တာ ဖိုင်နယ်တန်းကျသည်တဲ့။

အပြင်ကျူရှင်နှင့် တခြားသော ဂိုက်တွေ မငှားဘဲ နိုင် အကူ
အညီတောင်းလာတာ ဝန်းခ မငြင်းဆိုနိုင်ပါ။ နိုင်မှူနွယ်ဆိုသော သူငယ်
ချင်းသည် ဝန်းခအပေါ်မှာ ကျေးဇူးများစွာ ရှိခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ဝန်းခဲဘက်က တတ်နိုင်သလောက် ကူညီပေ
ဖို့ ဆုံးဖြတ်ထားခဲ့သည်။

မင်းမူပိုင် ဆိုသော နိုင်ရဲ့မောင်လေးကို စတွေ့မြင်လိုက်ရချိ
မှာ ဝန်းခ အံ့ဩသွားမိ၏။

မှတ်မှတ်ထင်ထင်ကို ဆုံခဲ့သိခဲ့သည့် မျက်နှာဖြစ်နေသည်
ဟိုတယ်က အထွက်မှာ ဒီချာတိတ်နှင့် တွဲလျှောက်လာသော မိန်းကလေ
နှင့် ဝန်းခ ပြဿနာဖြစ်ဖူးသည်။

ရုပ်ကလေး လှပသလောက် ဇိဇာအလွန်ကြောင်သော ကော
မလေးကို ဝန်းခ စိတ်တိုခဲ့ရဖူး၏။

နောက်တော့ ချာတိတ်ကို ထပ်ဆုံတာ စားသောက်ဆိုင်တစ်ဆို
ထဲမှာ ဖြစ်၏။ ချာတိတ်နံဘေးမှာ တွေ့ရတာ ဇိဇာကြောင်သော မိန်း
ကလေး မဟုတ်တော့ဘဲ တခြားတစ်ယောက် ဖြစ်နေ၏။

ဆိုင်ထဲလာကာ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ရန်ဖြစ်နေပြ
တာတော့ ကြားလို့မြင်လို့ မသင့်တာ အမှန်။ နားမထောင်ပါဘဲ ကြားနေ
သော စကားတွေအရတော့ မင်းမူပိုင်ဆိုသော ချာတိတ်လေးသည် 
ရှုပ်ရှုပ်လေးဆိုတာ သိလိုက်ရ၏။

နောက်တော့ မဆုံလိုသော မိန်းမဆိုးလေးကို ထပ်ဆုံရပြန်
သည်။ နိုင်ငံခြား ဧည့်သည်တွေနှင့် နံနက်စာ စားနေသော ဝန်းခ
တမင်နောက်က ဝင်တိုက်ခြင်းဖြစ်သည်။

လက်ထဲက ဖွန်း၊ ခက်ရင်းတွေတောင် လွတ်ကျခဲ့တာမို့ ဝန်း





ထောင်းခနဲ ဒေါသထွက်ရသေး၏။ မော့ကြည့်တော့ မထီတရီပြုံးလျက်
ဆောရီး ဆိုသော စကားတစ်ခွန်းဆိုကာ ထွက်သွားပုံက တမင် လက်
စားချေခြင်းဆိုတာ ထင်ရှားလွန်းနေ၏။

အနားမှာ ဧည့်သည်တွေ မပါခဲ့လျှင် ဝန်းခ ချက်ချင်း လိုက်
သွားကာ ထိပ်တိုက်ရင်ဆိုင်မိမှာက အသေအချာ။

ရုပ်လေး ချောမောသလောက် မာနအတ္တတွေ ကြီးမားလွန်းနေ
တာ ဘယ်လို မိန်းကလေးလဲ။

အလှဂုဏ် ငွေဂုဏ် မာနတက်နေသော မိန်းကလေးတစ်
ယောက်ပဲ ထင်၏။

မင်းမူပိုင်ဆိုတာ ထိုမိန်းကလေးနှင့်ပတ်သက်နေသူ။ ပြီးတော့
အရှက်မဲ့သော၊ ဆင်ခြင်ဉာဏ်မဲ့သော မိန်းကလေးနှင့်လည်း တွဲနေသည့်
ခပ်ရှုပ်ရှုပ်ကောင်လေးပါပဲ။

ထိုကောင်လေးဟာ နိုင်ရဲ့မောင်လေး ဖြစ်နေတာ အံ့ဩမိ၏။

စာစသင်သည့်နေ့မှာပဲ သင်းကလေးက အမောက်ထောင်ပြ
သာတာတော့ ဝန်းခ လက်မခံနိုင်ပါ။

ယုံကြည်စွာဖြင့် နိုင် အပ်နှံထားသော မင်းမူပိုင်ကို ခပ်ဟဟ
ပြတ်ပြတ်ပဲ ဝန်းခ ပြောဆိုဆက်ဆံပစ်လိုက်၏။

မင်းမူပိုင် ဆိုသော ချာတိတ် မကျေမနပ်နှင့် သူ့ကို ကတိပေး
ခဲ့ပုံက မှန်ကုပ်ကုပ်။

ဘာပဲဖြစ်ဖြစ် ကျန်သော စာသင်ချိန်တွေကိုတော့ မင်းမူပိုင်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ငြိမ်သက်သက် နာခံခဲ့သည်။

ဒီကောင်လေးကိုတော့ ဝန်းခ သတိထားကိုင်တွယ်ရမှာ သေချာသည်။ အထူးသဖြင့် ဝန်းခဘက်က အလျှော့ပေးလို့ မဖြစ်ပါ။

အတွေးစတွေကို စားပွဲပေါ် တင်ထားသော ဟန်းဖုန်းမြည်သံလေးက လှုပ်နိုးလာ၏။

တည်ခန့်ထည် ဆီက ဖုန်းပဲဖြစ်မည်ထင်သည်။ ဖွင့်နားထောင်လိုက်တော့လည်း မလွဲပါ။

"ပြောလေ တည်ခန့်"

"ညနေ လေးနာရီခွဲလောက်က ဖုန်းဆက်သေးတယ်၊ ကြယ်စင် ဖုန်းပိတ်ထားတယ်"

"သြော် ဟုတ်တယ် နိုင့်မောင်လေးကို စာသွားသင်ပေးနေလို့လေ၊ သုံးနာရီက ငါးနာရီထိ ပိတ်ထားတာ"

"သြော် ဆောရီး ငါမေ့သွားတယ်၊ ဘယ်လိုလဲ အဆင်ပြေရဲ့လား၊ နိုင် မောင်လေးက လူဆိုးလေးလား"

"အင်း ဒီလောက်တော့ မဆိုးပါဘူး၊ ဒါပေမဲ့ သိတဲ့အတိုင်း လူငယ်ဆိုတော့ ကိုင်တွယ်ရတာ တစ်မျိုးပေါ့"

"အင်း ကြယ်စင်က အားနာလွန်းတာပါ၊ အကြောင်းပြ ငြင်းလိုက်ရင်လည်း ရရက်နဲ့"

"အားနာတာ မဟုတ်ဘူးလေ တည်ခန့်ရဲ့၊ ဒါ ကူညီပေးသင့်တဲ့ လူ၊ ငြင်းပယ်ရမယ့်အလုပ်မှ မဟုတ်တာ၊ တည်ခန့် သိပါတယ်"





တစ်ဖက်က တည်ခန့်ထည်၏ ပင့်သက်ရှိုက်သံလေးကို ကြားမိ၏။

"ဟုတ်ပါတယ် ငါက နင်ပင်ပန်းလို့ ပြောတာပါ၊ နင့်မှာက အချိန်ပိုမှမရှိဘဲ ကြယ်စင်၊ အလုပ်တွေနဲ့ သင်တန်းနဲ့ အခု နားချိန်လေးကိုပါ ဖဲ့ပေးလိုက်ရလို့ပါ"

"ပြဿနာ မရှိပါဘူး၊ သင်တန်းချိန်တွေကတော့ ငါ့အတွက် အပန်းဖြေစရာ အချိန်တွေပဲလေ ကဲ နင် ဖုန်းဆက်တာ ဘာကိစ္စလဲ တည်ခန့်"

အလုပ်ကိစ္စပေါ်လာသည်လားဟု သိချင်စိတ်နှင့် ဝန်းခ မေးတော့မှ တည်ခန့်ထည် လိုရင်းကို ရောက်တော့၏။

"ဟုတ်တယ် ကြယ်စင် လာမယ့် ဖရိုက်ဒေးကျရင် ဥရောပက ဧည့်သည်အုပ်စု လာမယ်၊ သူတို့ ရန်ကုန်မှာ တစ်ပတ်လောက် ကြာမှာလေ၊ ရန်ကုန်မှာရှိနေတုန်း ငါတို့ဘက်က ဝန်ဆောင်မှုအပြည့်ပေးရမယ်၊ ငါကနင့်ကို အားကိုးရမလားလို့"

တည်ခန့်ထည် ဆိုလိုတာကို ဝန်းခ နားလည်ပါသည်။ ဟိုတယ်ကို ရောက်လာသည့် ဥရောပဧည့်သည်ဆိုတော့ လူမျိုးစုံနိုင်သည်။ ဒါကြောင့် တည်ခန့် အကူအညီတောင်းခြင်း ဖြစ်မည်။

"စနေ တစ်ရက်ကလွဲရင် ငါ့အတွက် အချိန်ရပါတယ်"

"ငါသိတယ် စနေက နင့်သင်တန်းရက်မဟုတ်လား၊ ညနေပိုင်းဆိုတော့ မနက်ပိုင်းတွေ့လို့ ရမလား၊ ငါတို့တိုင်ပင်စရာလေးတွေ တိုင်ပင်



www.burmeseclassic.com

www.burmeseclassic.com



ညှိနှိုင်းရအောင်''

''မနက်ရှစ်နာရီက ဆယ်နာရီတော့ ငါ မအားဘူး၊ အဲ
မင်းမှုပိုင်ကိုစာသင်ရမယ့်အချိန်''

''ခိုင့်မောင်လေး နာမည်က မင်းမှုပိုင်လား''

''ဟုတ်တယ် ငါ့ဘက်က ကတိပေးပြီးပြီ၊ နင့်ဘက်က ကျန်တဲ့
အချိန် ဖြစ်မလား တည်ခန့်''

''ရပါတယ် နင် ဆယ်နာရီ ခိုင်တို့အိမ်က ပြန်မှာမို့လား ငါ
လာခေါ်မယ်''

''ရတယ် နင် ဘယ်မှာရှိမလဲပြောပါ ငါလာခဲ့မှာပေါ့''

''ဘာလို့လဲ ကြယ်စင်၊ ငါ လာခေါ်ပါ့မယ်၊ ခိုင်တို့ မာမီနဲ့လည်း
တွေ့ချင်လို့ပါဟ၊ စိတ်ချ နင့်ဘာသာ လွတ်လွတ်လပ်လပ် နင့်အလုပ်
လုပ်ပါ ကြယ်စင်''

''အင်းလေ ငါ့ကို တမင်လာစောင့်နေရတာမျိုး ဖြစ်မှာစိုးလို့
ပြောတာပါ၊ ကဲ ဒါပဲနော် တည်ခန့်''

ဝန်းခ ဖုန်းကိုပိတ်ကာ ရေချိုးဖို့ ပြင်ဆင်လိုက်သည်။ ဒီနေ့
တစ်နေကုန် ပင်ပန်းခဲ့တာ အမှန်ပဲဖြစ်သည်။

မနက်ပိုင်းက နိုင်ငံခြားဧည့်သည်တွေကို သွားချင်သည့်နေရာ
တွေ လိုက်ပို့ပေးရသည်။ နေ့လယ်ပိုင်းမှာ ပြင်သစ်လူမျိုး ဇနီးမောင်နှံ
နှစ်ယောက်ကို သွားတွေ့ရ၏။

မနက်ပိုင်း တာဝန်ယူရသူတွေက တည်ခန့်တို့ ဟိုတယ်က





ဧည့်သည်တွေဖြစ်ကာ နေ့လယ်ပိုင်းပြင်သစ်ဇနီးမောင်နှံကတော့ သီးခြား
ရောက်နေသည့် ဝန်းခ၏ ဧည့်သည်တွေဖြစ်၏။

''ကြယ်စင်ရယ် နင့်ကိုကြည့်ရတာ ပင်ပန်းလိုက်တာ၊ ငါ့ဟိုတယ်
ကအလုပ်ကော အပြင်က ဧည့်သည်အလုပ်ကောဆိုတော့ တာဝန်ပိုပါ
တယ်''

တည်ခန့်ထည် အမြဲပြောဖူးသည်။ ပြီးတော့ သူ့ရဲ့ဟိုတယ်မှာပဲ
အချိန်ပြည့် အလုပ်လုပ်ဖို့ တောင်းဆိုဖူးသည်။ ဒါပေမဲ့ ဝန်းခ ငြင်းပယ်
ခဲ့စမြဲ။

''ငါ အချိန်ပြည့် တစ်နေရာတည်းမှာ အလုပ်မလုပ်ချင်ဘူး
တည်ခန့်၊ ငါ့ဘဝကို တစ်နေရာတည်းမှာ နှစ်မြှုပ်မထားချင်သေးဘူး၊
ဒါကြောင့် နင့်ရဲ့ဟိုတယ်မှာ အချိန်ပိုင်းလုပ်နေတာ၊ ပြီးတော့အပြင်
ဧည့်လမ်းညွှန်အလုပ်ဆိုတာလည်း ငါ အရင်ကတည်းက လုပ်ခဲ့တာဆို
တော့ ယတိပြတ် မဖြတ်ချင်ဘူး၊ သိကျွမ်းရင်းနှီးနေတဲ့သူတွေ မျက်နှာ
မို့တော့ လုပ်ရတာပေါ့''

''ဟုတ်ရဲ့လား နင်က ဝင်ငွေနှစ်ခုကို မက်နေတာလားလို့''

တည်ခန့်ထည် ရယ်မောသလို နောက်ပြောင်ပြောတော့ ဝန်းခ
ဘက်ကလည်း ခံစားချက်အတိုင်း ရှင်းပြဖူးခဲ့၏။

''ငါ ငွေကို မမက်ပါဘူး၊ ငွေကြေးထက် အရေးပါတဲ့အရာတွေ
အများကြီးပါ တည်ခန့်ရယ်၊ ငါ ဝါသနာပါတဲ့စိတ်ဆန္ဒလေးနဲ့လည်း ငါ
နေချင်လို့ပါဟယ်၊ ပိတ်လှောင်နေတဲ့ ဘဝကြီးကို ငါ မပိုင်ဆိုင်ချင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်ဝန်းခ ဆိုသော ဝန်းခဘဝမှာ မှုန်းကြပ်လှောင်ပိတ်မှုတွေကိုရင်ဆိုင်ပိုင်ဆိုင်ခဲ့ရဖူးသည်။ စိတ်ဓာတ်ခိုင်မာမှုတွေနှင့် ရင်ဆိုင်ဖြတ်ကျော်ခဲ့ရသည်။

ဒါကြောင့်လည်း ဒီဘဝလေးကို ဝန်ခံ ပိုင်ဆိုင်ခဲ့ရခြင်း ဖြစ်၏။ သည်ဘဝကို မပိုင်ဆိုင်ရခင် ကာလတွေမှာ ဝန်းခ ဖြတ်သန်းခဲ့ရသော လမ်းသည် အခက်အခဲတွေနှင့်ဖြစ်၏။

ပြန်တွေးမိတိုင်း နာကျင်ခံရခက်သော ခံစားချက်တွေက ဝန်းခရင်ထဲမှာ ခါးသီးစွာ အမြစ်တွယ်နေဆဲ။

■ ■ ■

## အခန်း (၁၉)

မေမေသည် ဝန်းခတစ်ယောက်တည်းကိုပဲ မွေးဖွားခဲ့တာ ဖြစ်၏။ ဖေဖေ မေမေနှင့် ဝန်းခတို့သုံးယောက်ရဲ့ ဘဝလေးသည် ပျော်ရွှင်ကြည်နူးစရာတွေနှင့်ပဲဟု ထင်ခဲ့မိ၏။

ကမ္ဘာတီတစ်ခု၏ မန်နေဂျာဖေဖေမှာ မေမေနှင့်ဝန်းခရယ် နေထိုင်စရာ တိုက်ခန်းလေးတစ်ခန်းရယ် လောက်ပြည့်စုံသော ဝင်ငွေနှင့်အေးချမ်းသည်ဟု ဝန်းခ ထင်ခဲ့မိသည်။

ဒါပေမဲ့ ထိုထင်မြင်မှုတွေက ဝန်းခရဲ့တစ်ဖက်သတ် ထင်မြင်ချက်တွေပဲ ဖြစ်ခဲ့သည်။

ရှစ်တန်းကျောင်းသူဘဝအထိ ဝန်းခ မသိခဲ့သော အရာတွေကို တစ်နေ့မှာတော့ မယုံနိုင်စွာ သိခွင့်ရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က ဝန်းခ ကျောင်းကအပြန် တိုက်ခန်းတံခါးဝလေး အရောက်မှာ ကြားရသော အသံတွေကြောင့် နားစွင့်ထားမိ၏။

"ကောင်းပြီ ကိုမြတ်ခ ဒီအချိန်ထိ ရှင့်ကောင်မကို ရှင်မစွန့်လွှတ်နိုင်သေးဘူးဆိုမှတော့ ကျွန်မဘက်ကလည်း ပြတ်သားရတော့မှာပေါ့ တကယ်ဆို တစ်နေ့မှာ ရှင် အသိတရား ပြန်ဝင်လာမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ ကျွန်မ ရေငုံနှုတ်ပိတ်သည်းခံနေခဲ့တာပါ"

"အဲဒါကို ကိုယ် နားလည်ပါတယ် သွယ်၊ ဒါပေမဲ့ ငြိမ်းခမြာ သားသမီးနှစ်ယောက်နဲ့ အတော် ဒုက္ခရောက်နေတာမို့"

"တော်စမ်းပါ ကိုမြတ်ခ လင်ဆုံးပါးလို့ သားသမီးနှစ်ယောက်နဲ့ ဒုက္ခရောက်နေတာကို ရှင်ကူညီတာဆိုရင်လည်း အတိုင်းအတာ တစ်ခုထိပဲ ရှိသင့်တယ်၊ ရှင့်မှာလည်း သမီးလေးတစ်ယောက် ရှိနေတယ်လေ၊ မကြာခင် အပျိုလေးဖြစ်လာတော့မယ့် သမီးလေးသာ သူ့ရဲ့အဖေက တခြားမိန်းမတစ်ယောက်နဲ့ ဖောက်ပြန်ပေါင်းသင်းနေတယ်ဆိုတာ သိသွားရင် ဘယ်လိုခံစားရရှာမလဲ"

မေမေ့စကားတွေကြောင့် ဝန်းခ မျက်လုံးတွေ ဝိုင်းစက်ကာ တုန်လှုပ်သွားခဲ့ရ၏။ ဖေဖေနှင့်မေမေကြားက အက်ကြောင်းကြီးက ဒါတဲ့လား။ ဝန်းခ မယုံချင်ပါ။

"ကျွန်မ ဆုံးဖြတ်ပြီးပြီ ကိုမြတ်ခ၊ ရှင့်အမှားကြီးကြောင့် ကျွန်မ သမီးလေး လောင်းရိပ်အမိမခံနိုင်ဘူး၊ ရှင် ကျွန်မကို ယတိပြတ် ကွာရှင်းပေးပါ"





"မင်းဘက်က ဘာလို့ ဒီလောက်တင်းမာနေရတာလဲ သွင်၊ ကိုယ် မင်းတို့သားအမိကို ဘာများ လိုအပ်ချက် ရှိခဲ့သလဲ"

"လိုအပ်ချက် ဟုတ်လား ကိုမြတ်ခ၊ ဖန်နဲ့သမီးကို ကျွေးမွေးထောက်ပံ့ပေးရုံနဲ့ ရှင့်တာဝန်ပြီးပြီလား၊ သစ္စာရှိမှုက မလိုအပ်ဘူးလား"

"ဟာကွာ ပြဿနာပဲ"

"တော်ပါတော့ ကိုမြတ်ခ ဒီအချိန်ထိ ကျွန်မ တိတ်ဆိတ်သည်းခံနိုင်စွမ်း မရှိတော့ဘူး၊ ရှင်ကွာရှင်းပေးပါ"

"ရတယ်လေ ဒါ မင်း တောင်းဆိုချက်နော်"

"ဟုတ်တယ် ဘာတစ်ခုမှ မလိုအပ်တော့ဘူး၊ ကျွန်မနဲ့သမီးဘဝထဲမှာ ရှင် မရှိတော့ဘူး၊ သေပြီ ဒီတော့ ဘာထောက်ပံ့ကြေးမှလည်း ကျွန်မ မလိုချင်ဘူး၊ ကျွန်မ သမီးကို ကျွန်မ တာဝန်ယူနိုင်တယ်"

ရှိုက်သံပါနေသော မေမေ့အသံလှိုင်းတွေကြောင့် ဝန်းခ တိုက်ခန်းထဲပြေးဝင်လိုက်မိ၏။

"ဟင် သမီး"

"သမီးလေး"

မေမေ့ရင်ခွင်ထဲ ဝန်းခ တိုးဝင်ကာ ဖေဖေ့ကို ကြောက်ရွံ့စိတ်လန့်သော မျက်ဝန်းတွေနှင့်ငေးကြည့်နေမိ၏။

"ကျွန်မ သမီးကို မထိနဲ့ ကိုမြတ်ခ၊ ရှင်ထွက်သွားပါတော့"

"ငါ့သမီးအတွက် ငါ လစဉ်ထောက်ပံ့မယ် မေသွယ်"

"မလိုဘူး သမီးလေးအပေါ်မှာ ရှင့်ရဲ့အရိပ်ဆိုးကြီး အထိုးခံရ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်မ အလိုမရှိဘူး''

မေမေ့ရဲ့စကားတွေက ပြတ်သားခိုင်မာလွန်းနေခဲ့ပါသည်။ မေမေသည် သစ္စာမဲ့သော ဖေဖေ့အပေါ်မှာ ကာလရှည်ကြီး သည်းခံခဲ့မှန်း ဝန်းခ နောက်မှသိခဲ့ရ၏။

ဖေဖေနှင့်ယတိပြတ် ကွာရှင်းပြီးသည်နှင့် မေမေသည် အစ်ကိုဖြစ်သူရှိရာ မြို့လေးသို့ ဝန်းခကိုခေါ်သွားခဲ့၏။

''ဘာမှ အားမငယ်နဲ့သမီး၊ သမီးအနားမှာ မေမေရှိတယ်''

''မေမေ ဖေဖေ တကယ်ပဲ နောက်မိန်းမ ယူလိုက်တာလားဟင်''

''ဟုတ်တယ် သမီး၊ မေမေ သိထားတာ ကြာပြီ၊ သမီးမျက်နှာကြောင့် သည်းခံပြီး တိုးတိုးတိတ်တိတ် ထားမြဲနေတာ၊ အခုတော့ မေမေ စွန့်လွှတ်လိုက်ပြီ သမီး''

မေမေ့ကို ဝန်းခ သိပ်သနားသည်။ ဖေဖေ့ကို သိပ်မုန်းတီးမိ၏။ မေမေသည် တကယ်ပဲ ဖေဖေနှင့်ကင်းလွတ်ရာ ရှောင်ထွက်ခဲ့၏။

ဝန်းခဘဝသည်လည်း မေမေရဲ့အရိပ်အောက်မှာပဲ ရှင်သန်ခဲ့သည်။

နာကျည်းစိတ်ဖြင့် ဖေဖေ့အကြောင်းတွေကို မေမေ့ရှေ့မှာလည်း ဝန်းခ မမေးခဲ့ပါ။ မေမေဆိုခဲ့သလို ဝန်းခတို့ဘဝထဲမှာ ဖေဖေ သေဆုံးခဲ့ပြီ ဖြစ်သည်။

ဝန်းခ ဆယ်တန်းစာမေးပွဲကို ငါးဘာသာဂုဏ်ထူးနှင့်အောင်





တော့ မေမေ ဝမ်းသာမျက်ရည်ဝဲရင်း

''မေမေ့သမီးလေးက သိပ်တော်တာပဲ၊ သမီးလေး ဆရာဝန်ကြီးဖြစ်အောင် ကြိုးစားနော်''

ဝန်းခလက်ကို ဆုပ်ကိုင်အားပေးသော မေမေသည် မမျှော်လင့်ဘဲ လောကကြီးထဲက ထွက်ခွာသွားခဲ့သည်။

မေမေ ဆုံးပါးတော့ ဘဝကို ရှေ့ဆက်ရုန်းကန်ဖို့အတွက် ဝန်းခ ဆုံးဖြတ်ရ၏။ အမြော်အမြင်ကြီးစွာ ရန်ကုန်က တိုက်ခန်းကို ရောင်းချထားသော ငွေကို မေမေက ဝန်းခ နောင်ရေးအတွက် ဘဏ်မှာအပ်နှံထားခဲ့၏။

ထိုငွေလေးက ဝန်းခအတွက် ဘဝတစ်ခု ဖြစ်ခဲ့၏။

ရန်ကုန်မှာ ကျောင်းတက်ဖို့ ဆုံးဖြတ်ခဲ့ပေမယ့် ဆေးကျောင်းတက်ဖို့အထိတော့ ဝန်းခ စိတ်မကူးခဲ့ပါ။

အင်္ဂလိပ်စာ အဓိကပဲယူကာ အဆောင်နေ ကျောင်းတက်ခဲ့သည်။ ဝန်းခ ရန်ကုန်ရောက်နေသည်ဆိုတော့ ဖေဖေ လာတွေ့၏။

''သမီး မေမေဆုံးတာ ဖေဖေ ကြားတယ်၊ ရက်လည်ပြီးမှတော့ လာချိန်မရခဲ့ဘူး''

''ဖေဖေလာရင်လည်း မေမေက လက်ခံမှာမဟုတ်ပါဘူး၊ မလာတာအကောင်းဆုံးပါ''

''သမီးရယ် ဖေဖေ့ကို စိတ်နာနေသလား၊ သမီး ဆေးကျောင်းတက်ခွင့်ရတာ ဖေဖေ ကြားတယ်၊ သမီး ကြိုးစားပါ၊ ဖေဖေ အားပေး



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ယူပါ့မယ်''

''မလိုပါဘူး ဖေဖေ၊ သမီးရန်ကုန်လာတာ သမီးရည်ရွယ်ချက်

နဲ့ပါ၊ ဆေးကျောင်းလည်း တက်မှာမဟုတ်ဘူး၊ ပြီးတော့ ဖေဖေ့ဆီကလည်း

ဘာအကူအညီမှ မယူဘူး''

''သမီးရယ်''

ဖေဖေ့မျက်ဝန်းက နောင်တမျက်ရည်တွေအတွက်တော့ ဝန်း

မစာနာ မသနားချင်တော့ပါ။ ရင်မှာ နာကျည်းစိတ်တို့က အစိုင်အ

ကြီးတစ်ခုအဖြစ် တည်နေခဲ့တာ နိုင်မာနေခဲ့ပြီ။

ဝန်းခ ကျောင်းတက်ရင်း ဆယ်တန်းကျောင်းသားတွေကို ဂိုဏ်

ပြစာသင်ပေးဖြစ်ခဲ့၏။

ထိုဝင်ငွေလေးနှင့် ဘဏ်ကငွေလေးကို ချွေတာသုံးရင်း နိုင်န

ခင်မင်ခဲ့သည်။ ကျောင်းချင်းမတူပေမယ့် ဝန်းခ စာသင်ပေးသောအိမ်

လာလည်သော နိုင်နှင့် သိကျွမ်းခဲ့တာ ဖြစ်၏။

ဝန်းခအကြောင်းတွေကို သိသွားသော နိုင်က ဝန်းခ အဆင်

ဖို့ အစစကူညီပေးသည်။

''ကြယ်စင် ဝင်ငွေပိုရအောင် နိုင်ရဲ့သူငယ်ချင်းတွေကိုပြေ

ထားတယ်၊ သူတို့မောင်တွေ ညီမလေးတွေကို စာပြပေးဖို့လေ''

''ကျေးဇူးတင်တယ် နိုင်၊ တို့ စနေ တနင်္ဂနွေ အားတယ်

ညနေ ကျောင်းဆင်းချိန်လည်းသင်ပေးလို့ ရပါတယ်''

နိုင်သည် တကယ်ပဲ ဝန်းခအတွက် မိတ်ဆွေကောင်းတ





ယောက် ဖြစ်ခဲ့ပါသည်။ နှစ်ဦးကြားမှာ သူငယ်ချင်းဆိုတာထက် နားလည်

နိုင်သော ညီအစ်မတွေလို ရှိခဲ့ကြ၏။

နိုင်တို့ကျောင်းကိုသွားလည်ရင်း တည်ခန့်ထည်နှင့်လည်း ခင်မင်

ခဲ့ရ၏။

တကယ်ဆို နိုင်နှင့်တည်ခန့်ထည်တို့ နှစ်ယောက်ဘဝတွေက

ဝန်းခဘဝနှင့်သိပ်ကို ကွာခြားကြသည်။

နိုင်သည် ဝန်းခ ကျောင်းပြီးသည်အထိ ကူညီမှုတွေ ပေးခဲ့၏။

ငွေကြေးလိုအပ်ချက်တွေကအစ နိုင်ရဲ့ကျေးဇူးတွေနှင့်မကင်းခဲ့။

''ကြယ်စင် နိုင့်ကို ညီအစ်မလို ခင်မင်တယ်ဆိုရင် ငွေကြေး

အတွက် ဘာမှအားနာစရာမလိုဘူးနော်၊ နိုင့်မှာမုန့်ဖိုးစုထားတာ အများ

ကြီး၊ ဘာမှ ပြန်ပေးစရာမလိုဘူး အဆင်ပြေတယ်''

ထိုကျေးဇူးတွေအတွက် နိုင့်ကို ဝန်းခရင်ထဲမှာ အသိအမှတ်ပြု

ထားခဲ့ပါသည်။

တည်ခန့်ထည် သည်လည်း ဝန်းခအပေါ်မှာ နားလည်စာနာပေး

တတ်သူပဲဖြစ်၏။ ထိုထက်ပိုမိုတာက နောက်ဆုံးနှစ်မှာ တည်ခန့်ထည်

နှုတ်က ချစ်ခွင့်ပန်လာခြင်းပင်။

''ငါ တောင်းပန်ပါတယ် တည်ခန့်၊ ငါ့ဘဝမှာ ရုန်းကန်ကြိုးစား

ရာတွေ အများကြီးရှိသေးတယ်၊ အချစ်ကို ငါ ခေါင်းထဲမထည့်နိုင်သေး

ဘူး၊ ငါ့ကို နားလည်ပါ''

''ငါ နင့်ကို တကယ်ချစ်တာပါကြယ်စင်၊ ဘဝတစ်ခုလုံးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ငါ ရည်ရွယ်တာပါ''

"ငါ့ဘဝအနာဂတ်အတွက် ရွေးချယ်စဉ်းစားတဲ့အခါ ငါ အလေး အနက်ထားပေးပါ့မယ် တည်ခန့်''

ဝန်းခ လှပစွာပဲ ရှောင်တိမ်းခဲ့သလို တည်ခန့်ကလည်း နားလည်စွာ မိတ်ဆွေအဖြစ်ပဲ ဆက်ပြီး ဆက်ဆံခဲ့၏။

တကယ်ဆို အချစ်ဆိုတာကို ဝန်းခ၏ဘဝအမောတွေထဲမှာ နေရာမပေးနိုင်ပါ။

ဝန်းခ ကျောင်းမပြီးခင် ဖေဖေ ဆုံးပါးသည်။ ဖေဖေ့အတွက် မျက်ရည်မကျဘူးဟု ဆုံးဖြတ်ထားပေမယ့် ဖေဖေ့ရဲ့နောက်ဆုံးခရီးကိုပို့ရင်း ဝန်းခ မျက်ရည်ကျခဲ့သည်။

လောကကြီးထဲမှာ သွေးသားရင်းချာမဟုတ်သော သားသမီးနှစ်ယောက်နှင့် မေမေ့ကိုစွန့်ပစ်ကာ ယူခဲ့သောဇနီးအတွက် ဖေဖေ စိတ်ချရစ်ပါ့မည်လား။

ဝန်းခအတွက်တော့ မလိုအပ်ပါ။

တကယ်လည်း ဝန်းခဘဝကို ဝန်းခ လျှောက်နိုင်အောင် ကြိုးစားခဲ့သည်။

ကျူရှင်ပြရင်း စပီကင်သင်တန်းတွေ တက်ဖြစ်ခဲ့သည်။ အင်္ဂလိပ် ပြင်သစ်၊ ဂျာမာန်၊ ကိုရီးယား ဘာသာရပ်တွေ ဝန်းခ ကျွမ်းကျင်ခဲ့၏။

နောက်ပိုင်းမှာ နိုင်ငံခြားညွှန့်လမ်းညွှန်အလုပ်ကို ဝင်လုပ်ဖြစ်ခဲ့၏။





တည်ခန့်ထည်ကလည်း သူ့ဖခင်ပိုင်ဆိုင်သော ကြယ်ဖြူဟိုတယ်မှာ အချိန်ပိုင်း တာဝန်ယူပေးဖို့ ပြောလာတော့ လက်ခံဖြစ်ခဲ့၏။

လိုအပ်ချက်တစ်ခုအတွက် မနားမနေ ကြိုးစားခဲ့သော ကျေးဇူးက အခုတော့ ဝန်းခအတွက် နေထိုင်စရာ တိုက်ခန်းလေးတစ်လုံးတော့ ပိုင်ဆိုင်ခဲ့သည်။

ဝမ်းရေးအတွက် မပူပင်ရသော ပညာလည်း တတ်မြောက်ခဲ့၏။

ထို့အတွက် ဘာကိုမှ ဝန်းခဗိုပြီး မပက်မောနိုင်သေးပါ။ ရုန်းကန်ခဲ့ရသော ဘဝခရီးရှည်ကြီးမှာ ဆက်ရှင်သန်ရင်း

ဝန်းခ စိတ်တွေ အေးချမ်းစွာ ငြိမ်းချမ်းစွာ ရှင်သန်ချင်ပါသေးသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ကြယ်စင်ဝန်းခ စာသင်မည့် စနေနေ့မှာတော့ ပေးထားသည့်
ကတိအတိုင်း ရှစ်နာရီမှာ သူ အသင့်ရှိနေခဲ့သည်။

စာစသင်သည့်နေ့ကလို ပြဿနာမျိုး ကြယ်စင်ဝန်းခနှင့် ဖြစ်
မရတော့တာ သူ နားလည်ထားသည်။ သည်တစ်ခါတော့ မမခိုင်နှင့်ဒယ်
ရဲ့ ငြိုငြင်မှုကို သူ ခံရမှာသေချာသည်။

ပထမဆုံး စာစသင်သည့်နေ့မှာပဲ ကြယ်စင်ဝန်းခ သူ့
ကောင်းကောင်းကြီး ပညာပေးသွားခဲ့၏။ စည်းကမ်းတွေချမှတ် ကတိ
ပေးလိုက်ရတာကို ပြန်တွေးမိတိုင်း မကျေနပ်ဖြစ်ရ၏။

သူ့ဘက်က ကလန်ကဆန်လုပ်လို့မရတာကို ကြယ်စင်ဝန်း
ရိပ်မိနေပုံရှိသည်။ ပြီးတော့ အလကားသင်ပေးတာဆိုသည့် မာနကြီး





ကိုင်ဆွဲထားသည့် မျက်နှာက အထင်းသား။

သူ့ကို စာသင်စာရှင်းပြနေသော တစ်ချိန်လုံးမှာ ကြယ်စင်ဝန်းခ
ရဲ့အပြုံး တစ်ချက်ကိုတောင် မမြင်တွေ့ခဲ့ရပါ။ ဒါပေမဲ့ သူမရဲ့ထက်မြက်
သော အရည်အချင်းကိုတော့ သူ အသိအမှတ်ပြုရမှာပဲဖြစ်သည်။

သင်ခန်းစာတွေကို သူ နားလည်အောင် ကြယ်စင်ဝန်းခက
ရှင်းပြနိုင်သည်။

"မင်း မရှင်းတာရှိရင် တို့ကို ချက်ချင်းမေးလို့ရတယ် မင်းမှ
ပြီး ဒီနေ့သင်ထားတာတွေကို နောက်တစ်နေ့ကျရင်လည်း အလွတ်ရ
အောင် ကျက်ထားပါ။ တို့က ပြန်မေးမြန်းစစ်ဆေးမှာနော်၊ ပြီးရင် တစ်လ
တစ်ကြိမ်လည်း ပုံမှန်စစ်ဆေးမယ်"

သူ့အပေါ် မမခိုင် ဘယ်လောက်အထိတောင် တင်းကြပ်စေ
ခိုင်းထားခဲ့သည်မသိပါ။ ကြယ်စင်ဝန်းခကလည်း မမခိုင်အလိုကျအတိုင်း
ချုပ်ကိုင်ဖို့ အသင့်ရှိနေပုံရသည်။

ခြံရှေ့မှာ ထိုးရပ်လာသော တက္ကစီတစ်စီးကို သူ မြင်လိုက်ရ
ချိန်မှာ ညွှန်ခန်းနံရံပေါ်က နာရီကို လှမ်းကြည့်မိပြီး ဖြစ်နေ၏။ ရှစ်နာရီ
ထိုးဖို့ အသင့်ရှိနေပုံရသည်။

ခြံစောင့်ကြီး ဦးမော် ဖွင့်ပေးသော တံခါးက လှမ်းဝင်လာသော
ကြယ်စင်ဝန်းခ ခြေလှမ်းတွေက ခပ်သွက်သွက်ပဲဖြစ်သည်။ အမြဲတမ်း
လျှောက်စလိုနိုင်လှတာ သူမရဲ့စတိုင်ပဲလားဟုတောင် ထင်မိ၏။

အခုလည်း ကြယ်စင်ဝန်းခသည် သွက်သွက်ခြေလှမ်းတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဘက်ကို လျှောက်လာ၏။

ညှော်ခန်းဆိုဖာထိုင်ခုံမှာ ထိုင်ပြီး သူ အကဲခတ်ကြည့်နေမိ၏။ ကြည်ပြာရောင် အကျီခါးတင်လေးနှင့် လုံချည်ဆင်တူအရောင်လေး ဝတ် ဆင်ထားတာကတော့ ထူးခြားနေသည်။

လက်ကိုင်အိတ်လေးကို ဘယ်လက်မောင်းမှာ လွယ်ကာ လျှောက်လှမ်းလာပုံက မန္တလေးနောင်းပေမယ့် ကြည့်ကောင်းတာတော့အမှန်

ကြယ်စင်ဝန်းခ ညှော်ခန်းတံခါးအရောက်မှာပဲ မာမီလည်း ရောက်လာကာ ဆီးကြိုနှုတ်ဆက်၏။

"လာ လာ သမီး ထိုင်ဦးနော်၊ ကော်ဖီဖြစ်ဖြစ် အအေးဖြစ်ဖြ တစ်ခုခုသုံးဆောင်ဦး"

"ကျွန်မ စားခဲ့ပြီးပါပြီ အန်တီ၊ ဘာမှမလုပ်ပါနဲ့"

သူမထံမှ မြင်တွေ့ရခဲ့သော အပြုံးလေးနှင့် မာမီ ညှော်ခံမှု ကြယ်စင်ဝန်းခ ငြင်းပယ်ရင်း ဆိုဖာထိုင်ခုံမှာ ဝင်ထိုင်သည်။

"ဒီမနက်စာ စားပြီးရင်တော့ သမီး အိမ်မှာမနက်စာ စားသွ နော်၊ အန်တီ စီစဉ်ထားတယ်"

"တောင်းပန်ပါတယ် အန်တီ၊ ဒီကပြီးရင် သမီး မိတ်ဆွေ တစ်ယောက်နဲ့ တွေ့ရမှာမို့ပါ"

မာမီ ကျွေးမွေးသမျှ ငြင်းဆိုနေသော ကြယ်စင်ဝန်းခကို ကြည ကာ သူ အလိုမကျတော့ ဖြစ်မိသည်။ မမခိုင်၏အချစ်ဆုံး အခင်ဆုံ သူငယ်ချင်းသာဆိုသည် သူမရဲ့ဆက်ဆံမှုတွေက သူစိမ်းဆန်နေသလိုပါ





တကယ်ဆို မာမီရဲ့စေတနာကိုတော့ အားနာပါးနာလေးနှင့် အသိအမှတ် ပြုသင့်သည် ထင်၏။

အခုတော့ သူမ ဆက်ဆံပုံတွေက စိမ်းပြတ်လွန်းသည်။

"သမီးက အားနာလို့လား၊ အားနာစရာမလိုဘူးနော်"

"သမီး သိပါတယ် အန်တီ၊ ဒါပေမဲ့ ဒီနေ့စာသင်ပြီးရင် သမီး သွားစရာကိစ္စရှိလို့ပါ၊ အလုပ်ကိစ္စဆွေးနွေးစရာလေး ရှိလို့ ဒီအိမ်အထိ တည်ခန့်ထည် လာခေါ်မယ် ပြောထားလို့"

"မောင်တည် လာမှာလား၊ အင်း မောင်တည်နဲ့ မတွေ့တာ တောင် ကြာနေပြီ"

"ဟုတ်ကဲ့ သူက အန်တီနဲ့လည်း တွေ့ချင်လို့ လာမှာပါ"

"အေးကွယ် အေး အေး မောင်တည်နဲ့ အန်တီတို့ကတော့ ရင်းရင်းနှီးနှီး ခင်မင်ပြီးသားပါကွယ်"

ကိုတည်ခန့်ထည်ကို သူ သိပါသည်။ မမခိုင်ရဲ့သူငယ်ချင်းပဲ ဖြစ်ကာ ဖခင်ပိုင်သော ဟိုတယ်လုပ်ငန်းတွေကို ဦးဆောင်နေသူဖြစ်၏။

အိမ်ကို မကြာခဏ လာလည်ဖူးတာမို့ သူတွေ့ဖူးနေပေမယ့် ဘာရင်းတနှီးတော့ မရှိပါ။

"ကဲ တို့တွေ စာသင်ခန်း ဝင်ကြရအောင် မင်းမှုပိုင်"

သူ့ကိုတစ်ချက်လှမ်းကြည့်ကာ ကြယ်စင်ဝန်းခ ထရပ်ပြီးဖြစ် နေသည်မို့ သူလည်း ထိုင်ခုံက ထရပ်လိုက်ရ၏။

စာကြည့်စားပွဲမှာ ထိုင်မိတော့မှ သူ့ရဲ့မှတ်စုစာအုပ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်စစ်ဆေးနေသော သူမ မျက်နှာလေးကို သူ သတိထားမိတော့၏။

အမြဲတမ်း ဘာမှလိမ်းခြယ်မထားသော မျက်နှာလေးကို ဒီနေ့တော့ ကြယ်စင်ဝန်းခ မိတ်ကပ်ပါးပါးလေး လိမ်းခြယ်ထား၏။ နှုတ်ခမ်းလေးတွေကိုတောင် ပန်းဆီဖျော့ဖျော့လေး ဆိုးထား၏။

ဘယ်တုန်းကမှ မပြင်ဆင်တတ်သော မျက်နှာလေးကို ဒီလိုခြယ်သထားတော့လည်း ကြယ်စင်ဝန်းခ အလှက သတိထားမိစရာဖြစ်နေ၏။

အစက်အပြောက် တစ်စက်မထင်သော မျက်နှာလေးသည် ဝင်းမွတ်နေသည်။ လည်တိုင်ဝင်းဝင်းလေးမှာ ထူးထူးခြားခြား ရွှေဆွဲကြိုး မျှင်မျှင်ဇလေး ဆွဲထား၏။

ကိုတည်ခန့်ထည်နှင့် ချိန်းဆိုထားသောကိစ္စကြောင့် ပြင်ဆင်လာတာဟု သူ ထင်ပါသည်။

ဘာပဲဖြစ်ဖြစ် မိန်းမသားတစ်ယောက်က မိန်းမသားပီပီ ဒီလိုပြင်ဆင်မှုလေးတော့ လိုအပ်သည်ဟု သူ မှတ်ချက်ချမိ၏။

သူ့အတွေးနှင့်သူ ငေးကြည့်နေမိသလိုဖြစ်သွားနိုက်မှာ ကြယ်စင်ဝန်းခ ဖျတ်ခနဲ ခေါင်းမော့ကြည့်လာတာမို့ အကြည့်ချင်း ထိပ်တိုက်ဆုံမိသည်။

မျက်ခုံးတန်းတန်းလေး ကုပ်ကျသွားခဲ့ကာ မျက်နက်ဝန်းတွေထဲမှာ အလိုမကျမှုတွေက ချက်ချင်း အရိပ်ထင်လာတာ သူတွေ့သည်။

"ကဲ ဒီတစ်ပတ် သင်ခန်းစာတွေကို တို့ ထပ်ရှင်းပြမယ်





စာထဲမှာ အာရုံစူးစိုက်ထားပါ"

အမိန့်သံဆန်သော လေသံနှင့်အတူ ကြယ်စင်ဝန်းခ မျက်ဝန်းတွေ ပြန်ရုပ်သိမ်းသွား၏။ သူ့စိတ်ထဲမှာတော့ ကသိကအောက် ဖြစ်သွားခဲ့ရတာ အမှန်။

ကိုယ် ကြည့်မိတာကို သူမ ဘယ်လိုထင်မြင်သွားခဲ့သည်မသိ။

မင်းမှုပိုင် ဆိုသည့်ကောင်က သူမအလှမှာ မိန်းမောသွားတာဟုပဲ ထင်သွားခဲ့တာလား။

ဆောရီးပါ ကြယ်စင်ဝန်းခ။

ခင်ဗျား ဘယ်လောက်ပဲ စွဲမက်စရာကောင်းအောင် လှစမ်းပါစေ အာရုံထဲမှာမရှိဘူးဆိုတာ ယုံ။

မာနတွေ ခေါင်းခိုက်ပြီး ဆရာကြီးစတိုင်နဲ့ မိန်းမမျိုးကို မင်းမှုပိုင် စိတ်မဝင်စားဘူး။

ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးမနေနဲ့ ကြယ်စင်ဝန်းခရေ။

■ ■ ■

စာသင်ချိန်ပြီးတော့ ဆယ်နာရီကို ငါးမိနစ်သာသာလောက်တော့ စွန်းသွားခဲ့၏။ သူ နားမလည်သော ပုစ္ဆာတစ်ပုဒ်ကို ကြယ်စင်ဝန်းခ နောက်တစ်ခေါက်ပြန်ရှင်းပြနေခဲ့တာကြောင့် ဖြစ်၏။

"နောက်တစ်ပတ်တော့ ကြားရက် တို့ တစ်ရက်မှ အားမှာ မဟုတ်ဘူး၊ စနေ တနင်္ဂနွေနှစ်ရက်တော့ အဆင်ပြေတဲ့အချိန် ရွေးပေးမယ်၊ ခိုင့်ဆီ ကြိုဖုန်းဆက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်ဝန်းခ ပြောတာကို သူ ခေါင်းပဲညိတ်ပြလိုက်သည်။ စားပွဲပေါ်က လက်ကိုင်အိတ်ကို ကောက်လွယ်ကာ သူမ စာသင်ခန်းထဲက အရင်ဆုံး ထွက်သွားသည်။

တမင် လှည့်မကြည့်မိအောင် သတိထားလိုက်ပေမယ့် ကြယ်စင် ဝန်းခဆီမှ ရေမွှေးရနံ့လား ဘော်ဒီစပရေးနံ့လား မသေချာသော ရနံ့လေးကတော့ အခန်းထဲမှာ ကျန်ရစ်ခဲ့၏။

သက်ထားနှင့်ဆိုတိုင်း သင်းထုံနေတတ်သော ရေမွှေးနံ့ရှုးရှုး ရှရှကို ပြန်အမှတ်ရမိသေးသည်။

တန့်ဖိုးကြီးရေမွှေးရနံ့တွေကို သက်ထားက ဘယ်တော့မှ တစ် မျိုးတည်း မသုံးစွဲတတ်ပါ။ လှပသော မျက်နှာလေးနှင့်အတူ သက်ထား ထံမှ ရေမွှေးရနံ့ကလည်း ရှုးရှုးရှရှ စွဲဆောင်နိုင်၏။

ကြယ်စင်ဝန်းခနှင့်တော့ လုံးဝ မတူညီတာ သေချာသည်။

ဘာကြောင့်များ သက်ထားနှင့် သူမကို သူ နှိုင်းယှဉ်နေမိတာလဲ ဟု တွေးမိကာ ပြုံးမိသေး၏။

နှစ်နာရီလောက် ထိုင်နေခဲ့ရသော စာသင်ခန်းက ထထွက်ခဲ့ချိန်မှာ သူ့စိတ်တွေ လန်းဆန်းသွားသည်။

ညှိခန်းကိုဖြတ်တော့ မာမီနှင့်ထိုင်စကားပြောနေသော ကိုတည် ခန့်ထည်ကို တွေ့ရ၏။ သူ့ကိုမြင်တော့ ပြုံးပြနေတာမို့ သူလည်း ပြုံးပြ လိုက်ရသေးသည်။

ကြယ်စင်ဝန်းခကတော့ မာမီနံဘေးမှာထိုင်ရင်း ထုံးစံအတိုင်း





အရယ်အပြုံး ကင်းမဲ့သော မျက်နှာနှင့်ရှိ၏။ လေ့ကားထစ်တွေအတိုင်း လှမ်းတက်ခဲ့ပေမယ့် ကိုတည်ခန့်ထည်ရဲ့စကားသံတွေကိုတော့ ကြားလိုက် ရသေး၏။

"ကြယ်စင် ပင်ပန်းနေရင် ကားပေါ်ရောက်မှပဲ နားလိုက်နော်၊ ကိုယ်တို့သွားကြရအောင်၊ အန်တီမှ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

ကိုတည်ခန့်ထည်နှင့်ကြယ်စင်ဝန်းခတို့ ရင်းနှီးကျွမ်းဝင်မှုကိုတော့ သူ အကဲခတ်မိပါသည်။ သူ ထင်ထားသည့်အခြေအနေထက်တောင် ကိုတည်ခန့်ထည်တို့အခြေအနေက ပိုချင်ပိုနိုင်သည် ထင်၏။

ချမ်းသာပြည့်စုံကာ ချောမောသော ယောကျ်ားတစ်ယောက် ဖြစ်သည့် ကိုတည်ခန့်ထည်လို လူတစ်ယောက်ကို ကြယ်စင်ဝန်းခကကော ငြင်းပယ်နိုင်မှာတဲ့လား။

သူ အံ့ဩမိသည်က မာနတံခွန်ထူနေသော ကြယ်စင်ဝန်းခလို မိန်းကလေးကိုမှ ကိုတည်ခန့်ထည် သဘောကျသွားတာ ဘယ်လို အချက် တွေကြောင့်လဲ စဉ်းစားမရပါ။

သံယောဇဉ်ကြောင့်လား၊ ချစ်ခြင်းကြောင့်သက်သက်လား အဖြေရှာကောင်းနေတာတော့ အမှန်။

သူသာဆိုလျှင်တော့ မျက်နှာတင်းတင်းနှင့်တစ်လောကလုံး အမှုလုပ်စာ ထိုင်စားနေသလို မာနတွေ ခေါင်ခိုက်နေသော မိန်းမကို ဆောရီးပါပဲ။

သူမဘာသာ ဘယ်လောက်ပဲ ထက်မြက် တော်လွန်းနေပါစေ။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆိုတာ မိန်းမပဲလေ။

သူကတော့ ဘယ်လိုမှ အထင်ကြီးလို့မရတာ အသေအချာ

■ ■ ■



## အခန်း (၂၁)

စနေနေ့က ဖုန်းဆက်ပေမယ့် သက်ထားနှင့်ဆုံတွေ့ခွင့်မရခဲ့ပါ။ သူငယ်ချင်းတွေနှင့် တွေ့စရာရှိသည်ဆိုတာကြောင့် သူ့ဆန္ဒမပြည့်ဝခဲ့။

"မနက်ဖြန် ဆန်းဒေး တို့ ပလာဇာသွားမလားလို့၊ မင်းမှု လိုက်ခဲ့မလား"

"သက်ထားမှာ အဖော်တွေ မပါဘူးဆိုရင် လိုက်ခဲ့မှာပေါ့"

"တို့တစ်ယောက်တည်း သွားမှာပါ"

"အိုကေ ဒါဆိုရင် ကိုယ် လိုက်ခဲ့မယ်"

"ဒီလိုလုပ်လေ မင်းမူကားမယူခဲ့နဲ့၊ တို့ကားနဲ့ပဲ သွားတာပေါ့။ လမ်းထိပ်က စောင့်လေ"

သက်ထားမှာသည့်အတိုင်း တနင်္ဂနွေရက်မှာတော့ သူ အိမ်က



www.burmeseclassic.com

www.burmeseclassic.com



ထွက်ဖို့အတွက် မမခိုင်ကို ခွင့်တောင်းရသည်။ မမခိုင်ကလည်း အလွယ်တကူ ခွင့်ပြုပေးသည်။

"အင်း လည်ချင်တယ်ဆိုရင်တော့ သွားပေါ့၊ ဒါပေမဲ့ တစ်နေကုန်တော့ မလည်ရဘူးနော် ပိုင်လေး"

"ဟုတ်ကဲ့ပါ မမခိုင်ရဲ့၊ အခုလည်း သူငယ်ချင်းတွေနဲ့ လည်မှာမဟုတ်ပါဘူး။ ကျွန်တော့်တာသာ ဈေးဝယ်ထွက်မလို့ပါ။ ဝယ်ချင်တာလေးတွေ ရှိလို့"

"ဒါဆို မမခိုင် ပိုင်လေးကို မုန့်ဖိုးပေးလိုက်မယ်၊ ကားယူချင်လည်းယူသွား။ မမခိုင်ဘက်က လိုက်လျောပေးတာကိုတော့ အခွင့်ကောင်းမယူနဲ့နော် ပိုင်လေး၊ ပိုင်လေးဘက်က စာကို အလေးအနက်ထားကြိုးစားမယ်ဆိုရင် မမခိုင်ဘက်က ပိုင်လေးကို အခွင့်အရေးတွေ ပြန်ပေးမှာပဲ၊ ဒါပေမဲ့ ကျောင်းသွားပြန်ကိစ္စကတော့ ပိုင်လေးကို စိတ်မချသေးဘူး"

သူ့ကို ကားပြန်သုံးခွင့်ပြုခြင်းဖြင့် မမခိုင်က သူ့ကို အခွင့်အရေးတွေ ပြန်ပေးနေ၏။ ဒါဘာကြောင့်လဲဟု သူ သိပါသည်။

ကြယ်စင်ဝန်းခနှင့် စာသင်ချိန်ကို သူ့ဘက်က လိုက်နာလေးစားပေးမှုအတွက်ပဲ ဖြစ်သည်။

"ကျေးဇူးပဲ မမခိုင်၊ ဒါပေမဲ့ ကျွန်တော်ကားယူမသွားပါဘူး တက္ကစီနဲ့ပဲ သွားမယ်"

"ဘာလို့လဲ ပိုင်လေး"





"ကားနဲ့ဆို မလွတ်လပ်ဘူး သွားချင်တဲ့နေရာကို သွားချင်လို့ပါ၊ တက္ကစီနဲ့က ပိုအဆင်ပြေတယ်လေ"

"အေး အေး ပိုင်လေးသဘောပဲ၊ ရော့ ဝယ်ချင်တာ ဝယ်ဖို့ မုန့်ဖိုးငါးသိန်း ယူသွား ပိုင်လေး"

မမခိုင် ရက်ရက်ရောရော ပေးနေသော မုန့်ဖိုးကို သူလှမ်းယူတော့ တံခါးဝက ရပ်ကြည့်နေသော မာမီကျေနပ်စွာ ပြုံးကြည့်နေသည်။

မမခိုင်နှင့် သူ အဆင်ပြေနေတော့ မာမီကော မမကြီးတို့တွေပါ စိတ်ချမ်းသာနေခဲ့တာ သေချာပါသည်။

သူနှင့် ချစ်သက်ထားအကြောင်းတွေ မမခိုင်သိလျှင်တော့ ဘာကယ်လွယ်မှာ မဟုတ်ပါ။

■ ■ ■

သက်ထား စောင့်ခိုင်းထားသော လမ်းထိပ်မှာ သူ ကြာကြာတော့ မစောင့်လိုက်ရပါ။ ချိန်းထားတာထက် ငါးမိနစ်လောက်ပဲ သက်ထား နောက်ကျရောက်လာသည်။

သူ့နံဘေးမှာ သက်ထား ကားကို ထိုးရပ်သည်။ ဒီတစ်ခါတော့ သက်ထား စီးလာသောကားသည် MARK II နက်ပြာရောင် ဖြစ်နေ၏။

"တက်လေ မင်းမှူ"

"ကိုယ်က ကားပြောင်းစီးလာတော့ သက်ထားလို့ မထင်လိုက်ဘူး"

"ဒီကားကလည်း သက်ထားမွေးနေ့ရက်က မာမီဝယ်ပေးထား



www.burmeseclassic.com

www.burmeseclassic.com



တာပဲလေ၊ စီးရတာ ရိုးလာတော့ မစီးချင်တော့လို့ ဒယ်ဒီကို လင်း... ဆာတစ်စီး ပူဆာလိုက်တာ အဟင်း အဲဒီကတည်းက ဂိုထောင်... ထိုးထားတဲ့ ဒီကားကို ဒီနေ့မှ ပြန်စီးချင်လို့ စီးလာတာ''

တမင် ကြွားဝါပြီး ပြောနေတာမဟုတ်ပေမယ့် သက်ထားရဲ... စိတ်ကိုတော့ သူ အကဲခတ်နေမိသလို ရှိပါသည်။ သက်ထားသ... ဆံပင်နှင့် လှပသော မျက်နှာလေးကို အမျိုးမျိုး ပြင်ဆင်ပြောင်း... တတ်တာမဟုတ်ဘဲ စီးနေသော ကားကိုလည်း ပြောင်းလဲစီးတတ်... ဖြစ်၏။

ဘာပဲဖြစ်ဖြစ် သက်ထား၏ အခြေအနေက လိုတရနေသ... ဘဝဆိုတော့လည်း မဆန်းပါ။

တစ်ဦးတည်းသော သမီးဆိုတော့လည်း ချစ်သက်ထားကို မိ... နှစ်ပါးက ရွှေပေါ်မြတင်ထားမှာပေါ့။ မိသားစုမှာ သားတစ်ယော... တည်းပါလာသော သူ့ဘဝသည်ပင် အားလုံးရဲ့ အလိုလိုက်မှုကို ခံထာ... သည်ပဲ။

သူ့ကားပေါ်ရောက်သည်နှင့် ရေမွှေးရနံ့တွေ စူးစူးရှရှလေး သ... ထုံသွားသည်။

ဘာရေမွှေးလည်းမသိပေမယ့် တန်ဖိုးကြီးရေမွှေးပဲ ဖြစ်... သေချာပါသည်။

''အရင်ဆုံး တစ်ခုခု စားကြရအောင်နော်၊ ပြီးမှ ပလာ... ဘက်သွားကြမယ်''





''သက်ထား သဘောပဲလေ''

ကျေနပ်စွာ ပြုံးသွားသော မျက်နှာလေး တောက်ပသွားပုံက ...င်မြန်းထားသော စိန်ပွင့်တွေကြောင့်မဟုတ်တာ သေချာ၏။ ဒီနေ့ ...က်ထားပိုလို့ လှပလွန်းနေသည် ထင်မိ၏။

အနီရောင်ကိုယ်ကြပ်အကျီလေးကို ဒူးဖုံးစကတ်အဝါရောင် ...ာက်တောက်လေးနှင့် တွဲဝတ်ဆင်ထား၏။

အဝတ်အစားတွေ၏ အရောင်တောက်ပမှုတွေက နုညက်နေ ...ာင်ပြင်ဆင်ထားသော သက်ထားရဲ့အလှတွေကို ဖုံးလွှမ်းမသွားခဲ့ပါ။ ...မျက်ဝန်းထဲမှာ ချစ်သက်ထားသည် အမြဲတမ်း လှပနေဆဲ။

တစ်လမ်းလုံး သက်ထားက သူမ သွားချင်သော နေရာတွေကို ...ပြောပြနေ၏။

သူကတော့ သက်ထား အသံချိုချိုလေးကို နားထောင်ရင်း ...က်နှာလှလှလေးကို ခိုးကြည့်နေရတာအမော။

မနက်စာ စားသောက်ပြီး ဆိုင်လေးထဲက ထွက်တော့ သက် ...ဆီက ကားသော့ကို သူ တောင်းလိုက်၏။

''ကိုယ့်ကို ကားသော့ပေး၊ သက်ထား အေးအေးဆေးဆေး ...ိုင်လိုက်ခဲ့၊ ကိုယ် မောင်းမယ်''

''အိုကေ အဆင်ပြေတာပေါ့''

သက်ထား သွားချင်သော ဂျန်းရှင်းကို သူလိုက်ပို့ပေးဖြစ်၏။ ...ဆိုင်ဝင် တစ်ဆိုင်ထွက်နှင့် သက်ထား စိတ်ကြိုက် ဝယ်သော ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း တကယ့် တန်ဖိုးကြီးတွေပဲဖြစ်သည်။

ကျသမျှငွေကိုလည်း လက်ကိုင်အိတ်ထဲက မျက်နှာလေး... ချက်မမဲ့ဘဲ ထုတ်ရှင်းသည်။

"မင်းမှုကော ဘာမှမဝယ်ဘူးလား"

"ကိုယ်လား အများကြီးဝယ်စရာ မရှိပါဘူး။ အဝတ်အစ... လေးစုံလောက်နဲ့ တခြားဝယ်ချင်တာတစ်ခုနှစ်ခုပဲ ရှိပါတယ်"

"ဘာဝယ်မှာလဲ ဝယ်လေ၊ တို့မှာ ပိုက်ဆံပါတယ်"

"ဟာ မဟုတ်တာ ကျွန်တော့်မှာလည်း ပါပါတယ်၊ သက်ထ... ဘာဝယ်ဦးမှာလဲ စိတ်ကြိုက်ဝယ်ပါ၊ ကျွန်တော် အဆင်ပြေပါတယ်"

တကယ်လည်း သက်ထား လိုချင်တာဝယ်သမျှ သူလိုက်ကြ... နေရသလိုပဲ ရှိသည်။ တစ်ပတ်တစ်ကြိမ်လောက် ရှောပင်ထွက်တတ်သော... သက်ထား ဝယ်သမျှအဝတ်အစားတွေကိုမှ ဝတ်ဖြစ်ရဲ့လားဟုတော... တွေးစရာ။

"မင်းမှု မောနေပြီလား"

"မမောပါဘူး သက်ထားရဲ့၊ ကိုယ် စဉ်းစားနေတာ၊ သက်ထ... ရှောပင်နဲ့ထွက်တိုင်း စိတ်ကြိုက် ဝယ်ဖြစ်သလား"

"အင်း ဝယ်ဖြစ်တာပေါ့၊ ပစ္စည်းတွေကလည်း အသစ်အဆ... တွေအမြဲပေါ်နေတာဆိုတော့ ဝယ်ဖြစ်တယ်၊ ဘာလို့လဲ မင်းမှု"

"ဩော် သက်ထားရဲ့အဝတ်ဗီရိုထဲက တော်တော်ကြီးမှ... တွေးမိလို့ပါ အဟွန်း"





သူ ရယ်ရယ်မောမောပြောတော့ သက်ထားကလည်း ညီညာ... ...ဖွေးသော သွားတန်းလေးတွေပေါ်အောင်ရယ်ရင်း

"သက်ထား သဘောကျလို့ ဝယ်ဖြစ်တိုင်းလည်း ဝတ်ဖြစ်ချင်မှ ...တ်ဖြစ်တယ်၊ တချို့အဝတ်အစားတွေဆို ညီမဝမ်းကွဲတွေ လာရင် ပေး ...လိုက်တာပေါ့၊ ကုသိုလ်ရတယ်လေ မင်းမှုရဲ့"

သက်ထားကတော့ ပေါ့ပေါ့ပါးပါးလေးပဲ ပြောသည်။ ရှောပင် ...စ်ခါထွက်လျှင် သက်ထားကုန်သည့်ငွေက သိန်းဆယ်ဂဏန်းလောက် ...ာ သေချာလွန်းသည်။

သူ့ရဲ့အစ်မတွေတောင် သက်ထားလောက် အသုံးမကြမ်းကြပါ။ ...စ်လတစ်ကြိမ်လောက်ပဲ ဈေးဝယ်ထွက်ကြသည်။

"ကဲ ဗိုက်ဆာချင်လာပြီ တစ်ခုခုစားရအောင်"

"ကျွန်တော် ဝယ်ကျွေးပါ့မယ်"

"မရဘူးလေ တို့ကျွေးရမှာပေါ့၊ တို့နဲ့အတူ အချိန်ကုန်ပေးတဲ့ ...မှုကို တို့ကျေးဇူးတင်တယ်"

ဂျန်းရှင်းထဲက ဥရောပအစားအစာဆိုင်လေးကို ရောက်ဖြစ်၏။ ...ရောပအစားအစာတွေ သူ မနှစ်သက်ပေမယ့် သက်ထားမှာသမျှကို ... တို့ကနန်းဆိတ်ကနန်းပဲ စားဖြစ်၏။

"စားလေ မင်းမှုရဲ့၊ မကြိုက်ဘူးလား"

"ကြိုက်ပါတယ်၊ ကိုယ် သိပ်မဆာလို့ပါ"

သက်ထား ခေါင်းလေးညိတ်ကာ အချိုရည်လေးကိုမော့သောက်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ ပြီးမှ

"ဒြော် မင်းမှူ စာသင်ရတာ အဆင်ပြေရဲ့လား"

"အင်း ပြေပါတယ်၊ တစ်ခုပဲ သင်တဲ့ဆရာမ အားလပ်ရက်
တော့ အချိန်အတွက် နည်းနည်း ကသိကအောက်တော့ ဖြစ်တာပေါ့"

"ဘာပဲဖြစ်ဖြစ် မင်းမှူရဲ့မမကတော့ သဘောကျတယ် မဟုတ်
လား"

"မမနိုင်လား သဘောကျတာပေါ့၊ အခုတောင် အပြင်သွားမယ်
ဆိုတော့ မုန့်ဖိုးပေးလိုက်သေးတယ်"

"အင်း မင်းမှူရဲ့မမနိုင်ကိုလည်း တို့တွေ့ဖူးချင်တယ်၊ ပြီးတော့
မင်းမှူရဲ့ဆရာမ ကြယ်စင်ဝန်းခကိုလည်း မြင်ဖူးချင်သေးတယ်"

သက်ထား စကားကြောင့် သူ တွန့်ခနဲ ဖြစ်ရ၏။ မမနိုင်နှင့်တွေ့
ဖြစ်တာ ပြဿနာမကြီးမားနိုင်ပေမယ့် ကြယ်စင်ဝန်းခနှင့်တွေ့ဖို့ဆိုတာ
မဖြစ်နိုင်ပါ။

ချစ်သက်ထားနှင့်ကြယ်စင်ဝန်းခ ကြားမှာရှိနေသော အဖု
ထစ်တွေ ပြေဖို့ဆိုတာ သူ တွေးကြည့်သလောက် မလွယ်ပါ။

သက်ထားရဲ့စိတ်က ကြယ်စင်ဝန်းခအပေါ်မှာ အထင်ကြီး
တစ်စက်လေးတောင် မရှိပါ။ ကြယ်စင်ဝန်းခရဲ့မာနကလည်း သက်ထား
အပေါ် တစ်ချက်လေးတောင် ဦးညွတ်မှာမဟုတ်တာ သေချာ၏။

"မင်းမှူကို ကြိုပြောထားရဦးမယ်၊ နောက်တစ်ပတ်ထဲမှာ သ
ထားတို့အိမ်မှာ အလှူရှိတယ်၊ အဲဒါ မင်းမှူကိုဖိတ်မလို့"





သက်ထား အာရုံပြောင်းကာ ပြောလာတော့ သူ ခေါင်းညိတ်ရင်း

"ဘယ်နေ့လဲ သက်ထား၊ ကိုယ် လာမှာပေါ့"

"နောက်တစ်ပတ် ဆန်းဒေးလေ၊ မင်းမှူ ကျူရှင်ရှိသလား"

သက်ထားပြောတော့ သူ သတိရမိတာ ကြယ်စင်ဝန်းခ ပြော
ခဲ့သော စကားဖြစ်သည်။

တစ်ပတ်လုံး မအားလပ်သော ကြယ်စင်ဝန်းခက နောက်တစ်
ပတ်မှာ စနေ၊ တနင်္ဂနွေ နှစ်ရက် စာသင်မည်ဟု သူ့ကိုပြောသွားသည်။
အချိန်ကိုတော့ မပြောသေးပါ။

"ဘာဖြစ်လို့လဲ မင်းမှူ၊ လာဖို့ခက်နေလို့လား"

"ဟာ မခက်ပါဘူး၊ သက်ထားတို့အလှူပဲဗျာ၊ မရောက်ရောက်
အောင် လာမှာပါ"

"အင်း ဒါဆို လာခဲ့နော်၊ သက်ထား ဖိတ်ပြီးပြီလို့ပဲ သတ်မှတ်
လိုက်မယ်"

သူ ခေါင်းလေးညိတ်ကာ ကတိပေးလိုက်ရပေမယ့် စိတ်ထဲမှာ
တော့ လေးပင်သွားတာ အမှန်ပဲဖြစ်သည်။

မမနိုင်ကို ဘယ်လိုအကြောင်းပြချက်ပေးရမည်လဲ။ ပြီးတော့
ကြယ်စင်ဝန်းခကကော ခွင့်ပြုပါ့မည်လား။

ခက်တော့ ခက်နေပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ကြယ်စင်က စနေ၊ တနင်္ဂနွေရက်မှ သင်မှာလေ ပိုင်လေးရဲ့ အခုမှ တနင်္လာပဲရှိသေးတာ"

"ဟုတ် ဟုတ်ပါတယ်၊ ဒါပေမဲ့ သူ ဘယ်အချိန်လာမယ်ဆိုတာ သိထားချင်လို့၊ ဟိုတစ်ပတ်က သင်ထားတာတွေ ပြန်ကျက်ထားရဦးမှာ ပါ၊ မမနိုင် ဆရာမက စာပြန်မေးတာဗျ"

"အဲဒါ ကောင်းတာပေါ့၊ ဒါမှ ပိုင်လေး စာကျက်ဖြစ်မယ် စာတွေရမှာပေါ့"

"ဒါပေမဲ့ဗျာ ကလေးလေးကျနေတာပဲ၊ စာကျက်ပြီး ပြန်အံ နေရတာ မမိုက်ဘူး"

သူ ဆိုတော့ မမနိုင်သဘောကျသလို ပြုံးရင်း သူ့ကိုကြည့်က





"ပိုင်လေးကလည်း လက်ရှိကျောင်းသားပဲလေ၊ ကျောင်းသား ဆိုတာ စာကိုကျက်ရ မှတ်ရမှာပေါ့၊ ပိုင်လေးကြိုးစားတဲ့အကြောင်း တရတဲ့အကြောင်း ကြယ်စင်က မမနိုင်ကို ပြောပါတယ်၊ ဒါကြောင့် မမနိုင်ကော ဒယ်ဒီပါ ဝမ်းသာနေကြတာ၊ ဒီအတွက်လည်း ပိုင်လေးကို မမနိုင်ဘက်က အရင်လို မတင်းကြပ်တော့ပါဘူး၊ ပိုင်လေးကို ကားသုံး ခွင့်ပြုလိုက်ပြီ၊ မမနိုင်လည်း ကျောင်းပို့ကြို လိုက်မလုပ်တော့ဘူး၊ ပိုင်လေး စာကိုဂရုစိုက်မှာ ယုံကြည်လို့ပဲ"

မမနိုင်ဘက်က သူ့အပေါ် ဒယ်ဒီနှင့်အတူ တားမြစ်ထားချက် တွေ ရုပ်သိမ်းပေးလိုက်ခြင်းအတွက် သူ ကျေနပ်မိ၏။

"ဟို ကျွန်တော် ကိစ္စတစ်ခုရှိလို့ မမနိုင်"

"ဘာလဲ ပြောလေ၊ ဘာကိစ္စလဲ မမနိုင် ကူညီနိုင်တာဆို ကူညီပေးမှာပေါ့"

"ခြော် တခြားမဟုတ်ပါဘူး အခုလာမယ့် ဆန်းဒေးမှာ သူငယ် ချင်းတစ်ယောက်က အလှူဖိတ်ထားလို့လေ၊ တော်ကြာ ကျူရှင်စသင် ချိန်နဲ့ တိုက်နေမှာစိုးလို့"

မမနိုင် မျက်မှောင်လေးကုပ်သွားတာမြင်တော့ သူ စိုးရိမ်ရသေး ၏။ တော်ကြာ ကျေနပ်ခွင့်ပြုပြီးသား အခွင့်အရေးလေးတွေကို ပြန်ရုပ် သိမ်းသွားလျှင် အခက်။

"ဟိုလေ ကျွန်တော်က ကျူရှင်စာသင်ချိန်ကို ပျက်မှာစိုးလို့ ကြိုမေးကြည့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် ပိုင်လေး၊ တခြားကိစ္စတွေထက် ပညာရေးကို ပိုင်လေး ဦးစားပေးတာ မမနိုင် သဘောကျတယ်၊ လိုပါသေးတယ်၊ စနေနေ့ကျရင် ကြယ်စင်ကို ပိုင်လေး တနင်္ဂနွေချိန် မေးကြည့်လေ၊ အချိန်တိုက်နေရင်တော့ သူငယ်ချင်းကို ဖုန်းဆက်တောင်းပန်လိုက်ပေါ့၊ သိပ်အရေးကြီးတဲ့ကိစ္စမှမဟုတ်တာ"

သူ အထွန့်မတက်ရဲတော့ပါ။ မမနိုင်ရဲ့စိတ်ကို အသိဆုံးဖြစ်သည်။ ဖွတ်တောင်းဆိုမိလို့ ဘယ်သူဘယ်ဝါလဲ ဘာညာ မေးခွန်းတွေ ထွက်လာရင် အခက်။

'ပြီးတော့ တနင်္ဂနွေဆိုတာ မမနိုင်ရဲ့ အားလပ်ရက်၊ ကိုယ်တိုင်လိုက်မည်ဆိုလာလျှင် ပြဿနာက ရှုပ်တော့မည်။

ချစ်သက်ထားအကြောင်းတွေကို မမနိုင် လုံးဝသိလို့ မဖြစ်သေးတာ အမှန်။

နောက်ဆုံးတော့ သူ့စိတ်ကိုလျှော့ချပစ်လိုက်ရပါသည်။ မမနိုင်နှင့်တော့ ဆွေးနွေးလို့ဖြစ်မှာမဟုတ်တော့ပါ။

အခုချိန်မှာ အရေးကြီးတာက ကြယ်စင်ဝန်းခပဲ ဖြစ်သည်၊ ကြယ်စင်ဝန်းခကိုပဲ သူ တောင်းဆိုကြည့်ရမည်။

သူ့ကိုတော့ ကြယ်စင်ဝန်းခ နားလည်လိုက်လျောပေးမည် ထင်ပါသည်။ ဒါမှမဟုတ်လျှင်တော့

သက်ထားကို ကတိပေးထားတာ မျက်နှာပျက်ရတော့မည်။

■ ■ ■



## အခန်း (၂၃)

"ဆရာမကို ကျွန်တော် တစ်ခုမေးချင်လို့ပါ"

"ဘာမေးမလို့လဲ မင်းမူပိုင် မေးပါ"

စနေနေ့ မနက်ပိုင်း ကြယ်စင်ဝန်းခ စာသင်ချိန်အပြီးမှာ သူ မေးဖို့ ကြိုးစားရသည်။ တကယ်ဆို စာသင်ချိန်တွေမှာတောင် သူမကို သူ မလိုအပ်ဘဲ စကားမပြောပါ။

ကြယ်စင်ဝန်းခ ဆက်ဆံသလိုပဲ သူ့ဘက်က လိုတာမေးပြောပြီး ခေါင်းညိတ်ခေါင်းခါလောက်ပဲ ဆက်ဆံတာဖြစ်၏။

အခုတော့ ပထမဆုံးအကြိမ် ဆရာမဟုခေါ်တာကြောင့် ကြယ်စင်ဝန်းခ အံ့ဩသလို ကြည့်နေ၏။

"ဩော် တခြားမဟုတ်ပါဘူး၊ မနက်ဖြန် စာသင်ချိန်လေး သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်လည်း ဒီအချိန်ပဲလေ၊ ကိုးနာရီကနေ ဆယ့်တစ်နာရီအထိပဲပေါ့"

"ဟို အဲဒါလေး ကျွန်တော် တောင်းဆိုချင်လို့ပါ၊ အဲဒီနေ့ကျရင် မိတ်ဆွေတစ်ယောက်ရဲ့ အလှူသွားရမှာမို့ ဖြစ်နိုင်ရင် စာသင်ချိန်ကို နေ့လယ်ပိုင်းပြောင်းပေးလို့ ရမလား။ ဟို ဆရာမ မအားရင်လည်း နောက်အားရက်တစ်ရက်ကျမှ အစားထိုးသင်ပေးလို့ ရသလား"

ကြယ်စင်ဝန်းခအပေါ် တစ်ခါမှ အောက်ကျို့မခံဘူးသော သူ အခုတော့ အောက်ကျို့တောင်းဆိုနေရသည်။

ဘာပဲဖြစ်ဖြစ် ချစ်သက်ထားအပေါ်မှာ သူ ကတိမပျက်ချင်ပါ။ ပြီးတော့ ဒီအခွင့်အရေးကလည်း သက်ထားရဲ့မိခင်နှင့် ဆုံနိုင်မည့် အခွင့်အရေးမို့ သူ မလွဲစေချင်ပါ။

"မရဘူး မင်းမှုပိုင်၊ တို့မှာ မင်းအတွက် စာသင်ချိန်ကို အဆင်ပြေအောင် ရွေးချယ်စီစဉ်ထားရတာ၊ နောက်ရက်တွေမှာ ပြန်အစားထိုးသင်ဖို့လည်း မကောင်းဘူး၊ ကျောင်းက တစ်ပတ်စာ သင်ခန်းစာတွေကို စာသင်ရက်နှစ်ရက် အချိန်လေးနှစ်ချိန်နဲ့ အလျင်မီအောင်သင်ရတာလေ"

"ဟို ကျွန်တော့်မိတ်ဆွေက မကောင်းတတ်လို့ပါ၊ လာမယ်လို့ ကျွန်တော် ကတိပေးပြီးဖြစ်နေလို့ပါ"

ကြယ်စင်ဝန်းခ အကြည့်တွေက သူ့မျက်ဝန်းတွေထဲ စူးစူးနစ်နစ် စိုက်ကြည့် အကဲခတ်နေပြန်တော့ သူ မနေတတ်ဖြစ်ရပြန်ပါသည်။

"မင်းတောင်းဆိုတာ မဖြစ်နိုင်ဘူး မင်းမှုပိုင်"





"ဒါတော့ ဒေါ်ကြယ်စင်ဝန်းခ မတရားဘူးဗျာ"

သူ ဘယ်လိုမှ မမျိုသိပ်နိုင်စွာ ပေါက်ကွဲအပြစ်တင်မိတော့ ကြယ်စင်ဝန်းခမျက်နှာက ပိုလို့တည်သွားခဲ့ရင်း

"တို့ ဘာမတရားတာလဲ မင်းမှုပိုင်၊ စာစသင်တဲ့နေ့ကတည်းက စည်းကမ်းချက်ကို မင်းသိခဲ့ သဘောတူ ကတိပေးခဲ့တာလေ"

"ဒီလို တရားသေ သတ်မှတ်လို့ ရမလား၊ ကျွန်တော် နေထိုင်မကောင်းဖြစ်လို့ စာမသင်နိုင်ရင်လည်း ဖွတ်သင်ရမှာလား၊ လူဆိုတာ သံပတ်ပေး ရှင်သန်ရတဲ့ စက်ရုပ်မှမဟုတ်တာ"

"မင်း တို့ကို ဒေါသနဲ့မဆက်ဆံပါနဲ့ မင်းမှုပိုင်၊ တို့က မင်းကို စာသင်ပေးနေတဲ့သူ၊ ပြီးတော့ တို့အသက်က မင်းအစ်မနိုင်နဲ့ ရွယ်တူပဲ"

ယတိပြတ် မာထန်သော လေသံက ပိုလို့မာတင်းသွားခဲ့တာ သူ သတိလက်လွတ် တုံ့ပြန်မိသော စကားတွေကြောင့်ပဲ ဖြစ်၏။

ရင်ထဲက ဒေါသတွေကို မျိုသိပ်ထားရပေမယ့် သူ့မျက်နှာက ဒေါသတွေကြောင့် ရဲရဲနီနေမှာတော့ သေချာသည်။

"မင်းကို တို့အပြတ်သားဆုံးပဲ ပြောမယ် မင်းမှုပိုင်၊ နိုင်ရဲ့မျက်နှာနဲ့ သူ့ရဲ့မောင်လေးတစ်ယောက်ကို စာသင်ပေးမိလို့ အကူအညီတောင်းလာတုန်းက တို့လက်ခံလိုက်တာ ဘာဖိအားမှ မရှိခဲ့ဘူး၊ ဒါပေမဲ့ မင်းမှန်းသိလိုက်ရချိန်မှာ တို့ နောင်တရမိတာမဟုတ်ပေမယ့် တော်တော်တော့ တွေဝေသွားခဲ့သေးတယ်"

ကြယ်စင်ဝန်းခ စကားကြောင့် သူ ဆတ်ခနဲ မော့ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ စကားအဓိပ္ပါယ်က ဘာလဲ။ ဘာကို ရည်ရွယ်တာလဲ။

သူ့အပေါ်မှာ မြင်ထားသည့် ကြယ်စင်ဝန်းခရဲ့အမြင်တွေက မကောင်းမှာတော့ သူသိထားပြီးသား။ ဒါပေမဲ့ အခုလို နှုတ်ကဝန်ခံလာမည်ဟု သူ ထင်မှတ်မထားခဲ့။

“တခြားကြောင့် မဟုတ်ဘူး မင်းမှုပိုင်၊ တို့စကား တို့စည်းကမ်းတွေကို မင်းလက်ခံနိုင်ပါ့မလား သံသယဖြစ်တာကြောင့်ပဲ၊ ဒါပေမဲ့ တို့နိုင်ဆန္ဒကို လက်ခံခဲ့တယ်၊ ပြီးတော့ တို့ဘက်က စေတနာအပြည့်နဲ့ သင်ပေးခဲ့တယ်၊ ဒါကို မင်းနားလည်ဖို့လိုမယ်၊ နိုင်က မင်းပညာရေးကို ဘယ်လိုအကြောင်းနဲ့မှ ထိခိုက်မခံနိုင်ဘူးတဲ့၊ ဒါကြောင့်လည်း တို့က စည်းကမ်းနဲ့တင်းကြပ်ခဲ့တာပဲ၊ နောက်တစ်ချက်က ဒီစာသင်ချိန်တွေ တို့ကိုယ်ပိုင်အချိန်တွေထဲက ဖဲ့ပေးနေတယ်ဆိုတာပဲ”

စကားရှည်ကြီးတွေ မနားတမ်း ပြောသွားရတာမို့ မောသွားသလို ကြယ်စင်ဝန်းခ ခေတ္တရပ်သွား၏။ ပြတ်သားမာတင်းသော မျက်နှာကတော့ တစ်ရွေးသားမျှ လျော့ကျမသွား။

“အခု မင်းတောင်းဆိုတဲ့ကိစ္စက တို့တွေ စာသင်ချိန်လောက် အရေးမကြီးတဲ့ကိစ္စလို့ တို့ယုံတယ်၊ ဒီတော့ မနက်ဖြန် စာသင်ချိန်ကို မင်းပျက်လို့မရဘူး။ မင်းဆုံးဖြတ်ပါ၊ တို့လာတဲ့အချိန်မှာ မင်း မရှိဘူးဆိုရင် တို့ မင်းကို ဆက်တာဝန်မယူနိုင်ဘူး”

စကားအဆုံးမှာ ကြယ်စင်ဝန်းခ စားပွဲပေါ်က လက်ကိုင်အိတ်လေးလွယ်ကာ စာသင်ခန်းထဲက ထွက်သွားခဲ့၏။





သူ လှည့်မကြည့်ပေမယ့် ခြေလှမ်းကျဲကျဲတွေနှင့်အတူ ပြတ်သားစွာ သူ့ကိုစိန်ခေါ်သွားခြင်းဟု နားလည်လိုက်၏။

သူမစကားတွေကို ခွန်းတုံ့ပြန်ခွင့်မရှိလိုက်ပေမယ့် သူ့ရင်ထဲမှာ မကျေနပ်စိတ်တို့က အုံကျင်းဖွဲ့ ကျန်ရစ်ခဲ့၏။

တကယ်ဆို ဘာမှ အရေးမပါသော စာသင်ချိန်လေး တစ်ချိန်အတွက် တမင် ကြယ်စင်ဝန်းခ ပညာပြသွားခြင်းဟု သူ ထင်သည်။ ယုံသည်။

ဘောင်တွေ စည်းကမ်းတွေနှင့် သူ့ကို ကြယ်စင်ဝန်းခ ချုပ်နှောင်သွားခြင်းပဲ ဖြစ်၏။ ဒါကို မကျေနပ်လို့ သူနှင့်ပြဿနာဖြစ်လျှင်လည်း မမနိုင်တို့ ဒယ်ဒီတို့နှင့်ပဲ သူ ရင်ဆိုင်ရမှာ သေချာသည်။

ကြယ်စင်ဝန်းခဆိုသော မိန်းမက ဒီအချက်ကို ကောင်းကောင်းကြီး သိထားတာ သေချာသည်။

ဒါကြောင့်လည်း သူ့ကို ဒီမိန်းမက စည်းကမ်းတွေ ဘောင်တွေနှင့် အပိုင်ချုပ်နှောင်သွားတာ ဖြစ်၏။ ငွေကြေးကိစ္စ ဘာတစ်ပြားတစ်ချပ်မှ မပါဘဲ စေတနာနှင့် ကူညီပေးတာဟု ကြွေးကြော်ထားသည်။

ဒယ်ဒီက ကြယ်စင်ဝန်းခအတွက် ထိုက်သင့်သော လစာငွေကြေးကို ပေးချင်သည်ဆိုစဉ်က သူမက ခါးသီးစွာ ငြင်းဆိုခဲ့သည်။

ကြားထဲက မမနိုင်က သူ စာမေးပွဲအောင်မြင်မှ ဂုဏ်ပြုပါဟု ဝင်ပြောတော့မှ အားနာသလိုလိုနှင့် ကြယ်စင်ဝန်းခ ခေါင်းညိတ်ခဲ့တာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူမ ရည်ရွယ်ချက်ကို သူ သဘောပေါက်လိုက်ပါပြီ မင်းမှုပိုင်ဆိုသော သူ့ကို ကြယ်စင်ဝန်းခက ဗိုင်နယ်တန်းအောင်မြင် အောင် စာသင်ပေးနိုင်သည်။

ဒယ်ဒီတို့ မမနိုင်တို့ အမြင်မှာ ပေတေနေသော သူက ကြယ်စင်ဝန်းခအစွမ်းကြောင့် ဘွဲ့တစ်ခု ပိုင်ဆိုင်ကာ လိမ္မာသွားသည်။ သူမလိုချင်တာ ဒါမျိုးလား။

"တောက်"

တွေးရင်းဒေါသစိတ်တွေ တလိပ်လိပ်တက်လာကာ သူ တက်ခေါက်မိ၏။

"ဟဲ့ ပိုင်လေး ဘာဖြစ်နေတာလဲ"

စာကြည့်ခန်းထဲ ဝင်လာသော မမနိုင် အမေးစကားကြောင့် သူ့အတွေးတွေ ပြတ်တောက်သွားကာ လှည့်ကြည့်မိ၏။

"ဘာမှမဖြစ်ပါဘူး မမနိုင်၊ ဒီမှာ အလွတ်ကျက်ကြည့်နေတဲ့ စာပိုဒ်ကို မေ့သွားလို့ မကျေမနပ်ဖြစ်နေတာ"

မမနိုင် သူထိုင်နေသော ထိုင်ခုံအနားထိ လျှောက်လာရင်း သူ့ပခုံးကို နှစ်သိမ့်ချော့မော့သလို ဆုပ်ကိုင်ရင်း

"အခုပဲ စာသင်ပြီးတာကို ဘာလို့ စာတွေထပ်ကျက်နေရတာလဲ ပိုင်လေးရယ်၊ နားလိုက်တော့ နောက်နေ့တွေမှ ကျက်လည်းရပါတယ် ပိုင်လေး ပင်ပန်းနေမယ်"

မမနိုင် နှုတ်က နူးနူးညံ့ညံ့ စကားသံတွေကို သူ ကြားရသည်





ဘာကယ်ဆို သူ တက်ခေါက်မိတာ ကြယ်စင်ဝန်းခအပေါ် နာကျည်းစိတ်ကြောင့်ဆိုတာ မမနိုင် မသိရှာပါ။

"မမနိုင် သူငယ်ချင်း ပြန်သွားပြီလားဟင် ဘာပြောသွားသေးလဲ"

"အခုပဲ ပြန်သွားပြီလေ၊ ကြယ်စင်က ဘာမှပြောမသွားပါဘူး၊ နောက်ဖြန် သူ ကိုးနာရီ လာမယ်တဲ့"

သူနှင့်ပြဿနာဖြစ်ပျက်ခဲ့တာကို ကြယ်စင်ဝန်းခ ပြောမသွားဘာတော့ သေချာ၏။ သူမသာ ပြောသွားခဲ့လျှင် မမနိုင်ရဲ့ဆက်ဆံမှုတွေ သူ့အပေါ် ဒီလောက်ပျော့ပျောင်းနေမည် မထင်ပါ။

"ကဲ ကဲ ပိုင်လေး ခဏနားလိုက်ဦး စာကျက်တာလည်း ကျက်ဘာပေါ့၊ ဦးနှောက်ကိုလည်း အနားပေးရတယ်လေ၊ မမနိုင်တော့ ယုံတယ် ပိုင်လေး ဒီနှစ် သေချာပေါက်အောင်မှာပါ"

သူ မမနိုင်ကို ဘာမှမပြောချင်ပါ။ စိတ်ထဲကတော့ နာကျင်ခံရတက်စွာ ပြုံးမိသည်။

မမနိုင်ရဲ့ယုံကြည်မှုတွေက ကြယ်စင်ဝန်းခအပေါ်မှာ ကြီးမားလွန်းနေသည်လား။ ကြယ်စင်ဝန်းခကလည်း ဒီမျှော်လင့်ချက်တစ်ခုနှင့် သူမရဲ့တန်ဖိုးရှိနေသော အချိန်တွေကို ပေးဆပ်နေခြင်းလား။

ဘယ်တော့မှ ခင်ဗျားဆန္ဒတွေ မဖြစ်စေရဘူး ကြယ်စင်ဝန်းခ။

မင်းမှုပိုင်ဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ခင်ဗျားက ပိုင်နိုင်အောင်နိုင်ချုပ်နိုင်တယ်ဆိုတဲ့ ဂုဏ်ပုဒ်ဝိသေသတစ်ခု ခင်ဗျားလိုချင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အဲဒီ ခင်ဗျားရဲ့မျှော်လင့်ချက်တစ်ခုကို ကျွန်တော် ရိုက်ချိုးပြမယ်။

ခင်ဗျားကို ကျွန်တော် သိပ်မုန်းသွားပြီ ကြယ်စင်ဝန်းခ။

စောင့်ကြည့်လိုက်စမ်း။ ခင်ဗျား ပေးဆပ်ထားတဲ့ အချိန်ကာလတွေအတွက် နောင်တရသွားစေရအောင် ကျွန်တော် လုပ်ပြမယ်။

■ ■ ■

ဝန်းခ နိုနားရာ တိုက်ခန်းလေးကို ပြန်ရောက်သည်အထိ စိတ် ထဲမှာ မတင်မကျ ဖြစ်နေတာ အမှန်။

တကယ်ဆိုလျှင် ဒီလောက်အထိ မင်းမူပိုင်ကို ပြောလိုက်ဖို့ ရည်ရွယ်ချက်မရှိခဲ့တာလည်း အမှန်ပဲဖြစ်သည်။ ဒါပေမဲ့ မင်းမူပိုင်ရဲ့ စကားတွေကြောင့် စိတ်ထဲမှာ ထောင်းခနဲ ဒေါသဖြစ်သွားခဲ့ရသည်။

နိုင်ရဲ့မောင်လေး မင်းမူပိုင်အကြောင်းတွေကို စာသင်ပေးဖို့ စာသင်ပေးဖို့ အကူအညီတောင်းခဲ့စဉ်ကတည်းက နိုင် ပြောခဲ့ဖူးသည်။

"ငါ့မောင်လေးကတော့ နည်းနည်း ကိုင်တွယ်ရခက်မှာ အမှန်ပဲ ကြယ်စင်၊ ဘာလို့လဲဆိုတော့ မောင်လေးက တို့မိသားစုထဲမှာ တစ်ယောက် တည်းပိုင်ဆိုင်ထားတဲ့ ယောကျ်ားလေးဆိုတော့ အားလုံးက ချစ်ခင် အလိုလိုက်ထားတာလေ၊ ဖိုင်နယ်တန်းကို စာမေးပွဲကျတာတော့ ငါကော ဒယ်ဒီပါ လက်မခံနိုင်ဘူးလေ"

မင်းမူပိုင် ဆိုသော နိုင့်မောင်လေးသည် နိုင်တို့မိသားစု၏ အချစ်ဆုံးသူဖြစ်သည်။ အထူးသဖြင့် အစ်မနှစ်ယောက်နှင့်မိခင်ဖြစ်သူ၏ အလိုလိုက်မှုကို ခံထားရသူဟု သိရ၏။





ပြီးတော့ လူငယ်ပီသကာ ရုပ်ရည်ရှင်းသန့် ချောမောသော နိုင့်မောင်လေးက ရည်းစားမကျ သူငယ်ချင်းမကျ ကောင်မလေးတွေ သည်း အများကြီး ထားတတ်သည်တဲ့။

ဒီလို ချာတိတ်တစ်ယောက်ကို စာသင်ကာ စိတ်ဓာတ်တွေကိုပါ နိုင်က ပြောင်းလဲစေချင်သည်တဲ့။

"ငါ နင်ဖြစ်စေချင်တဲ့အခြေအနေမျိုး ဖြစ်အောင် ကြိုးစားပေး မယ် နိုင်၊ စိတ်ချ နင့်မောင်လေးက ငါ့မောင်လေးပါပဲ"

ဝန်းခ ကတိပေးခဲ့ပေမယ့် မင်းမူပိုင် ဆိုသော ချာတိတ်ကို ကိုယ်တိုင် မြင်တွေ့လိုက်ရချိန်မှာတော့ အံ့သြသွားခဲ့ရ၏။

ဘယ်လိုမှ မမှတ်မိစရာ မရှိသော မျက်နှာလေးနှင့် ချာတိတ် သည် ဝန်းခနှင့်နှစ်ကြိမ်လောက် ဆုံဖူးသည်။ ပြီးတော့ ဆုံဖူးသည့် နှစ် ကြိမ်စလုံးသည် အမှတ်ရစရာတွေချည်း။

ထိုနှစ်ကြိမ်စလုံးမှာ မင်းမူပိုင်နှင့်အတူ တွေ့ရသော မိန်းကလေး က နှစ်ယောက်။ ထိုနှစ်ယောက်စလုံးသည်လည်း ဝန်းခ ဘယ်လိုမှ ကြည့်မရသော စရိုက်ကိုယ်စီနှင့်ဖြစ်၏။

မတော်တဆ ဝင်တိုက်မိတာကို အခဲမကျေနိုင်စွာ ပြဿနာရှာ သော မိန်းကလေးသည် ဝန်းခနှင့် ဒုတိယအကြိမ်ဆုံတော့လည်း တမင် လက်စားချေသွားခဲ့ဖူးသည်။

ဒုတိယမိန်းကလေးကလည်း တကယ့်ကို အရှုပ်ထုပ်လေးဖြစ် နေတာသည်။ သူမရဲ့စကားတွေ အပြုအမူတွေက လက်ခံနိုင်စရာ မရှိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဆိုးလွန်းသည်။

ဒီလို မိန်းကလေးတွေနှင့်ပတ်သက်နေသော မင်းမှုပိုင်ကိုယ်တိုင်ကလည်း ဝန်းခ မျှော်လင့်ထားသည်ထက် ဆိုးမှာ တွေးမိပြီးဖြစ်၏။

ထင်သည့်အတိုင်း စာစသင်သည့်နေ့မှာပဲ ဝန်းခကို သွေးတိုးစမ်းပြခဲ့တာမို့ မာမာတင်းတင်း ပြောဆိုအုပ်ချုပ်ခဲ့ရသည်။

အခုကိစ္စမှာလည်း မင်းမှုပိုင် ခွင့်တောင်းမလာခင်ကတည်းက နိုင်က ဝန်းခဆီ ဖုန်းနှင့်အသိပေးထားပြီးဖြစ်၏။

"ကြယ်စင် နှင့်ကိုငါ တစ်ခု သတိပေးရဦးမယ်၊ မနေ့က ငါ့မောင်လေးက ဆန်းဒေးစာသင်ချိန်ကို ရွှေးချင်နေပုံရတယ်၊ သူ့မိတ်ဆွေ အလှူနဲ့ တိုးနေလို့တဲ့၊ ငါတော့ မယုံချင်ဘူး သိလား၊ မောင်လေး မိတ်ဆွေဆိုတာ မိန်းကလေးတစ်ယောက်ပဲဖြစ်ရမယ်လို့ ငါထင်တယ်၊ သူတောင်းဆိုလာရင် နှင့်ဘက်က လုံးဝခွင့်မပြုနဲ့နော်၊ ငါ ကြိုသတိပေးထားတာ၊ ပိုင်လေးကို နှင့်လက်ထဲ ငါအပ်နှံထားတာ စာမေးပွဲအောင်ဖို့တင်မကဘူး သူ့ရဲ့အကျင့်စရိုက်တွေပါ ပြောင်းလဲသွားစေချင်လို့ပါဟာ"

နိုင် သတိပေးခဲ့တာကြောင့်လည်း မင်းမှုပိုင် တောင်းဆိုလာတော့ ဝန်းခ လက်မခံခဲ့တာ ဖြစ်သည်။

ဒါကို မကျေမနပ်ဖြစ်ကာ မင်းမှုပိုင် ပြောသည့်စကားတွေကတော့ ဝန်းခ စေတနာကို စော်ကားသလို ခံစားရသည်။

ဒါကြောင့်လည်း စေတနာ ဒေါသနှင့် ဝန်းခ ယတိပြတ်ပြောခဲ့တာကို မင်းမှုပိုင် ကျေနပ်ပုံမရပါ။





နိုင့်ကို ပြန်မပြောဖြစ်ခဲ့ပေမယ့် မနက်ဖြန် မနက်မှာတော့ မင်းမှုပိုင် ဘယ်လိုတုံ့ပြန်လာမည်ဆိုတာ ကြိုမသိနိုင်ပါ။

ဝန်းခကိုဆန့်ကျင်ပြီး စာသင်ချိန် ပျက်ကွက်လျှင်တော့ ခက်ပြီ။ ဘာပဲဖြစ်ဖြစ် ဝန်းခစကားကို ဆန့်ကျင်တာမို့ ဝန်းခဘက်ကလည်း ဥပေက္ခာပြုပစ်လိုက်ဖို့ပဲ ရှိသည်။

နိုင့်ကိုတော့ အားနာစရာကောင်းမှန်း သိပေမယ့်လည်း ဝန်းခဘက်က စကားတို့ လွန်ကျူးခဲ့ပြီးပြီ။

မင်းမှုပိုင်သာ ဝန်းခစကားကို ဆန့်ကျင်တိုက်ခိုက်လာလျှင်တော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာ သေချာနေ၏။

နိုင့်မောင်လေးမို့ ဝန်းခ ဥပေက္ခာမပြုချင်ပေမယ့်လည်း ဒီကောင်လေးကိုတော့ ဝန်းခ ခပ်မာမာ မကိုင်တွယ်လို့ မရတာ သိနေသည်။

မနက်ဖြန်မှာ အခြေအနေတွေ တစ်မျိုးပြောင်းလဲခဲ့လျှင်တော့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ခြံထဲကို ဝန်းခ ဝင်လာလိုက်ကတည်းက ဆင်ဝင်အောက်မှာ လမ်းလျှောက်နေသော နိုင့်ကို မြင်တွေ့ရသည်။

မင်းမှုပိုင်နှင့်ပတ်သက်ပြီး တထင့်ထင့် ဖြစ်နေသော စိတ်တွေက ဝန်းခဆီ လက်ကလေးမြှောက် နှုတ်ဆက်ကာ ပြုံးပြုံးရွှင်ရွှင် လျှောက်လာသော နိုင့်မျက်နှာကို မြင်လိုက်ရတာမို့ ပြေလျော့ရ၏။

''ငါ နင့်ကို စောင့်နေတာ ကြယ်စင်၊ စောသားပဲ ကိုးနာရီထိုးဖို့ ဆယ်မိနစ်တောင် လိုသေးတယ်''

''ဒီနေ့ နင်လည်းရှိနေမှာ သိလို့ တမင်စောစောလာခဲ့တာလေ နိုင်ရဲ့''

''ကောင်းတာပေါ့ နင်နဲ့ငါ အတူကော်ဖီသောက်ချိန်လေး ရတာ





ပေါ့ဟာ၊ လာ သူငယ်ချင်း''

ဝန်းခလက်ကို ဆွဲကာ နိုင်က အိမ်ထဲအထိခေါ်လာသည်။ ညှို့ခန်းဆိုဖာထိုင်ခုံမှာ ထိုင်နေသော မင်းမှုပိုင် မျက်နှာက တည်ငြိမ်လွန်းနေသည်။

ဝန်းခနှင့်နိုင် ဝင်လာတာကို မြင်နေ အသံတွေကြားနေပေမယ့် တမင်မကြည့်ဘဲ ဂျာနယ်ကို ဖတ်နေ၏။

''ပိုင်လေး ဒီမှာ ဆရာမရောက်လာပြီ''

ဖျတ်ခနဲ ဂျာနယ်ပေါ်က မျက်ဝန်းတွေ တစ်ချက်လှန်ကြည့်ပြီး ဂျာနယ်ဆီမှာပဲ အာရုံဝင်စားဟန်ပြုရင်း

''ကိုးနာရီ မထိုးသေးဘူးလေ မမနိုင်ရဲ့''

''အေး ပိုင်လေး အသင့်ပြင်ဆင်ထားနော်၊ မမတို့နှစ်ယောက် ကော်ဖီသောက်ရင်း စကားလေး ခဏပြောမလို့''

''ဟုတ်ကဲ့ မမနိုင်''

ခေါင်းတစ်ချက်ညိတ်ကာ ထိုင်နေရာက တစ်ချက်မရွေ့သေးသော မင်းမှုပိုင်ကိုကြည့်ကာ ဝန်းခ ကြိတ်ပြုံးလိုက်မိ၏။

သူ့ရဲ့မကျေနပ်ချက်ကို ဝန်းခသိအောင် တမင်လုပ်ပြနေပုံက ကလေးဆန်လွန်းလိုက်တာ၊ ဝတ်ထားတာက အဝါနုတီရှပ်နှင့် ရေညှိစိမ်းရောင် ကွာတားဘောင်းဘီနှင့်မို့လည်း မင်းမှုပိုင်မျက်နှာ ရှင်းရှင်းသန့်သန့်က ထင်းနေအောင် ပေါ်လွင်လွန်း၏။

ဆံပင်မတိုမရှည်ကို နောက်လှန်ဖြီးသင်ထားလျက် နီညိုရောင်



www.burmeseclassic.com

www.burmeseclassic.com



ဆေးဆိုးထားပုံကတော့ တကယ့်ကို ခေတ်လူငယ်တစ်ယောက်စတို အပြည့်။

နုနုညက်ညက် မျက်နှာကဝင်းမွတ် ရှင်းသန့်ကာ မျက်ခုံ မျက်လုံး နှာတံ၊ နှုတ်ခမ်း၊ ဘာတစ်ခုမှ အပြစ်ဆိုစရာမရှိပါ။ ဝန်း အမြင်အရဆိုလျှင် နိုင်ရဲ့မောင်လေးသည် နိုင့်ထက်တောင် မိန်းကလေ ဆန်စွာချောမောပါသည်။

နိုင်တို့မေမေနှင့်တူတာကြောင့်ဟု ဆိုနိုင်ပေမယ့် စိတ်ဓာတ်ခြ တော့ ခြားနားပါသည်။

နိုင့်မေမေက ရိုးသားကာ ဖြူစင်နှစ်လိုဖွယ်ကောင်းသလို စိ နှလုံးနူးညံ့သူ။ မင်းမှုပိုင်ကတော့ နည်းနည်းဂျစ်ကန်ကန်နိုင်တဲ ယောက် လေးတစ်ဦး ဖြစ်နေခြင်းကြောင့်လား။ အလိုလိုက်ခံထားရသူဖြစ်နေ ကြောင့်လား မသိပါ။

"မာမီတော့ မရှိဘူး ကြယ်စင်ရေ၊ မာမို့မိတ်ဆွေတစ်ယောက် မွေးနေ့အလှူရှိလို့တဲ့၊ စောစောကပဲ ထွက်သွားတယ်၊ ဒါပေမဲ့ နင် ဒီ တော့ ငါနဲ့အတူ ထမင်းစားသွားရမယ်နော်၊ မာမီက အသေအချာ ပေးခဲ့တာ"

ဝန်းခ ငြင်းမယ်ဆိုလျှင်လည်း နိုင် လက်ခံမှာမဟုတ်တာ သိ တာမို့ ပြုံးပြုံးလေး ခေါင်းညိတ်လိုက်ရပါသည်။

"အမှန်ဆို ဒယ်ဒီကပါ နင်နဲ့အတူ နေ့လယ်စာ စားချင်တ မာမီ အဖော်မရှိလို့ လိုက်သွားပေးရတာ"





ကော်ဖီဝိုင်းအထိ ခေါ်လာရင်း နိုင်ကပဲ စကားတွေ မနားတမ်း ပြောလို့နေ၏။ ဝန်းခကတော့ နားထောင်သူသက်သက်ပဲ ဖြစ်ကာ ခေါင်း လေးညိတ်ပြုံးလိုက်နှင့် ရှိ၏။

ကော်ဖီဝိုင်းမှာ ထိုင်ကြတော့ နိုင်ကပဲ ကိုယ်တိုင်ငှဲ့ပေးသည်။ အသားပေါင်းဒင်ဆမ်းတွေကော မုန့်တွေပါ ချကျွေးသည့်ခံနေတာမို့ နိုင်နှင့် အတူ သောက်ရင်း စကားတွေ ပြောဖြစ်၏။

ကျောင်းတုန်းက အဖြစ်အပျက်တွေကို နိုင် ပြန်ပြောပြနေတော့ ဝန်းခ အတွက်တော့ အမှတ်ရစရာတွေ အများကြီး ဖြစ်ရသေး၏။

မေမေ့ကိုလည်း သတိရသည်။ ဖေဖေ့ကိုလည်း အမှတ်ရသည်။ ပြီးတော့ ဝန်းခခက်ခဲစွာ ဖြတ်သန်းကျော်ဖြတ်ခဲ့ရသော ကာလတွေက မမေ့နိုင်စရာဖြစ်၏။

ဘာပဲဖြစ်ဖြစ် အခုချိန်မှာတော့ ဝန်းခဘဝ အခြေအနေကို ဝန်းခ ကျေနပ်မိပါသည်။

"မနေ့ညနေက နင့်ကိုငါ ဖုန်းဆက်သေးတယ်၊ နင့်ဖုန်းပိတ်ထား လို့ ခေါ်လို့မရဘူး ကြယ်စင်ရဲ့"

"ဘယ်အချိန် ဆက်တာလဲ နိုင်"

"အင်း လေးနာရီကျော်ကျော်လောက်က ဆက်တာ၊ ခေါ်မရတဲ့ အဆုံးမို့ လက်လျှော့လိုက်တာ"

"အဲဒီအချိန်က ငါ ပန်းချီသင်တန်းခန်းမထဲမှာလေ၊ အဲဒီ အချိန်ဆို ငါအမြဲ ဖုန်းပိတ်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ငါမေ့သွားတယ်ဟာ၊ ဘယ်လိုလဲ နင်ပန်းချီကားတွေ တော်တော် ရေးဖြစ်နေပြီလား ကြယ်စင်"

နိုင်အမေးကို အပြုံးလေးနှင့်ပဲ တုံ့ပြန်ဖြစ်သည်။ ဝန်းခရဲ့ ဝါသနာကို နိုင်အသိဆုံး ဖြစ်သည်။ ပန်းချီကို ဝါသနာထုံသော ဝန်းခ အတွက် ဝါသနာပါရာမှာ အချိန်ပေးခွင့်မရှိခဲ့ပါ။

အလုပ်အကိုင်နှင့် ဝန်းခဘဝ တည်ငြိမ်တော့မှ ပန်းချီသင်တန်း ကို တက်ဖြစ်တာ ဖြစ်သည်။ ဒါတောင် အချိန်မပေးနိုင်တာမို့ စနေနေ့ ညနေပိုင်းတစ်ရက်သာ တက်ဖြစ်၏။

"တည့်ခန့်ကတော့ နင့်ကိုအမြဲပြောတယ်၊ ဒီလောက်မအား လပ်တဲ့ကြားက ပန်းချီသင်တန်း တက်လို့တဲ့"

"နိုင်ရယ် အဲဒါ ငါ့ဝါသနာလေ၊ ငါ့ဝါသနာက ငါ့ရဲ့စိတ်ထွက် ပေါက်တစ်ခုပဲဟ"

"ငါ နားလည်ပါတယ် သူငယ်ချင်းရယ်"

လက်ကျန်ကော်ဖီကို ဝန်းခ မော့သောက်ရင်း လက်ကနာရီကို ငုံ့ကြည့်မိတော့ နိုင်က

"နင် စာသင်တော့မှာလား"

"အေးလေ ကိုးနာရီထိုးတော့မယ်၊ ဒီနေ့တော့ နင့်မောင်လေးကို ငါ သုံးနာရီလောက် မောင်းမှဖြစ်မယ်"

"ကောင်းတာပေါ့ ဒါမှ သူစာထဲကို အာရုံဝင်လာမှာ၊ ကဲ နင် အေးဆေး စာသင်ပါ၊ ပြီးရင် နင်နဲ့ငါ ထမင်းလက်ဆုံ စားမယ်၊ ငါ





တည့်ခန့်ကို ဖိတ်သေးတယ်၊ သူ လာချင်ပေမယ့် မအားလို့တဲ့"

"ဟုတ်တယ တည့်ခန့်တို့ အလုပ်တွေ ရှုပ်နေတယ်၊ သူတို့ ဟိုတယ်မှာ တည်းကြတဲ့ နိုင်ငံခြားဧည့်သည်တွေအတွက်လေ၊ ကဲ ငါ စာသင်လိုက်ဦးမယ် နိုင်၊ ပြီးမှ တို့တွေ စကားပြောတာပေါ့"

ပြောရင်း ဝန်းခ ထရပ်တော့ နိုင် ခေါင်းလေးညိတ်ကာ စာ ကြည့်ခန်းတံခါးဝအထိ လိုက်ပို့ပေးသည်။

ကိုးနာရီထိုးဖို့ နှစ်မိနစ်လောက် လိုသေးပေမယ့် မင်းမူပိုင်က စာကြည့်စားပွဲမှာ ရောက်နေသည်။

ဝန်းခစိတ်ထဲက တစ်ချက်ကြိတ်ပြုံးရင်း အခန်းထဲ ဝင်ခဲ့လိုက် သည်။ မနေ့ကဖြစ်ထားသော ပြဿနာကြောင့် ထင်၏။ မင်းမူပိုင် လက်နာရီက လိုတာထက် ပိုတည့်ထား၏။

ဘာပဲဖြစ်ဖြစ် ဝန်းခ စကားကို နာခံခဲ့တာကြောင့်တော့ ကျေးဇူး တင်မိပါသည်။

ဝန်းခ စေတနာတွေကို တစ်နေ့တော့ မင်းမူပိုင် နားလည်စေ ချင်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"တကယ်ဆို မင်းမှူ မလာဖြစ်ဘူးဆိုရင်တောင် ဖုန်းဆက်လို သင့်တာပေါ့၊ တို့က လာဖြစ်မယ်ထင်ပြီး မျှော်နေမိတာပေါ့"

"ကိုယ် တကယ့်ကို အနူးအညွတ် တောင်းပန်ပါတယ် သ ထားရယ်၊ လာဖို့ပြင်ဆင်ပြီးမှ မာမီသွေးတွေတိုးလာလို့ ဆေးခန်းလို ပေးနေရလို့ပါ၊ ကိုယ်လည်း ထူပူနေတော့ ဖုန်းမဆက်ဖြစ်လိုက်ဘူး"

သက်ထား ကျေနပ်လောက်သည့် အကြောင်းပြချက်တ အတွက် မာမီ့ကိုပဲ သူရဲ့မုသာဝါဒကံထဲ ဆွဲထည့်လိုက်ရသည်။ ဒါ သက်ထား သူ့အပေါ် စိတ်ဆိုးနေမှန်း ကြားနေရသော စကားတွေ ထင်ရှားနေ၏။

"အဟင်း မင်းမှူရဲ့အကြောင်းပြချက်က တို့ဖြေရှင်းရခက်



တော့လည်း ခွင့်လွှတ်ရမယ် ထင်တယ်၊ ဒါပေမဲ့ မင်းမှူ ထွက်လာခါနီးမှ င်းမှူရဲ့မာမီ သွေးတိုးသွားတာတော့ တော်တော်တိုက်ဆိုင်တယ်နော်"

ဖုန်းထဲမှာ ရယ်သံလေးနှင့် သူ့ကိုလှောင်ပြောင်သလို ပြောနေ တော့လည်း သူ ချက်ချင်း တုံ့မပြန်နိုင်တာ အမှန်။

"ကဲ ကဲ တို့မှာကိစ္စတွေရှိသေးတယ် မင်းမှူ၊ ဘာမှပြောစရာ ရှိတော့ရင် ဖုန်းချလိုက်တော့မယ်"

"သက်ထား ကိုယ် သက်ထားနဲ့တွေ့ချင်တယ်၊ ဟိုလေ ဘယ် ကျ် သက်ထား အားမလဲဟင်"

"ဒီတစ်ပတ်လုံး တို့မအားဘူးမင်းမှူရဲ့၊ မာမီရဲ့ဆိုင်မှာလည်း ိုင်ပေးနေရတယ်၊ နားရက်မှာလည်း သွားစရာကိစ္စလေးတွေ ရှိနေတော့ ဘယ်လိုမှ မအားဘူး"

သက်ထား သူ့ကို စိတ်ဆိုး ပညာပေးလိုက်တာဟု ချက်ချင်း သဘောပေါက်မိချိန်မှာ အာရုံထဲမှာ မြင်ယောင်လာတာ ကြယ်စင်ဝန်းခ ရဲ့မျက်နှာကို ဖြစ်သည်။

"တို့ အားလပ်မယ့်ရက်ကျရင်တော့ မင်းမှူဆီ ဖုန်းဆက်လိုက် ယ်လေ ဒါပဲနော်"

သက်ထား အသံချိုချိုလေး ပျောက်ဆုံးသွားတော့ သူ ပင့်သက် ိုက်ရင်း ဖုန်းကိုပိတ်လိုက်ရသည်။

တကယ့်ကို မလွယ်ပါလား။ သူနှင့်သက်ထားကြားမှာ အဆင် ပြေမှုလေးတွေ ခိုင်မြဲနေတာကို အဓိက ဖျက်ဆီးပစ်လိုက်တာ ကြယ်စင်



www.burmeseclassic.com

www.burmeseclassic.com



ဝန်းခပါပဲ။

ကြယ်စင်ဝန်းခသာ ခွင့်ပြုခဲ့လျှင် ဒါတွေ ဖြစ်လာမည်မဟုတ်ဟု တွေးမိလေလေ ဒေါသတွေက တရိပ်ရိပ်တက်လာလေလေ ဖြစ်နေခဲ့ရ၏။

မမခိုင်ရဲ့အစီအစဥ်တွေကို လက်ခံလိုက်မိတာအတွက်လည်း နောင်တတွေ့ ရချင်သည်။ ကြယ်စင်ဝန်းခဆိုသည့် မိန်းမရဲ့မာနတွေကို သက်ထားနှင့် ဖြစ်ခဲ့ကတည်းက သူ မြင်တွေ့ခဲ့ပြီး ဖြစ်၏။

ဒီလို မိန်းမတစ်ယောက် စာသင်မှာကို လက်ခံလိုက်မိခြင်းကိုက မဟာအမှားကြီးပါပဲ။

အမြဲတမ်း မာနတို့ဖြင့် တင်းမာခက်ထန်နေသော မျက်နှာကို တစိမ့်စိမ့်မြင်ယောင်ရင်း အံကို တင်းတင်းကြိတ်မိ၏။

သူ့ဘက်က တစ်ခုခုတော့ တုံ့ပြန်ပြုမှ ဖြစ်မည်။ ဒီညနေ ကြယ်စင်ဝန်းခ စာလာသင်ပေးမည်ဟု ကြိုတင်ပြောသွားခဲ့၏။

တွေ့ကြပြီပေါ့ ကြယ်စင်ဝန်းခရယ်။

■ ■ ■

ကျောင်းက ပြန်ရောက်ကတည်းက သူ အဝတ်အစားတွေ လဲလှယ်ကာ ကြိုမျှော်နေမိတာ ကြယ်စင်ဝန်းခကို ဖြစ်သည်။

ညနေ သုံးနာရီမှာ သူမ ရောက်လာမည်ဆိုသည်။ စောင့်ရသော မိနစ်တွေက စိတ်မရှည်ချင်စရာ ကောင်း၏။ အိမ်မှာ ဒီလိုအခြေအနေ အခွင့်အရေးမျိုးက ရခဲသည်။

မာမီက အိမ်မှာမရှိတာမို့ ပိုအဆင်ပြေနေသည်။ အိမ်တစ်အိမ်





လုံးမှာ ထမင်းချက် ဒေါ်ကြွေနှင့် အိမ်ဖော်မလေး ရီရီတို့ပဲ ရှိနေတာက သူ့အတွက် အကောင်းဆုံး အခွင့်အရေးဖြစ်၏။

ကြယ်စင်ဝန်းခရဲ့မာနတွေကို ဒီနေ့တော့ သူ မဖြစ်မနေ ရိုက်ချိုးပြမည်။

အတွေးတို့ မဆုံးခင်မှာပင် ခြံရှေ့ကို ထိုးရပ်သည့် တက္ကစီတစ်စီးကို မြင်သည်။ တက္ကစီပေါ်က ဆင်းလာသူက ကြယ်စင်ဝန်းခပါပဲ။

နာရီကို မော့ကြည့်တော့ သုံးနာရီထိုးဖို့ သုံးမိနစ်သာသာ လောက်ပဲ လိုသည်။ ဒါကြောင့် ကြယ်စင်ဝန်းခ ကသုတ်ကရိုက် ခြေလှမ်းတွေနှင့် ခြံထဲဝင်လာတာ ဖြစ်မည်။

အချိန်တိကျအောင် သူမက တက္ကစီတောင် ငှားပြီး လာခဲ့ရပုံရသည်။ ကိုင်နေကျ အညိုရောင်လက်ကိုင်အိတ်ကလေးလွယ်ကာ ဧည့်ခန်းထဲကို ကြယ်စင်ဝန်းခ ရောက်လာတော့ သူ ဆိုဖာထိုင်ခုံမှာ ထိုင်တုတ်ရှိနေတုန်း။

ကြယ်စင်ဝန်းခ မျက်ဝန်းတွေက ဧည့်ခန်းထဲကို ဝေ့ဝဲကြည့်လိုက်ပြီးမှ သူ့ဆီရောက်လာသည်။

"မင်းမူပိုင်"

သူ မော့ကြည့်တော့ ထုံးစံအတိုင်း ဘာမှမပြင်ဆင်ထားသော ကြယ်စင်ဝန်းခ မျက်နှာလေးက ချွေးစို့လျက် ပန်းနုရောင်သမ်းနေသည်။

ပေးထားသော ကတိတစ်ခု မပျက်မယွင်းရအောင် ဒုန်းစိုင်းလာခဲ့ရပုံပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"စာသင်ချိန်ရောက်ပြီ တို့ စာကြည့်ခန်းထဲ ဝင်ကြရအောင်"

သူ ထိုင်ခုံပေါ်က လေးတွဲစွာ ထရပ်လိုက်ရင်း သူမကို မထီတရီ တစ်ချက်လှမ်းကြည့်ကာ

"ခဏလေး စာအုပ်ယူပြီး လာခဲ့မယ်"

ပြောပြီးသည်နှင့် အပေါ်ထပ်အခန်းဆီ သူ့ခြေလှမ်းတွေအတိုင်း လှမ်းတက်ခဲ့လိုက်သည်။

အခန်းထဲမှာ ငုတ်တုတ်ထိုင်ပြီး ဆယ်မိနစ်လောက် သူ အချိန်ဖြုန်းနေလိုက်သည်။ ဒီလောက်ဆိုရင်တော့ လုံလောက်ပြီဟု သူ ယုံကြည်သည်။ စာကြည့်ခန်းထဲမှာ ကြယ်စင်ဝန်းခ တစ်ယောက်တော့ တန့်နှံ့ဒေါသဖြစ်လို့နေမှာ သေချာသည်။

စားပွဲပေါ်က စာအုပ်တွေကို ကောက်ယူကာ အခန်းထဲက ထွက်ခဲ့ချိန်မှာ သုံးနာရီ ဆယ်မိနစ်ကျော်လွန်နေခဲ့ပြီ။

စာကြည့်ခန်းထဲရောက်တော့ စားပွဲမှာ ထိုင်နေသော ကြယ်စင်ဝန်းခ မျက်ဝန်းတွေက ဒေါသရောင်စဉ်တွေ ဖြာလွှဲနေသည်။ သူ ဥပေက္ခာပြုလျက် မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ဝင်ထိုင်လိုက်၏။

"မင်းမှုပိုင်"

ခေါ်သံက ဒေါသတွေကို မျိုချထားသည့် လေသံဖြစ်ကာ ရူးရူးရဲရဲ အကြည့်တွေဆီမှ လျှံကျလာမည့် ဒေါသတွေကို သူ ကြိုစောင့်နေလိုက်၏။

"မင်း ဘာလုပ်တာလဲ စာအုပ်သွားယူတာ ဒီလောက်ကြာစရာ





လား"

"မိုက်နာလာလို့ ရေအိမ်ဝင်နေတာ"

မော့မကြည့်ဘဲ သူဖြေတော့ ကြယ်စင်ဝန်းခ ဘာမှမပြောဘဲ စိုက်ကြည့်နေဆဲရှိသည်။ တင်းတင်းစေ့ပိတ်ထားသော နှုတ်ခမ်းတွေမှာ ချွေးစလေးတွေတောင် စို့နေ၏။

"ကဲ ပြီးခဲ့တဲ့အပတ်က သင်ထားတဲ့စာတွေကို ဆိုကြရအောင် မင်းမှုပိုင်"

"ပြီးခဲ့တဲ့တစ်ပတ်လုံး ဘာစာမှ မကျက်ဖြစ်ဘူး"

"ဘယ်လို"

"ဟုတ်တယ် ကျွန်တော် ဘာစာမှ မကျက်ချင်လို့ မကျက်ဖြစ်ဘူး၊ ပြောရရင် ကျောင်းတောင်မှ တစ်ပတ်လုံးမှာ နှစ်ရက်ပဲတက်ဖြစ်တာ"

"မင်း တို့ကို အရွဲ့တိုက်နေတာလား မင်းမှုပိုင်"

ကြယ်စင်ဝန်းခ အမေးကို မဖြေဘဲ သူ မော့ကြည့်နေလိုက်သည်။ ဒီတစ်ခါတော့ ပန်းရောင်သမ်းနေသော မျက်နှာသည် သွေးရောင်လွှမ်းချင်နေခဲ့ကာ ပိရိသေသပ်သော နှုတ်ခမ်းတွေက တဆတ်ဆတ် တုန်ခါနေခဲ့၏။

"ငါ မင်းကို မေးနေတယ်လေ"

ပြောင်းလဲကုန်သော စကားလုံးအသုံးအနှုန်းတွေနှင့် ကြယ်စင်ဝန်းခ ဒေါသအရှိန် ပြင်းနေချိန်မှာ သူကတော့ ပကတိ တည်ငြိမ်ဂရုမစိုက်ဟန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်လိုထင်လို့လဲ"

"တော်စမ်း မင်းမူပိုင်၊ မင်းဟာ ကျောင်းသားတစ်ယောက် စာကျက်ရမှာ မင်းအလုပ်၊ ဒါကို မင်းဘာမှမလုပ်ဘူးဆိုတာ မဖြစ်သင့်တဲ့ကိစ္စ"

"အဲဒါ ကျွန်တော့်ကိစ္စ၊ ခင်ဗျားအတွက်တော့ သိပ်မသက်ဆိုင်ဘူးထင်တယ်"

"ဘာပြောတယ် ငါက မင်းကို စာသင်ပေးနေတဲ့သူပါ"

သူ တမင်ပခုံးတွန့်ကာ မထီတရီ ပြုံးမိသည်။ အခုချိန်မှာ ကြယ်စင်ဝန်းခရဲ့ ဒေါသတွေ အရှိန်ကောင်းကောင်းနှင့် ပေါက်ကွဲသွားတာကိုပဲ သူ လိုချင်တာ ဖြစ်သည်။

"အဲဒါ ခင်ဗျားကိစ္စပဲလေ၊ ခင်ဗျား ဘာရည်ရွယ်ချက်နဲ့ ခင်ဗျားရဲ့တန်ဖိုးရှိတဲ့အချိန်တွေအတွက် ကျွန်တော့်ကိုပေးဆပ်နေလဲ မသိဘူး ဒယ်ဒီ ထိုက်ထိုက်တန်တန် ပေးမယ့် ငွေကြေးကိုလည်း ငြင်းခဲ့တာဆိုတော့ ငွေကြေးကြောင့်မဟုတ်တာ သေချာတယ်၊ မမနိုင်နဲ့သူငယ်ချင်းတွေဆိုတော့ ထက် တခြားအကြောင်း ရှိချင်ရှိနိုင်မှာပေါ့"

"မင်းမူပိုင် မင်း ဘာမှထပ်မပြောနဲ့တော့"

ဒေါသနှင့် ဟစ်အော်လိုက်သော ကြယ်စင်ဝန်းခ အသံ ကျယ်လောင်သွားခဲ့သည်။ ဒါ့ပေမဲ့ ပြဿနာ မရှိပါ။ ဒီအချိန်မှာ အိမ် မာမီမရှိတာမို့ အဆင်ပြေသည်။

"ဘာလို့လဲ ကြယ်စင်ဝန်းခ ကျွန်တော်က ဖြစ်နိုင်ချေကို ဖွ





ပြတာပါ၊ အနာပေါ်တုတ်ကျသွားရင် ဆောရီးဗျာ"

"မင်း မင်းမူပိုင်"

"ဒီမှာ ကြယ်စင်ဝန်းခ ကျွန်တော် ရှင်းရှင်းပြောမယ်၊ ဘာရည်ရွယ်ချက်နဲ့ ခင်ဗျား ကျွန်တော့်ကို စာသင်ပေးနေနေ ဘာမှဖြစ်မလာစေရဘူး စိတ်ချ၊ ဒီစာမေးပွဲကို ကျွန်တော် မအောင်စေရဘူး"

သူ့ရင်ထဲက ဒေါသတွေကို သူ မမျိုသိပ်နိုင်ဘဲ ပေါက်ကွဲပြတော့သည်။ ကြယ်စင်ဝန်းခ မင်သက်စွာ သူ့ကိုငေးကြည့်နေခဲ့၏။

"ခင်ဗျား စောင့်ကြည့်လိုက်၊ မင်းမူပိုင်ဆိုတဲ့ကောင်က ခင်ဗျားကြောင့် ပြောင်းလဲသွားရတယ်ဆိုတာမျိုး ဘယ်တော့မှ မရှိစေရဘူး"

"တို့ သဘောပေါက်ပြီ မင်းမူပိုင်"

ပြောရင်း ကြယ်စင်ဝန်းခ ထရပ်သည်။ သူ့ကိုစိုက်ကြည့်နေသော မျက်ဝန်းတွေက မျက်တောင်တဖျပ်ဖျပ်ခတ်နေရင်း

"မင်း ဘာဖြစ်စေချင်တယ်ဆိုတာ တို့ နားလည်ပြီ မင်းမူပိုင်၊ စိတ်ချပါ ဒီနေ့ကစပြီး တို့ မင်းကို စာမသင်တော့ဘူး"

စကားအဆုံးမှာ ကြယ်စင်ဝန်းခ အခန်းထဲက ထွက်သွားခဲ့သည်။ သူ ထိုင်ခုံမှာ ငူငူကြီးထိုင်နေမိဆဲ။

ပြဿနာတစ်ခုကို မကြာမီ ရင်ဆိုင်ရတော့မည်ဆိုတာ သူ သိနေသည်။ ဒါကိုလည်း ကြိုတင်မျှော်လင့်ပြီးသားပဲ ဖြစ်၏။

မမနိုင်နှင့်ဒယ်ဒီတို့သာ ဒီကိစ္စကိုသိလျှင် အကြီးမားဆုံးသော အခြေအနေတစ်ခုကို သူ ရင်ဆိုင်ရမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်ရာဖြစ်တော့ ဖြစ်သမျှကို သူ ရင်ဆိုင်ဖို့ ဆုံးဖြတ်ပြီးပြီ။

■ ■ ■

## အခန်း (၂၆)

ကြယ်စင်ဝန်းခနှင့် သူ ပြဿနာဖြစ်သွားသည့် ညနေမှာပဲ ...ခိုင် ဘာပြောလာမည်လဲ သူ စောင့်နေခဲ့သည်။ ဒါပေမဲ့ မမခိုင် ...ဘာမှပြောမလာတော့ သူ အံ့ဩမိ၏။

သူတို့ပြဿနာကို ကြယ်စင်ဝန်းခ မမခိုင်ကို ဖုန်းမဆက်သေး ...ဘာကြောင့် ဖြစ်မည်ထင်သည်။ မမခိုင်သာသိလျှင် မတုံ့ဆိုင်းဘဲ သူနှင့် ...င်ဆိုင်ရှင်းမှာ သေချာ၏။

မမခိုင် ပြောမလာသေးတော့လည်း သူ ဘာမှမဖြစ်သလိုပဲ ...နေလိုက်သည်။ အချိန်တန်လျှင်တော့ မမခိုင် မဖြစ်မနေ သိမှာပဲဖြစ်သည်။

ဒီရက်တွေမှာ သူ့စိတ်တွေ ရှုပ်ထွေးနောက်ကျိနေခဲ့တာ အမှန် ...ဖြစ်သည်။ အထူးသဖြင့် သက်ထားကြောင့်ပါပဲ။ မျှော်လင့်နေသော သ...





www.burmeseclassic.com

ထားထံမှဖုန်းကို သူ မကြားရတာ ငါးရက်ကျော်ပြီ။

အားလပ်လျှင် ဖုန်းဆက်လိုက်မည်ဆိုသော သက်ထားဆီက တော့ သူ့ဘက်ကစပြီး ဖုန်းမဆက်ချင်ပါ။ သက်ထားနှင့်ပတ်သက်လျှ သူ့ဘက်ကပဲ အမြဲလျှော့ပေးနေရတာတော့ မဟုတ်သေးပါ။

သူ့ဘက်က ကတိတစ်ခု ပျက်ခဲ့တာမှန်ပေမယ့် သက်ထားက သူတောင်းပန်ခဲ့ပြီးပြီ။ တွေ့ဆုံခွင့်လည်း တောင်းဆိုခဲ့သည်။ ဒါပေ သက်ထားက ခွင့်လွှတ်ကျေနပ်ပုံမရှိတာ နားလည်သည်။

ဒီအချိန်မှာ သူ ဖုန်းဆက်လျှင် သက်ထားဘက်က ဘယ်လ တုံ့ပြန်မှာလဲ သူ သိချင်သည်။

အချစ်ကို လေးနက်စွာ ရှာဖွေချင်သည်ဆိုသော သက်ထ ရင်ဘတ်ထဲမှာ သူ မရှိဘူးလား။ ပြီးတော့ သူကိုယ်တိုင်ကကော သက်ထား ကို တကယ်ချစ်နေတာလား။

တိကျသောအဖြေသည် သူ့ဆီမှာလည်း မရှိသေးတာ သေခ လွန်းနေပြန်သည်။

သက်ထားသည် ချောမောပြီး ချစ်စရာကောင်းတာတော့ မှ သည်။ ဒါပေမဲ့ သက်ထားရဲ့အနိုင်ယူလိုသော ဉာဉ်လေးကိုတော့ သ စိတ်ပျက်ချင်ချင် ဖြစ်မိသည်။

ဒါကြောင့်လည်း သက်ထားဆီက ဖုန်းမဆက်မချင်း သူ့ဘက်က ထပ်မဆက်တော့ဟု ဆုံးဖြတ်ထားလိုက်သည်။

ကလပ်စ်အားလပ်ချိန် ကင်တင်းန်မှာ တစ်ယောက်တည်း ထို



နေတုန်းမှာ သူ့ဟန်းဖုန်းလေး မြည်လာသည်။ ဖွင့်ကြည့်တော့ မမခိုင် ဆီက ဖြစ်နေသည်။ ကျောင်းဆင်းလျှင် မမခိုင်ဆီ ပြန်ဆက်ဖို့ မက်ဆေ့ချ် ပို့လိုက်တာ ဖြစ်၏။

သူ ချက်ချင်းပဲ မမခိုင်ဆီ ဖုန်းခေါ်လိုက်တော့ အသင့်ပဲ ကိုင် သည်။

"မမခိုင်ရဲ့မက်ဆေ့ချ် ဝင်လာလို့"

"ဟုတ်တယ် ပိုင်လေး အခုဘယ်မှာလဲ"

"ကလပ်စ်နားလို့ ကင်တင်းန်မှာ ထိုင်နေတာပါ မမခိုင်"

"အင်း ကျောင်းဆင်းရင် ပိုင်လေးနဲ့မမခိုင် တွေ့ချင်တယ်၊ အိမ်မပြန်ဘဲ မမခိုင်ဆီ လာခဲ့ပါ"

သူ ထိတ်ခနဲဖြစ်သွားသည်။ ကြယ်စင်ဝန်းခရဲ့ပြဿနာဟု ထင် ပါ၏။ မမခိုင် ချိန်းဆိုသော ဆိုင်လေးကို ကျောင်းဆင်းသည်နှင့် အရောက် လာဖို့ သူ ကတိပေးလိုက်ပါသည်။

ပြဿနာတစ်ခုခုတော့ သူ ရင်ဆိုင်ရမှာ သေချာလွန်းနေပြီ။

■ ■ ■

ဆိုင်လေးမှာဆုံတော့ မမခိုင်ရဲ့မျက်နှာက သူ ထင်မှတ်ထား သည်ထက် ဒေါသတွေ ကင်းစင်နေတာမို့ အံ့သြမိသေး၏။

"ပိုင်လေး ဗိုက်ဆာနေမှာပေါ့ ဘာစားမလဲ"

"ကြေးအိုးပဲ သောက်မယ် မမခိုင်၊ မမခိုင် ဘာပြောမလို့လဲ ဟင်၊ ဘာကိစ္စရှိလို့လဲ"

www.burmeseclassic.com



မမခိုင် ချက်ချင်း မပြောဘဲ သူ့ကိုစိုက်ကြည့်နေတော့ သူ မလုံမလဲ ဖြစ်ရသည်။

တကယ်ဆို ကြယ်စင်ဝန်းခနှင့် ပြဿနာဖြစ်တုန်းက ဒေါ်သ တွေနှင့် သူ ဘာကိုမဆို ရင်ဆိုင်ဖို့ ဆုံးဖြတ်ထားသည်။ ဒါပေမဲ့ အခုတော့ ငါးရက်ရှိပြီမို့ ဒေါသသွေးတို့ အေးစက်ချင်နေပြီ။

သူ တမင်ရှာခဲ့သော ပြဿနာအတွက် ရင်ဆိုင်ရမှာ ကြောက် လန့်ချင်ချင် ဖြစ်မိသည်။

"ဒီမနက်က မမခိုင်ဆီ ကြယ်စင် ဖုန်းဆက်တယ် ပိုင်လေး"

မမခိုင် မျက်ဝန်းတွေကို ရင်မဆိုင်ရဲစွာ သူ မျက်နှာလွှဲထား မိ၏။ ကြယ်စင်ဝန်းခကတော့ သူနှင့်ပတ်သက်သမျှ မကျေနပ်ချက်တွေ ကို တိုင်လိုက်ပြီ ထင်၏။

"သူ ပိုင်လေးကို စာဆက်ပြဖို့ အဆင်မပြေတော့ဘူးတဲ့"

သူမ ဒီလိုပဲ ဆုံးဖြတ်လိုက်မှာ သူ ယုံပြီးသား ဖြစ်၏။

"သူ့မှာ အချိန်ပိုမရှိသလောက်ဖြစ်နေလို့လို့ မမခိုင်ကို ရှင်းပြ တယ်၊ ဒါပေမဲ့ မမခိုင်တော့ မယုံချင်ဘူး"

သူ အံ့ညြစွာ မော့ကြည့်တော့ မမခိုင်ရဲ့မျက်ဝန်းအကြည့်တွေ သူ့ဆီက လွှဲဖယ်မသွားခဲ့သေးပါ။

"ကြယ်စင်အကြောင်း မမခိုင် အသိဆုံးပဲ မောင်လေး၊ မမခိုင် ကို ပေးပြီးသားကတိအတွက် သူ အလွယ်တကူ ပျက်မှာတော့ လုံးဝ မဟုတ်ဘူး၊ အခုကိစ္စမှာ အကြောင်းတစ်ခုတော့ ရှိရမယ်"





ကြယ်စင်ဝန်းခက အမှန်တရားတစ်ခုကို ဘာကြောင့် မမခိုင် ကို မပြောရတာလဲ သူတွေးလို့ မရပါ။ သူနှင့်မမခိုင် ပြဿနာတက် မှာစိုးလို့လား။

"ပိုင်လေး ကြယ်စင်နဲ့ ပိုင်လေး ဘာဖြစ်ကြတာလဲ၊ မမခိုင်ကို ပြောပြပါ၊ ကြယ်စင် နောက်ဆုံး စာလာသင်တဲ့နေ့က အိမ်မှာ ဘယ်သူမှ မရှိဘူး မဟုတ်လား၊ မာမိမရှိဘူးဆိုတော့ ဘာဖြစ်ကြတာလဲ"

မမခိုင် မေးလာတော့ သူ ချက်ချင်းဖြေဖို့ မဝံ့ပါ။ ဒါကိုလည်း မမခိုင် ရိပ်မိနေဟန်ရှိ၏။

"မမခိုင်ကို အမှန်ပြောပါ ပိုင်လေး၊ အဖြေတစ်ခုကို မမခိုင် သိမှဖြစ်မယ်၊ ဒါကြောင့် ပိုင်လေးကို ခေါ်လိုက်တာပဲ၊ ပိုင်လေးကို မမခိုင် အပြစ်မတင်ပါဘူး၊ သိချင်တာသက်သက်ပါ"

ဖြစ်ခဲ့သော ပြဿနာကို သူ အမှန်အတိုင်းပဲ ပြောပြမိ၏။ မမခိုင်က ဘာတစ်ခွန်းမှ မပြောဘဲ ငြိမ်သက်စွာ နားထောင်နေခဲ့၏။ သူ့စကားတွေ ဆုံးသွားတော့မှ

"ပိုင်လေးရယ် မင်းဘာလို့ ကြယ်စင်ကို ဒီလို ရင့်ရင့်သီးသီး တွေ ပြောခဲ့ရတာလဲ"

"ကျွန်တော် မှားချင်မှားသွားမှာပါ မမခိုင်၊ ဒါပေမဲ့ တနင်္ဂနွေ နေ့က ခွင့်ရက်ကိစ္စတော့ ကျွန်တော် မကျေနပ်ဘူး၊ တကယ်ဆို ခွင့်ပြု ဆိုရက်နဲ့ သူ တမင်လုပ်ခဲ့တာ"

"မဟုတ်ဘူး ပိုင်လေး၊ အဲဒါ မမခိုင် မှားထားလို့ ကြယ်စင်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မပြုတာပဲ၊ စာသင်ချိန်ထက် ကျန်တဲ့ကိစ္စတွေကို ပိုင်လေး အာရုံမရှိစေချင်ဘူးလေ၊ ဒါကြောင့် ခွင့်မပြုဖို့ မမနိုင် ကြိုမှာထားတာ၊ ဒီမှာ ပိုင်လေး မမနိုင်ကော ဒယ်ဒီပါ ပိုင်လေးကို စာမေးပွဲအောင်စေချင်တာပါ"

"ကျွန်တော် အောင်ရမယ်လို့ ကတိပေးထားခဲ့တာပဲ မမနိုင်"

"မမနိုင် ယုံကြည်တယ် ပိုင်လေး၊ ဒါပေမဲ့ ကြယ်စင်ကို စာသင်ပေးဖို့ မမနိုင်နဲ့ဒယ်ဒီ တိုင်ပင်ပြီး ခိုင်းခဲ့တာက ပိုင်လေး စာမေးပွဲအောင်မြင်စေချင်တာတစ်ခုတည်းကြောင့် မဟုတ်ဘူး၊ ပြောရရင် ကြယ်စင်က ထက်မြက်တယ်၊ စည်းစနစ်ကြီးမားတယ်၊ သူ့ရဲ့အရည်အချင်းတွေမျိုး ပိုင်လေးမှာရှိစေချင်လို့ပဲ"

မမနိုင်နှင့်ဒယ်ဒီတို့၏ စေတနာကို သူ သဘောပေါက်ပါသည်။ ဒါပေမဲ့ ရင်ထဲမှာ ကြယ်စင်ဝန်းခရဲ့မာနတွေကို မကျေနပ်သေးပါ။

"ဒီမှာ ပိုင်လေး ကြယ်စင်အကြောင်းတွေ ပိုင်လေး သိအောင် မမနိုင် ပြောပြမယ်၊ မင်း နားထောင်ပေးပါ၊ ကြယ်စင်ဝန်းခဆိုတာ ဘယ်လိုမိန်းကလေးလဲဆိုတာ ပိုင်လေး သိစေချင်လို့ပဲ"

ကြယ်စင်ဝန်းခအကြောင်း သူ သိထားခဲ့တာတွေထက် ပို၍ တိကျသော အကြောင်းတွေ မမနိုင် ရှင်းပြချိန်မှာ သူ တိတ်ဆိတ်စွာ နားထောင်ဖြစ်ခဲ့သည်။

ကြယ်စင်ဝန်းခတို့ မိသားစုအကြောင်းတွေကို သိရတော့ သူ စာနာပေးမိတာတော့ အမှန်ပဲဖြစ်သည်။

"ကြယ်စင်ဘဝမှာ သူ့အဖေအပေါ် နာကျည်းစိတ်က အရွယ်



မမျှအောင် ဖြစ်ခဲ့ရတာ ပိုင်လေး၊ ဒါကြောင့်လည်း ကြယ်စင် စိတ်ထဲမှာ ဒဏ်ရာတွေ ရှိခဲ့တာ အမှန်ပဲ၊ ကြယ်စင်မေမေ ဆုံးပါးပြီး ရန်ကုန်မှာ ကျောင်းတက်တော့လည်း သူ့ဖေဖေရဲ့ အကူအညီကို ကြယ်စင် ငြင်းပယ်ခဲ့တယ်၊ ဆေးကျောင်းတက်ခွင့်ရပေမယ့် ငွေကြေးအခြေအနေအရ ကြယ်စင် တခြားဘွဲ့ကိုပဲ ယူခဲ့တယ်၊ ကြယ်စင် ဖြတ်သန်းခဲ့တဲ့ ဘဝခရီးလမ်းကြီးက ခက်ခဲပါတယ်၊ ဒါကြောင့်လည်း ကြယ်စင်ကို ခင်မင်စာနာစိတ်နဲ့ မမနိုင် အမြဲအကူအညီပေးခဲ့တာပေါ့"

ဘဝမှာ ရင်ဆိုင်ခဲ့ရသည့်ဒဏ်ရာ ဒဏ်ချက်များစွာက ကြယ်စင်ဝန်းခအတွက် မာနခွန်အားတွေ ဖြစ်စေခဲ့သည်လား။ ပြီးတော့ ဖခင်အပေါ် နာကျည်းစိတ်ကြောင့်လည်း သူ့ကိုကြယ်စင်ဝန်းခ အထင်ကြီးမှာမဟုတ်တာ သေချာသည်။

သူမရှေ့မှောက်မှာ သူ မိန်းကလေးတွေနှင့် တွေ့ခဲ့တာပဲ နှစ်ကြိမ်ဆိုတော့ အထင်သေးမှာပဲဖြစ်၏။

"ဒါတွေ မင်းကို မမနိုင် ပြောပြနေတာ ကြယ်စင်ကို နားလည်ပေးဖို့ပဲ ပိုင်လေး၊ ပြီးတော့ ကြယ်စင်က ပိုင်လေးကို စေတနာနဲ့ ကူညီနေတာ၊ ဒါကို ပိုင်လေး ဆက်ဆံပြောဆိုလိုက်တာတွေက လွန်လွန်းတယ်၊ ဒါပေမဲ့ မှန်တယ် မှားတယ်ကို မမနိုင် မဆုံးဖြတ်တော့ဘူး ပိုင်လေး၊ မင်းဘာသာ ဆုံးဖြတ်တော့၊ မမနိုင်တော့ ပိုင်လေးကို ဘာမှမပြောတော့ဘူး"

မမနိုင် သူ့အပေါ် ဥပေက္ခာပြုလိုက်တာလား။ သူ့ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းသွားရတာတော့ အမှန်ပဲဖြစ်၏။ တကယ်ဆို မမနိုင်ရဲ့စိတ်ခါတ်ကို သူ အသိဆုံးပါပဲ။

မာမီနှင့်အစ်မကြီးတွေလို သူ့ကို အလိုလိုက်ချစ်တာမဟုတ်ပေမယ့် မမနိုင်သည် သူ့အပေါ်မှာတော့ အနစ်နာခံချစ်ခဲ့တာ ဖြစ်၏။

ဒါကို စော်ကားခဲ့သလို ဖြစ်ခဲ့ပြီ။ ပြီးတော့ ကြယ်စင်ဝန်းခနှင့်ပြဿနာမှာလည်း မှားခဲ့တာ သူပဲဖြစ်သည်။

စားပွဲပေါ်မှာရှိနေသော အေးစက်နေသည့် ကြေးအိုးကိုလည်း သူ တစ်ခွန်းမျှ ခပ်မသောက်ဖြစ်ပါ။

မမနိုင်နှင့်အတူ ထိုင်နေပေမယ့် စိတ်တွေက အဝေးဆုံးမှာရှိနေသလို ခံစားနေရ၏။

"ပိုင်လေး စားလေ မမနိုင်တို့ ပြန်ရအောင်"

မမနိုင် သတိပေးတော့ သူ မော့ကြည့်မိသည်။ ပြီးတော့ ဆုံးဖြတ်ချက်တစ်ခုကို နိုင်မာစွာ ချပြီး ဖြစ်နေပြီမို့

"မမနိုင်"

"ပြော ပိုင်လေး"

"ကြယ်စင်ဝန်းခရဲ့လိပ်စာ ကျွန်တော့်ကိုပေးစမ်းပါ"

မမနိုင် အံ့သြသလို ကြည့်သည်။ သူ့အပေါ် ယုံကြည်ဖို့ ခက်ခဲနေသော အရိပ်တွေနှင့်

"ကျွန်တော် သူ့ကို တောင်းပန်ချင်လို့ပါ မမနိုင်"

■ ■ ■





နိုင် ဝန်းခကို ဖုန်းလှမ်းဆက်ပြီး ဆယ်မိနစ်လောက်မှာပဲ တိုက်ခန်းတံခါးဘဲလ်သံလေးကို ကြားရ၏။

ဝန်းခ တံခါးဖွင့်ပေးလိုက်တော့ မြင်လိုက်ရတာ မင်းမူပိုင်ပဲဖြစ်သည်။

"ကျွန်တော် မမ ကြယ်စင်ဝန်းခကို တောင်းပန်ချင်လို့ပါ"

မျက်ဝန်းတွေထဲမှာ တောင်းပန်ရိပ်တွေကို ဝန်းခ မြင်တွေ့နေသည်။ ဒီချာတိတ် အလွယ်တကူ နားလည်ပျော့ပျောင်းသွားမည်ဟု ထင်မထားခဲ့ပါ။ နိုင်ကလည်း ဖုန်းထဲမှာ ပြောခဲ့၏။

"ငါ ပိုင်လေးကို မတိုက်တွန်းခဲ့ဘူး ကြယ်စင်၊ သူ့အသိနဲ့သူ အမြင်မှန်ရသွားတာပါ၊ နင် ခွင့်လွှတ်ပေးလိုက်ပါလို့ ငါကြားထဲက တောင်းပန်ပါတယ်နော်"

နိုင်ကို ဝန်းခ ဘာမှဖွင့်မပြောခဲ့တဲ့ နိုင် သိသွားသည်ဆိုကတည်းက မင်းမူပိုင် ပြောလိုက်တာဟု နားလည်ပြီးဖြစ်သည်။ အခုလည်း သူ မရှေ့မှာ ရှိနေသော မင်းမူပိုင် မျက်နှာက တောင်းပန်ရိပ်တွေနှင့်။

"ကျွန်တော် သိပ်မှားသွားခဲ့ပါတယ်၊ အဲဒါအတွက် အလေးအနက် တောင်းပန်ချင်လို့ လိုက်ခဲ့တာပါ"

ဝန်းခ သံပန်းတံခါးကို ဖွင့်ပေးလိုက်ရသည်။ အမှားကို တောင်းပန်နေတော့လည်း ဝန်းခဘက်က လျှော့ပေးရမှာပဲဖြစ်သည်။ နိုင် ဆိုတာ ဝန်းခ အမှတ်အတေားထားရမည့်သူ မဟုတ်ဘဲ။

"ဝင်ပါ မင်းမူပိုင်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာထိုင်ခုံမှာ မင်းမှူပိုင် ဝင်ထိုင်သည်။ ဝန်းခသည် မျက်နှာချင်းဆိုင် ထိုင်ခုံလေးမှာ ဝင်ထိုင်လိုက်၏။

"မမကြြယ်စင်ဝန်းခ အဲဒီတုန်းက ကျွန်တော် အရှမ်းစိတ်တွေ တိုနေခဲ့တယ်၊ အဲဒီအတွက် နောင်တရမိတယ်၊ မမကြြယ်စင်ဝန်းခ ကျေနပ်တဲ့အထိ ကျွန်တော် တောင်းပန်ပါတယ်"

"အင်း တို့ ခွင့်လွှတ်ပါတယ် မင်းမှူပိုင်"

ဝန်းခ စကားကြောင့် သူ့မျက်နှာလေး ချက်ချင်းပဲ ဝမ်းသာ ရိပ်တို့ ဖြာလဲ့သွားခဲ့သည်။

"ကျွန်တော် ဝမ်းသာလိုက်တာဗျာ၊ ဟို နောက်ထပ်တစ်ခုပါ တောင်းပန်ပါရစေဗျာ"

"ဘာကိုလဲ မင်းမှူပိုင်"

"ဒီလိုပါ မမကြြယ်စင်ဝန်းခ အရင်လိုပဲ ကျွန်တော့်ကို စာ ပြန်သင်ပေးဖို့ပါ"

ဒီချာတိတ် လိုလားစွာ တောင်းဆိုနေတာကို ဝန်းခ မငြင်းချင်ပါ။ ဒါပေမဲ့ အခုကတည်းကတော့ အပြတ်ရှင်းထားသင့်တာမို့

"အဲဒါက လက်ခံနိုင်ဖို့ မခက်ခဲပေမယ့် မင်းမှူပိုင်ဘက်က တို့အပေါ် နားလည်မှုရှိဖို့ လိုအပ်တယ်၊ တို့ အဆင်ပြေတဲ့အချိန်ကို မင်းဘက်က အဆင်ပြေနိုင်မှဖြစ်မယ်"

"ဟာ ကျွန်တော် နားလည်တယ် မမကြြယ်စင်ဝန်းခ မမနိုင် ပြောပြလို့ ကျွန်တော့်အတွက် မမကြြယ်စင်ဝန်းခ ဘယ်လောက် အချိန်





ပေးထားတယ်ဆိုတာ သိပါတယ်၊ ပြီးတော့ မမနိုင် ပြောပြမှ မမကြြယ်စင် ဝန်းခအပေါ် ပိုနားလည်လာတာပါ"

ဝန်းခ မျက်မှောင်လေးကုပ်သွား၏။ နိုင် သူ့ကိုဘာတွေပြော ပြလိုက်သည်လဲ။

"ကျွန်တော် တကယ် ကျေးဇူးတင်ပါတယ် မမကြြယ်စင်ဝန်းခ၊ စိတ်ချပါ မမဘက်က အချိန်ပေးထားသလို ကျွန်တော် စာမေးပွဲအောင် အောင် ကြိုးစားမယ်လို့ ကတိပေးပါတယ်"

"အင်း ဒါဆိုရင်တော့ မင်းနဲ့တို့ နားလည်မှုရပြီပေါ့"

"ဟုတ်ကဲ့ ဟို ကျွန်တော် ပြန်ခွင့်ပြုပါဦးနော်"

"ကောင်းပြီ မင်းမှူပိုင်"

သူ ထရပ်ရင်း ပြုံးပြုံးလေး နှုတ်ဆက်သည်။ ဝန်းခနှင့် ဒီချာတိတ်ကြားမှာ ဒီလို အရယ်အပြုံးတွေ မရှိခဲ့ဘူးပါ။ အခုမှ ရှားရှားပါးပါး မြင်တွေ့ရသော မင်းမှူပိုင် အပြုံးလေးက ခင်မင်နှစ်လိုဖွယ် ကောင်းတာအမှန်။

"သြော် ကျွန်တော် တစ်ခုတောင်းဆိုချင်လို့"

တံခါးဝရောက်မှ ပြန်လှည့်ကာဆိုလာသော သူ့ကို ဝန်းခ မျက်ခုံးလေးပင့်ကြည့်မိ၏။

"ဟိုလေ ကျွန်တော့်ကို စာသင်ပေးတဲ့ ဆရာမဆိုပေမယ့် ဆရာမလို့ မခေါ်ချင်ဘူး၊ မမနိုင်နဲ့မမကြြယ်စင်ဝန်းခက အသက်အတူတူပဲဆိုတော့ ကျွန်တော့်အစ်မအရွယ်ပဲလေ၊ ဒါကြောင့် နာမည်အရှည်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုခေါ်တာထက် မမဝန်းခလို့ပဲ ခေါ်ပါရစေ''

ဝန်းခ အမည်ကို အများစုက ကြယ်စင်ဟုပဲ ခေါ်ကြတာဖြစ် ပေမယ့် မင်းမှူပိုင် တောင်းဆိုလာတာက နည်းနည်းတော့ ဆန်းနေသည် ဒါပေမဲ့ ဝန်းခ ခေါင်းလေးညိတ်ပြမိ၏။

''ရပါတယ် မင်းမှူပိုင်၊ အဆင်ပြေသလို ခေါ်ပါ''

''ကျွန်တော့်ကိုလည်း မမဝန်းခ အဆင်ပြေသလိုပဲခေါ်ပါ နာမည်အပြည့်အစုံကြီးခေါ်နေရတာ တစ်မျိုးကြီးဖြစ်နေသလားလို့''

ဝန်းခ ပြုံးပြုံးလေးပဲ ခေါင်းညိတ်ပြလိုက်တော့ မင်းမှူပိုင် ခေါင်း လေးဦးညွှတ် နှုတ်ဆက်ကာ လက်ကလေး ဝှေ့ယမ်းထွက်သွားခဲ့၏။

အရင်က အမြဲတမ်း မကြည်လင်သော မျက်နှာနှင့်မာထ နေသော ချာတိတ်မျက်နှာက ဒီလိုဆိုတော့လည်း တကယ့် ကလေးပေ လေးအတိုင်းပါပဲလား။

နုဖတ်သော မျက်နှာလေးနှင့် လိုက်ဖက်အောင် ဝတ်စားတတ် ကာ မြင့်မားသော အရပ်အမောင်းနှင့် ကြည့်ကောင်းသော ခန္ဓာကိုယ် အချိုးအစားကြောင့် မင်းမှူပိုင်ကို မိန်းကလေးတွေ စိတ်ဝင်စားတာ ဖြစ်နိုင်သည်။

ရုပ်ရည်နှင့်ကံကြမ္မာပေးထားသော ပြည့်စုံမှုတွေကလည်း မိ ကလေးတွေ နှစ်သက်စရာဖြစ်ချင် ဖြစ်နေနိုင်သည်။

ဘာပဲဖြစ်ဖြစ် ဒီကောင်လေးမျက်နှာများတာကိုတော့ ဝန်း မနှစ်သက်လှပါ။ ဝန်းခရှေ့မှာပဲ မြင်တွေ့ဖူးသလို ခိုင်ကလည်း





မောင်လေးအကြောင်း ပြောပြဖူးသည်။

ထိုစဉ်ကတည်းက ဝန်းခ မျက်နှာသာမပေးဘဲ ခပ်တည်တည် ဘာမာဆက်ဆံခဲ့တာ ဖြစ်သည်။

အခုတော့ ဒီချာတိတ်နှင့်ဝန်းခကြားက ဆက်ဆံရေးက ပြောင်း လဲသွားခဲ့ပြီ။ ထို့အတွက် ဝန်းခ လက်ခံရမှာပဲဖြစ်၏။

အရေးကြီးတာ မင်းမှူပိုင် စာမေးပွဲအောင်ဖို့ပဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

မမဝန်းခနှင့်သူ့ကြားက ဆက်ဆံရေးကတော့ ပြေပြစ်ငြိမ်းချမ်း
သွားခဲ့တာ အမှန်ဖြစ်သည်။

သူ့ဘက်ကလည်း မမဝန်းခ၏ သတ်မှတ်သော စာသင်ချိန်က
ဂရုစိုက်ပြီး အလေးထားခဲ့သည်။ ထို့အတွက် သူ ပိုင်ဆိုင်ရတာ မမဝန်း
ရဲ့ ကျေနပ်သော အပြုံးလေးတွေ ဖြစ်၏။

"မမဝန်းခ ဒီနေ့ ဆယ်မိနစ်တောင် စောသားပဲ"

"ဟုတ်တယ် မင်းမူ့ အလုပ်က စောစောပြွတ်သွားလို့လေ"

"ဒါဆို ခဏနားပါဦး၊ ကျွန်တော် အအေးတစ်ခု သွားယူလိုက်
မယ်နော်"

မမဝန်းခ ခေါင်းညိတ်ခေါင်းခါ မပြုခင်မှာဘဲ သူ ညှိခန်းထဲက





ထွက်ခဲ့ပြီးနေပြီ။

သူ မြင်တွေ့နေကျ မမဝန်းခ မျက်နှာလေးသည် ဘယ်သော
အခါမှ ပြင်ပြင်ဆင်ဆင် ခြယ်သမှုမရှိပေမယ့် ရှင်းရှင်းသန့်သန့်လေးပါပဲ။
ထိုထက် နှစ်သက်စရာကောင်းသည်က သူ့အပေါ်မှာ ပြုံးပြုံးရွှင်ရွှင်
ဆက်ဆံလာသော မမဝန်းခရဲ့ဆက်ဆံမှုတွေ၊ အပြုံးလေးတွေက ကြည်
သင်ခင်မင်ဖွယ်ကောင်းနေ၏။

သူနဲ့မမဝန်းခကြားက ပြောင်းလဲသွားသော ဆက်ဆံမှုအတွက်
မာမီကလည်း ကျေနပ်နေခဲ့သည်။

မာမီနှင့်မမဝန်းခတို့ နှစ်ယောက်ကြားမှာပင် ဆက်ဆံမှုက
ငြိမ်းချမ်းပွင့်လင်းလာတာ သေချာ၏။

"သမီး ကြယ်စင် ဒီညနေတော့ အိမ်မှာပဲ ထမင်းစားသွားနော်၊
သမီး ငါးရံ့ခေါင်းဟင်းချိုကြိုက်တယ်လို့ သမီးငယ်ပြောလို့ အန်တီ ချက်
ထားတာ"

"ဟာ အန်တီရယ် အားနာစရာ"

"ဘာမှ အားနာစရာမှ မဟုတ်ဘဲ မမဝန်းခရဲ့၊ ခဏနေရင်
မခိုင်လည်း ပြန်လာတော့မှာ၊ ထမင်းစားပြီးမှ ပြန်ပါတဲ့၊ သူ ပြန်လိုက်ပို့
ပေးမယ်တဲ့"

မမဝန်းခ ခေါင်းလေးညိတ်ကာ မငြင်းဆိုတော့ပါ။ အလုပ်ကိစ္စ
တွေနှင့် လည်ပတ် အချိန်ကုန်နေရသော မမဝန်းခခမြာ ဆိုင်ထမင်းဟင်း
တွေနှင့်ပဲ လုံးပန်းနေရတာ သူ သိထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မမဝန်းခအကြောင်းတွေ သူ သိလာလေလေ မမဝန်းခအပေ
သူ စာနာနားလည်လာမိလေလေပါပဲ။ ပြီးတော့ မမဝန်းခရဲ့အရည်အချင်
တွေကိုလည်း သူ လေးစားမိပါသည်။

မမဝန်းခနှင့်အတူ လက်ဆုံစားဖြစ်သော ထမင်းဝိုင်းလေးမှာ
လည်း မမဝန်းခ မျက်နှာလေးကို သူ ငေးကြည့်မိစမြဲ။

အမြဲတမ်း မာနရိပ်တွေနှင့် တံခွန်ထူနေသည် ထင်ခဲ့သော
မမဝန်းခသည် တကယ့်ကို ခင်မင်လေးစားစရာ မိန်းမတစ်ယောက်
သူ သိခဲ့ရသည်။

မမဝန်းခနှင့်အတူရှိနေသော အချိန်တွေမှာ သက်ထားကို သ
မေ့ထားခဲ့နိုင်တာတော့ ဘာကြောင့်မှန်းမသိပါ။

မေ့ထားမိသော သက်ထားဆီမှ မထင်မှတ်ဘဲ ဖုန်းဝင်လာ
မှာတော့ သူ အံ့ဩစရာ စကားတွေကို ကြားရ၏။

"မင်းမူ"

"ဩော် သက်ထားလား"

"အဟင်း တို့အသံကိုတောင် မမှတ်မိတော့ဘူးလား"

"မဟုတ်ပါဘူး ဖုန်းဆက်မယ်မထင်လို့"

သက်ထားဆီက ဖုန်းကို သူ မျှော်နေတုန်းက မကြား
မမျှော်လင့်ချိန်မှ ကြားရတော့ အံ့ဩမိ၏။ သက်ထားနှင့်သူ မဆုံဖြစ်ခဲ့
ပဲ နှစ်ပတ်လောက်ရှိခဲ့ပြီ ထင်၏။





"တို့ ဘုရားဖူးခရီးလိုက်သွားတာ မင်းမူရဲ့ ဗုဒ္ဓဂါယာဘုရား
ဖူးခရီးစဉ်လေ နှစ်ပတ်ကြာသွားလို့"

"ဟုတ်လား ကိုယ်တောင်မသိလိုက်ဘူး၊ အခု ပြန်ရောက်ပြီပေါ့"

"မနေ့က ပြန်ရောက်တာ ရောက်ရောက်ချင်း မာမီပြောလာတဲ့
စကားကြောင့် တို့ အံ့ဩနေတာ"

"ဘာကိုလဲ သက်ထား"

"မာမီကို မင်းမူတို့အိမ်က ထမင်းစားဖိတ်ထားလို့တဲ့"

"ဘယ်လို"

သူလည်း အံ့ဩမိသည်။ မနေ့ကတော့ မာမိပြောနေတာ ကြား
ခဲ့သည်။ မာမီက သူ့မိတ်ဆွေကို ထမင်းစားဖိတ်သည်တဲ့။ ဒါပေမဲ့ သက်
ထားရဲ့မေမေဟု မထင်ခဲ့။

"တို့ မာမီနဲ့မင်းမူမာမီက သိပ်ရင်းနှီးတဲ့သူငယ်ချင်းတွေတဲ့
မာမီက သူ့သူငယ်ချင်းဒေါ်မူမူအောင် အကြောင်းတွေ ပြောမှ မင်းမူ
ဆိုတာ တို့သိလိုက်တာ၊ မာမီတောင် အံ့ဩနေတယ် သိလား။ မင်းမူနဲ့
တို့ ခင်မင်နေတာ မာမီ မသိဘူးလေ"

"ကိုယ်လည်း မသိဘူး။ မာမီ ထမင်းစားဖိတ်တယ်လို့ ပြောတာ
ကြားမိတယ်၊ ဒါပေမဲ့ သက်ထား မာမီလို့ မထင်ဘူး"

"အံ့ဩသွားတယ် မဟုတ်လား၊ အဲဒီနေ့ကျမှ ဆုံမယ်နော်"

"ကောင်းပြီ သက်ထား"



www.burmeseclassic.com

www.burmeseclassic.com



သက်ထား ဖုန်းလေးချသွားတော့ သူ့ အံ့သြစွာ ကျန်ရစ်ခဲ့သည်။ သက်ထားမာမိနှင့် မာမီက မိတ်ဆွေတွေတဲ့လား။

■ ■ ■

## အခန်း (၂၈)

မာမီက သက်ထားတို့သားအမိကို ထမင်းစားဖိတ်ခဲ့တာ ာနက်ခွေနေ့မို့ ထိုနေ့က အိမ်မှာ လူစုံတက်စုံရှိနေခဲ့သည်။

အဖြူရောင်ဝမ်းဆက် ဝတ်စုံလေးနှင့် ချစ်သက်ထားသည် ထုံးစံ ာတိုင်း ငေးကြည့်လောက်အောင် လှနေခဲ့သည်။

သက်ထားမိခင် ဒေါ်ထားနွယ်ကလည်း သက်ထားလိုပဲ ချော ာခန့်ထည်သည်။ ခန္ဓာကိုယ်တစ်ခုလုံး ပြီးပြက်နေသော စိန်ရတနာတွေ င်ထားတာကတော့ သားအမိနှစ်ယောက်စလုံး ဖြစ်၏။

"ပိုင်လေးရေ့ မာမို့မိတ်ဆွေတွေက မမကြီးတို့ကို စိန်ပြပွဲလာ ာလားလို့တောင် ထင်ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



မမကြီးက တီးတိုးဝေဖန်တော့ မမနိုင်ကလည်း ထောက်ခံ ခေါင်းလေးညိတ်ရင်း

"ဟုတ်ပါ့ဟယ် ပြင်ဆင်ထားတာလည်း မင်းသမီးရှုံးလောက်တယ်၊ မိတ်ဆွေတစ်ယောက်အိမ် ထမင်းလာစားတာပဲ ဒီလောက်တော့ မလိုဘူးထင်တယ်"

သူတို့မောင်နှမသုံးယောက် ဝေဖန်နေကြတုန်း ညွှန်ခန်းဘက်က မမလတ် ထွက်လာသည်။

"ပိုင်လေး ငါမေးချင်လို့ ချစ်သက်ထားနဲ့ ပိုင်လေးက ရင်းနှီးပြီးသားဆို"

မမလတ်စကားကြောင့် ကျန်အစ်မတွေ သူ့ကိုလှည့်ကြည့်ကြသည်။ သူ ခေါင်းညိတ်ပြရင်း

"ဟုတ်တယ် မမလတ် သက်ထားတို့က နေယံယောက်မတော် ရပ်ကွက်ထဲကပဲလေ နေယံအလှူသွားတုန်းက သိခဲ့ကြတာ"

"ပိုင်လေး ရိုးရိုးသားသား နင်နဲ့ဇာတ်လမ်းတွေ ရှိခဲ့သလား"

မမနိုင် မေးလာတော့ သူ ခေါင်းကိုခပ်သွက်သွက်လေး ခါမိ၏။

"ဟာ မဟုတ်ပါဘူး မမနိုင်ရယ်၊ နေယံ မိတ်ဆက်ပေးလို့ ခင်မင်ကြတာပါ၊ မမနိုင်ထင်သလို မဟုတ်ပါဘူး"

"ကဲ ပိုင်လေး သွားလိုက်ဦး၊ မာမီ ခေါ်ခိုင်းနေလို့ လာခေါ်တာ"

မမလတ်ဆိုတော့မှ သူ ထွက်ခဲ့လိုက်သည်။ ညွှန်ခန်းထဲ



မာမီတင်မဟုတ်ဘဲ ဒယ်ဒီကပါ သက်ထားတို့သားအမိနှင့် စကားတွေ ပြောနေကြသည်။

သူ့ကိုမြင်တော့ သက်ထား ပြုံးပြုံးလေး နှုတ်ဆက်၏။ မာမီက

"သား ပိုင်လေး လာဦး"

သက်ထား မိခင် ဒေါ်ထားနွယ်အကြည့်တွေက သူ့ဆီ ပြုံးပြုံးလေး ရောက်လာရင်း

"မှုမှုသား မင်းမှုပိုင်ဆိုတာလား၊ မိတ်ဆက်မပေးခင်ကတည်းက ထားက သိပြီးပြီလေ အဟင်း ဟင်း သမီးနဲ့က ရင်းနှီးပြီးသားတွေ ဆိုတော့ မိတ်ဆက်စရာမလိုဘူး ထင်တယ်"

"ဟုတ်တယ် သား ပြောရရင် မှုမှုနဲ့မာမီကတင် ရင်းနှီးခင်မင်ကြတာ မဟုတ်ဘူး၊ သားဒယ်ဒီနဲ့ ထားရဲ့ခင်ပွန်းကိုချစ်မွန် ဆိုတာလည်း ကျောင်းနေဖက်သူငယ်ချင်းတွေကွဲ့"

ဒယ်ဒီက ပြုံးပြုံးကြီး ခေါင်းညိတ်ထောက်ခံသည်။

"ချစ်မွန်နဲ့က အထက်တန်းကျောင်းအထိ တက်ဖူးတာပေါ့ကွာ၊ သူ သင်္ဘောတက်သွားတာလည်း ကြားတယ်၊ ဒယ်ဒီတို့ ပြန်မဆုံကြလို့ မတွေ့ဖူးဖြစ်နေတာ၊ ဟိုတစ်ရက်က သားအမိအလှူခေါ်လို့ လိုက်သွားမှ ကိုချစ်မွန့်အိမ်မှန်း သိရတာ"

"ဟုတ်တယ် အဲဒီတုန်းက မင်းမှုကို သမီးဖိတ်သေးတယ် သူ ရောက်မလာလို့ အန်ကယ်ရဲ့"

သက်ထားက ဝင်ရှင်းပြန်သည်။ သက်ထား ဖိတ်တုန်းက



www.burmeseclassic.com

www.burmeseclassic.com



မရောက်ခဲ့တာကြောင့် မမဝန်းခနှင့်သူ ပြဿနာဖြစ်ခဲ့တာ ဖြစ်၏။ ဒါကို ဒယ်ဒီမသိရှာပေမယ့် မမခိုင် ကြားလျှင်တော့ ရိပ်မိမှာ သေချာ၏။

"ကဲ ကဲ ဘာပဲဖြစ်ဖြစ် ဒီလောက် မိဘတွေ ရင်းနှီးနေတာပဲ သားလေးကလည်း အိမ်ကိုလာလည်ပါကွယ် ဟုတ်လား"

"ဟုတ်ကဲ့ အန်တီ"

သက်ထားနှင့်သူ့ကြားမှာ မထင်မှတ်သော ခင်မင်ကျွမ်းဝင်မှုတွေ ပိုမိုလာမည့်အဖြစ်ကို ကံကြမ္မာက ပေးနေပြီ။

ဒါပေမဲ့ ထိုအခြေအနေကို သူ ကျေနပ်ဝမ်းသာခြင်း ကြီးမားစွာမဖြစ်တာ ဘာကြောင့်မှန်းမသိပါ။

သက်ထားကတော့ သူ့ကိုကြည့်ကာ ကျေနပ်ပြုံးလေး ပြုံးပြလို့နေခဲ့သည်။ ခရမ်းရောင် နှုတ်ခမ်းလေးတွေကို နှစ်သက်ခဲ့သော သူ အခုတော့ ထူးထူးခြားခြား ရင်ခုန်ခြင်းကင်းမဲ့နေ၏။

သူနှင့်သက်ထား မဆုံဖြစ်ကြတာ နှစ်ပတ်သာသာပဲ ရှိသေးသည်။ တကယ်ကို တိုတောင်းလှသော အချိန်လေးမှာ သူ့စိတ်တွေ ဘာကြောင့် လျော့ပါးသွားခဲ့တာလဲ။

သက်ထားကတော့ သူ့အပေါ် မပြောင်းလဲဟု ထင်သည်။

မနက်စာ စားသောက်ပြီးတော့ သက်ထား ခြံထဲဆင်းကြည့်ချင်သည်ဆိုတာကြောင့် သူ လိုက်ပြရ၏။ မာမီတို့ကတော့ အချိုဝိုင်းမှာ စကားတွေ ဖောင်ဖွဲ့မဆုံးနိုင်ပဲ ကျန်ခဲ့၏။

"မင်းမှူ"





"ပြောလေ သက်ထား"

"ဟော ဟို ခုံတန်းလေးမှာ ထိုင်ရအောင်နော်"

ခရေပင်ရိပ်အောက်က ခုံတန်းလေးမှာ သက်ထား ထိုင်ချင်သည်ဆိုတော့ သူ ခေါင်းလေးညိတ်ကာ ထွက်ခဲ့လိုက်သည်။

အတူယှဉ်ထိုင်မိကြချိန်မှာ သက်ထားဆီက ရေမွှေးရနံ့ရှူးရှူးလေးက သူ့အာရုံကို လာရိုက်ခတ်ပေမယ့်

"မတွေ့ဖြစ်တာ ကြာပြီနော် မင်းမှူ"

"အင်းလေ ဖုန်းတောင် မဆက်ဖြစ်ကြတဲ့"

"မင်းမှူ ဘာလို့ မဆက်တာလဲ"

"နောက်ဆုံးဆက်တော့ မအားဘူးဆို၊ အားမှ သက်ထားဆက်လိုက်မယ် ပြောခဲ့တာလေ"

"အဟင်း အဲဒီတုန်းက အလျှုဖိတ်တာကို မလာလို့ စိတ်ထဲမှာ အလိုမကျဖြစ်နေတာ၊ ဒီကြားထဲ ဘုရားဖူးခရီးထွက်ဖြစ်တော့ မဆက်ဖြစ်တော့ဘူးလေ"

သက်ထား ပြောတာတွေကိုပဲ သူ နားထောင်နေလိုက်သည်။ သက်ထားနှင့်ဆုံတိုင်း စကားတွေ ပြောချင်ခဲ့သော သူ့စိတ်တွေ အခုမှ သိပ်ထူးခြားစွာ တည်ငြိမ်နေခဲ့၏။

"မင်းမှူ နောက်ဆို တို့အိမ်ကို အချိန်မရွေး လာခဲ့နော်"

"အင်း အားရက်ဆို ရောက်ဖြစ်မှာပါ သက်ထား၊ တသင်ချိန်တွေ နားတဲ့ရက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲ မေးရဦးမယ် မင်းမူရဲ့ဆရာမ ဒီနေ့မလာဘူးလား"

"မနေ့က လာသင်သွားပြီ၊ ဒီနေ့ သူမအားဘူး၊ နိုင်ငံခြားဧည့်သည်တွေနဲ့ အလုပ်ရှုပ်နေလို့"

"ဘယ်လို သူက ဘာလုပ်လို့လဲ"

"ခရီးသွားဧည့်သည်တွေရဲ့ဂိုက်လေ၊ ပြီးတော့ ဟိုတယ်တစ်ခုမှာလည်း အချိန်ပိုင်း ဧည့်လမ်းညွှန်လုပ်တယ်"

"အင်း တော်တော်အလုပ်များတာပဲ၊ မမခိုင်ရဲ့သူငယ်ချင်းဆိုတော့ မမခိုင်လိုပဲ ထက်မြက်မှာပဲ"

မမဝန်းခကို လူ မဆုံသေးခင်မို့ သက်ထား ချီးကျူးနေတာဖြစ်မည်။ မမဝန်းခဆိုတာ ဘယ်သူလဲ သက်ထား သိလျှင် အံ့သြသွားမှာသေချာ၏။

"သူ စာသင်တဲ့တစ်ရက်တော့ မင်းမူတို့ဆီ လာလည်ဦးမယ်၊ မြင်ဖူးတွေ့ဖူးချင်လို့"

သက်ထား စကားကို သူ ခေါင်းလေးပဲညိတ်ပြလိုက်ပါသည်။ အရင်က သက်ထားနှင့်မမဝန်းခ ဆုံကြမှာကို သူ စိုးရိမ်ခဲ့သည်။

ဒါပေမဲ့ အခုချိန်မှာတော့ ...။

■ ■ ■

ဗျူး ၀၁၆၁

## အခန်း (၂၉)

"မထားနွယ်က စိန်တိုက်ပိုင်ရှင်လေ၊ နွယ် စိန်တိုက်ဆိုတာ နာမည်ကျော်ပဲဥစ္စာ၊ သမီးတို့သိမှာပါ၊ ပြီးတော့ ထား ခင်ပွန်း ကိုချစ်မွန်ကလည်း သဘောၤကပ္ပတိန်တစ်ယောက်ကွဲ့၊ မကြာခင် မြန်မာပြည် ပြန်လာမှာတဲ့၊ ကိုချစ်မွန်လာမှ တစ်ခါ ထမင်းစားဖိတ်ရဦးမယ်"

ညနေစာ ထမင်းဝိုင်းမှာ မာမီက သက်ထား မာမီအကြောင်းတွေ သူတို့မောင်နှမတွေကို ပြောပြနေသည်။ မမခိုင်က

"မာမီနဲ့သူငယ်ချင်းလား"

"ထားနဲ့က သူငယ်ချင်းတွေ၊ တော်တော်ခင်မင်ကြတာ၊ သမီးတို့ဒယ်ဒီနဲ့ ကိုချစ်မွန်လည်း ကျောင်းနေဖက်တွေပဲ"

"နေပါဦး မာမီ၊ သူတို့သားအမိကို အိမ်မှာထမင်းစားဖိတ်တာ

ဗျူး ၀၁၆၁

www.burmeseclassic.com

www.burmeseclassic.com



ဘာရည်ရွယ်ချက်လဲ''

မမနိုင်မေးတော့ မမကြီးတို့ပါ စားနေကြသည့် ထမင်းပွဲတွေမှာ အာရုံမရှိတော့ဘဲ မော့ကြည့်ကြသည်။ မာမီ့စကားကို သိချင်နေကြသည့် သဘော။

''ကိုယ့်မိတ်ဆွေတွေပဲ သမီးရဲ့၊ ခင်မင်ရင်းနှီးအောင်ပေါ့''

''မသိပါဘူး သားရေးသမီးရေးတွေ ရှိနေသလားလို့''

''နိုင်လေး ပြောသလို ရှိနေရင်လည်း ပိုင်လေးအတွက်လား၊ ဒေါ်ထားနွယ်မှာက သမီးတစ်ယောက်တည်း ရှိတာဆို''

မမလတ်ကတော့ ဒွဲတိုးပဲမေးသည်။ မာမီက တစ်ချိန်လုံး ငြိမ်သက်စွာ ထမင်းစားနေသော ဒယ်ဒီကို တစ်ချက်ဝေ့ကြည့်ပြီးမှ သူ့ဆီ လှမ်းကြည့်၏။

''ချစ်သက်ထားက တစ်ဦးတည်းသော သမီးပဲလေ၊ သား ပိုင်လေးနဲ့လည်း သိကျွမ်းကြတာပဲ''

''အင်း ပိုင်လေးကတော့ ဘွဲ့လည်းရ မိန်းမလည်းရပြီပေါ့''

''ဟာ မမကြီးကလည်း ကျွန်တော်နဲ့သက်ထားက မိတ်ဆွေတွေပါ၊ ခင်မင်ကြတာတောင် မကြာသေးဘူး''

သူ ကသောကမျောလေး ဖြေရင်းတော့ မမနိုင်က အကဲခတ်သလို လှမ်းကြည့်နေ၏။ မာမီက

''ဘာပဲဖြစ်ဖြစ် ပိုင်လေးနဲ့သက်ထားလေး ခင်မင်နေတာ ကောင်းပါတယ်''





''ဟာ မာမီက ကျေနပ်နေတာပေါ့''

''ဘာမကျေနပ်စရာလဲ သမီးရဲ့၊ သက်ထားလေးကလည်း ချောချောလှလှလေးပဲလေ၊ ပညာရေးမှာလည်း သချင်္ချာနဲ့ဘွဲ့ရပြီးသားတဲ့၊ အခု သူ့အမေနဲ့စိန်တိုက်မှာ ကူထိုင်ပေးနေတာ''

''စိန်တိုက်ပိုင်ရှင်တွေဆိုတော့ အဲဒီနေ့က ဆင်လာကြတာမှ မာမီ့တစ်အိမ်လုံး အရောင်တွေ တောက်ပနေတာပဲ မျက်စိတောင်ကျိန်းတယ်''

''ဟုတ်တယ် ချစ်သက်ထားလေးက ချောတော့ ချောပါတယ်၊ ဒါပေမဲ့ ပြင်ဆင်ထားတာတော့ မင်းသမီးရှုံးတယ်''

''ဩော် သမီးရယ် မိန်းကလေးပဲလေ၊ အလှအပတော့ ကြိုက်မှာပေါ့''

''အလှအပ ကြိုက်တာ မှန်ပေမယ့် နည်းနည်းပိုနေသလားလို့ ထင်မိရယ်''

မမကြီးတို့ တစ်ယောက်ဆီ ဝေဖန်နေကြတာမို့ မာမီကတော့ ဖြေရှင်းချက်တွေ အသင့်ရှိနေပုံရှိ၏။

''သမီးရယ် တစ်ဦးတည်းသောသမီးဆိုတော့လည်း ပြည့်စုံနေတော့ ဘာမှပူပန်စရာ မရှိပါဘူး၊ သမီးတို့မောင်လေးကလည်း အလှအပဆို ကြိုက်တာပဲလေ''

သူ ဘာမှမဝေဖန်ဖြစ်ဘဲ နှုတ်ဆိတ်နေလိုက်သည်။ မာမီက



www.burmeseclassic.com

www.burmeseclassic.com



သက်ထားနှင့်သူ့ကို ကြည့်ဖြူနေတာ သေချာ၏။

တစ်ချိန်တုန်းက ထိုစကားမျိုးကြားလျှင် သူ ဝမ်းသာကျေနပ်မိမှာ သေချာပေမယ့် အခုချိန်မှာတော့ ထိုခံစားချက်တွေ ကင်းစင်နေ၏။

သက်ထား ချောတာလှတာ မှန်ပါသည်။ မာမီတို့ဘက်က ငြင်းစရာမရှိအောင်လည်း ပြည့်စုံသည်။ ပြောရလျှင် သူလည်း သက်ထား အပေါ်မှာ ငြိတွယ် ချစ်ရေးဆိုခဲ့ဖူး၏။

ဒါပေမဲ့ သက်ထားဘက်က ရေရာတိကျစွာ အဖြေမပေးခဲ့ပါ။

"ပိုင်လေး သက်ထားလေးတို့အိမ်ဘက်ရောက်ရင် ဝင်ထွက်နော် သား"

"မာမီကလည်း လုပ်ပြီ ပိုင်လေး မင်းချစ်သက်ထားကို ဘယ်လို သဘောထားထား မမနိုင် ဘာမှမဝေဖန်ချင်ဘူး၊ တားလည်း မတားပါဘူး တစ်ခုတော့ရှိတယ် ပညာရေးကိုတော့ မပေါ့စေနဲ့နော်"

"စိတ်ချပါ မမနိုင်"

"သမီးလေး ပြောတာ ဒယ်ဒီလည်း လက်ခံတယ် သား သားရဲ့အိမ်ထောင်ဘက်ကို သားစိတ်ကြိုက် ရွေးပါ၊ ဒါပေမဲ့ အရင်ဆုံး အရေးကြီးတာ သားရဲ့ပညာရေးပဲ"

ဒယ်ဒီနှင့်မမနိုင်တို့၏ စကားတွေကို သူ လက်ခံပါသည်။ အခု ချိန်မှာလည်း သူ့စိတ်တွေ တည်ငြိမ်စွာ စာထဲမှာ အာရုံရှိနေသည်။

မမနိုင်ရဲ့စေတနာနှင့် မမဝင်းခတို့ရဲ့စေတနာတွေကိုတော့ သူ





အလေးအနက်ထားပါသည်။

သက်ထားအတွက်တော့ သူ့ရင်ထဲမှာ အချိန်ကာလတစ်ခုတော့ လိုအပ်သေးသည် ထင်ပါသည်။

အချစ်ဆိုတာ ဘာလဲ။ သူ သေချာသိချင်သေး၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဒီပုစ္ဆာကို နားလည်ပြီဆိုရင် နောက်ထပ်ပုစ္ဆာတစ်ပုဒ်ကို ထပ်ရှင်းပြပေးမယ် ဟုတ်လား မင်းမူ"

"ဟုတ်ကဲ့ မမဝန်းခ"

သည်တစ်ပတ်မှာတော့ စနေမနက်ပိုင်းကို မမဝန်းခ စာသင်ရက်အဖြစ် သတ်မှတ်ကာ လာသင်ပေးနေတာ ဖြစ်၏။

သူ့ကိုစာသင်ပြီးလျှင် မမဝန်းခ ပန်းချီသင်တန်းသွားမည်ဟု သူ သိထားသည်။ အချိန်တွေကို ဝင်ငွေအဖြစ် ရှာဖွေနိုင်သော မမဝန်းခသည် တစ်ခါတစ်ခါမှာတော့ သူ့အတွက် အံ့ဩစရာကောင်းနေ၏။

သူ့ကို စာသင်ပေးနေတာလည်း စေတနာသက်သက်နှင့် ဘာငွေကြေးမှမပါဘဲ တက္ကစီခနှင့် လမ်းစရိတ်တောင် အိတ်ထဲက စိုက်ရင်း





ဒါက မမနိုင်ကျေးဇူးတွေအတွက်ဟု ဆိုလျှင်ထားတော့။

စနေ ညနေပိုင်းတစ်ခုလုံးကတော့ မမဝန်းခ ဝါသနာပါသော ပန်းချီသင်တန်း တက်ချိန်ဖြစ်သည်တဲ့။ ထိုရက်ကိုတော့ မမဝန်းခ ဘယ်တုန်းကမှ အပျက်မခံနိုင်ပါဟု ဆိုသည်။

"မမဝန်းခက ပန်းချီသင်တန်း တက်နေတာဆို၊ မမဝန်းခမှာ အချိန်မှရှိသေးရဲ့လား"

သူ မေးခဲ့ဖူးသည်။ သူ့အမေးကို မမဝန်းခ ပြုံးပြုံးလေးပဲ ဖြေပါသည်။

"အဲဒါ တို့အတွက် နားချိန်ပဲပေါ့ မင်းမူရယ်၊ တို့ဝါသနာပါတဲ့ အလုပ်ကို လုပ်ခွင့်ရတာ ကြည်နူးစရာ အချိန်ပဲပေါ့ မင်းမူရယ်၊ ပန်းချီဆရာမတစ်ယောက် ဖြစ်ချင်ခဲ့တာ တို့ရည်ရွယ်ချက်၊ ဒါပေမဲ့ အခြေအနေက ခွင့်မပေးခဲ့ဘူး၊ ဒါကြောင့် တို့ အခုချိန်မှာ သင်တန်းတက်ဖြစ်တယ်၊ အားလပ်ရက်တွေမှာ ပန်းချီကားတွေ ရေးဖြစ်တယ်"

မမဝန်းခသည် အံ့ဩစရာကောင်းပါသည်။ ပြီးတော့ သူ ထင်ထားတာထက် ပိုမိုပြည့်ဝကာ လောဘမာနကင်းစင်၏။

"တို့ဝါသနာက ငွေကြေးနဲ့မသက်ဆိုင်ဘူး၊ အဲဒီအချိန်လေးမှာ ဝင်ငွေရှာလို့ရပေမယ့် တို့ လောဘမရှိဘူး၊ တို့စိတ်ဆန္ဒလေးကိုပဲ ရွေးချယ်တယ်၊ တို့ဘဝအတွက် ဒီအချိန်လေးက ကြည်နူးချိန်လေးပဲလေ"

မမဝန်းခရဲ့ ဝါသနာကို သူ သိခဲ့ရသည်။ မမဝန်းခ ရင်ထဲမှာ သည်ရှိနေသော အနုပညာစိတ်လေးက အေးချမ်းစရာကောင်းမည်ထင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ မင်းမှူ ဒီပုဆ္ဆာကို ဗိုက်ဘုတ်မှာ တွက်ပြမယ် ရှင်းပြတာ နားထောင် ဟုတ်လား"

အခန်းနံရံက ဗိုက်ဘုတ်မှာ ပုဆ္ဆာကို မမဝန်းခ တွက်ရင်း ရှင်းလင်းပြောပြနေတာ သူ အာရုံရောက်နေခိုက်

"မင်းမှူ"

သူ ကြားဖူးနေသော ခေါ်သံလေးကြောင့် အံ့ဩစွာ လှည့်ကြည့်မိတော့ ကော်ဖီဗန်းကို ကိုင်ကာ ရပ်နေသော သက်ထား။

သူ့လိုပဲ အံ့ဩစွာလှည့်ကြည့်သော မမဝန်းခလည်း အံ့ဩသွားခဲ့တာ မျက်ဝန်းတွေက သက်သေ။

"သက်ထား"

သူ့ခေါ်သံကို သက်ထား မကြားနိုင်အောင် မမဝန်းခကို မျက်လုံးဝိုင်းဝိုင်းလေးတွေနှင့် ကြည့်နေခဲ့၏။ မမဝန်းခကို သက်ထား ကောင်းကောင်းမှတ်မိသွားမှာ အမှန်။

သူ သက်ထားဆီကို လျှောက်ခဲ့ရင်း ကော်ဖီဗန်းလေးကို လှမ်းယူလိုက်၏။

"သက်ထား ရောက်နေတာလား။ ကော်ဖီတွေ မာမီပို့ခိုင်းလို့လား"

သက်ထား နှုတ်ခမ်းပါးပါးလေးတွေ မဲ့ကျသွားရင်း

"အန်တီ မပို့ခိုင်းပါဘူး။ မင်းမှူ စာသင်ရင်း သောက်စေချင်လို့ လာပို့ပေးတာ၊ နေပါဦး ဒါ မင်းမှူကို စာသင်ပေးတဲ့ ဆရာမဆိုတာလား"





"ဟုတ်တယ်လေ မမဝန်းခ အဲ နာမည်က ကြယ်စင်ဝန်းခ တဲ့"

"မယုံနိုင်စရာပဲ ဒီလို ပြန်ဆုံမယ်လို့ မထင်ဘူး။ မင်းမှူအစ်မက ရွေးချယ်ပေးထားတဲ့ ဆရာမတဲ့လား အဟင်း ဟင်း"

သက်ထားအသံတွေ အမူအရာတွေက လူတစ်ယောက်ကို လှောင်ပြောင်နေတာ အထင်အရှား။ သူ ကြားထဲက မျက်နှာပူ အားနာမိသည်။

"ဒီလိုမှန်းသိရင် တို့ ဒီအခန်းထဲ ဝင်လာမိမှာ မဟုတ်ဘူး မင်းမှူ"

"မင်း ဝင်မလာသင့်ဘူး၊ တို့စာသင်နေချိန်မှာ ဘယ်လို အနှောင့်အယှက်မျိုးကိုမှ လက်မခံဘူး၊ အန်တီတောင် ဒီအခန်းထဲ မဝင်ဘူး"

မမဝန်းခ စကားသံက ဒေါသသံတို့မပါပေမယ့် မာထန်ပြတ်သားလွန်းသည်။ စာသင်ချိန်ကို အနှောင့်အယှက် ဖြစ်စေလောက်အောင် သက်ထားရဲ့ရန်လိုမှုတွေက လွန်နေပြီ။

"အဲဒါ ရှင့်ရဲ့စည်းကမ်းချက်လား အဟင်း ချစ်သက်ထား အတွက် ဒီအိမ်မှာ ဘယ်လိုချုပ်ချယ်မှုမှ မရှိဘူးဆိုတာ ရှင် မသိဘူး ထင်တယ်"

သက်ထား ဘာ့ရည်ရွယ်ချက်နှင့် ဒီစကားကို ဆိုနေတာလဲ။ ဘာကယ်ဆို ဒါ ဒီအိမ်ကို သက်ထား ဒုတိယအကြိမ် ရောက်ဖူးတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ဒီလောက်ထိ သက်ထား မဆိုသင့်ဟု ထင်၏။

"အဲဒါ တို့ သိစရာမဟုတ်တဲ့ကိစ္စပဲ ချစ်သက်ထား"

"လိုတယ် ရှင် သိထားသင့်တယ်"

"ကဲ မင်း ရန်လိုမှုတွေများနေပြီ ချစ်သက်ထား၊ တို့ မင်းနဲ့ ဘာမှထပ်မပြောချင်ဘူး"

စကားအဆုံးမှာ မမဝန်းခ ပို့က်ဘုတ်မှာ ပုဆ္တာကို ပြန်လှည့်တွက်ဖို့ ပြင်သည်။ သူ သက်ထားကို တောင်းပန်ရ၏။

"သက်ထား သွားပါ မာမီနဲ့သွားနေပါ၊ ကိုယ် တောင်းပန်ပါတယ်. ဒါ ကိုယ့်စာသင်ချိန်ရဲ့စည်းကမ်းပါ"

"ဘာပြောတယ် မင်းမူ၊ တို့ကို မင်းမူပါ နှင်ထုတ်နေတာလား"

"ဒီသဘောမဟုတ်ဘူး သက်ထား၊ ဟော မာမီ ဒီမှာ သက်ထားကို ညွှန်ခံထားပါဦး"

မာမီကို လှမ်းမြင်လိုက်တာမို့ သူ အကူအညီတောင်းလိုက်ရ၏။ မာမီ အနားရောက်လာချိန်ထိ သက်ထား မျက်နှာက ဒေါသတွေ မပြေသေးပါ။

"သမီးလေး လာလေ အန်တီနဲ့ ညွှန်ခန်းမှာ စောင့်ရအောင် ခဏနေရင် ပိုင်လေး စာသင်ချိန်ပြီးပါပြီ"

တင်းတင်းစေ့ထားသော နှုတ်ခမ်းတွေနှင့် မမဝန်းခရှိရာကို သက်ထား တစ်ချက်ကြည့်သည်။ ပြီးမှ မာမီခေါ်ရာ ပါသွားခဲ့၏။ သူ မမဝန်းခဘက်လှည့်ကြည့်ရင်း





"မမဝန်းခ ကျွန်တော် တောင်းပန်"

"ရတယ် မင်းမူ၊ ပြဿနာမရှိဘူး။ မင်း တောင်းပန်စရာကိစ္စမှ မဟုတ်ဘဲ၊ ကဲ တို့ ဒီပုဆ္တာလေး ရှင်းလိုက်ရအောင်"

ရှင်းလက်စ ပုဆ္တာကို မမဝန်းခ ဆက်ရှင်းပြနေပေမယ့် သူ့အာရုံတွေ မဝင်စားနိုင်ခဲ့ပါ။ ဒီလိုဆုံတွေ့မှုမျိုး သက်ထားနှင့် မမဝန်းခကို မဆုံစေချင်ပေမယ့်လည်း . . .။

ဆယ်မိနစ်ဆိုသော အချိန်ကာလတစ်ခုကို သူ စိတ်ညစ်ညူးစွာထိုင်နေခဲ့ရပေမယ့် မမဝန်းခကတော့ သက်ထားကိစ္စကို ခေါင်းထဲက ဆုတ်ပစ်လိုက်သလို တည်ငြိမ်နေခဲ့၏။

"ကဲ ဒီနေ့ ဒီလောက်ပဲ မင်းမူ၊ သင်ခဲ့တာတွေ ပြန်တွက်ပြီး ရှင်းလင်းရင် နောက်တစ်ပတ်မှ မေးတော့နော်"

"ဟုတ်ကဲ့ မမဝန်းခ၊ ဟို ကျွန်တော် လိုက်ပို့ပေးရမလားဟင်"

"ရတယ် မင်းမူ၊ တို့ဘာသာ သွားပါ့မယ်၊ ကဲ သင်တန်းချိန်မီနေလို့နော်"

သူ့ကို တစ်ချက်ပြုံးပြကာ မမဝန်းခ ထွက်သွားတော့ သူ နောက်က ကပ်လိုက်ခဲ့သည်။

ညွှန်ခန်းထဲမှာ မာမီတစ်ယောက်တည်း ရှိနေသည်။ မမဝန်းခကို မြင်တော့ မာမီ ပြုံးကာ နှုတ်ဆက်၏။

"သမီးလေး ကြယ်စင် ပြန်တော့မှာလား"

"ဟုတ်ကဲ့ အန်တီ သင်တန်းချိန်လေး အမီသွားရမှာမို့ ခွင့်ပြု



www.burmeseclassic.com

www.burmeseclassic.com



ဦးနော်''

ခပ်သွက်သွက် ခြေလှမ်းတွေနှင့် မမဝန်းခ ထွက်သွားတော့မှ မာမို့ကို သူ တိုးတိုးမေးကြည့်ရ၏။

''သက်ထား ဘယ်မှာလဲ မာမီ''

''သူ ပြန်သွားပြီ သား၊ ကိစ္စလေးရှိလို့တဲ့''

''တော်တော် ဆိုးတဲ့ကိစ္စပဲ မာမီရာ၊ စာသင်ခန်းထဲအထိ ရောက်လာပြီး မမဝန်းခကို ရန်လိုနေတာ တော်တော်ဆိုးတယ်''

''မာမီလည်း မသိလိုက်ဘူး သားရယ်၊ ဘယ်လို ပြဿနာတွေ ရှိလို့လဲဟင်''

သူ မာမို့ကို ရှင်းပြလိုက်တော့ မာမီ ပင့်သက်လေးရှိုက်သည် ပြီးမှ စိတ်မကောင်းစွာ ဆိုသည်။

''သမီးလေးတို့ ပြဿနာရှိထားမှန်း မာမီ မသိဘူးကွယ်၊ အဲ ကြယ်စင်လေးကို မာမီ တောင်းပန်ပါ့မယ်''

''နေတော့ မာမီ ဒီကိစ္စကို ထပ်မဆက်နဲ့တော့၊ မမဝန်းခ ကျွန်တော် တောင်းပန်ပြီးပြီ၊ မမနိုင်လည်း မသိစေနဲ့တော့နော်''

မာမီ နားလည်စွာ ခေါင်းညိတ်သည်။ သက်ထားနှင့်မမ ကြားမှာ မာမီ ပြဿနာဖြစ်စေချင်ပုံမရပါ။

သူကတော့ သက်ထားကို စိတ်တိုမိသည်။ ဒီလောက်အ သူများအိမ်တက်ကာ ပြဿနာမရှာသင့်ပါ။ မမဝန်းခကို အားနာမိသည်

ညရောက်တော့ သက်ထားဆီက ဖုန်းကို သူ ကြားရသည်



ဖုန်းထဲမှာတောင် ဒေါသမပြေသေးပုံရှိ၏။

''တို့ တကယ် မယုံနိုင်ဘူး မင်းမူ၊ ဒီမိန်းမက မင်းမူဆရာမ လို့ အရင်ကတည်းက တို့ကို ဘာလို့ကြိုမပြောတာလဲ''

''ကိုယ် ကြိုပြောတော့လည်း ပြဿနာက ဒီထက်စောဖြစ်လာ ရုံပဲ ရှိမှာပေါ့ သက်ထား၊ တစ်ခုတော့ မှားတယ်၊ သက်ထား သူ့ကို ဒီ လောက်ထိ မပြောသင့်ဘူး''

''ဘာလို့လဲ တို့ ဘာလွန်သလဲ၊ သူ့မျက်နှာက ဒီလောက် မာတင်းနေတာ''

''သက်ထား မမဝန်းခက မမနိုင်ရဲ့အယုံကြည်ဆုံး အချစ်ဆုံး သူငယ်ချင်းပါ၊ သက်ထား မှားနေပြီ''

''မှားနေတယ် ဟုတ်လား ထားလိုက်တော့''

ချက်ချင်း ဖုန်းချသွားသည်။ သူ အံကိုတင်းတင်းကြိတ်မိ၏။ သက်ထားကိုတော့ တကယ် အထင်သေးသွားရတာ အမှန်။

တကယ်ဆို မာနတွေ ထောင်လွှားနေတာ သူမ။ အနိုင်ယူ နှိမ်ချလိုစိတ်တွေ ပြင်းထန်နေတာ ချစ်သက်ထား။

ဒါကိုမှ နားလည်မှုမရှိလျှင် ကောင်းသည်။ မင်းဘာသာ ဘယ် လောက်ပဲ ချမ်းသာပြီး ဂုဏ်ထည်ဝါပါစေ ဘယ်သူက ခေါင်းညွှတ်သည်းခံ နိုင်မှာလဲ။

မာနဆိုတာ အဆိပ်လို အန္တရာယ်ရှိတာ သက်ထား မသိသေးပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"တို့ခေါင်းထဲမှာ ဘာမှမရှိတော့တာ အမှန်ပဲ မင်းမူ၊ သူ ရှင်းပြတိုင်း တို့က လိုက်မရှင်းပါဘူး။ တစ်ခါဆုံဖူးကတည်းက သိထား တယ်"

"ကျွန်တော် ကြားက အရမ်းအားနာတယ် မမဝန်းခ၊ ပြီးတော့ မမဝန်းခကို ရှင်းပြချင်လို့ လိုက်လာတာပါ"

"ဘာရှင်းပြစရာရှိလို့လဲ"

ဝန်းခ နားမလည်နိုင်စွာ မျက်မှောင်လေး ကုပ်မေးမိတော့ မင်းမူ ခေါင်းလေးညိတ်ရင်း

"ဒီလိုပါ မမဝန်းခ၊ သက်ထား ပြောသွားတာတွေ တစ်ခုမှ မဟုတ်ဘူး၊ တကယ်ဆို ဒီအိမ်ကို ရောက်တာ သူ နှစ်ကြိမ်ပဲ ရှိသေး

ဗျူး၁၁၄၀



တယ်၊ ပြီးတော့ ကျွန်တော်နဲ့လည်း မိတ်ဆွေအဆင့်ပဲ ရှိတာပါ"

မင်းမူ ဘာကြောင့် ဒါတွေလာရှင်းပြနေတာလဲဟု ဝန်းခ တွေး ကြည့်မိ၏။ မနေ့က သက်ထားပြောသွားတာတွေကိုတော့ မှတ်မိသည်။ ပြီးတော့ ကိုယ်တိုင်လည်း သက်ထားနှင့်မင်းမူကို တွေ့ဖူး၏။

"ဒါဆို သူ ပြောချင်တာ ပြောသွားခဲ့တာ၊ သူ့စကားတွေ တစ်ခုမှ မဟုတ်ဘူး"

"အဲဒါတွေ တို့သိဖို့ လိုအပ်လို့လား မင်းမူ"

"ဟို မမဝန်းခ သိစေချင်လို့ပါ"

"မလိုအပ်ဘူး ထင်တယ်"

"လိုအပ်တယ် ထင်လို့ပါ မမဝန်းခ၊ တစ်ခါဆုံဖူးကြတုန်းက သည်း ရှိနေတော့ မမဝန်းခ တစ်မျိုးထင်မှာစိုးလို့"

မင်းမူ ဘာတွေဖြစ်နေတာလဲ။ ဝန်းခကို လာရှင်းပြနေပုံက ဘာစ်ခုခုကို စိုးရိမ်နေသလို ရှိနေ၏။

"ဟို ကျွန်တော့်ကို ခွင့်ပြုပါဦးနော် မမဝန်းခ"

"အင်း တို့လည်း သွားစရာလေးရှိလို့ ရေချိုးချင်ပြီ"

"ဟုတ်ကဲ့ ဟို သက်ထားကြောင့်တော့ ကျွန်တော်နဲ့ မမဝန်းခ ကြားမှာ ဘာပြဿနာမှ မရှိစေချင်ဘူး၊ လက်ရှိ ခင်မင်သလို ရင်းရင်း နှီးနှီး ရှိစေချင်တာပါ"

တောင်းဆိုနေသော မျက်ဝန်းတွေထဲက တစ်စုံတစ်ရာကို ဝန်းခ မြင်နေမိသလိုရှိ၏။

ဗျူး၁၁၄၀

www.burmeseclassic.com

www.burmeseclassic.com



"အင်း ကဲ ပြန်တော့ မင်းမှူ"

မင်းမှူပိုင် ပြန်သွားတော့ အခန်းတံခါး ပိတ်ကာ ဝန်းခ အတွေးတွေ လွှင့်မျောကျန်ရစ်ခဲ့၏။

ချစ်သက်ထားနဲ့မင်းမှူကိစ္စကို ဘာကြောင့် မင်းမှူ လာရှင်းပြနေခဲ့တာလဲ။ မင်းမှူရဲ့စိတ်တွေ ရိုးသားရဲ့လား တွေးချင်စရာ။

တကယ်ဆိုလျှင် မင်းမှူပိုင်အပေါ်မှာလည်း ဝန်းခ အမြင်တွေ ပြောင်းကာ နားလည်ခဲ့တာ ကြာပြီ။

မင်းမှူပိုင်သည် တေတေပေပေနှင့် ဆိုးသွမ်းနေတာ မဟုတ်မှန်း သိခဲ့သည်။ စိတ်ထားဖြူဖြူလေးနှင့် နူးညံ့တတ်သူဖြစ်၏။

ဒီလို ရိုးသားဖြူစင်မှုလေးတွေ အရောင်ပြောင်းချင်နေတာလဲ။

ဟင့်အင်း မပြောင်းလိုက်ပါနဲ့ မင်းမှူပိုင်။ နှောင်ဖွဲ့တတ်တဲ့ သံယောဇဉ်တွေကို တို့ ရင်ဆိုင်ဖို့ တကယ် ကြောက်လန့်နေခဲ့တာပါ။

ပင့်သက်လေးရှိုက်ကာ အှူတွင်းခန်းလေးထဲ ဝင်ခဲ့သည်။ ဝန်းခ မြတ်နိုးစွာ ဖန်တီးထားသော ပန်းချီကားလေးတွေနှင့် ဒီအခန်းလေးသည် ဝန်းခရင်ကို အမြဲအေးချမ်းမှု ပေးခဲ့သည်။

အခုတော့ သည်အခန်းလေးထဲမှာလည်း ဝန်းခစိတ်တွေ မွှိုင်းပြနေပြန်သည်။

ဒီနေ့ ဘယ်မှသွားစရာမရှိပါ။ မင်းမှူ ပြန်အောင် ညာလိုက်ခြင်းသာ ဖြစ်၏။ ဒီနားရက်လေးကို ဝန်းခ ဝါသနာပါသော ပန်းချီခန်းလေးထဲမှာ ရှင်သန်ကုန်ဆုံးဖို့ ဖြစ်၏။





မနေ့ကတည်းက ဘောင်ကျတ်ထားသော ကင်းဗတ်စ်စလေးရှေ့က ပုံဆွဲခုံလေးမှာ ထိုင်လိုက်မိ၏။

အကြမ်းရေးခြစ်သည့် ခဲတံကို ကောက်ကိုင်ရင်း ကင်းဗတ်စ်ပေါ်မှာ ပုံရိပ်တစ်ခု ရေးခြယ်နေမိခဲ့၏။

စိတ်အာရုံက ဘယ်လောက်အထိ နစ်မျောသွားသည်မသိပါ။

"ဘုရားရေ"

ထင်ရှားစွာ ပုံဖော်နေသော ကင်းဗတ်စ်စပေါ်မှာ ပုံရိပ်ထင်နေတာ မင်းမှူပိုင်ရဲ့ပုံရိပ်ကြမ်းတစ်ခု ဖြစ်နေ၏။

တစ်ခါမှ မခုန်ဖူးသော ရင်ခုန်သံကို ပြန်ထိတ်လန့်စွာ ဝန်းခ ခဲဘတ်လေးကို ဖိထားမိဆဲ။

ဟင့်အင်း နှောင်ကြိုးတွေကို ဝန်းခ သိပ်ကြောက်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"အဲဒီတုန်းက အဖြစ်အပျက်တွေအတွက် တို့ မတောင်းပန်နိုင်ဘူး မင်းမူ၊ ဒါပေမဲ့ အဲဒီမိန်းမကိုတော့ တို့ ဘယ်တော့မှ မတွေ့ချင်တော့ဘူး"

သက်ထား ပြောနေတာတွေကို သူ ခွန်းတုံ့မပြန်ဘဲ နားထောင်နေမိသည်။ သေချာသည်က သက်ထား ရင်ထဲက အစိုင်အခဲတွေ ကြေသွားခြင်းမဟုတ်တာ ထင်ရှား၏။

သက်ထား ရောက်လာခြင်းအတွက် အံ့သြမိ၏။ သူ့ကိုစိတ်ဆိုးကာ ရောက်လာမည် မထင်ခဲ့။ ဒါပေမဲ့ သက်ထားကတော့ တကယ်ပဲ ရောက်လာသည်။

ဖုန်းထဲမှာတုန်းက ကြားခဲ့ရသော ဒေါသသံတွေ မရှိပေမယ့် မမဝန်းခနှင့်ပတ်သက်ပြီး ပြောနေခဲ့၏။





"သူ မရှိတဲ့အချိန်ပဲ တို့လာမယ်၊ တို့ သူနဲ့မျက်နှာချင်းမဆိုင်ချင်ဘူး"

"နေပါဦး သက်ထားရယ် မင်းနဲ့မမဝန်းခနဲ့ ဘယ်လိုရန်ငြိုးတွေ ရှိနေလို့လဲ"

"ဒါ မင်းမူ သိတဲ့ကိစ္စပဲ"

"အဲဒီပြဿနာက အမုန်းအငြိုးတွေ ထားရလောက်အောင် မကြီးမားဘူးလေ"

"အဲဒါတော့ ခံစားမှုနဲ့ပဲ ဆိုင်မယ် ထင်တယ် မင်းမူ၊ ဒီမိန်းမအကြောင်း အန်တီ့ကို မေးပြီးပါပြီ၊ မိဘတွေလည်း မရှိတော့ဘူး၊ တစ်ကောင်ကြွက်တစ်မျက်နှာနဲ့ ကန်ထရိုက်တိုက်ခန်းလေးမှာ နေနေရတဲ့သူပါ၊ ဒါပေမဲ့ သူ့အဆင့်အတန်းနဲ့သူ့မျက်နှာကြောက လုံးဝ မအပ်စပ်ဘူး"

"သက်ထား ဘာလို့ တစ်ဖက်သားကို နှိမ်ချနေတာလဲ"

သက်ထား သူ့ကို စူးစူးလေးကြည့်သည်။ လိုင်နာပြာပြာ ဆိုးခြယ်ထားသော မျက်ဝန်းတွေက လှပပါသည်။ ဒါပေမဲ့ ဒီအချိန်မှာ သက်ထားရဲ့အလှတွေထက် သက်ထားရဲ့ရင်ထဲကိုပဲ သူ မြင်တွေ့နေ၏။

အတ္တတွေ မာနတွေနှင့် လူတစ်ယောက်ကို နှိမ်ချတတ်သော အကြည့်တွေ သက်ထားမှာ ရှိနေသည်လား။

"ကဲ မင်းမူ တော်ပြီကွာ၊ ဒီအကြောင်းတွေ မပြောနဲ့၊ တို့နဲ့ မင်းမူအကြောင်းပဲ ပြောရအောင်"

ဒါလည်း ကောင်းပါသည်။ သူ့ရှေ့မှာ မမဝန်းခကို သက်ထား



www.burmeseclassic.com

www.burmeseclassic.com



နှမ်းချပြောနေတာကို သူ မကြားချင် မခံချင်ပါ။

"မင်းမှု"

"ပြောပါ သက်ထား"

"တို့ကို မင်းမှု တောင်းဆိုထားတဲ့အရာကို မမေ့သေးပါဘူးနော်"

"ဟင်"

သက်ထား မျက်ဝန်းတွေ တလက်လက်တောက်ပနေသည်။ ဘာကိုဆိုလိုတာလဲ။

"ဒီလိုလေ တို့ကိုချစ်တယ်လို့ မင်းမှု ရင်ဖွင့်ခဲ့တုန်းက အချစ်ကို လေးနက်စွာ ခံစားချင်သေးတယ်လို့ တို့ ပြောခဲ့ဖူးတယ်"

သက်ထား စကားတွေကို နားထောင်ရင်း သူ ရင်တထိတ်ထိတ် ဖြစ်ချင်လာ၏။ ဒီစကားတွေကို သက်ထား ဘာကြောင့် ပြန်အစဖော်နေရတာလဲ။

"တို့သိလိုက်ပြီ မင်းမှု၊ မင်းမှုကို တို့ချစ်တယ်"

"ဟင်"

မထင်မှတ်သော သက်ထားအဖြေအတွက် သူ ဆတ်ခနဲ တုန်သွားခဲ့သည်။ သက်ထားကတော့ အပြုံးရိပ်တွေ ဖြာနေသော မျက်ဝန်းတွေနှင့် သူ့ကိုကြည့်ရင်း

"တို့ ဝန်ခံတာပါ မင်းမှု၊ တကယ်တမ်း မင်းမှုနဲ့မတွေ့ရတဲ့ အချိန်တွေမှာ တို့ ခံစားရတဲ့ ခံစားချက်က ထိရှတယ်၊ တို့ မင်းမှုကို ချစ်နေလို့ပဲပေါ့"





သက်ထား စကားတွေကို သူ ရင်ခုန်လှုပ်ခတ်ရမည့်အစား အခုတော့ ရင်ခုန်သံတွေက အေးစက်နေခဲ့သည်။

သက်ထားဆီက ထိုစကားတွေ ကြားရမည်ဟု ဘယ်လိုမှ ထင်မှတ်မထားခဲ့ပါ။ တကယ်ဆို သူ့ရဲ့ရင်ခုန်သံတို့ အေးစက်နေခဲ့ခြင်းဟာ အသေအချာပဲ ဖြစ်၏။

"မင်းမှု"

ပခုံးစွန်းမှာ ခေါင်းလေးမှီနွဲ့လာသော သက်ထားဆီက ရေမွှေးနံ့ရှူးရှူးလေးက သူ့အာရုံတွေကို မွှန်ထူသွားစေ၏။

"မင်းမှုနဲ့တို့ကို မာမီကလည်း လက်ခံသဘောတူတယ်၊ ပြီးတော့ မင်းမှုရဲ့မာမီကလည်း ကြည်ဖြူမှာသေချာပါတယ်၊ နောက်နှစ်လလောက် ဆို ဒယ်ဒီလည်း မြန်မာပြည် ပြန်ရောက်ပြီလေ၊ အဲဒီအချိန်ဆို မင်းမှု လည်း စာမေးပွဲပြီးပြီ၊ တို့ လက်ထပ်ကြရအောင်နော်"

သက်ထား နှုတ်က စကားတွေက ယုံနိုင်စရာမရှိပါ။ ပြီးတော့ သူ့စိတ်က ဝမ်းသာဖို့လည်း အင်အားတို့မဲ့နေ၏။

"ဘယ်လိုလဲဟင် မင်းမှု"

"ဟို ဟို ကိုယ် အရမ်းအံ့ဩနေတယ် သက်ထား၊ ဘာလို့ သက်ထား ဒီလောက်ကြီး ပြောင်းလဲသွားတာလဲ၊ ပြီးတော့ လက်ထပ်ဖို့ အထိ ပြောလာတာ မြန်လွန်းနေလို့"

"ပြောရမယ်လေ တို့ ဘယ်လိုနည်းနဲ့မှ မင်းမှုကို ဆုံးရှုံးမခံနိုင် ဘူး"



www.burmeseclassic.com

"ဘယ်လို"

"ဟုတ်တယ် တို့လိုချင်တာကို မရခဲ့တာမရှိဘူး၊ ဒီတော့ တို့ချစ်တဲ့ မင်းမှူပိုင်ကိုလည်း တို့ အပိုင်ရမှဖြစ်မယ်"

သက်ထား စကားတွေရဲ့ ဦးတည်ချက်တစ်ခုကို သူ သိနေသလိုလို ရှိ၏။ သက်ထားက သူ့ပုခုံးလေးမှ ခေါင်းလေးကို ပြန်ရုပ်သိမ်းပြီး ရွှေရောင်ဆံနွယ် အခွေအလိပ်လေးတွေကို သပ်တင်သည်။

"အမှန်ပြောရရင် မင်းမှူကို ကြယ်စင်ဝန်းခ ဆိုတဲ့ မိန်းမနဲ့ တို့လုံးဝ စိတ်မချဘူး"

"ဟာ ဒါတော့"

"မပြောနဲ့ မင်းမှူ၊ မင်းမှူဘက်က ကင်းရှင်းတယ်ဆိုပေမယ့် ဒီမိန်းမ မျက်ဝန်းတွေကို တို့ မယုံကြည်ဘူး"

"မဟုတ်သေးဘူး မင်း စကားတွေက တစ်ပါးသူကိုယ်ကျင့်တရားကို ထိခိုက်နေတယ်"

"ကြယ်စင်ဝန်းခရဲ့ ကိုယ်ကျင့်တရားကိုမှ တို့ မယုံကြည်တာ ဒါပေမဲ့ ထားလိုက်ပါ၊ မင်းမှူ စာမေးပွဲရက်ကလည်း နစ်လလောက်ပဲ လိုတော့တာပဲလေ၊ တို့ သည်းခံရမှာပေါ့"

သက်ထား ပြောချင်တာတွေ ပြောနေသည်။ သူ့ရင်ထဲမှာတော့ ရှုပ်ထွေးနောက်ကျိခြင်းတွေပဲ ပြည့်ကြပ်လို့နေ၏။

အချစ်ဆိုတာ သက်ထားရင်ထဲက တကယ် ခံစားတတ်သွားခဲ့ခြင်းလား။



ဒါမှမဟုတ် သက်ထားရဲ့ဦးတည်ချက်က မမဝန်းခ ဖြစ်နေခဲ့လျှင် ...။

■ ■ ■

www.burmeseclassic.com



ထားကိုပဲ အားကိုးနေရတယ်ဟော့"

မာမိပြောတိုင်း အစ်မကြီးတွေက ပြုံးပြုံးလေးရှိတတ်ကြသည်။ သူကတော့ မာမိနှင့်သက်ထား အဆင်ပြေနေတာမို့ သက်သာပါသည်။

သက်ထားခေါ်လျှင် သူလိုက်ရမှာမို့လည်း ကျောင်းစာကို အကြောင်းပြကာ အပြင်မထွက်ဖြစ်တာက များသည်။

တနင်္ဂနွေနေ့ရက်တစ်ခုမှာတော့ မာမိကို သက်ထား ဖုန်းဆက်ခေါ်တာမို့ မာမိ လိုက်သွားခဲ့၏။ သူ့ကို ခေါ်ခဲ့ဖို့ ပြောပေမယ့် သူ လိုက်မသွားခဲ့ပါ။

"မာမိဘာသာ သွားလိုက်ပါ၊ ပိုင်လေး စာမေးပွဲက နီးနေပြီ"

မမနိုင်ကပါ ဝင်ပြောတော့ မာမိ ဘာမှမပြောသာဘဲ တစ်ယောက်တည်း သွားရရှာသည်။

မာမိ ထွက်သွားတော့ ခြံထဲဆင်းကာ သူ စာကျက်နေတုန်း မမနိုင် ရောက်လာ၏။

"ပိုင်လေး မမနိုင် ကြယ်စင်ဆီသွားမလို့"

"ဘာကိစ္စရှိလို့လဲ မမနိုင်"

"မနေ့က ဖုန်းဆက်ကြည့်တော့ နေမကောင်းလို့ ဘယ်မှမသွားဘူးပြောတယ်၊ အဲဒါ သွားကြည့်ရင်း သတင်းမေးမလို့"

"ကျွန်တော် လိုက်ခဲ့မယ်လေ"

သူပြောတော့ မမနိုင် အလွယ်တကူ ခွင့်ပြုသည်။ အဝင်အစားတောင်မလဲဖြစ်ဘဲ သူ လိုက်ခဲ့လိုက်သည်။



## အခန်း (၃၃)

သည့်နောက်ပိုင်းမှာတော့ ချစ်သက်ထား အိမ်ကို မကြာခဏ ရောက်လာတတ်ခဲ့သည်။ ဒါပေမဲ့ မမဝန်းခ စာသင်ရက်တွေကိုတော့ သူမ ရှောင်တတ်သည်။

ဒီအတွက်လည်း သူ ကျေးဇူးတင်မိ၏။

သက်ထားနှင့်မာမိကတော့ အမြဲတမ်း တပူးတွဲတွဲ ရှိနေတာ အမှန်။ တစ်ခါတစ်ရံ သက်ထား ဈေးဝယ်ထွက်လျှင်တောင် မာမိ အဖော်အဖြစ် ပါတတ်၏။

မာမိ သွားစရာကိစ္စရှိလျှင်လည်း သက်ထားကို ဖုန်းဆက်ခေါ် တတ်၏။

"အိမ်မှာအဖော်လိုက်ပေးမယ့်သူ မရှိတော့ သမီးလေး သက်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းတံခါးက လူခေါ်ဘဲလ်လေးကို နှစ်ကြိမ်နှိပ်လိုက်မှ မမဝန်းခ ထွက်လာ၏။ ဝတ်ဆင်ထားတာက ခေါင်းစွပ်ဝွယ်တာလက်ရှည်နှင့် မျက်နှာက အနီရောင်သမ်းနေ၏။

"ကြယ်စင် နေကောင်းရဲ့လားဟယ်"

"အင်း မေးခနဲ့ အိပ်ပျော်သွားလို့"

ပြောရင်း တံခါးကို မမဝန်းခ ဖွင့်ပေးသည်။ သူနှင့်မမနိုင် အခန်းထဲလှမ်းဝင်ချိန်မှာ မမဝန်းခ မျက်ဝန်းတွေမှိတ်ကာ နံရံကို မှီလိုက်တာမို့

"ဟင် မမဝန်းခ ဘာဖြစ်လို့လဲ"

"ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားလို့"

မမနိုင် စိုးရိမ်စွာ မမဝန်းခ နဖူးပြင်လေးကို လက်ဖြင့်စမ်းကြည့်၏။

"ဟယ် ကိုယ်တွေခြစ်ခြစ်တောက် ပူနေပါလား ကြယ်စင်"

"မနေ့က သက်သာတယ်ထင်ပြီး ရေချိုးလိုက်တာ ပိုအဖျားဝင်သွားတယ်ထင်တယ်၊ အင်း"

"ဟယ် ဖြစ်ရမယ် ကဲ လာ လာ ဆိုဖာမှာ ခဏလေးမှီထိုင်လိုက်"

မမနိုင် တွဲကာ ထိုင်စေသည်။ အဖျားရှိန်နှင့်သွေးရောင်သမ်းနေသော မျက်နှာလေးကိုကြည့်ကာ သူ စိုးရိမ်လာမိ၏။

"သက်သာရဲ့လား မမဝန်းခ၊ ဆေးခန်းသွားမလား"





"ဟင့်အင်း ခေါင်းတွေမူးနေသေးလို့"

"ဒါဆို ဘယ်ဖြစ်မှာလဲ၊ ခဏလေးစောင့်လိုက် ငါ ဒေါက်တာကို ဖုန်းဆက်ခေါ်ပေးမယ်"

ပြောရင်း မမနိုင် ဖုန်းလေးထုတ်ကာ ခေါ်နေသည်။

"ဟုတ်တယ် ရွှေရည် ခဏလောက် လာခဲ့ပေးပါဟာ၊ ငါ့အစ်မကလည်း ဂျူတီဝင်နေလို့၊ ဒီမှာ ငါ့သူငယ်ချင်း အတော်ဖျားနေတာ"

"..."

"အေး အေး လိပ်စာက လွယ်ပါတယ်"

မမနိုင်က တိုက်နံပါတ်နှင့်အခန်းကို ပြောပြနေသည်။ သူကတော့ ငိုင်းမောနေသော မမဝန်းခကိုပဲ ငေးကြည့်ပူပန်နေမိဆဲ။

"ရပြီ ကြယ်စင် နင် အခန်းထဲ ဝင်လှဲနေလိုက်၊ ခဏကြာရင် ဒေါက်တာရွှေရည် ရောက်လာမှာပါ"

မမဝန်းခကို သူနှင့်မမနိုင် တွဲကာ အခန်းထဲပို့ပေးလိုက်ကြ၏။ မကြာခင်မှာပဲ ဒေါက်တာ ရောက်လာသည်။

"အင်း အဖျားက တော်တော်ကြီးတာပဲ၊ ဆေးထိုးရမယ် ရေနွေးရမလား"

"ရမယ် ပိုင်လေး နောက်ဖေးခန်းထဲ သွားရှာလိုက်စမ်း ဓာတ်ဘူးတော့ ရှိမှာပဲ"

"ဟုတ်ကဲ့ မမနိုင်"

မမနိုင် စကားကို ခေါင်းညိတ်ပြရင်း သူ နောက်ဖေးခန်းဘက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့လိုက်သည်။

ခပ်ဟဟ ပွင့်နေသော အခန်းတံခါးကို ဆွဲဖွင့်လိုက်တော့ သူ ထင်သလို မီးဖိုခန်းမဟုတ်။ ပန်းချီကားတွေနှင့်အခန်း။

အခန်းတံခါးကို ပြန်ပိတ်ဖို့ပြင်ပြီးမှ သတိထားမိတာ ရေးလက် စ ကင်းဗတ်စ်စပေါ်မှ ခဲခြစ်ပုံကြမ်းဆီကို မျက်ဝန်းတို့ ရောက်၏။

"ဟင်"

ခဲကြမ်းခြစ်ဆွဲထားသောပုံသည် သူ့ရဲ့ပုံတူဆိုတာ သေချာလွန်း နေသည်။ ဒါ မမဝန်းခ ရေးဆွဲထားခြင်းလား။

အံ့ဩစိတ်နှင့် သူ ပန်းချီကားလေးကို ကြည့်နေမိဆဲ။ တကယ် ကို လက်ရာမြောက်သော သူ့ရဲ့ပုံတူ ခဲခြစ်ပန်းချီပါပဲ။

ရင်ထဲမှာ ကြည်နူးစိတ်တွေနှင့် သူ့ရင်တွေ လှုပ်ခတ်နေ၏

"ပိုင်လေး တွေ့လား"

မမနိုင် အော်သံကြားမှ သတိဝင်လာကာ ပန်းချီခန်းတံခါးပိတ် ကာ မီးဖိုခန်းထဲက ဓာတ်ဘူးကို ပြေးယူပေးလိုက်ရသည်။

"မပူပါနဲ့ တဖြည်းဖြည်း အပူကျသွားမှာပါ။ ဆေးတော့ ပုံမှ ဆေးပတ်လည်အောင် တိုက်ပေး၊ ခြောက်နာရီခြားပေါ့"

ဒေါက်တာရွှေရည် ပြန်သွားတော့ မမနိုင် သူ့ကို လက်တို့က ဧည့်ခန်းခေါ်၏။

"ပိုင်လေး ကြယ်စင်ကို တစ်ယောက်တည်းထားခဲ့လို့ မရဘူး မမနိုင် စောင့်ပေးမှဖြစ်မယ်၊ လိုအပ်ရင် ညအိပ်စောင့်ရမှာ"





"ကျွန်တော်ပါ ဧည့်ခန်းက စောင့်ပေးမယ်လေ၊ မမနိုင်နဲ့ နှစ် ယောက်တည်း ဘယ်ဖြစ်မှာလဲ"

မမနိုင် ခဏရတော့ တွေဝေနေသေး၏။ ပြီးမှ ခေါင်းလေးညိတ်၏။

"အင်း ပိုင်လေးပါရှိရင် ပိုကောင်းတယ်၊ လိုအပ်ရင် အကူအညီ လိုတယ်၊ ညနေအထိ စောင့်ကြည့်တာပေါ့"

သူနှင့်မမနိုင် ညနေအထိ စောင့်ကြည့်ပေးသည်။ မမဝန်းခ အဖျားကျသွားပေမယ့် ကိုယ်ပူရှိန်က မလျော့သေး။

"ရပါတယ် ငါဘာသာပဲနေမယ် သက်သာနေပြီ"

"မဟုတ်တာ နင်တစ်ယောက်တည်း ဘယ်ဖြစ်မှာလဲ၊ ငါ ည စောင့်ပေးမယ် ကြယ်စင်၊ ပိုင်လေးလည်း ဧည့်ခန်းမှာရှိမယ်တဲ့"

မမဝန်းခ မျက်ဝန်းတွေက သူ့ကို အားနာသလို လှမ်းကြည့်နေ တော့ သူ ပြုံးပြရင်း

"အားမနာပါနဲ့ မမဝန်းခရယ်၊ မမတို့ အခန်းထဲမှာနေကြပါ၊ ကျွန်တော် ဧည့်ခန်းမှာ အဆင်ပြေတယ်၊ တော်ကြာ အချိန်မတော် အဖျားတက်မှာစိုးလို့ပါ"

"ကဲ ပိုင်လေး ကြယ်စင်နဲ့မမနိုင်တို့စားဖို့ပါ တစ်ခုခု ထွက်ဝယ် ကွာ၊ မမနိုင် ဒယ်ဒီ့ဆီ ဖုန်းဆက်ပြီးညအိပ်မယ့်အကြောင်း ပြောလိုက်မယ်"

"ဟုတ်ကဲ့ မမနိုင်"

မမနိုင် စေခိုင်းသည့်အတိုင်း စားစရာတွေ သူ ထွက်ဝယ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်ရောက်တော့ မမဝန်းခ ည္ဘေ့ခန်းထဲမှာ မမခိုင်နှင့် ထိုင်နေ၏။

"ဟာ မမဝန်းခ ဘာလို့ အပြင်ထွက်နေတာလဲ၊ အအေးပတ်ပြီး ထပ်ဖျားမယ်"

"ဟဲ့ ပိုင်လေး ငါ ရှိနေပါတယ်၊ လှဲနေရတာ ညောင်းလို့ ခဏ ထွက်ထိုင်တာပါ"

မမခိုင် ပြောတော့ သူ ခေါင်းညိတ်နှုတ်ဆိတ်လိုက်ရ၏။ သူ့ ပူပန်မှုတွေက လိုတာထက် ပိုနေပြီလား။

"ကျွန်တော် သွားပြင်လိုက်မယ်နော်၊ မမဝန်းခ ဆေးမသောက်ခင် မြူစွမ်ပြုတ်လေးတော့ သောက်လိုက်"

သူ ဝယ်လာသော မြူစွမ်ကို မမဝန်းခ သောက်နေတာ မြင်တော့ ကြည်နူးမိသည်။

ညဘက်မှာဆေးသောက်ပြီး မမဝန်းခကို မမခိုင်က စောင့်အိပ်ပေးသည်။

မမခိုင်က သူ အိပ်စက်ဖို့ ည္ဘေ့ခန်းထဲမှာ ပြင်ဆင်ပေးပေမယ့် သူ အိပ်မပျော်ပါ။

အာရုံထဲမှာ မမဝန်းခ မျက်နှာလေးကိုပဲ မြင်နေသည်။ ပြီးတော့ ပန်းချီခန်းထဲမှာ တွေ့ခဲ့ရသော ပန်းချီကားလေး။

မမဝန်းခ ဘာကြောင့် သူ့ပုံတူခဲခြစ်ကားလေးကို ရေးဆွဲထားသည်လဲ။ သူ သိပ်သိချင်ပါသည်။



တစ်ညလုံး ကြောင်တွေနေသော မျက်ဝန်းတွေထဲမှာ မမဝန်းခကပဲ စိုးမိုးနေခဲ့၏။

သက်ထားကို ထိုတဒင်္ဂလေးမှာ သူ လုံးဝမေ့ပျောက်နေခဲ့တာတော့ သေချာ၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"အဟင်း နေမကောင်းတဲ့ ဆရာမကို ညအိပ်စောင့် သွားပြုစုနေရတယ်ပေါ့လေ"

"ဟာ သက်ထား ဘာတွေပြောနေတာလဲ၊ ကိုယ်တစ်ယောက်တည်းမှ မဟုတ်တာ၊ မမနိုင်လည်း ပါတယ်၊ ကိုယ်က မိန်းကလေးတွေပဲမို့ စောင့်ပေးတာ"

သူ့ ဖြေရှင်းချက်ကို မယုံသက်ာ မျက်ဝန်းတွေနှင့် သက်ထား ကြည့်နေတာ ခံရခက်စရာပါပဲ။

"မင်းမှူရဲ့အစ်မ မမနိုင်ဆိုတာကလည်း ဒီမိန်းမကို အရမ်းသဘောကျနေတာ မဟုတ်လား"

"သက်ထား တော်ကွာ၊ ဒီစကားတွေ မမနိုင် ကြားသွားရင်



မကောင်းဘူး"

"ကြားလည်း ရှင်းမှာပဲ၊ ကိုယ့်မောင်လေးကို ဒီလို တခြားမိန်းကလေးအိမ်ခေါ်စရာလား၊ သူ့ဘာသာ စောင့်ချင်စောင့်ပေါ့"

သက်ထားရဲ့စွပ်စွဲချက်တွေသာ မမနိုင် ကြားလျှင် တကယ့်ပြဿနာဖြစ်မှာ သေချာသည်။

အိမ်အထိ ရောက်လာကာ ပြဿနာရှာနေသော သက်ထားကိုတော့ သူ တော်တော် စိတ်ညစ်နေပြီ။

"သက်ထား တော်ကွာ မင်း ဒီလိုပြောနေတာ ကိုယ့်သိက္ခာကို ထိခိုက်တယ်"

"မသိပါဘူး မင်းမှူပါ ပြုစုချင်နေသလားလို့"

"သက်ထား မရှဲ့နဲ့၊ ဒီကိစ္စကို မင်းမကျေနပ်ရင် ကြိုက်သလိုရှင်း ငါ ထပ်မဖြေရှင်းနိုင်တော့ဘူး"

ဒေါသတွေ သင့်နေသော သူ့စကားမှာ မင်းတွေ ငါတွေပါကုန်သည်။ သက်ထား မျက်ဝန်းတွေ စူးရှတောက်ပသွားရင်း

"မင်းမှူ ဘာလို့ ဒီလောက်ဒေါသကြီးနေတာလဲ၊ အနာပေါ် ဘုတ်ကျတာလား"

"တော်တော့နော် သက်ထား"

ပြဿနာ ထပ်မဖြစ်ချင်တော့တာမို့ သူ ရှောင်ထွက်ကာ အိမ်ထဲဝင်ခဲ့တော့ သက်ထား ခရေရိပ်က ခုံတန်းလေးမှာ ကျန်ရစ်ခဲ့သည်။

ဘယ်လိုမှ မျက်နှာချင်းမဆိုင်ချင်တာမို့ အိပ်ခန်းထဲ ဝင်ခဲ့တော့

www.burmeseclassic.com

www.burmeseclassic.com



ခဏာအကြာမှာပဲ မာမီ ရောက်လာ၏။

"ပိုင်လေး သက်ထားလေးနဲ့ ဘာဖြစ်ကြတာလဲ"

"..."

"သားရယ် ဘာလို့ သက်ထားလေးငိုအောင် လုပ်လိုက်ရတာလဲ"

မပြောဘဲနေပေမယ့် မာမီကပါ မေးလာတော့ သူ ဖြေရှင်းရပြန်၏။

"သူက စော်ကားနေတာ မာမီ၊ မမဝန်းခအိမ်သွားစောင့်ပေးတဲ့ကိစ္စလေ"

"သည်းခံပါကွယ်၊ သားကိုချစ်တော့လည်း သဝန်တိုတာနေမှာပေါ့"

"ဟာ လွန်တယ် မာမီရာ၊ သား တော်တော်စိတ်ကုန်ပြီ"

"ဘယ်လိုပြောလိုက်တာလဲကွယ်၊ အခုမှ စေ့စပ်တောင် မစေ့စပ်ရသေးဘူး၊ ဒီလိုမပြောနဲ့ ကဲ ကဲ မာမီ ဖုန်းဆက်ချော့လိုက်မယ်၊ သူ ငိုပြီး ပြန်သွားတယ်"

ရှေ့ဆက် သက်ထားနှင့်သူ ဘယ်လိုမှ မဖြစ်တော့တာ သေချာ၏။ စေ့စပ်တာ၊ လက်ထပ်တာတွေ သူနှင့်သက်ထား ဘာမှမဆွေးနွေး ဖြစ်ပေမယ့် မာမီနှင့်သက်ထားမာမီစကားတွေ ကျွံခဲ့ပြီလား။

ဒီအချိန်မှာ သူ့ရင်ထဲက ခံစားချက်တွေက သက်ထားဆီက မြားဦးလွှဲနေတာ သေချာ၏။



ဖျတ်ခနဲ အာရုံထဲဝင်လာတာ မမဝန်းခ မျက်နှာလေး။

မမရဲ့ရင်ထဲမှာ သူရှိနေခဲ့တာလား။ ပန်းချီခန်းထဲက တွေ့ခဲ့သော ပန်းချီကားလေးကို သူ မြင်ယောင်ဆဲ။

ရင်ထဲမှာ ထူးခြားစွာ လှုပ်ခတ်ခဲ့သော ရင်ခုန်သံတို့က ထူးဆန်းနေခဲ့၏။ ဒါကို သူ မညာချင်ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

"ဟင် ဘာလို့လဲ မမဝန်းခ"

သူ စာမေးပွဲရက်တွေမှာ စာသင်ဖို့ မမဝန်းခ မလာနိုင်ဟုဆိုတော့ သူ စိုးရိမ်စွာ မေးမိ၏။

"တို့ နေမကောင်းတုန်းက ပျက်ခဲ့တဲ့အလုပ်တွေအတွက် ပြန်ပေးဆပ်ရဦးမယ်၊ ပြီးတော့ မင်းမူလည်း စာတွေရနေပြီပဲ"

"အင်း ဒါဆိုလည်း ကျွန်တော့်အတွက် အဆင်ပြေပါတယ်၊ ကျွန်တော်က မမဝန်းခ စိတ်ဆိုးစရာကိစ္စကြောင့်လားလို့"

"မဆိုင်ပါဘူး၊ မင်းမူကို မမ စိတ်ဆိုးစရာမှ မရှိတာ"

"မမဝန်းခံ"

"ပြောလေ မင်းမူ"





"ကျွန်တော် စာမေးပွဲပြီးတဲ့နေ့ကျရင် မမဝန်းခနဲ့တွေ့ချင်တယ်"

"ဘာကိစ္စလဲ တို့ အားပါ့မလား မပြောတတ်သေးဘူး"

"ခဏလေးပဲ တွေ့မှာပါ၊ မမကို ပြောစရာစကားတွေရှိလို့"

သူ့စကားကြောင့် မမဝန်းခ တွေခနဲ စဉ်းစားနေခဲ့သေး၏။ ပြီးမှ ခေါင်းလေးညိတ်၏။

"ကောင်းပြီ တို့နဲ့မတွေ့လည်း ဖုန်းဆက်လိုက်လေ"

"ဟုတ်ကဲ့ ကျွန်တော်က လူချင်းတွေ့ချင်တာ"

"အားလပ်ရင်တော့ ဆုံမှာပါ"

မမဝန်းခ နှုတ်ဆက်ထွက်သွားတော့ သူ ငေးကြည့်နေမိသဲ။ အမြဲတမ်း ခြေလှမ်းတွေ တက်ကြွသွက်လက်နေသော မမဝန်းခသည် အခုတော့ ခြေလှမ်းတွေ နှေးကွေးနေသည် ထင်မိ၏။

မမရင်ဘတ်ထဲမှာ ဘာတွေဖြစ်နေတာလဲ၊ ရှိနေတာလဲ သူ သိပ်သိချင်သည်။

ဖြေဆိုရမည့် စာမေးပွဲကြီး မြန်မြန်ပြီးဆုံးစေချင်ပါသည်။

မမဝန်းခကို မေးချင်သည့် ပန်းချီကားလေးအကြောင်း ရင်ထဲမှာ ရှိနေသည်။ ပြီးတော့

သူ့ရင်ထဲက ချစ်ခြင်းတွေ မမဝန်းခကို ဝန်ခံချင်၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

စာမေးပွဲရက်တွေမှာ မမဝန်းခဆီ ဖုန်းဆက်ကြည့်ပေမယ့် စက်ပိတ်ထားတာတွေနှင့်ပဲ တိုးနေခဲ့သည်။

သက်ထားဆီက ဖုန်းကတော့ နေ့စဉ်လာသည်။ ကျောင်းစာမေးပွဲဖြေပြီးလျှင် စေ့စပ်ပွဲအတွက်ပဲ တတွတ်တွတ် ပြောနေခဲ့၏။

ကြာတော့ သူ စိတ်တွေ ညစ်ညူးလာတာမို့

"သက်ထား ကိုယ် စာကျက်ရဦးမယ်"

"အင်းလေ ဒါဆိုလည်း စာမေးပွဲပြီးမှ ဆုံကြစို့"

သက်ထားရဲ့ပုံစံက သူ့အပေါ် လိုလားမှုတွေ အမြဲပြနေတာ သံသယဝင်မိ၏။

အရင်က သက်ထားသည် အခုသက်ထားနှင့် မသက်ဆိုင်သလို ရှိ၏။





ဘာပဲဖြစ်ဖြစ် အခုချိန်မှာ ထိုအရာတွေကို သူ မေ့ထားချင်၏။ စာမေးပွဲကိုပဲ အာရုံစိုက်ထားလိုက်၏။

"ပိုင်လေး စာကိုပဲ အာရုံစိုက်နော်"

"ဟုတ်ကဲ့ စိတ်ချ မမနိုင်"

"ကြယ်စင်ဆီ ဖုန်းဆက်မနေနဲ့၊ သူ ခရီးသွားတယ်"

"ဟင် ဘယ်သွားတာလဲ၊ ကျွန်တော် မသိလိုက်ပါလား"

"မန္တလေးကိုသွားတာပါ။ ပိုင်လေး စာမေးပွဲ ပြီးတဲ့ရက်လောက် ပြန်ရောက်မှာပါ"

မမနိုင်ပြောမှပဲ သူ သိရတာဖြစ်၏။ ဒါကြောင့် ဖုန်းဆက်မရတာလား။ တကယ်ဆို သူ့ကို မမဝန်းခ အသိပေးသွားသင့်ပါသည်။

စာမေးပွဲရက်တွေမှာ မမနိုင်ကတော့ အလုပ်တွေ စွန့်ပစ်ထားခဲ့ကာ သူ့ကို ဂရုစိုက်သည်။

စာကျက်လျှင် စောင့်ပေးသည်။ စာမေးပွဲအသွားအပြန် ကြိုပို့ပေးသည်။ စာမေးပွဲနောက်ဆုံးရက်မှာလည်း မမနိုင် လာကြိုသည်။ သူ့ကိုမြင်တော့ မမနိုင် ပြုံးနှုတ်ဆက်ရင်း

"ဖြေနိုင်လား ပိုင်လေး"

"ကျိန်းသေပါတယ် မမနိုင်"

"ဝမ်းသာလိုက်တာကွယ်"

"မမနိုင် ကျွန်တော် မမဝန်းခနဲ့တွေ့ချင်တယ်"

မမနိုင် သူ့ကိုစိုက်ကြည့်ရင်း ငြိမ်သက်နေခဲ့၏။ မမနိုင် တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



ပြောချင်နေသည်လား။

"မမနိုင်"

"ပိုင်လေး ဘာကြောင့် တွေ့ချင်တာလဲဆိုတာ မမနိုင် သိခွင့်ရှိမလား"

"ကျွန်တော် သိပ်တွေ့ချင်တယ်၊ မမဝန်းခကို့ မေးချင်တဲ့စကားတွေ ရှိနေတယ်"

"ကောင်းပြီ မမနိုင် မမေးတော့ဘူး၊ တစ်ခုတော့ ပိုင်လေးကို အသိပေးချင်တယ်၊ ကြယ်စင်နဲ့သက်ထား ပြဿနာပဲ"

"ဗျာ"

သူ အံ့ဩရ၏။ သက်ထားနှင့်မမဝန်းခ ဘာတွေဖြစ်ကြတာလဲ။ မမနိုင် ရှင်းပြမှ သူ သိရတော့၏။

"ပိုင်လေး စာမေးပွဲမဖြေခင်လေးမှာ ကြယ်စင်ဆီ ချစ်သက်ထား ရောက်လာတယ်တဲ့၊ ပြီးတော့ပိုင်လေးဟာ သူနဲ့မကြာခင် လက်ထပ်တော့မယ့် ယောကျ်ားလို့ ပြောတယ်"

"ဟာ"

"ဒါတင်မကဘူး ပိုင်လေး၊ ကြယ်စင် နေမကောင်းတဲ့နေ့က မမနိုင်နဲ့ပိုင်လေးတို့ ကြယ်စင်အခန်းမှာ ရှိနေတာအတွက်လည်း သူ မယုံကြည်ဘူးတဲ့၊ ဒါပေမဲ့ ပိုင်လေးကို သူ လက်ထပ်မှာတဲ့၊ မရရအောင် ယူပြမယ်တဲ့၊ အဲဒီစကားတွေနဲ့ တိုက်ခိုက်သွားခဲ့တာ"

သက်ထား ဘာတွေလျှောက်လုပ်နေသည်လဲ။ မမဝန်းခကို





ဘာကြောင့် တိုက်ခိုက်ရတာလဲ။

"မဟုတ်သေးဘူးဗျာ"

"ပိုင်လေး စဉ်းစားစမ်းပါ၊ ချစ်သက်ထားက အတ္တ၊ မာနတွေနဲ့ ပိုင်လေးကို သိမ်းပိုက်ချင်နေတာပဲ၊ ပြောရရင် ကြယ်စင်နဲ့သူ ယှဉ်ပြိုင်နေတာ၊ ပိုင်လေးကို အရယူလိုက်ရင် ကြယ်စင်ကို သူ နိုင်ပြီထင်နေတာ"

"ဟင့်အင်း ဘယ်တော့မှ သူ့ဆန္ဒ မပြည့်စေရဘူး"

"ဘာရယ် ပိုင်လေး"

"ကျွန်တော် သူ့ကိုမချစ်ဘူး၊ ကျွန်တော် တကယ်ချစ်တာ မမဝန်းခပဲ"

မမနိုင် မျက်ဝန်းတွေ ဝိုင်းစက်သွားခဲ့သည်။ သူ့ရင်ထဲက စကားတွေကိုလည်း သူ မမျိုသိပ်နိုင်တော့ပါ။

"ကျွန်တော် တကယ်ပြောတာ မမနိုင်၊ ဒါကြောင့် မမဝန်းခကို ဒီနေ့တွေ့ချင်တာ ရင်ဖွင့်ချင်တာ"

"ကြယ်စင်ကို လက်ထပ်ခွင့်တောင်းဆိုထားတဲ့ တည်ခန့်ထည်ရှိတယ် ပိုင်လေး"

"ဟင့်အင်း မမဝန်းခ ရင်ထဲကို ကျွန်တော် မြင်တွေ့ပြီးပြီ"

"ဘယ်လို"

"မမနေမကောင်းလို့ ရောက်တဲ့နေ့က သူ့ရဲ့ပန်းချီခန်းလေးထဲမှာ တွေ့ခဲ့တာ၊ မမ ရေးထားတဲ့ ပုံတူပန်းချီကားလေးက ကျွန်တော်ပဲ"

"ဟယ် တကယ်"



www.burmeseclassic.com

www.burmeseclassic.com



"ညာစရာလား မမခိုင်ရယ်"

မမခိုင် မျက်နှာမှာ အပြုံးရိပ်တွေ ထင်ဟပ်သွားခဲ့၏။ ပြီးမှ သူ့လက်မောင်းကို ဆုပ်ကိုင်ရင်း

"ပိုင်လေး အချိန်မီသေးတယ်"

"ဘာကိုပြောတာလဲ မမခိုင်"

"အခုလောက်ဆို ကြယ်စင် လေဆိပ်မှာရှိနေဦးမှာပဲ သူ စင်ကာပူကို သွားတော့မှာ"

"ဟာ မမပြောတော့ မန္တလေးမှာဆို"

"ပိုင်လေးကို အမှန်မပြောတာ ကြယ်စင်ရင်ထဲက အချစ်ကို မမခိုင်မှ မသိသေးဘဲ၊ သူက ပိုင်လေးကို တကယ်ချစ်ရင် ပိုင်လေးက လည်း ကြယ်စင်ကိုချစ်ရင် မမခိုင် ကျေနပ်ပြီးသား"

"ဟာ ဒါဆို"

"ပိုင်လေး ဆုံးဖြတ်ချက်က အရေးပါတယ်၊ ကျန်တဲ့ပြဿနာ တွေ မမခိုင် ရှင်းမယ် ကဲ ကားပေါ်တက်"

သူ မမခိုင်ကို ခေါင်းညိတ်ပြရင်း ကားပေါ် ခပ်သုတ်သုတ် လှမ်းတက်လိုက်ပါသည်။

ချစ်တဲ့သူနဲ့မဝေးစေဖို့ ကူညီပေးနေသူက မမခိုင်ကိုယ်တိုင် ပဲလား။

အင်းလေ မမခိုင်က သူနဲ့မမဝန်းခကြားမှာလည်း မြားနတ် မောင်လေးပါပဲ။

■ ■ ■

BURMESE CLASSIC .com



ရန်ကုန်လေဆိပ်ကြီးထဲကို သူ ရောက်တော့ အားလုံးထဲမှာ ထူးခြားလှပနေသော မမဝန်းခကို အလွယ်တကူပဲ ရှာတွေ့သည်။

နားနေခုံတန်းလေးမှာ မမဝန်းခ ငူငူလေးနှင့် သူ့ကိုမြင်ပုံမရပါ။ သူ မမဝန်းခရှိရာကို ခပ်သွက်သွက် လှမ်းခဲ့၏။

"မမ"

"ဟင် မင်းမူ"

သူ မမဝန်းခနံဘေးမှာ ဆတ်ခနဲ ဝင်ထိုင်တော့ မမဝန်းခ တွန့်ခနဲ ဖြစ်သွား၏။ ဒါပေမဲ့ မမဝန်းခ ခန္ဓာကိုယ်လေးကို သူ ဆုပ်ကိုင် ရင်ခွင်ထဲ သွင်းလိုက်၏။

"အို ဘာလုပ်တာလဲ"

"မမကို မခွဲနိုင်ဘူး၊ ဒါကြောင့် မမခိုင် လိုက်ပို့ပေးတာ"

"ဘာရယ် ခိုင်က မဟုတ်တာ"

"တကယ်ပြောတာ အပြင်ကားစတင်းမှာ ရှိနေတုန်းပဲ၊ မမရယ် ခွဲမသွားပါနဲ့"

"ဟင့်အင်း မင်းမူ မင်းနဲ့ချစ်သက်ထား"

"ကျွန်တော့်ရင်ဘတ်ထဲက တောင့်တနေတာ မမကြယ်စင်ဝန်း ခ တဲ့"

"ဟင့်အင်း"

"မငြင်းနဲ့ မညာနဲ့ မမရယ်၊ မမရင်ဘတ်ထဲက ပုံရိပ်ကို အမ ပန်းချီခန်းထဲမှာ မြင်ခဲ့ပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

"မညာကြေးနော် ကျွန်တော်တို့ ရင်ဘတ်ချင်း နားလည်နေပြီ ပဲ မမရယ်"

မမ သူ့ကို ဘာမှပြန်မပြောနိုင်ခဲ့ပါ။ တင်းတင်းပွေ့ဖက်ထားမိသော မမ ခန္ဓာကိုယ်လေးကို မဝေးအောင် သူ ဖက်ထားမိဆဲ။

မမ ရင်ခုန်သံတွေနှင့် သူ့ရင်ခုန်သံတွေ ပေါင်းစည်းနေချိန်မှာ ပတ်ဝန်းကျင်ကိုလည်း ဥပေက္ခာပြု မေ့ထားမိဆဲ။

နှလုံးသားရှိသော ချစ်တတ်သူတိုင်း သူနဲ့မမကို နားလည်ခွင့်လွှတ်စွာ မျက်နှာလွှဲ ပြုံးသွားကြသည်။

ရင်ခုန်သံနှစ်ခု ပေါင်းစည်းကြတာ အချစ်တဲ့လား။

ဒီညနေကတော့ ချစ်သူကိုခေါက်သိမ်းပြီး အိပ်ရာခင်းပေါ် တင်ခဲ့ရတဲ့ညနေဖြစ်မှာ သေချာသည်။

ပရိသတ်အတွက်
အမြဲတမ်း
ဗျူး



BURMESE CLASSIC .com

www.burmeseclassic.com